

# သဘာဝအရင်းအမြစ်နှင့် ဖက်ဒရယ်စနစ်

ဗဟိုချုပ်ကိုင်မှုလျှော့ချသော သဘာဝရင်းမြစ်အမွေအနှစ် ခွဲဝေစီမံအုပ်ချုပ်မှုလမ်းပြမြေပုံ



# သဘာဝအရင်းအမြစ်နှင့် ဖက်ဒရယ်စနစ်

ဗဟိုချုပ်ကိုင်မှုလျှော့ချသော

သဘာဝရင်းမြစ်အမွေအနှစ် ခွဲဝေစီမံအုပ်ချုပ်မှုလမ်းပြမြေပုံ

BEWG
Burma Environmental Working Group
မြန်မာ့သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့

www.bewg.org

မြန်မာ့ သဘာဂပတ်ဂန်းကျင်ဆိုင်ရာအလုပ်အဖွဲ့ The Burma Environmental Working Group(BEWG)သည် ကွန်ယက်တစ်ခုဖြစ်ပြီး ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော တိုင်းရင်းသားဒေသများတွင် အဓိကထားလုပ်ဆောင်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ထိခိုက်ခံစားရသည့် ရပ်ရွာလူ့အဖွဲ့ အစည်းများ၏ အသက်မွေးဝမ်းကျောင်းမှုများ၊ သဘာဝအရင်းအမြစ်များနှင့် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် မူဝါဒများ ပေါ်ပေါက်လာစေရန်နှင့် ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်များ တွင် ပူးပေါင်းပါဝင်မှုများ အားကောင်းလာစေရန် မြှင့်တင်ပေးခြင်းလုပ်ငန်းများကို ဖော်ထုတ်ပေးရန်နှင့် တိုက်တွန်းလှုံ့ဆော်ပေးရန် ၄င်းကွန်ယက်ကို ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ နောက်ဆက်တွဲ(၁)တွင် ဆက်လက်လေ့လာနိုင်ပါသည်။

ဤစာအုပ်အား ပြင်ဆင်တည်းဖြတ်မှုတွင် ပါဝင်ကူညီသူများအားလုံးကို BEWG မှ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၂၀၁၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်

# မာတိကာ


အစီရင်ခံစာအအကျဉ်းချုပ် ..... ၂

အပိုင်း (၁) ဇဟိုချုပ်ကိုင် ထိန်းချုပ်မှု ..... ၆

(၁.၁) ပြည်သူလူထု၏ ရင်ထဲက ဆန္ဒများ ..... ၇

(၁.၂) ပဋိပက္ခနှင့် ထိန်းချုပ်မှုများ ..... ၁၀

(၁.၃) သဘာဝအရင်းအမြစ်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွင့်အာဏာများ ..... ၁၁

(၁.၄) ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၏ ဖြစ်စဉ်များ ..... ၁၃

အပိုင်း (၂) သဘာဝအရင်းအမြစ်ကဏ္ဍ ..... ၁၉

(၂.၁) သစ်တောအရင်းအမြစ် ..... ၁၉

- ဟူးကောင်းချိုင့်ဝှမ်း - အစိုးရ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့နှင့်ကော်ပိုရေးရှင်းများမှ သဘာဝအရင်းအမြစ်ဆိုင်ရာ ဇဟိုထိန်းချုပ် စီမံခန့်ခွဲမှု ..... ၃၇

(၂.၂) မြေယာအရင်းအမြစ်များ ..... ၄၁

- ရိုးရာဓလေ့အရ ကျင့်သုံးမှုများ - ဇဟိုထိန်းချုပ်မှုလျှော့ချထားသော မြေယာ၊ သစ်တောနှင့်ရေအရင်းအမြစ်စီမံခန့်ခွဲမှု ..... ၆၀

(၂.၃) ရေအရင်းအမြစ် ..... ၆၆

(၂.၄) ကျောက်မီးသွေး ..... ၈၄

(၂.၅) ကျောက်စိမ်း ..... ၉၈

(၂.၆) ရေနံနှင့် သဘာဝဓာတ်ငွေ့ ..... ၁၀၇

(၂.၇) နီကိုး ..... ၁၁၈

အပိုင်း (၃) ရှေ့သို့ အရွေ့ ..... ၁၂၀

(၃.၁) ဖွံ့ဖြိုးရေးကို အနက်ဖွင့်ခြင်း - ဆုံးဖြတ်ပိုင်ခွင့်ကို အပြည့်အဝ ခွဲဝေလွှဲပြောင်းပေးခြင်းသည် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး၏ အဓိကသော့ချက်ဖြစ်သည် ..... ၁၂၀

(၃.၂) အမည်ခံဇဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို ငြင်းပယ်ပါ ..... ၁၂၃

(၃.၃) ကာကွယ်ရေး ယန္တရားများ အရေးကြီးမှု ..... ၁၂၄

(၃.၄) အပြည့်အဝ ကိုယ်စားပြုခြင်း - ဆုံးဖြတ်ချက်ချမှတ်သည့် စားပွဲဝိုင်းတွင် အမျိုးသမီးများဘာကြောင့်ရှိသင့်သနည်း ..... ၁၂၆

(၃.၅) ဇဟိုချုပ်ကိုင်မှုလျှော့ချထားသည့် သဘာဝအရင်းအမြစ်ဆိုင်ရာ အုပ်ချုပ်စီမံမှုအတွက် အစီအစဉ်ကျသောမူဘောင်ရေးဆွဲခြင်း ..... ၁၂၈

- ဖက်ဒရယ်စနစ်အခြေပြု အာဏာနှင့်လုပ်ပိုင်ခွင့်များကိုအပြည့်အဝခွဲဝေလွှဲပြောင်းပေးသည့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှုလမ်းပြမြေပုံ ..... ၁၃၁

(၃.၆) အကြံပြုတိုက်တွန်းချက်များ ..... ၁၃၂

- ကိုးကားချက်များ ..... ၁၃၆

- အဖွဲ့ဝင်အဖွဲ့အစည်းများ ..... ၁၄၃

## ဝေါဟာရများ ရှင်းလင်းချက် (Explanation of terms)

**ဗဟိုမှထိန်းချုပ်သည် (Centralise)** - အာဏာနှင့် လုပ်ပိုင်ခွင့်များကို ဗဟို (သို့) ဗဟိုအဖွဲ့အစည်းတွင် ထားရှိသည်။

**ဗဟိုထိန်းချုပ်မှုလျှော့ချသည် (Decentralize)** - အာဏာနှင့်လုပ်ငန်းလည်ပတ်မှုများကို ဗဟိုလုပ်ပိုင်ခွင့်အာဏာရှိသူမှ တိုင်းနှင့်ပြည်နယ်များနှင့်ဒေသဆိုင်ရာ တာဝန်ရှိသူများဆီသို့ ပျံ့နှံ့ရောက်ရှိသွားခြင်း (သို့) ခွဲဝေလွှဲပြောင်းပေးသည်။

**အာဏာနှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးသည် (Devolve)** - ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း၏ အမြင့်ဆုံးစံတခုဖြစ်ပြီး အာဏာနှင့်လုပ်ငန်းလည်ပတ်မှုများကို ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ပိုင်ခွင့်ရှိသည့်ဒေသဆိုင်ရာအစိုးရများသို့ ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းများအရ (သို့) ဥပဒေပြဋ္ဌာန်းချက်များအရ လွှဲပြောင်းပေးသည်။

**အာဏာနှင့် လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေသည် (Deconcentrate)** - ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း၏ အနိမ့်ဆုံးစံတခုဖြစ်ပြီး လုပ်ငန်းတာဝန်များကို တိုင်းနှင့် ပြည်နယ်များရှိ ဗဟိုအစိုးရဝန်ကြီးဌာန၏ ရုံးခွဲများသို့ အနည်းငယ်သာလွှဲပြောင်းပေးသည်။

**ဗဟိုအစိုးရ (Central Government)** - မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် အာဏာအားလုံးကို နေပြည်တော်မှထိန်းချုပ်သည့် တစ်ပြည်ထောင်အစိုးရအဖွဲ့ရှိသည်။ "ပြည်ထောင်စုအစိုးရအဖွဲ့"ဟု ခေါ်လေ့ရှိသည်။ သို့သော် ယခု အစီရင်ခံစာတွင် "ဗဟိုအစိုးရ" ဟု သုံးနှုန်းထားသည်။

**ဖက်ဒရယ်အစိုးရ (Federal Government)** - အာဏာကို ဗဟိုနှင့်မဲဆန္ဒနယ်ဆိုင်ရာ နယ်မြေများအကြားရှိ ခွဲဝေအုပ်ချုပ်သည့် အစိုးရပုံစံတစ်ခုဖြစ်သည်။ ဖက်ဒရယ်စနစ် အသက်ဝင်လာသည်နှင့်တစ်ပြိုင်နက် "ဖက်ဒရယ်အစိုးရ" ဆိုသည့်စကားရပ်မှာ ယခင် "ဗဟိုအစိုးရ"ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

**ပြည်နယ်များ (States)** - မြန်မာနိုင်ငံ၏ တစ်ဆင့်ခံအုပ်ချုပ်ခွင့်ရ နယ်မြေများ ၁၄ ခုကို ဆိုလိုသည်။ လက်ရှိတွင် ပြည်နယ် နှင့် တိုင်းဒေသကြီး ဟူ၍ သတ်မှတ်ခေါ်တွင်သည်။

**ပြည်နယ်အတွင်းရှိ နယ်မြေ (Substate)** - ခရိုင် (သို့) ကျေးရွာ ကဲ့သို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ နယ်မြေတခု သို့မဟုတ် အစိုးရအုပ်ချုပ်မှုအာဏာသက်ရောက်သည့်နယ်မြေကို ရည်ညွှန်းသည့် ဝေါဟာရဖြစ်သည်။ ပြည်နယ်အတွင်းရှိ နယ်မြေများတွင် အောက်ဖော်ပြပါ နယ်မြေဇရိယာများလည်း အကျုံးဝင်ကြောင်း ဤအစီရင်ခံစာတွင်ရည်ညွှန်းသည်။

**ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ (Substate Self-administered zones)** - ပြည်နယ် (သို့) တိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသားလူမျိုးစုများ စုစည်းနေထိုင်သည့်ဒေသများနှင့် လက်ရှိတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများဟု သတ်မှတ်ထားသည့် နယ်မြေများအားလုံးကို ဆိုလိုသည်။

**ပြည်နယ်အတွင်းရှိ ရိုးရာဓလေ့အရ စီမံခန့်ခွဲမှုဇရိယာ (Substate customary managements areas)** - ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်း ရိုးရာဓလေ့ထုံးစံအရ မြေယာနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်နှင့် စည်းမျဉ်းဥပဒေများဖြင့် စီမံကျင့်သုံးနိုင်သည့် ဒေသတွင်း ဇရိယာကို ဆိုလိုသည်။ ကျေးရွာတစ်ရွာ (သို့) တစ်ရွာထက်ပိုသော အရေအတွက်အားဖြင့် ရိုးရာဓလေ့အရနယ်မြေသတ်ထားသောနယ်မြေအတွင်း တည်ရှိနိုင်သည်။ (ဥပမာ- ကရင်လူမျိုးများ၏ "ကော်"နယ်မြေ၊ ကယားလူမျိုးများ၏ "ဂေး" နယ်မြေ)

# အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ပြည်နယ်များသည် သဘာဝအရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၏ ကြွယ်ဝ စုံလင်ခြင်းနှင့် ပြည့်စုံနေသည်မှာမှန်သော်လည်း ရေရှည်တည်တံ့မှုမရှိသောတူးဖော်မှုများနှင့် ရောင်းချမှုစနစ်များကြောင့် ယင်းအရင်းအမြစ်များ၏ ကျိန်စာသင့်ခြင်းကို ခံစားနေရသည်သာမက လက်နက်ကိုင်ပဋိပက္ခများပိုမိုအားကောင်းလာအောင် အားပေးနေသကဲ့သို့ဖြစ်နေသည်။ မြန်မာနိုင်ငံ၏ ပဋိပက္ခများကို ဖြေရှင်းခြင်းနှင့် အဓွန့်ရှည်တည်တံ့သောငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးသည့် ဖက်ဒရယ်စနစ်အခြေပြု စီမံခန့်ခွဲမှု (Devolved Federal Management) စနစ်တစ်ခုကို တည်ဆောက်ပုံဖော်ခြင်းသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။

အချို့သော အပစ်အခတ်ရပ်စဲမှုများကို စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးနိုင်စေကာမူ မြန်မာနိုင်ငံသည် ပဋိပက္ခဖြစ်ဆဲ အခြေအနေတွင်သာ ရှိနေပါသေးသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်နေသောကြောင့် သိန်းဂဏန်းကျော်သော လူဦးရေမှာ အိမ်ခြေယာမဲ့ ဖြစ်လာခဲ့သည်။ ဆယ်စုနှစ်များစွာ တိုက်ခိုက်နေမှုများကို အဆုံးသတ်ရန်အတွက် အခြေခံကျသော ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရရှိရေး တောင်းဆိုမှုများမှာလည်း နိုင်ငံရေးဆိုင်ရာ ထိရောက်သော တွေ့ဆုံဆွေးနွေးမှုများ အားနည်းခြင်းကြောင့် မသိကျိုးကျွံပြုခံ ရလေသည်။

ယခင်က တိုင်းရင်းသားတော်လှန်ရေးအစိုးရများမှ စီမံထိန်းချုပ်ခဲ့သည့် သယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသောဒေသများတွင် မြန်မာ့တပ်မတော်၏ တိုက်ခိုက်နေရာယူမှုများ တိုးပွားကျယ်ပြန့်လာခဲ့သည်။ အကျိုးဆက်မှာ မကြာသေးသော နှစ်ကာလများအတွင်း တိုင်းရင်းသားဒေသများရှိ မြေယာများနှင့် သဘာဝ အရင်းအမြစ်များကို အရှိန်အဟုန်မြင့်စွာ အလျင်အမြန် တိုးမြှင့် ထုတ်ယူရောင်းချခြင်းများကို ဖြစ်စေခဲ့ပါသည်။ သဘာဝအရင်းအမြစ်အခြေပြု စီမံကိန်းများကြောင့် မြန်မာစစ်တပ်နှင့်ဗဟိုအစိုးရအတွက် ကြီးမားသော အခွန်ဘဏ္ဍာငွေများကို ရရှိခဲ့သော်လည်း ဒေသခံပြည်သူများအတွက်မူ အကျိုးပြုမှုမရှိခဲ့ချေ။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘာဝအရင်းအမြစ် ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာအာဏာသည် ဗဟိုအစိုးရ၏ လက်ထဲတွင်သာ အပြည့်အဝရှိနေသည်။ ယခုအစီရင်ခံစာတွင် သဘာဝအရင်းအမြစ် (၆) မျိုးဖြစ်သော သစ်တောများ၊ မြေယာ၊ ရေသယံဇာတ၊ သတ္တုတွင်းထွက်များ၊ ကျောက်မျက်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ကို ခွဲခြမ်းစိပ်ဖြာသုံးသပ်ထားပါသည်။ ယင်းကဏ္ဍတစ်ခုစီတိုင်းအတွက် ဥပဒေများနှင့် ကျင့်သုံးမှုများသည် အမှန်တကယ်ထိခိုက်ခံစားရသူများ၏ ပြောရေးဆိုခွင့်ကို တားဆီးထားသည်။ ၎င်းတို့အနေဖြင့် အဆိုပါအရင်းအမြစ်များနှင့်ပတ်သက်ပြီး တန်ဖိုးဖြတ်သတ်မှတ်ခွင့်မရ၊ ထင်မြင်ချက်ပေးခွင့်မရ (သို့) ၎င်းတို့၏ အရင်းအမြစ်များကို စီမံခန့်ခွဲနေမှုများကိုအပြစ်တင်ခွင့်မရ ဖြစ်နေကြရသည်။ တိုင်းရင်းသားလူမျိုးစုအမျိုးသမီးထု အဓိကအားဖြင့် ကျေးလက်ဒေသရှိ အမျိုးသမီးထုမှာ သဘာဝအရင်းအမြစ်များဆိုင်ရာ အုပ်ချုပ်စီမံမှုကဏ္ဍတွင် နှစ်ထပ်ကွမ်းအပစ်ပယ်ခံထားရလေသည်။

သဘာဝအရင်းအမြစ်များကို ဗဟိုချုပ်ကိုင် ထိန်းချုပ်မှုသည် မကျေနပ်မှုနှင့် ဒေါသမီးလျှံများကို မီးမွှေးပေးသကဲ့သို့ ဖြစ်နေသည်။ သဘာဝအရင်းအမြစ်စီမံချက်များက သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုများ ပျောက်ဆုံးခြင်းတို့ကို ဖြစ်စေပြီး အဓိကအားဖြင့် အမျိုးသမီးထုကို ထိခိုက်နစ်နာစေခဲ့သည်။ ပြန်လည်အစားထိုးမရနိုင်သော သဘာဝအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ကုန်ကြမ်းတင်ပို့ခြင်းသည် အနာဂတ် မျိုးဆက်သစ်များအတွက် ဖော်မပြနိုင်သောဆုံးရှုံးမှုတရပ်ဖြစ်သည်။

စွမ်းအင်ထုတ်လုပ်ရန် အသုံးပြုလေ့ရှိသော သဘာဝအရင်းအမြစ်များသည် ပြည်ပတင်ပို့မှု အတွက် အစဉ်အမြဲ ဦးစားပေးခံရပြီး အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အ ကူပြု ပေးသော်လည်း အရင်းအမြစ် ကြွယ်ဝသော ဒေသများမှာမူ အမှောင်ကျွမ်းဝှသာ လျှောက်လှမ်း နေရဆဲ ဖြစ်ပါသည်။

ပျက်စီးမှုများသော သဘာဝအရင်းအမြစ်တူးဖော်ထုတ်လုပ်ခြင်းများကို အဆုံးသတ်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့၏ အရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်၊ ထိန်းချုပ်ခွင့်နှင့် စီမံခန့်ခွဲခွင့် ရရှိရေးအတွက် မြန်မာနိုင်ငံတစ်ဝှမ်းမှ ပြည်သူလူထုများက ဆန္ဒပြတောင်းဆိုလာကြသည်။ တိုင်းရင်း သားနိုင်ငံရေးပါတီများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများက အဆိုပါ တောင်းဆိုမှုများအတွက် ပြည် သူလူထုနှင့်အတူ တစ်သားတည်းရှိကြသည်။ ဆုံးဖြတ်ပိုင်ခွင့်ကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးခြင်း သည်အစိုးရ၏ အုပ်ချုပ်စီမံမှုအဆင့်တိုင်းတွင် ခိုင်မာသော တာဝန်ခံမှုနှင့် ကိုယ်စားပြုတာဝန်ယူမှုကို လည်းကောင်း၊ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုနှင့် ထိန်းချုပ်မှုများအတွက် အခွင့်အလမ်းများကိုသော် လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှု များကိုသော်လည်းကောင်း အခြေအနေ ပေးရာရောက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုကိုလည်း အကျိုးဖြစ်ထွန်း စေပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဗဟိုအစိုးရ၏ချုပ်ကိုင်မှုအာဏာကို အပြည့်အဝလျှော့ထားသော အုပ် ချုပ်မှုဆိုင်ရာစနစ်ကို သုညမှ ပြန်လည်စတင် လုပ်ဆောင်ရန် မလိုပါ။ ဒေသခံလူမှုအသိုင်းအဝိုင်း များမှ မိမိတို့၏ မြေယာများ၊ ရေအရင်းအမြစ်များနှင့် သစ်တောများကို ရေရှည်တည်တံ့စေသော ရိုးရာဓလေ့ ကျင့်သုံးမှုများဖြင့် စီမံခန့်ခွဲလာကြသည်မှာ ယခင်မျိုးဆက်များစွာကတည်းက ရှိခဲ့ပြီးဖြစ် သည်။ တိုင်းရင်းသားတော်လှန်ရေးအစိုးရများမှ အဆိုပါ ကျင့်သုံးမှုများကို ပုံစံကျသော ဖွဲ့စည်းပုံ များ၊ ဥပဒေများဖြင့် ပံ့ပိုးထောက်ပံ့ထားကြသည်။

မြန်မာ့သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့ (The Burma Environmental Working Group- BEWG) အဖွဲ့ဝင်များ၏ အခြေခံလူထုများနှင့်ဆယ်စုနှစ်များစွာ လုပ်ဆောင်မှုများအပေါ် အခြေခံလျက် ပဋိပက္ခမဖက်သော၊ ဖက်ဒရယ်စနစ်အခြေပြု အုပ်ချုပ်မှုအောက်တွင် ပိုမိုရေရှည်တည် တံ့သော သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများဆီသို့ ရည်သန်သောနည်းလမ်းများကို ယခု အစီရင်ခံစာတွင် တင်ပြထားပါသည်။ အဆိုပြုထားသော လမ်းပြမြေပုံသည် အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များကို ကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမှကာကွယ်နှင့် ပဋိပက္ခများပိုမိုကြီး ထွားလာမှုများအား ကာကွယ်ရန် စဆောင်းတင်ပြထားပါသည်။ လုပ်ဆောင်မည့်အဆင့်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သော ပြည်သူလူထုများနှင့် သင့်တော်ဆီလျော်သော ဦးစားပေးဖွံ့ဖြိုးရေးလုပ် ငန်းများကို အကောင်အထည်ဖော်နိုင်ရန်နှင့် အစပြုတည်ဆောက်နိုင်ရန် ဒေသခံလူထုနှင့် ကိုယ်စားပြု အစိုးရအဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို လုပ်ဆောင်မည်။ ယင်းသို့ အကောင်အ ထည်ဖော်လုပ်ဆောင်ခြင်းသည် အဓွန့်ရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းများကို

အားပေးမြှင့်တင်ပေးသည်သာမက ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုအတွက် နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်သည်။

အာဏာနှင့်လုပ်ပိုင်ခွင့်ကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးသည့် ဖက်ဒရယ်စနစ်အခြေပြု သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု (Devolved Dederal Natural Resource Management) ဆိုင်ရာ လမ်းပြမြေပုံသည် အောက်ပါကာလ (၃) ခု အတွင်းတွင် အချိန်မှီဖြစ်စေရေးနှင့် လုပ်ငန်းစဉ်ကွင်းဆက်တို့ကို ရည်ရွယ်ချက်ရှိရှိ တင်ပြထားပါသည်။

(၁) ကြားကာလ - ပြည်ထောင်စု ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းမပြုနိုင်သေးခင် အချိန်အထိ ပဋိပက္ခနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်စဉ်အတွင်း ချက်ချင်းအကောင်အထည်ဖော်လုပ်ဆောင်ရမည့် အဆင့်များ

(၂) အသွင်ကူးပြောင်းကာလ - ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ပြည်နယ်ခွဲအဆင့်များတွင် ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်အပေါ်အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့်ဥပဒေပိုင်းဆိုင်ရာမူဘောင်အသစ်များနှင့် ဖက်ဒရယ်အဆောက်အအုံများ တည်ထောင်ခြင်းအဆင့်များ

(၃) အကောင်အထည်ဖော်သည့်ကာလ - သစ်လွင်သော ဖက်ဒရယ်အဆောက်အအုံများကို အသုံးပြုလျက် လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ခြင်း

*ကြားကာလအတွင်းတွင်-*

- အကြီးစားသဘာဝအရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသစ်များနှင့် မပြီးပြတ်သေးသော စီမံကိန်းများအတွက် ယာယီရပ်ဆိုင်းထားခြင်း (Moratorium) ကိုစနစ်တကျ စတင်အကောင်ထည်ဖော် ဆောင်ရွက်ရန် (ပါဝင်ပတ်သက်သူ အားလုံး)

- အကြီးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ပြန်လည်သုံးသပ်ဆန်းစစ်ပြီး လုပ်ပိုင်ခွင့်ထုတ်ပေးခြင်းနှင့် ပြန်လည်စေ့စပ်ညှိနှိုင်းရန် (သို့) ဖျက်သိမ်းရန် (နိုင်ငံရေးနယ်ပယ်၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများ)

- လက်တွေ့အသုံးပြုနှင့်ပြီးသားဖြစ်သော ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်ခွင့် စနစ်များ (သို့) တိုင်းရင်းသားများ၏ရှိနှင့်ပြီးသော မြေယာနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံအုပ်ချုပ်ကွပ်ကဲမှုစနစ်များကို အသိအမှတ်ပြုရန်နှင့် ကြားဝင်မစွတ်ဖက်ရန် (ဗဟိုအစိုးရ)

- ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်၊ မူဝါဒများနှင့် မြေယာနှင့် သဘာဝအရင်းအမြစ်များကို အသုံးပြုမှု၊ တူးဖော်ထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှုတို့အတွက် အစီအစဉ်များကို အကောင်အထည်ဖော်လုပ်ဆောင်ရန် (ပါဝင်ပတ်သက်သည့် တိုင်းရင်းသားများ)
- နိုင်ငံရေးဆိုင်ရာ တွေ့ဆုံညှိနှိုင်းမှုများအတွက် သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု၊ စီမံခန့်ခွဲမှု နှင့် ဘဏ္ဍာငွေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ ပြည်နယ်ခွဲအဆင့် အစိုးရတို့တွင် ရှင်းလင်းစွာ ပိုင်းခြားသတ်မှတ်အကောင်အထည်ဖော်လုပ်ဆောင်ရန် (ပါဝင်ပတ်သက်သည့် တိုင်းရင်းသားလူမျိုးများ)

*အသွင်ကူးပြောင်းကာလတွင်-*

- သဘာဝအရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ယာယီတားမြစ်ခြင်း၊ ပြန်လည်သုံးသပ် ဆန်းစစ်ချက်များကို ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်ရန်နှင့် ရှိနှင့်ပြီးသား ဒေသဆိုင်ရာ ရိုးရာဓလေ့ ထုံးတမ်းများနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ မူဝါဒများကို ကြားဝင်စွက်ဖက်မှုကင်းစွာဖြင့် ထိန်းသိမ်းထားရန် (ပါဝင် ပတ်သက်သူများအားလုံး)
- သဘာဝအရင်းအမြစ်နှင့်သက်ဆိုင်သည့် ကဏ္ဍများအားလုံး၌ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ် စောင့်ရှောက်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု စသည့် စံနှုန်းများအတွက် နိုင်ငံတော်နှင့်ပြည်နယ်အဆင့်များတွင် အကာအကွယ်ထားရှိမှု စနစ်များကို အကောင်ထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်နယ်တခုနှင့်တခုအကြား ဆက်စပ်တည်ရှိသော သဘာဝအရင်းအမြစ် စီမံကိန်းများအတွက်ပါ အနိမ့်ဆုံးအဆင့်စံနှုန်းများသတ်မှတ်ထားရှိရန် (နိုင်ငံရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ)
- လက်မှတ်ရေးထိုးထားသော ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ် မူဘောင်အတွင်းတွင် သက်ဆိုင်ရာ ဧရိယာများမှ ကိုယ်စားလှယ်များဖြင့် ဒီမိုကရေစီအခြေပြု ဖက်ဒရယ်၊ ပြည်နယ်၊ ပြည်နယ်ခွဲများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေပြုမှုများနှင့် မူဝါဒများကို မူကြမ်းချမှတ်ရေးဆွဲပြီးအကောင်ထည်ဖော်ဆောင်ရွက်ရန် (ဗဟိုအစိုးရ၊ ပြည်နယ်အခြေပြု တိုင်းရင်းသားအဖွဲ့အစည်းများ)
- အရင်းအမြစ်များနှင့် ဘဏ္ဍာငွေများကို ထိန်းချုပ်ရန်နှင့်စီမံခန့်ခွဲရန် ပြည်နယ်နှင့် ပြည်နယ်ခွဲ အစိုးရများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာနှင့်လုပ်ပိုင်ခွင့်များကိုအပြည့်အဝခွဲဝေလွှဲပြောင်းပေးရန် (ဗဟိုအစိုးရ)
- သဘာဝအရင်းအမြစ်များနှင့် ဘဏ္ဍာငွေများကို စီမံခန့်ခွဲနိုင်ရန် ပြည်ထောင်စု၊ ပြည်နယ်၊ ပြည်နယ်ခွဲ အဆင့်တွင် ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုများရှိသည့် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများကို ဖော်ထုတ်တည်ဆောက်ရန် (ဗဟိုအစိုးရ၊ ပြည်နယ်နှင့် တိုင်းရင်းသားအခြေပြု အဖွဲ့အစည်းများ)

*ဖက်ဒရယ်စနစ်အရ စီမံခန့်ခွဲခြင်း အကောင်အထည်ဖော်သည့်ကာလ*

- အာဏာနှင့်လုပ်ပိုင်ခွင့်များကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးသည့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ချက်ချင်းစတင်ပြီး ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုပြည့်ဝသောဖက်ဒရယ် ပြည်ထောင်စု၊ ပြည်နယ်၊ ပြည်နယ်ခွဲများအနေဖြင့် မြေယာနှင့်သဘာဝသယံဇာတများကို စီမံခန့်ခွဲနိုင်သည့်အချိန်တွင် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည် စတင်ပါ။ စီမံခန့်ခွဲရာတွင်လည်း ဖက်ဒရယ် ပြည်ထောင်စု၊ ပြည်နယ်၊ ပြည်နယ်ခွဲများ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများ၊ ဥပဒေပြုမှုများနှင့် စီးပွားရေးဖွံ့ဖြိုးမှုမူဝါဒများအတိုင်း ကျင့်သုံးအကောင် အထည်ဖော်ခြင်းများရှိရပါမည်။
- သစ်လွင်သော ဖက်ဒရယ်အဆောက်အအုံများဖြင့် သဘာဝအရင်းများဆိုင်ရာ စီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကာအကွယ်အာမခံစနစ်များကောင်းမွန်အောင်လုပ်ဆောင်ခြင်းများတွင် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုများကိုစောင့်ကြည့်လေ့လာရန်နှင့်ပံ့ပိုးကူညီပေးရန် (ဖက်ဒရယ်ပြည်ထောင်စု၊ ပြည်နယ်၊ ပြည်နယ်ခွဲ အစိုးရများ၊ အရပ်ဖွဲ့လူမှုအဖွဲ့ အစည်းများနှင့် လွတ်လပ်သော အစုအဖွဲ့များ)

***လမ်းပြမြေပုံနှင့် အကြံပြုတိုက်တွန်းချက်များ အပြည့်အစုံကို စာမျက်နှာ(၁၃၁-၁၃၅)တွင် ကြည့်ပါ။***



*ကချင်ပြည်နယ်၊ ဖားကန့်ရှိ ကျောက်စိမ်းတွင်း*

# အပိုင်း (၁) ဗဟိုချုပ်ကိုင် ထိန်းချုပ်မှု




Photo SM

ဂျယ်ဂေါင် ဒုက္ခသည်စခန်းမှ ကလေးများ

နိုင်ငံရေးဆွေးနွေးပွဲမပါသော အပစ်အခတ်ရပ်စဲမှုများ (၂၅) နှစ်ကြာလာသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခများမှာ မျက်မြင်အရ အဆုံးမသတ်နိုင်သေးသည့်အခြေအနေတွင်ရှိသည်။ သဘာဝအရင်းအမြစ်ကြွယ်ဝသော တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်၏ ထိုးစစ်ဆင်မှုများသည် ယခင်တိုင်းရင်းသားတော်လှန်ရေးအစိုးရများ ကိုယ်ပိုင်အုပ်ချုပ်ရာဒေသများ၌ စစ်တပ်၏နေရာယူစိုးမိုးမှုများကို တိုးပွားချဲ့ထွင်စေသကဲ့သို့ ဖြစ်သည်။

သဘာဝအရင်းအမြစ်အခြေပြု စီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ အသက်မွေးဝမ်းကျောင်းမှုများအပေါ်တွင် ကြီးစွာသော ထိခိုက်ပျက်စီးမှုများကို ဖြစ်ပေါ်စေပြီး နေပြည်တော်မှ စီစဉ်သတ်မှတ်သည့် "ဖွံ့ဖြိုးရေး" ခေါင်းစဉ်အောက်တွင် မိမိတို့၏ မြေယာများကို စွန့်ပစ်ထွက်ခွာသွားရန် ဒေသခံပြည်သူလူထုများအား တွန်းပို့ပေးခဲ့သည်။

ဇယား (၁) သဘာဝအရင်းအမြစ်များ တင်ပို့ခြင်း




http://atlas.media.mit.edu/en/profile/country/mmr/#Exports

အရင်းအမြစ်များကို အိမ်နီးချင်းနိုင်ငံများသို့ ရောင်းချရာတွင် အများအားဖြင့် ကုန်ကြမ်းပုံစံမျိုးဖြင့် ရောင်းချကြသည်။ ရောင်းရငွေများသည် နေပြည်တော်သို့ တိုက်ရိုက်ရောက်ရှိပြီးသကာလ မူလအရင်းအမြစ်များတည်ရှိရာ ဒေသများအနေဖြင့် အကျိုးအမြတ်များခံစားရရှိမှု လွန်စွာပင်နည်းပါးသည်။

## ၁.၁. ပြည်သူလူထု၏ ရင်ထဲက ဆန္ဒများ

ဘေးထွက်ဆိုးကျိုးများပြားသည့် တူးဖော်ထုတ်လုပ်ခြင်းစီမံကိန်းများ ဆက်လက်လုပ်ဆောင်လာသည်နှင့်အတူ နိုင်ငံအဝှမ်းမှ ပြည်သူများမှာ မိမိတို့ ပိုင်ဆိုင်သော သဘာဝအရင်းအမြစ်များကို ဒေသခံအခြေပြု လုပ်ပိုင်ခွင့်အာဏာများဖြင့် စီမံခန့်ခွဲရန် တောင်းဆိုလာကြသည်။

၂၀၁၆ ခုနှစ် မတ်လတွင် အရပ်ဖက်လူမှုအဖွဲ့အစည်း (၆၁) ဖွဲ့တို့သည်  ကချင်ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များဆိုင်ရာ အုပ်ချုပ်စီမံမှုနှင့်ပတ်သက်သော စိုးရိမ်မှုများကို ဖော်ထုတ်ရန် တွေ့ဆုံခဲ့ကြသည်။ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းပြီးသည့် အချိန်မတိုင်ခင်အထိ စီမံကိန်းများနှင့် သဘာဝအရင်းအမြစ်များကို တူးဖော်ထုတ်ယူခြင်းလုပ်ငန်း များကို ရပ်ဆိုင်းထားသင့်သည်ဟု တစ်ညီတစ်ညွတ်တည်း သဘောတူ ခဲ့ကြသည်။ ထိုသဘောတူညီမှုတွင် ကချင်ပြည်နယ်ရှိ ပြည်သူလူထုသည် ၎င်းပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များ၏ ပိုင်ရှင်များဖြစ်ပြီး၊ သဘာဝအရင်းအမြစ်များထုတ်ယူခြင်း၊ အခွန်ကောက်ခံခြင်းနှင့် စပ်ဆိုင်သော အကြွင်းမဲ့စီမံခန့်ခွဲပိုင်ခွင့်ကို ကချင်ပြည်နယ် အစိုးရအဖွဲ့လက်ထဲသို့ လွှဲပြောင်း အပ်နှင်းသင့်သည်အထိ စီမံကိန်းများကို ရပ်ဆိုင်းထားရန် တို့ပါဝင်သည်။[1]

၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် ရပ်ရွာအခြေပြုအဖွဲ့(၂၆) ဖွဲ့မှ စုစည်းလျက် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းများကို ဖျက်သိမ်းပေးရန် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အိတ်ဖွင့်ပေးစာတစ်စောင် ပို့ပေးခဲ့ကြသည်။ "ဖက်ဒရယ်စနစ်နဲ့သွားဖို့ နိုင်ငံရေးဆွေးနွေးပွဲတွေမပြီးသေးခင်မှာ သံလွင်မြစ်တွေပေါ်မှာ တည်ဆောက်မယ့်ရေကာတာတွေနဲ့ပတ်သက်လို့ တစ်ဖက်သတ် ဆုံးဖြတ်ချက် ချမှတ်ခြင်းဟာ တိုင်းရင်းသားဒေသတွေမှာရှိတဲ့ သဘာဝအရင်းအမြစ်နဲ့ပတ်သက်လို့ တိုင်းရင်းသားတွေကိုယ်တိုင် စီရင်ဆုံးဖြတ်ပိုင်ခွင့်ကို ပိတ်ပင်တားမြစ်တာပဲ ဖြစ်တယ်။" ဟုဆိုထားသည်။ မိုင်းတုံရေကာတာဆောက်လုပ်မှုကို ဆန့်ကျင်သော ဒေသခံပြည်သူလူထု ၂၃,၀၀၀ ၏ လက်မှတ်ရေးထိုးမှုများပါဝင်သော အဆိုပါ အိတ်ဖွင့်ပေးစာကို လွန်ခဲ့သည့်နှစ် (၂၀၁၆) တွင် ရေးသားပေးပို့ကာ တင်ပြခဲ့ကြသည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင်လည်း ရခိုင်သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကွန်ရက်မှ လူဦးရေသုံးသိန်း၏ လက်မှတ်ရေးထိုးမှုဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပိုင်ဆိုင်မှုနှင့် အရင်းအမြစ်များကို အပြည့်အဝစီမံထိန်းချုပ်ခွင့်ရရှိရန် ဆန္ဒထုတ်ဖော်ခဲ့ကြပြန်သည်။

တိုင်းရင်းသားအခြေပြု နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများကလည်း စည်းလုံးညီညွတ်စွာဖြင့် ပြည်သူများနှင့် ပူးပေါင်းကာ တစ်သားတည်းကျသော တောင်းဆိုမှုကို ပြုခဲ့ကြပါသည်။

*"ဒေသခံတိုင်းရင်းသားများ၏ သဘောထားဆန္ဒကို ဆန့်ကျင်ပြီး သံလွင်ရေကာတာများကို ဆက်လက်အကောင် အထည်ဖော် သွားမည်ဆိုလျှင် မိမိတို့အနေဖြင့်လည်း အခြားသော တိုင်းရင်းသားအားလုံး၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ဆန့်ကျင်သွားမည်။ "*ဟု ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ရှမ်းအမျိုးသားဒီမိုကရေစီပါတီ (SNDP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အပါအဝင် ရှမ်းနိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော ရှမ်းပြည်စည်းလုံးညီညွတ်ရေးကော်မတီမှ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် သဘောထား ထုတ်ပြန်ခဲ့သည်။

သဘောထားထုတ်ပြန်ချက်တွင် အောက်ပါအတိုင်း ဆက်လက်ဖော်ပြထားသည်။

> *"ငြိမ်းချမ်းရေးကို မြှင့်တင်အားပေးရန်အတွက် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြားတွင် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်နေသည့်ကာလတွင် အကြီးစားရေကာတာစီမံကိန်းများကိုလည်း ရပ်ဆိုင်းထားရန် အထူးအရေးကြီးသည်။ ပိုင်ဆိုင်မှုပိုင်းဆိုင်ရာ အငြင်းပွားမှုများ၊ သဘာဝအရင်းအမြစ်များကိုအသုံးပြုခြင်းနှင့် အကျိုးအမြတ်ခွဲဝေမှုကိစ္စရပ်များသည် ပဋိပက္ခဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ ယခုကိစ္စရပ်များနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ အခြေတကျမဖြစ်သေးသရွေ့ ဆိုခဲ့ပါ အကြီးစား ရေကာတာစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ခြင်းသည် ပဋိပက္ခများ ပိုမိုဖြစ်ထွန်းရန် ဆီထိုးပေးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားဒေသများတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေစဉ်အတွင်း အဆိုပါ ရေကာတာစီမံကိန်းများကို အကောင်အထည်ဖော်ရန်လုပ်ဆောင်နေခြင်းကိစ္စကို ကျွန်ုပ်တို့အပြင်းအထန် ကန့်ကွက်ရှုတ်ချပါသည်။"*
>
> *"ဒေသခံပြည်သူများသည် ရေကာတာကြီးများကြောင့် အများဆုံး ဒုက္ခရောက်ကြရမည်ဖြစ်သော်လည်း အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းမှ ရရှိမည့် လျှပ်စစ်ဓာတ်အား အများစုကို အိမ်နီးချင်းနိုင်ငံများအတွက် ဖြစ်ပေလိမ့်မည်။ ဒေသခံပြည်သူများ၏ သဘောထားအမှန်ကို ရရှိရန်အတွက် ရေကာတာ/ရေအား*

*ကချင်ပြည်နယ်၊ မြစ်ကြီးနားမနော ကွင်းတွင် အကြီးစား သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှုများကို ကန့်ကွက်ဆန္ဒပြနေပုံ (၃.၁၀.၂၀၁၆)*




ဓါတ်ပုံ - KDNG

*လျှပ်စစ်စီမံကိန်းများမစတင်ခင် ပြည့်ဝသော၊ ပွင့်လင်းမြင်သာသော သတင်းအချက်အလက်များကို ဒေသခံပြည်သူလူထုများအား ချပြပေးရမည်။"*

၂၀၁၆ ခုနှစ် ဩဂုတ်လတွင်ကျင်းပသော ၂၁ ရာစု ပင်လုံညီလာခံတွင် ရခိုင်အမျိုးသားပါတီ၏ ဥက္ကဋ္ဌဖြစ်သော ဒေါက်တာ အေးမောင်မှ သဘာဝအရင်းအမြစ်ဆိုင်ရာ ပိုင်ဆိုင်စီမံခွင့်၊ ထိန်းချုပ်ခွင့်၊ စီမံအုပ်ချုပ်ခွင့်အာဏာများကို အရင်းအမြစ်များပိုင်ဆိုင်သော ပြည်နယ်များက ရရှိရန် တောင်းဆိုခဲ့သည်။ "သဘာဝသယံဇာတများအားလုံးကို ထိုသဘာဝသယံဇာတများတည်ရှိရာ သက်ဆိုင်ရာအမျိုးသားပြည်နယ်များက ပိုင်ဆိုင်သည်။ သက်ဆိုင်ရာအမျိုးသားပြည်နယ်များက စီမံထိန်းချုပ်ကွပ်ကဲခွင့်ရှိသည်။ သက်ဆိုင်ရာအမျိုးသားပြည်နယ်သည် မိမိ၏သဘာဝသယံဇာတများအား ထုတ်ယူသုံးစွဲပိုင်ခွင့်၊ ထိန်းချုပ်စီမံပိုင်ခွင့်ရှိသည့်အပြင် သယံဇာတဝင်ငွေများကို ကိုင်တွယ်ပြီး ဖက်ဒရယ်အစိုးရသို့ ခွဲဝေပေးခြင်းကို သက်ဆိုင်ရာအမျိုးသားပြည်နယ်က ကိုင်တွယ်လုပ်ဆောင်ရမည်။"[2]

ပြည်နယ်နှင့်တိုင်းများမှ ရွေးကောက်တင်မြှောက်ခံရထားရသော ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့မဲဆန္ဒနယ်အတွင်း အကောင်အထည်ဖော်နေသည့် စီမံကိန်းများနှင့်ပတ်သက်သော အခြေခံကျသည့်သတင်းအချက်အလက်များကိုပင် ရရှိနိုင်စွမ်းမရှိသည်ကိုတွေ့ရပြီး ပြည်သူလူထု၏ စိတ်ဝင်စားမှုကို ကိုယ်စားပြုသော ၎င်းတို့၏ အလုပ်ကိုသာ လုပ်ဆောင်ခွင့် အာဏာရရန် ဆန္ဒရှိနေကြသည်။ *"သံလွင်မြစ်ပေါ်မှာ တည်ဆောက်မယ့်ဆည်စီမံကိန်း (၆) ခုနဲ့ပတ်သက်တဲ့အချက်အလက်ကိုတောင်းကြည့်တယ်။ ကျွန်တော်တို့ မေးခွန်းတွေကို ပြည်ထောင်စုလွှတ်တော်က ပယ်ချထားခြင်းခံရတယ်။"* ဟု ရှမ်းပြည်နယ်၏ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ စိုင်းသီဟကျော်မှ ပြောပြခဲ့သည်။[3]

၂၀၁၆ ခုနှစ်၊ မေလတွင် ကချင်နိုင်ငံရေးပါတီများ ကော်မတီမှ သဘာဝအရင်းအမြစ်များဆိုင်ရာ မူဝါဒများကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြသည်။ ကချင်ပြည်နယ်အစိုးရအနေဖြင့် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်၍ လွတ်လပ်သော စီမံခန့်ခွဲပိုင်ခွင့်အာဏာ ရှိရမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ရေးသားဖော်ပြထားရမည်ဟု ၎င်းတို့၏ လမ်းညွှန်မှုတွင် ဖော်ပြထားသည်။[4] နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ယုံကြည်မှုတည်ဆောက် နေသည့်ကာလအတွင်း ကြီးစားသဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်သည့်စီမံကိန်းများကို ဆိုင်းငံ့ထားရန် နိုင်ငံရေး ပါတီများမှ တောင်းဆိုတိုက်တွန်းထားခဲ့ကြသည်။



*ရှမ်းပြည်နယ်၊ သီပေါမြို့နယ်တွင် ကျောက်မီးသွေး တူးဖော်မှုအား ဆန္ဒပြနေပုံ (မေ၊ ၂၀၁၆)*

ဓါတ်ပုံ - Shan State Farmers Network

## ၁.၂. ပဋိပက္ခနှင့် ထိန်းချုပ်မှုများ

အထက်တွင် ပြောခဲ့သော စကားရပ်များသည် တိုင်းရင်းသားလူမျိုးတို့၏ လူမျိုးဆိုင်ရာ ဝိသေသလက္ခဏာရပ်များနှင့် မြေယာနယ်နိမိတ်များ၊ ၄င်းတို့၏ သက်ဆိုင်ရာဒေသများအတွင်း ကဏ္ဍအလိုက် ထိန်းချုပ်ပိုင်ခွင့်နှင့် စီမံပိုင်ခွင့် အခွင့်အရေးများကို ကာကွယ်ရန်အတွက် ဆယ်စုနှစ်များစွာ ခိုင်မာအားကောင်းခဲ့သောလှုပ်ရှားမှုများမှ ပေါ်ထွက်လာသော ပဲ့တင်သံများဖြစ်ပါသည်။ ဗမာလူမျိုးအများစု လွှမ်းမိုးသော စစ်တပ်အစိုးရခေတ်တွင် ခုခံပြောဆိုပိုင်ခွင့်မရှိသော အုပ်ချုပ်မှုစနစ်ကို တည်ထောင်နိုင်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ပြီး ဥပဒေများ၊ မူဝါဒများနှင့် ကျင့်သုံးမှုများတွင် အခြားသော တိုင်းရင်းသားအုပ်စုများကို ကွင်းဆက်မိမိ ဖယ်ကျဉ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့ဖြင့် အုပ်ချုပ်မင်းလုပ်ခဲ့သည်။ ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း နိုင်ငံရေးအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒီမိုကရေစီဆန်သော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗဟိုမှ ခွဲဝေပေးရမည့် အခွင့်အာဏာများကို တောင်းဆိုသည့် တိုင်းရင်းသားလူမျိုးစုများ၏ လှုပ်ရှားမှုများ ပိုမိုကျယ်ပြန့်လာခဲ့သည်။

ဗဟိုအစိုးရကို ဆန့်ကျင့်ပြီး ကိုယ်ပိုင်ရပ်တည်ရန် ခုခံကြိုးပမ်းမှုများ လုပ်ဆောင်နေစဉ်ကာလတွင် ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ)၊ မွန်ပြည်သစ်ပါတီနှင့် ကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ကဲ့သို့သော ဒေသအခြေပြု တိုင်းရင်းသား တော်လှန်ရေးအစိုးရအဖွဲ့များအနေဖြင့် မိမိတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေများအတွင်း စီမံအုပ်ချုပ်နိုင်ရန် စနစ်ယန္တရားများနှင့် ဌာနဆိုင်ရာများကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ယေဘုယျအားဖြင့် အဆိုပါစနစ်များသည် ကျေးရွာအဆင့်များတွင် ကျင့်သုံးသော ရိုးရာဓလေ့ထုံးစံအရ စီမံခန့်ခွဲမှုများကို အသိအမှတ်ပြုပြီး ဖြည့်စွက်ကူညီရာရောက်သည်။ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် တရားစီရင်မှုကဲ့သို့သော ပြည်သူ့ဝန်ဆောင်ကဏ္ဍများတွင် ယဉ်ကျေးမှုအရ လိုက်လျောညီထွေဖြစ်သော ဝန်ဆောင်မှုများကိုလည်း စီမံပေးနိုင်ခဲ့သည်။ တိုင်းရင်းသားအစိုးရအဖွဲ့အများစုတွင် မြေယာ၊ စိုက်ပျိုးရေး၊ သစ်တော၊ မူဝါဒရေးရာနှင့် ဥပဒေရေးရာဌာနများရှိပြီး ဦးပိုင်မြေယာလုပ်ပိုင်ခွင့်များ၊ သစ်တောဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများကိုလည်း စီမံပေးသည့် သက်ဆိုင်ရာ ဌာနများလည်းရှိသည်။ ကျေးရွာအဆင့်တွင် ဖြေရှင်း၍ မရသော တရားဥပဒေရေးရာ အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဒေသအဆင့်အစိုးရအဖွဲ့ (တော်လှန်ရေးအစိုးရ) သို့ လွှဲပြောင်း ဖြေရှင်းစေခဲ့ကြသည်။

မြန်မာ့စစ်တပ်၏ ထိုးစစ်ဆင်မှုများနှင့် နောက်ဆက်တွဲ အပစ်ရပ်သဘောတူညီချက်များသည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အပြည့်အဝ ကိုယ်ပိုင်ထိန်းချုပ်သည့်ဧရိယာများ လျော့ကျလာသည်မှာ ၁၉၉၀ ခုနှစ်အစောပိုင်း ကာလကတည်းက ဖြစ်ပြီး ယခုအခါတွင် ဝပြည်နယ်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်စသည့်နယ်မြေများရှိ ယခင်ထိန်းချုပ်နယ်မြေ များကို ဥပမာအဖြစ် တွေ့မြင်နိုင်ပါသည်။ ၂၀၁၂ ခုနှစ်မှစတင်ပြီး မြန်မာ့စစ်တပ်နှင့် အစိုးရသည် ထိုးစစ်ဆင်မှုများကို မြောက်ပိုင်း ဒေသနှင့် ရခိုင်ပြည်နယ်ဆက်လက်ဖြစ်ပွားခဲ့ပြီး တိုင်းရင်းသားအုပ်စုအချို့ကိုလည်း နိုင်ငံရေးဆွေးနွေးပွဲမှ ဖယ်ကျဉ်ထားခဲ့သည်။ ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း ကရင်ပြည်နယ်၊ ကယား (ကရင်နီ) ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား အပြန်အလှန် အပစ်ရပ်သဘောတူညီချက်များ ထားရှိပြီး လက်မှတ်ရေးထိုးခဲ့သည့်နည်းတူ

တနင်္သာရီနှင့် စစ်ကိုင်းတိုင်းဒေသကြီး[5] တို့၏ အောက်ခြေဒေသတို့တွင် ထိလွယ်ရှလွယ်အနေအထားများ ရှိနေခဲ့ပြီး စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်း များကို စနစ်တကျ လိုက်နာလိုက်လျှောက်မှု လိုအပ်နေသည်။ အဆိုပါ ဒေသများတွင် တိုင်းရင်းသားတော်လှန်ရေးအစိုးရများ ထိန်းချုပ်စီမံမှုများ အစိတ်အပိုင်း တချို့ရှိနေပြီး ရောနှောထိန်းချုပ်ဇရိယာအဖြစ် သတ်မှတ်ထားကြသည်။

အပစ်အခတ်ရပ်စဲမှုများ၏ အကဲဆတ်မှုများ ရှိနေစေကာမူ ဗဟိုအစိုးရအနေဖြင့် အကြီးစား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဖိတ်ခေါ်ကာ သဘာဝအရင်းအမြစ်များကို ထုတ်ယူရန် စီစဉ်နေသည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ဒေသတွင် လေ့လာမှုစစ်တမ်းတစ်ခုအရ လွန်ခဲ့သည့် သုံးနှစ်တာကာလ အပစ်အခတ်ရပ်စဲထားသည့်ဒေသအတွင်း အသစ်သောရင်းနှီးမြှုပ်နှံမှု ပေါင်း (၁၅၅) ခု ရှိပြီဟု ထပ်မံသိရှိတွေ့ရှိရသည်။[6]

## ၁.၃. သဘာဝအရင်းအမြစ်နှင့် ပတ်သက်၍ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွင့်အာဏာများ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအစိုးရမှ သဘာဝအရင်းအမြစ်များကို ထိန်းချုပ်ခြင်းနှင့် ပိုင်ရှင်ဖြစ်ခြင်း အခွင့်ရှိကြောင်း ဗဟိုပြုပြဋ္ဌာန်းရေးသားထားခဲ့သည်။

> "နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့်
> လေထုအတွင်းရှိ သယံဇာတပစ္စည်းများအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။"
> (အပိုဒ် ၃၇-က) နှင့်
>
> "နိုင်ငံတော်ပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက
> ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်။"
> (အပိုဒ် ၃၇-ခ)

တန်ဖိုးကြီးသော သဘာဝအရင်းအမြစ်များရောင်းချမှုမှ အခွန်ကောက်ခံခြင်းကိုလည်း ဗဟိုမှ ထိန်းချုပ်ထားပြီး အဆိုပါအခွန်တော်ငွေကို မည်သို့ပေးချေမည်၊ အသုံးပြုမည်ကိုလည်း ဗဟိုမှ ထိန်းချုပ်သတ်မှတ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၏ ဘတ်ဂျက် ငွေသည် အနည်းငယ်သာ ရှိနေပြီး နေပြည်တော်အပေါ်၌သာ မှီခိုနေရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်သည် ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) တွင် ဖော်ပြပါရှိသော ကန့်သတ်ကိစ္စရပ်များအတွက်သာ ဥပဒေပြုခွင့်ရှိသည်။[7]


ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၉ နှင့် ၁၄၁ အရ အမျိုးသားလွှတ်တော်တွင် အမတ်ဦးရေ အားလုံး၏ (၂၅) ရာခိုင်နှုန်းနှင့် ပြည်သူ့လွှတ်တော်၏ အမတ်ဦးရေအားလုံး၏ (၃၃) ရာခိုင်နှုန်း ကို တပ်မတော်ကိုယ်စားလှယ်များအတွက် ထားပေးရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်

အမတ်ဦးရေ၏ သုံးပုံတစ်ပုံကိုလည်း တပ်မတော်ကိုယ်စားလှယ်များအတွက် ထားပေး ရသည်။ ထို့ကဲ့သို့ သတ်မှတ်တောင်းဆိုမှုများသည် အမျိုးသမီးများ၏ ကိုယ်စားလှယ်နေရာရခွင့်ကို ထိရောက်စွာဖြင့် အမြဲတမ်းကန့်သတ်လိုက်သကဲ့သို့ဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်တွင် အမျိုးသမီးပါဝင်မှုကို လျော့နည်းသွား စေသည့်တွန်းအား တစ်ခုဖြစ်စေသည်။ လက်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့တွင် သဘာဝအရင်းအမြစ်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်မှု အားလုံးနီးပါးကို ချမှတ်သည့်နေရာတွင် ကိုယ်စားလှယ် ၁၄.၅ ရာခိုင်နှုန်းသာ အမျိုးသမီးကိုယ်စားလှယ်များဖြစ်သည်။ ဝန်ကြီးချုပ် (၁၄) ပါးတွင် (၂) ပါးမှာ အမျိုးသမီးဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တိုက်ရိုက် ခန့်အပ်ရသည်။[8] ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ ဝန်ကြီးချုပ်များသည်လည်း ရွေးကောက်ခံရခြင်းမဟုတ်ဘဲ ခန့်အပ်ခံရသူများဖြစ်သည်။ ဝန်ကြီးချုပ်ရာထူးရထားသူမှ ပြည်နယ်နှင့်တိုင်းဒေသအဆင့် ဝန်ကြီးများကို တဖန် ခန့်အပ်ပေးရသည်။

သဘာဝအရင်းအမြစ်များနှင့် အခွန်ဘဏ္ဍာများကို မည်သို့ စီမံခန့်ခွဲပြီး အသုံးပြုရေးနှင့် ပတ်သက်သော ဒေသခံပြည်သူလူထု၏ တောင်းဆိုမှုနှင့် လိုအပ်ချက်များကို တုံ့ပြန်နိုင်ရန် ဥပဒေရေးဆွဲသူဦးရေအများစုနှင့် အစိုးရဝန်ထမ်းများအနေဖြင့် သုညလုပ်ပိုင်ခွင့် မက်လုံးသာရှိသော်လည်း ၎င်းတို့ကို ခန့်အပ်သောသူ (သို့) သူများ၏ ညွှန်ကြားမှုအတိုင်း တစ်သွေမတိမ်း လိုက်နာဆောင်ရွက်နေသည့်သဘောတရားကို ဗဟိုမှထိန်းချုပ်ထားသော မြန်မာအစိုးရ၏ ဖွဲ့စည်းပုံသဘော သဘာဝက အဓိပ္ပါယ်ဖွင့်နေပါသည်။ အပြန်အလှန်အားဖြင့်ဆိုရလျှင် ဒေသခံပြည်သူလူထုအတွက် အဆိုပါအစိုးရတာဝန်ရှိသူ ဝန်ကြီး/ထမ်းများကို ကန့်သတ်တားမြစ်ရန် (သို့) ခွင့်ပြုရန် နေရာပေးထားသော ယန္တရားတစ်စုံတစ်ရာမရှိဘဲ ၎င်းတို့အနေဖြင့် ကိုယ်စားပြုမှုမရှိစေရေးနှင့် တာဝန်ယူတာဝန်ခံမှုမရှိစေရန် လုပ်ဆောင်နေသကဲ့သို့ ဖြစ်ပါသည်။ အထက်ပါ အခြေအနေများကို ပြောင်းလဲရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးသားရန်လိုသည်။ ပြင်ဆင်ရေးဆွဲရန်အတွက်လည်း ပါလီမန်လွှတ်တော်အမတ်ဦးရေ (၇၅) ရာခိုင်နှုန်းကျော်ရှိရန်လိုအပ်ပြီး စစ်တပ်အား ဗီတိုအာဏာကို မရှိမဖြစ်အပ်နှင်းထားပြန်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခြင်းသည် အစိုးရအတွင်း တပ်မတော်၏ စစ်တပ်အာဏာကို လျော့ကျ သွားစေသကဲ့သို့ဖြစ်လေရာ ပြင်ဆင်ရေးဆွဲရန် လုံးဝနီးပါး မဖြစ်နိုင်ချေ။

ဇယား (၂) ပြည်ထောင်စုလွှတ်တော်တွင် ကျားမပါဝင်မှုအချိုးအစား




၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖြစ် အချို့တိုင်းရင်းသားဒေသများတွင်ခွင့်ပြုထားသည်။ အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်သူခေါင်းဆောင်များအနေဖြင့် ကြိုတင်ညွှန်ကြားထားသောကဏ္ဍ (၁၀) ခုတွင်သာ ကိုယ်တိုင်ဥပဒေပြုခွင့်ပေးထားသည်။ အုပ်ချုပ်သူခေါင်းဆောင်များမှာရွေးချယ်တင်မြှောက်ထားသော မြို့နယ်ကိုယ်စားလှယ်များနှင့် စစ်ဦးစီးချုပ်မှခန့်အပ်သော တပ်မတော်ကိုယ်စားလှယ်များဖြစ်ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိအ

ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) သည် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်အရေးပါသည့် အတွင်းရေးမှူး နေရာကို ရယူထားသည်။ ပအိုဝ်ဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည်။ သို့သော်လည်း ပအိုဝ် လူ့အဖွဲ့အစည်းများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာအတုအယောင်ကိုသာ တွေ့ရှိရသည်။ ပအိုဝ်အမျိုးသားတပ်မတော်မှ စစ်သည်တစ်ဦးသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် ခွဲခြမ်းအုပ်ချုပ်သည့် မဟာဗျူဟာအဟောင်း၏ တံဆိပ်သစ် တစ်ခုမျှသာဖြစ်သည်ဟု သတ်မှတ်သည်။ "ကျွန်တော်တို့ တကယ်အာဏာရှိတာ မဟုတ်ပါဘူး။ နိုင်ငံရေးကစားကွက်ထဲမှာ ကစားဖို့ နာမည်ပေးခံရတာ ဖြစ်တယ်။" ပြောခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားပြည်သူလူထုများ၏ မိမိတို့၏ ကိုယ်ပိုင်ဒေသနှင့် အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း (သို့) မူဝါဒ ဖွံ့ဖြိုးမှုကို အဆုံးအဖြတ်ပေးပိုင်ခြင်းတို့ကို ကာကွယ်ရန်နှင့် ဆယ်စုနှစ်ပေါင်းများစွာ ဖယ်ကြဉ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့ကို အမြစ်တွယ်ခိုင်မာစေရန် ဗဟိုဦးစီးမှုဆန်သော ဖွဲ့စည်းပုံများဖြင့် ဌာပနာထားပါသည်။ ပို၍သိသာ ထင်ရှားသည့်အရာမှာ အဖိနှိပ်ခံနှင့် ကိုယ်စားပြုနေရာပေးမခံရသည့် တိုင်းရင်းသား အမျိုးသမီးရေးရာကဏ္ဍတွင် ဖြစ်သည်။ ဗဟိုအစိုးရနှင့် ကျေးလက်နေပြည်သူလူထုအကြား အဓိကပါဝင်ပတ်သက်နေရသည့် ကျေးရွာအုပ်ချုပ်ရေးမှူး အများစုမှာ အမျိုးသားသီးသန့် ဖြစ်နေသည်။ ၂၀၁၅ ဩဂုတ်လတွင် ဖော်ပြသော စစ်တမ်းတစ်ခုအရ အမျိုးသားအုပ်ချုပ်ရေးမှူးဦးရေ ၁၃,၆၀၂ ဦးတွင် ၂၉ ဦး (၀.၂၁%)မှာ အမျိုးသမီးဖြစ်သည်။[9] အဆိုပါ အရေအတွက်သည် ပိုမိုကောင်းသည့်အခြေအနေတစ်ခုအဖြစ် လက်ခံနိုင်သော်လည်း အစိုးရအဖွဲ့တွင် တိကျသောရာခိုင်နှုန်းတစ်ခုဖြင့် အမျိုးသမီးများပါဝင်ခွင့်ရစေကာမူ အမျိုးသမီးများ၏ အရေးနှင့် စိုးရိမ်မှုများအားလုံး ဦးတည်ဖြေရှင်းခြင်း ခံရလိမ့်မည်မဟုတ်ချေ။ ဥပမာ လက်ရှိနိုင်ငံရေးစင်မြင့်ပေါ်တွင် ရောက်ရှိနေသောအမျိုးသမီးအများစုမှာ မြို့ပြအခြေပြုသူများဖြစ်လေရာ ကျေးလက်အမျိုးသမီးထု၏ လိုအပ်မှုများအတွက် နားလည်ပေးမှု (သို့) လှုံ့ဆော်တိုက်တွန်းပေးမှု ရှိနိုင်မည်မဟုတ်ချေ။

## ၁.၄. ရင်းနှီးမြှုပ်နှံကဏ္ဍ၏ ဖြစ်စဉ်များ

သဘာဝအရင်းအမြစ်များကို အသုံးပြုပုံနှင့် ရောင်းချပုံအပေါ်မူတည်ပြီး မြန်မာနိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုတွင် ကြီးမားသော သက်ရောက်မှုများရှိသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များမှာ တစ်ဖက်စွန်းဆန်စွာ ဗဟိုမှချုပ်ကိုင်ထားပြီး လုပ်ငန်းစဉ်အများစုနှင့် ဦးစားပေးသတ်မှတ်လုပ်ဆောင်မှုများကို ဗဟိုအစိုးရနှင့် နိုင်ငံတကာနှင့်ဆက်စပ်အုပ်စုများက အကောင်အထည်ဖော်လုပ်ဆောင်ကြသည်။

### ရင်းနှီးမြှုပ်နှံမှု ဥပဒေ

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် ရည်သန်လျက် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို အတည်ပြုပြဌာန်းခဲ့သည်။ ဥပဒေပြဌာန်းပြီးနောက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများစွာကို ၂၀၁၇ မတ်လတွင် ဥပဒေပြုပြဌာန်းခဲ့သည်။[10]

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဆိုသည်မှာ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ထောက်ခံအတည်ပြုပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် မြှင့်တင်ပေးခြင်းကိုတို့ လုပ်ဆောင်သည့် ဗဟိုကော်မတီတစ်ရပ် ဖြစ်ပါသည်။ အဖွဲ့ဝင် (၁၁) ဦးဖြင့်ဖွဲ့စည်းထားပြီးအမျိုးသမီးတစ်ဦးပါသည်မှလွဲ၍ အားလုံးနီးပါးမှာ ဗဟိုအစိုးရအဖွဲ့မှ ဖြစ်ပါသည်။[11] ဗဟိုအစိုးရအလုပ်မှုဆောင်အဖွဲ့မှ အဖွဲ့ဝင်များကို ခန့်အပ်ရသည်။[12] ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကော်မရှင်အနေဖြင့် လက်ရှိဖွဲ့စည်းပုံနှင့် ပြည်နယ်နှင့်တိုင်းအဆင့်တို့တွင် ကိုယ်စားလှယ်များထည့်သွင်းဖွဲ့စည်းခြင်းမျိုးမရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် မည်သည့်ကိုယ်စားလှယ်မျိုးကိုမျှ ထည့်သွင်းထားခြင်း မပြုထားချေ။

တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်အာဏာကို သိမ်းကျုံးထားမှုနှင့် အကန့်အသတ်ဖြင့်သာ ရှိသော MIC ၏ တာဝန်ယူမှု တာဝန်ခံမှု

လုပ်ပိုင်ခွင့်ပါမစ်ဖြင့် လုပ်ဆောင်ရန် လိုအပ်သောရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ပိုင်ခွင့်ပါမစ်လျှောက်ထားမှုတို့ကို သဘောတူ ပိုင်ခွင့်အပါအဝင် မြန်မာနိုင်ငံတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အာဏာအတော်များများနှင့် တာဝန်များစွာ MIC တွင် ရှိသည်။ MIC ၏ ထောက်ခံခွင့်ပြုမှုကိုလိုအပ်သော ရင်းနှီးမြှုပ်နှံမှုများမှာ "နိုင်ငံတော်အတွက် မဟာဗျူဟာ ကျသော" လုပ်ငန်းများဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူ့အဖွဲ့အစည်းအပေါ် ထိခိုက်သက်ရောက်မှုကြီးကြီးမားမားဖြစ်နိုင်ချေရှိသော စီမံကိန်းလုပ်ငန်းများလည်း ဖြစ်သည်သာမက ရင်းနှီးမြှုပ်နှံမှုအတွက် အရင်းအနှီးမတည်မှုသည်လည်း ကြီးမားသည်။ ထို့ပြင် နိုင်ငံတော် ပိုင်မြေယာများကိုလည်း အသုံးပြုမည်ဖြစ်သည်။[13] လုပ်ပိုင်ခွင့်ပါမစ်များကို လျှောက်ထားရာတွင် "နိုင်ငံတော်အတွက် အကျိုးအမြတ်ရှိမည့်" ရင်းနှီးမြှုပ်နှံမှုများကိုသာ MIC မှ ခွင့်ပြုရန် ဖြစ်သည်။[14] ၂၀၁၆ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ၂၀၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းသောအထူးစီးပွားရေးဇုံ (SEZs) ဥပဒေကို အကျုံးဝင်လွှမ်းခြုံမှု မရှိချေ။ စီးပွားရေးဇုံများအတွင်း ရင်းနှီးမြှုပ်နှံခွင့်ရရေးအတွက် MIC အစား SEZ စီမံခန့်ခွဲမှုကော်မတီများထံတွင် လျှောက်ထားရန် လိုအပ်သည်။

MIC အနေဖြင့် ပါလီမန်လွှတ်တော်မှ လက်လှမ်းမှုနည်းပါသည့် အကန့်အသတ်ဖြင့်သာရှိသော သတ်မှတ်တိုင်းတာမှုများ ပြုလုပ်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မှ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံမှု အခြေအနေတိုးတက်မှု များကို (ဗဟိုအစိုးရဥပဒေပြုလွှတ်တော် သို့ပြည်ထောင်စုလွှတ်တော်) သို့ နှစ်စဉ်အစီရင်ခံရန် တာဝန်ရှိသည်)[15]

တားမြစ်ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများ

ပြည်ထောင်စုအတွင်း သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာ ထိခိုက်ပျက်စီးစေမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်ပျက်စီးစေမည့် လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုအတွက် တားမြစ်ကန့်သတ်နိုင်သည့် လုပ်ငန်းအမျိုးအစားများကို တားမြစ်ကန့်သတ်ပေးရမည့် အခန်းကဏ္ဍကို ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ MIC မှ လုပ်ဆောင်ပေးရမည်ဖြစ်သည်။[16]

နိုင်ငံခြားသားများ နစ်ရှည် မြေယာပိုင်ဆိုင်မှု

၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ နိုင်ငံခြားသားပိုင်ဆိုင်မှုဖြစ်စေကာမူ MIC ၏ ခွင့်ပြုချက်ဖြင့် နှစ် (၅၀) မြေ အငှားချခွင့် (နှစ် ၂၀ ထပ်မံတိုးချဲ့ နိုင်ချေရှိသည်) ရှိသည်။ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုခွင့်ပြုချက်ဖြင့် "ဖွံ့ဖြိုးမှုနည်းပြီး ဝေးလံ ခေါင်သီသော ဒေသများ" တွင် ရင်းနှီးမြှုပ်နှံသူများအတွက် MIC မှ ပိုမိုကြာမြင့်သော မြေအငှားချမှုများကို ခွင့်ပြုပေးနိုင်သည်။[17] ဖွံ့ဖြိုးမှုနည်းပြီး ဆက်သွယ်ချိတ်ဆက်မှုခက်သော ဒေသများအတွက် အဆိုပါ နစ်ရှည် မြေအငှားချမှုများသည် တိုင်းရင်းသားဒေသတွင်ရှိသော မြေပိုင်ဆိုင်သူများအတွက် သိသာထင်ရှားသည့် နစ်ရှည်ပြဿနာများနှင့် ဦးနှောက်စားစေနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တိုင်းဒေသအဆင့်နှင့် ပြည်နယ်အဆင့်မှ ပူးပေါင်းပါဝင်နိုင်ရန် မူဘောင်မရှိခြင်း

ဖွံ့ဖြိုးမှုအနည်းဆုံးတိုင်းဒေသနှင့် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရေး ဆွဲဆောင်ရန် ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေကို ခန့်ခွဲရေးဆွဲထားသော်လည်း ဥပဒေအရ အဆိုပါ ဒေသနှင့်သက်ဆိုင်သူများ၏ ပူးပေါင်းပါဝင်မှုအတွက် အာမခံမှုမရှိသည်ကိုတွေ့ရသည်။ MIC အနေဖြင့် ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ တိုင်းဒေသနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ရင်းနှီးမြှုပ်နှံမှုများအတွက် လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးရသည်။[18] ၎င်းအချက်သည်လည်း မြင်တွေ့ဖို့ရန် ရှိသည်ဆိုသော်လည်း "ညှိနှိုင်းဆောင်ရွက်ခြင်း "တာဝန်ကို လက်တွေ့တွင် မည်ကဲ့သို့ အကောင်အထည်ဖော်လိမ့်မည်နည်း။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် DICA ဥက္ကဌတို့သည် "ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည်လည်း အချို့သောရင်းနှီးမြှုပ်နှံမှုများကို စီမံခန့်ခွဲရလိမ့်မည်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။[19] အထက်ပါအတိုင်း ပြောကြားခဲ့စေကာမူ ၂၀၁၆ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်သည် ပြည်ထောင်စုအဆင့် အစိုးရ၏ ဗဟိုချုပ်ကိုမှုလျှော့ချထားသော အာဏာစီမံခန့်ခွဲမှုအတွက် တရားဝင်မူဘောင်တစ်ခုကို ဖန်တီးပေးထားခြင်း မရှိချေ။ လုပ်ငန်းတာဝန်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အကောင်အထည်ဆောင်ရွက်နိုင်ရန်အတွက် MIC အနေဖြင့် ဒေသရုံးခွဲများ ဖွင့်နိုင်ရန် စီမံခန့်ခွဲပိုင်ခွင့် ပေးထားသည်။[20]

## စွမ်းအင်မူဝါဒ

စွမ်းအင်ကဏ္ဍသည် မြန်နိုင်ငံ၏ ဗဟိုထိန်းချုပ်ထားသော စီးပွားရေးဖွံ့ဖြိုးမှုစီအစဉ်များချမှတ်ရာတွင် အဓိက ကဏ္ဍတခုဖြစ်သည်။ မြန်မာနိုင်ငံသည် စွမ်းအင်လိုအပ်ချက်မြင့်မားနေပြီး နိုင်ငံ့လူဦး ၆၆% မှာ စိုက်ပျိုးရေးကဏ္ဍတွင်လုပ်ကိုင်လျက်ရှိသော်လည်း၊ ဗဟိုအစိုးရနှင့်ရင်းနှီးမြှုပ်နှံသူများအတွက် ဝင်ငွေကောင်းအောင် ပြည်ပသို့စွမ်းအင်တင်ပို့ခြင်းနှင့် စက်မှုဇုံများနှင့်စီးပွားရေးဇုံများအတွက်သာ လျှပ်စစ်စွမ်းအားကို ထုတ်လုပ်သည့် အစီအစဉ်များကို အရှိန်အဟုန်ပြင်းစွာ စီစဉ် ဆောင်ရွက် နေသည်။

မြန်မာ့စွမ်းအင်ပင်မ အစီအစဉ်အရစီမံဆောင်ရွက်ထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအများစုကို ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းနှင့် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့


မှ ထုတ်လုပ်ရန် ဖြစ်သည်။ မြန်မာနိုင်ငံ၏ စုစုပေါင်း လျှပ်စစ်ဓာတ်အား တည်ဆောက်ထုတ်လုပ်နိုင်စွမ်း၏ (၇၀) ရာခိုင်နှုန်းသည် ရေအားလျှပ်စစ်လုပ်ငန်းမှရရှိပြီး ကျန်အပိုင်းကို သဘာဝ ဓာတ်ငွေ့ (၂၈) ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ (၃) ရာခိုင်နှုန်းဖြင့် လည်ပတ်ထုတ်လုပ်ထားသည်။[21] ကျယ်ပြောလှသောလက်ရှိ မြန်မာ့ သဘာဝ ဓာတ်ငွေ့နယ်ပယ်တွင် စွမ်းအင်ထုတ်လုပ်အသုံးပြုမှု အမြင့်ဆုံးဖြစ်သည့် သဘာဝဓာတ်ငွေ့ (၈၀) ရာခိုင်နှုန်းကို တရုတ်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

စွမ်းအင်စီမံချက်များမှ ထိခိုက်သက်ရောက်မှုများမှာ တိုင်းရင်းသားအခြေပြုပြည်နယ်များသို့ ဦးတည်ရောက်ရှိရန် ရှိသည်။ ရှိနှင့် တည်ဆောက်ထားပြီးသော ရေအားလျှပ်စစ်စက်ရုံများ၏ (၆၀) ရာခိုင်နှုန်းမှာ တိုင်းရင်းသားအခြေပြုပြည်နယ်များရှိ မြေယာနှင့် ရပ်ရွာဒေသများကို ရေကြီးနစ်မြုပ်စေခဲ့သော်လည်း ယင်းဒေသများသည် မြန်မာနိုင်ငံ၏ စုစုပေါင်းလျှပ်စစ်အသုံးပြုမှုပေါင်း၏ (၁၀) ရာခိုင်နှုန်း ကိုသာ အသုံးပြုနေရသည်။[22] နောက်ထပ်တည်ဆောက်ထုတ်လုပ်ရန် လျာထားသော ရေအားလျှပ်စစ် စီမံကိန်း များသည်လည်း တိုင်းရင်းသားအခြေပြုပြည်နယ်များတွင် တည်ရှိနေပြန်သည်။

<u>စွမ်းအင်မူဝါဒကို ဘယ်သူတွေ ချမှတ်နေသလဲ</u>

၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းအထိ ဗဟိုအစိုးရ ဝန်ကြီး (၇) ဦးဖြင့် ဖွဲ့စည်းထားသောမြန်မာ့အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှ ဂုဏ်ယူဝင့်ကြွားစွာဖြင့် နိုင်ငံ၏ စွမ်းအင်စီမံချက် အစီအစဉ်များနှင့် မူဝါဒများကို ချမှတ်ဆောင်ရွက်သည်။ လက်တွေ့မှမြန်မာ့စွမ်းအင် ပင်မ အစီအစဉ်ကို အာရှဖွံ့ဖြိုးရေးဘဏ်[23] မှ ၂၀၁၅ ခုနှစ်တွင် ရေးဆွဲပေးခဲ့ပြီး အမျိုးသားစွမ်းအင်မူဝါဒကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၆) ရက် နေ့တွင် သမ္မတရုံးမှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။[24] အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဖျက်သိမ်းလိုက်ပြီဖြစ်သော အဆိုပါ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီသည် စွမ်းရည်ပြည့်ဝအားကောင်းလာပြီး စွမ်းအင်မူဝါဒနှင့် အစီအစဉ်ရေးဆွဲသည့်ကဏ္ဍများတွင်တိုးတက်လာရန် အပြည့်အဝ ထောက်ပံ့သည့်

ဇယား (၃) ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လျှပ်စစ်ဓာတ်အားအသုံးပြုမှု




* ယခုဇယားသည် ရပ်ရွာစီမံခန့်ခွဲသော အသေးစားစွမ်းအင်ထုတ်လုပ်မှုများဖြစ်သည့် အသေးစားရေအားလျှပ်စစ်နှင့် နေရောင်ခြည် သုံး လျှပ်စစ်ဓာတ်အားစီမံကိန်းတို့ ပါဝင်ခြင်းမရှိဘဲ မြို့ပြနေပြည်သူများအတွက်သာ မူလအကျိုးဖြစ်စေသည့် အကြီးစား စီမံကိန်းများ ကိုသာ ဖော်ပြသည်။

စီမံကိန်းများရှိသည်ဟု ၎င်း၏ ဝက်ဆိုဒ်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။[25] အဆိုပါ ကော်မတီအတွက် အစားထိုးရွေးချယ်ခန့်အပ်ကြောင်း ကြေညာထားခြင်း မရှိသေးချေ။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာ အေဂျင်စီများက မြန်မာ့စွမ်းအင် အစီအစဉ် ရေးဆွဲ သည့်ဖြစ်စဉ်တွင် ဝင်ရောက်ရေးဆွဲမောင်းနှင်နေကြောင်း ပေါ်လွင်နေသည်။ နိုင်ငံခြား စွမ်းအင်ကုမ္ပဏီများသည်လည်း စွမ်းအင်ကဏ္ဍတိုးချဲ့မှုကိုအကြောင်းပြု၍ ဝင်ရောက်အကောင် အထည်ဖော်ရန်နှင့် အကျိုးအမြတ်ရရှိရန် အခြေချလျက်ရှိသည်။

<u>ပြည်ပတင်ပို့ရောင်းချမှုနှင့် မဟာဓာတ်အားလိုင်းများအတွက် ဦးစားပေးထားခြင်း</u>

ပင်မ စွမ်းအင်ထုတ်လုပ်မှုအစီအစဉ်တွင် ရေအားမှ ၄၅,၀၀၀ မီဂါဝပ် (နာရီသန်းပေါင်း) လျာထားထုတ်လုပ်ရန် စီစဉ်ထားပြီး လွန်ခဲ့သောဆယ်နှစ်ဝန်းကျင်ကထက် ၁,၅၀၀ ရာခိုင်နှုန်း တိုးလာသော်လည်း အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချရန်သာဖြစ်သည်။ စွမ်းအင်အရင်းအ မြစ်များကိုတင်ပို့ရာတွင် အကြီးစားတစ်ဆင့်ပို့ စနစ်များစွာလိုအပ်သည်။ သို့သော်လည်း အကြီး စားတစ်ဆင့်ပို့ ဓာတ်အားလိုင်းများမှာ ကျေးရွာနှင့် ခရိုင်ချင်းဆက်လိုင်းကြိုးများသော်လည်းကောင်း

ဇယား (၁) မြန်မာနိုင်ငံစွမ်းအင်မူဝါဒ ချမှတ်ရေးတွင် ပတ်သက်ထားသော နိုင်ငံခြားသားအုပ်စုများ

| ကဏ္ဍအလိုက် အစီအစဉ် | ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းပိုင်း ဆိုင်ရာ | ငွေကြေးဆိုင်ရာ ရေရှည် တည်တံ့မှု ဆိုင်ရာ | သွယ်တန်းခြင်း နှင့်ဖြန့်ဖြူးခြင်း | လည်ပတ်ထုတ် လုပ်ခြင်း | ကျေးလက် စွမ်းအင်ကဏ္ဍ |
|---|---|---|---|---|---|
| မဟာဗျူဟာ ကျသော ဆုံး ဖြတ်ချက်များ အတွက် အခြေ ခံခွဲခြမ်း စိပ်ဖြာ မှုပိုင်း ဆိုင်ရာ ပံ့ပိုးခြင်း (ကမ္ဘာ့ဘဏ်) | EITI လက်တွေ့ အကောင်အ ထည်ဖော်ခြင်း ဆိုင်ရာ ပံ့ပိုးမှု (ကမ္ဘာ့ဘဏ်) | ငွေကြေးစီမံမှု ကျွမ်းကျင်ရေး လုပ်ငန်းစဉ်များ (ကမ္ဘာ့ဘဏ်) | ရန်ကုန်မြို့ တွင်း လျှပ်စစ် ဖြန့်ဖြူးပေးမှု အဆင့်မြင့် တင်ခြင်း (ဂျိုင်ကာ) | မြန်မာ့လျှပ်စစ် စွမ်းအင်ဝန်ကြီး ဌာနနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အတွက် ဂက်စ်တာ ဘိုင်များပေါင်းစည်း ရေးယန္တရားစနစ် သစ်ဖြစ်ထွန်းရေးနှင့် ပြည်သူပိုင်၊ ပုဂ္ဂလိက ပိုင် မိတ်ဖက်လုပ် ငန်းများအကူးအ ပြောင်း(ကမ္ဘာ့ဘဏ်) | မဟာဓာတ်အား လိုင်းပြင်ပ လျှပ် စစ် ဓာတ်အား ပေးအစီအစဉ် (အာရှဖွံ့ဖြိုး ရေးဘဏ်) |
| NEMC အတွက် စွမ်းအင်ကဏ္ဍ မဟာအစီအစဉ် (ADB, Japan/ JFPR) | လျှပ်စစ်ဥပဒေ နှင့် စည်းမျဉ်း စည်းကမ်းများ (အာ/ဖွံ့ဘဏ်၊ နော်ဝေး) | ငွေကြေးစီမံ ခန့်ခွဲမှု အား ကောင်းရေး (အလှူရှင်အစုံ) | လေးဒေသ ဖြန့်ဖြူးရေး စနစ်အားကောင်း လာရေး (အာ/ ဖွံ့ဘဏ်) | ဂက်စ်တာဘိုင် နှင့် ဂျင်နရေတာ များ (GOT, Japan/JICA) | ကျေးလက် ဒေသမီးလင်း ရေးစီမံကိန်း (ကမ္ဘာ့ဘဏ်) |
| အမျိုးသား လျှပ်စစ် ဓာတ်အား မဟာအစီအစဉ် (JICA) | | | အမျိုးသား လျှပ်စစ်သွယ် တန်းမှုကွန် ယက် (ADB-JICA- ကိုးရီးယား) | အရေးပေါ်ပြန် လည်ထူထောင် ရေးနှင့် အဆင့် မြင့်တင်ရေး (ရန်ကုန်၊ သီလ ဝါ၊ ဘီလူးချောင်း၊ လိုင်သာယာ) (JICA) | ကျေးလက်ဒေ သ စွမ်းအင်ဆိုင် ရာ အခြေခံအ ဆောက်အအုံစီ မံကိန်း (ပြည် နယ်နှင့်တိုင်း ၁၄ ခု) (JICA) |

| | | | | | |
|---|---|---|---|---|---|
| အမျိုးသား လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း အစီအစဉ် (ကမ္ဘာ့ဘဏ်) | ကျေးလက်လျှပ်စစ်ဥပဒေ (အာ/ဖွံ့ ဘဏ်) | ပြည်တွင်းဈေးကွက်တွင် သဘာဝဓာတ်ငွေ့၏ စီးပွားရေးအရ တန်ဖိုးသတ်မှတ်နိုင်ရေး (ကမ္ဘာ့ဘဏ်) | ရန်ကုန်မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအကြံပေးအရာရှိ (JICA) | အမျိုးသား လျှပ်စစ်ဓာတ် အားပေး လုပ်ငန်း အစီအစဉ် (ကမ္ဘာ့ဘဏ်) | ကျေးလက်လျှပ်စစ် ဥပဒေ (အာ/ဖွံ့ ဘဏ်) |
| စွမ်းအင်ဖူလုံရေးမူဝါဒနှင့် ပြန်ပြည့်မြဲစွမ်းအင်ဖွံ့ဖြိုးရေးအစီအစဉ်(အာ/ဖွံ့ ဘဏ်) | သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကာကွယ်နှင့် ထိန်းသိမ်းခြင်းအစီအစဉ် (အာ/ဖွံ့ ဘဏ်) | | ရင်းနှီးမြှုပ်နှံမှုနှင့် အကြံပေးမှုများအားဖြင့် ရပ်တည်နိုင်ရန် ရန်ကုန်မြို့လျှပ်စစ်သွယ်တန်း ဖြန့်ဖြူးခြင်းလုပ်ငန်းကို ပံ့ပိုးခြင်း (ကမ္ဘာ့ဘဏ်) | စွမ်းအင်ဖူလုံရေးမူဝါဒနှင့် ပြန်ပြည့်မြဲ စွမ်းအင်ဖွံ့ဖြိုးရေးအစီအစဉ် (အာ/ဖွံ့ ဘဏ်) | သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ အကာကွယ်နှင့် ထိန်းသိမ်း ခြင်း အစီအစဉ် (အာ/ဖွံ့ ဘဏ်) |


EITI (တွင်းထွက်သယံဇာတတူးဖော်ထုတ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး)
GTCC ဂက်စ်တာဘိုင်များ ပေါင်းစည်းရေးယန္တရားစနစ်)
PPP (ပြည်သူ့ ပုဂ္ဂလိက မိတ်ဖက်လုပ်ဆောင်မှု)
JFPR (ဆင်းရဲမွဲတေမှုလျော့ချရေးအစီအစဉ်အတွက် ဂျပန်နိုင်ငံရံပုံငွေ)
GOT (ထိုင်းနိုင်ငံအစိုးရ)

မှီငြမ်း - JICA အဖွဲ့အစည်း၏ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမျိုးသားလျှပ်စစ်ပင်မအစီအစဉ် ပေါ်ထွက်လာရေး စီမံချက်၊ ဒီဇင်ဘာ ၂၀၁၄

ကျေးလက်ဒေသနှင့် မိသားစုသုံးစွမ်းအင်များအတွက်သော်လည်းကောင်း ချိတ်ဆက်ပေးနိုင်မည် မဟုတ်ချေ။ အဆိုပါ တစ်ဆင့်ပို့ စနစ်များအတွက် ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတော်၏ကြွေးမြီ တစ်စိတ်တစ်ပိုင်းဖြစ်လာမည်ဖြစ်သော်လည်း အဓိကအကျိုးအမြတ်ရရှိမည့်သူများမှာ လွတ်လပ်သည့် လျှပ်စစ်စွမ်းအား ထုတ်လုပ်သူများ (IPPs) ကသာဖြစ်သည်။

လျှပ်စစ်စွမ်းအားတင်ပို့ရန် အကြောင်းပြချက်မှာ ရရှိလာသောဝင်ငွေဖြင့် ပြည်တွင်းဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်အသုံးပြုရန်ဖြစ်သည်။ သို့သော် အကောင်အထည်ဖော်ခဲ့ပြီးသော စီမံကိန်းများကိုကြည့်လျှင် အဆိုပါ ဝင်ငွေများသည် အရင်းအမြစ်များ မူလတည်ရှိရာမြန်မာနိုင်ငံ၏ ကျေးလက်ဒေသများသို့ ရောက်ရှိမလာသည်ကို တွေ့ရသည်။ အစိုးရ၏ ပင်မ အစီအစဉ်သည် တိုင်းရင်းသားပြည်နယ်များ၏ အလိုအပ်ဆုံးနေရာများသို့ လွှန်ခဲ့သော နှစ် (၃၀) ကတည်းက ရောက်ရှိမှုမရှိသောမဟာဓာတ်အားလိုင်းများ တိုးတက်မှုအတွက်သာ ဦးစားပေးထားသည်။

ဇယား (၄) မြန်မာ့စွမ်းအင်အစီအစဉ်- ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေး ကဏ္ဍတွင် အခြေခံမှုတိုးပွားလာခြင်း၊ ပမာဏကြီးမားသော စွမ်းအားဆုံးရှုံးမှု




*မှီငြမ်း- စုစုပေါင်း လျှပ်စစ်စွမ်းအား ဖြန့်ဝေမှု ခန့်မှန်းချက်(အာဖွံ့ဘဏ်၊ မြန်မာ့ပင်မ စွမ်းအင် အစီအစဉ်၊ ဒီဇင်ဘာ ၂၀၁၅)*

ပိုမို ဖူလုံနိုင်သော ဒေသအခြေပြု စွမ်းအင် ထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှု

ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုပြီး စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ဒေသခံပြည်သူ လူထုပါဝင်ခွင့်ရှိသော စနစ်များပါဝင်သည့် ကြိုးပျောက်စနစ်နှင့် အသေးစား လျှပ်စစ်ဖြန့်ဖြူးသည့်စနစ်များ ဖွံ့ဖြိုးလာရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းမပြုဘဲ ပြင်ပစွမ်းအင်ပညာရှင်များကိုသာ ဖိတ်ခေါ်လျက်ရှိသည်။ အထက်ပါအတိုင်း အကောင်အထည်ဖော်လျှင် ကျေးလက် နေပြည်သူများအနေဖြင့် လုံလောက်လျင်မြန်စွာ အကျိုးခံစားရလိမ့်မည်ဖြစ်သည့်အပြင် ဒီမိုကရေစီဆန်သော စွမ်းအင် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း တို့တွင်လည်း ပေါင်းစပ်အကျိုးခံစားရပါလိမ့်မည်။ ဗဟိုထိန်းချုပ်စနစ်တွင်ရှိသော တစ်ဆင့်ပို့ စနစ်ကြောင့် လည်ပတ်မှုစရိတ် ၄၀ ရာခိုင်နှုန်းကျော် တိုးလာမည့်အပြင် မူလ စွမ်းအင်ထွက်ရှိပမာဏထဲမှ သုံးပုံနှစ်ပုံသော လျှပ်စစ်ဓာတ်အားများ ဆုံးရှုံးပျောက်ဆုံးသွားနိုင်သည်။

အဆိုပါ ပင်မအစီအစဉ်သည် စွမ်းအင်လိုအပ်ချက်မြင့်မားသော အာရှဒေသတွင်း လျှပ်စစ်စွမ်းအင်ဈေးကွက် (မြို့ပြနှင့် စက်မှုဗဟိုပြုဌာနများ) ကို ဖြည့်တင်းမည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ရည်မှန်းချက်နှင့်လည်း ချိတ်ဆက်ကိုက်ညီနေသည်။ ထို့ကြောင့် စွမ်းအင်ဆိုင်ရာ ပင်မ အစီအစဉ်သည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ခရိုင်နှင့် ကျေးရွာလူထုများ၏ လျှပ်စစ်လိုအပ်ချက်နှင့် တောင်းဆိုမှုများနှင့် မည်၍မည်မျှ ကိုက်ညီနေသနည်း။

# အပိုင်း (၂) သဘာဝအရင်းအမြစ်ကဏ္ဍ

## (၂.၁) သစ်တောအရင်းအမြစ်

### (၁) သစ်တောများဘာကြောင့်အရေးကြီးသနည်း။

မြန်မာ့သစ်တောသည် ၄င်း၏ နှစ်ချို့တောနက်ရိုင်းများနှင့် စွဲမက်ဖွယ်ကောင်းပြီး စီးပွားရေးအရတွက်ခြေကိုက်သောအဖိုးတန်ကျွန်းသစ်များကြောင့်ကမ္ဘာ့အလယ်တွင် ကျော်ကြားလှသည်။ ခေတ်အဆက်ဆက်မင်းလုပ်အုပ်ချုပ်ခဲ့သော အစိုးရတိုင်းသည် မြန်မာ့သစ်တောများ၏ အဓိကအကျိုးပြုမှုပေးသော အပူပိုင်းရွက်ပြတ်တောထွက် အဖိုးတန်ကျွန်းသစ်များ ထုတ်လုပ်ခြင်း လုပ်ငန်းများကို အသားပေး အကောင်အထည်ဖော်ခဲ့ကြသည်။ သို့သော် ခန့်မှန်းခြေအားဖြင့်မြန်မာ့စုစုပေါင်းလူဦးရေ၏ ၄၀% ကို ကိုယ်စားပြုသော တိုင်းရင်းသားဒေသများရှိ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကို လုပ်ကိုင်လူများသည် စား၊ ဝတ်၊ နေရေးများအတွက် သစ်တောကို မှီခိုအားထားနေကြရသော်လည်း ထိုသစ်တောများကို ၄င်းတို့မှတရားဝင်ပိုင်ဆိုင်ကြောင်း တရားဝင်အသိအမှတ်ပြုခြင်း မခံရကြပါ။


မြန်မာ့သစ်တောများ၏ သမိုင်းကြောင်းကိုကြည့်လျှင် ပြည်သူနှင့် အစိုးရအကြားတွင်သာမက အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား၌ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ကိစ္စတစ်ရပ် အဖြစ်တည်ရှိနေသည်။မြန်မာနိုင်ငံ၏ လက်ကျန်သစ်တော ဧရိယာ အားလုံးနီးပါးမှာ

တိုင်းရင်းသားတောင်ပေါ်ဒေသတွင် ဖြစ်နေသည်။ သစ်တောအရင်းအမြစ်များကို ထိန်းချုပ်ခြင်းသည် ပဋိပက္ခများနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ဖြစ်စေရန် မောင်းနှင်သောအရာတစ်ခုဖြစ်ပါသည်။ သစ်တောဖုံးလွှမ်းဧရိယာများနှင့်ပတ်သက်၍ ကိုယ်ပိုင် တရားစီရင်ပိုင်ခွင့်နယ်မြေကို တောင်းခံခြင်းများရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်များအား တိုက်ခိုက် ချေမှုန်းရန်အလို့ငှာ အကြမ်းဖက်သံသရာကို ကြိုးကိုင်သည့် အစိုးရအတွက် စီးပွားရေးအရင်းအမြစ်တစ်ခုလည်း ဖြစ်ပြန်သည်။ ပြောင်းပြန်စဉ်းစားလျှင် အစိုးရကို ဆန့်ကျင်တော်လှန်ရန် လက်နက်ကိုင်အဖွဲ့အစည်းများအတွက် စီးပွားရေး ကျောထောက် နောက်ခံလည်း ဖြစ်သည်။ ပဋိပက္ခများဖြစ်နေသည့်ကာလတွင် သစ်တောများသည် တိုင်းရင်းသားလူမျိုးစုများအတွက် မြန်မာ့စစ်တပ်ကို ရှောင်ရှားပုန်းအောင်းရန် အလို့ငှာ ခိုလှုံသည့်နေရာ၊ သက်ရှိရှင်သန်စေခဲ့သည့်နေရာတစ်ခုလည်း ဖြစ်ပါသည်။

*လက်ရှိမြန်မာ့သစ်တောဧရိယာ*

စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)၏ အချက်အလက်များအရ နိုင်ငံဧရိယာ၏ ၄၅ ရာခိုင်နှုန်းမှာ သစ်တောဖုံးလွှမ်းလျက် ရှိသည်။[26] လွန်ခဲ့သော (၁၆) နှစ် ၂၀၀၀ ခုနှစ်၏ သစ်တောဖုံးလွှမ်းဧရိယာ၏ ၅၀ ရာခိုင်နှုန်းကျော် အလွန်အမင်း ကျဆင်းသွားခဲ့ခြင်း ဖြစ်သည်။[27] ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဘရာဇီးနိုင်ငံနှင့် အင်ဒိုနီးရှားပြီးလျှင် သစ်တောပြုန်းတီးမှုအဆင့် တတိယရှိသော နိုင်ငံဖြစ်သည်။ သုတေသန လေ့လာဆန်းစစ်မှုတစ်ခုအရ ၂၀၀၂-၂၀၁၄ ခုနှစ်အတွင်း ဟက်တာ ၄၄-၄၂ နီးပါးရှိသစ်တောဖုံးလွှမ်းဧရိယာမှ သစ်တောပမာဏ ဟက်တာ ၁.၅ သန်းကျော် လျော့ကျသွားခဲ့ပြီး နှစ်စဉ်သစ်တောပြုန်းတီးမှုပမာဏမှာ ၀.၃၀ ရာခိုင်နှုန်းရှိကြောင်းသိရသည်။[28]

ဇယား (၅) မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှု အပြောင်းအလဲ (၂၀၀၂-၂၀၁၄)




ယေဘုယျသစ်တောဖုံးလွှမ်းဧရိယာစုစုပေါင်းတွင် သဘာဝသစ်တောရိုင်းများ၏ဖုံးလွှမ်းမှုပမာဏမှာ လျင်မြန်စွာ ကျဆင်းလျက်ရှိပြီး ၁၆ ရာခိုင်နှုန်းခန့်သာကျန်ရှိတော့ရာ နိုင်ငံဧရိယာ၏ ၂၄ ရာခိုင်နှုန်းနှင့် သစ်တောဖုံးလွှမ်းဧရိယာ၏ ၃၈ ရာခိုင်နှုန်းဖြစ်သည်ဟုဆိုနိုင်ပါသည်။ ၂၀၀၀-၂၀၁၅ ခုနှစ်အတွင်း ဟက်တာ၂သန်းပမာဏထက်ကျော်လွန်သောသစ်တောပြုန်းတီးမှုမှာ သဘာဝသစ်တောရိုင်းဧရိယာများ၌ဖြစ်ပြီးတန်ဖိုးရှိသစ်တောဂေဟစနစ်၁၁ရာခိုင်နှုန်းလျော့ကျသွားစေသည်။ သစ်တောပြုန်းတီးမှုကို အဓိက မောင်းနှင်သောအကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- သစ်တောပြုန်းတီးပျက်စီးရခြင်းမှာ စီးပွားဖြစ် သစ်ထုတ်လုပ်ငန်းများကြောင့်ဖြစ်သည်။ သစ်တောဦးစီးဌာနမှ ချမှတ်သော ရေရှည်တည်တံ့ရေးမူအရ ကန့်သတ်ထားမြစ်မှုများကို



*တနင်္သာရီဒေသရှိ ဧက ၄၂၂၀၀ ကျယ်သော MSPP ဆီအုန်းစိုက်ခင်းပုံ* ဓါတ်ပုံ - Thet Oo Maung

ဥပဒေကျော်ပြုပြီး မြန်မာ့သစ်တောများကို အလွန်အကျွံ ထုတ်လုပ်ခဲ့ပြီး စီးပွားရေးအရအလုပ်မဖြစ်သော သစ်ညံ့အမျိုးအစားများကိုသာချန်ထားခဲ့သည်။

- ဆီအုန်း၊ ရာဘာနှင့် ကြံ စသည့် သီးနှံများ အကြီးအကျယ် စိုက်ပျိုးခြင်း (၀.၅၄ ဟက်တာသန်းပေါင်း)
- သတ္တုတူးဖော်ခြင်း၊ စိုက်ပျိုးရေးအတွက် ရှင်းလင်းခြင်းနှင့် အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်းကဲ့သို့သော အခြား သစ်တောမြေမဟုတ်သော မြေယာအသုံးပြုခြင်း (၁.၀၀ ဟက်တာသန်းပေါင်း)
- ဒေသတွင်း အသုံးပြုခြင်းနှင့် ထင်းလောင်စာအတွက် အသုံးပြုခြင်းတို့ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန် သစ်တောများထဲမှ သစ်များကို ထုတ်လုပ်ခြင်း၊ သစ်တောပြုန်းတီးခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ခုမှာ စီးပွားဖြစ် သစ်ထုတ်လုပ်သူများကြောင့် အဖိုးတန်သစ်များ အကုန်လုံးနီးပါး ခုတ်လှဲထုတ်လုပ်ခြင်းနှင့် ကျန်ရစ်သော သစ်ပင်သစ်တောကို ပြည်တွင်းအသုံးပြုမှုအတွက်လည်း တစ်ပြိုင်တည်းထုတ်လုပ်စေခြင်း (၀.၄၇ ဟက်တာသန်းပေါင်း)
- ရေအားလျှပ်စစ်ထုတ်လုပ်သည့် ရေကာတာများနှင့် ဆည်များကြောင့် ပြုန်းတီးခြင်း (၀.၀၇ ဟက်တာသန်းပေါင်း)

မြန်မာ့သစ်တောပြုန်းတီးပျက်စီးမှုအရှိန်အဟုန်ကြီးမားနေမှုသည် စိုးရိမ်စရာကောင်းလှသည်။ သဘာဝသစ်တောရိုင်းများကို (၈၀ ရာခိုင်နှုန်းအောက်လျော့နည်းသော ရွက်အုပ်တောများ) ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ချင်းပြည်နယ်အပါအဝင် (သဘာဝသစ်တောရိုင်းဧရိယာစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းဖြစ်သည့် ၁၃,၇၄၁,၈၁၂ ဟက်တာ) မြန်မာ့တောင်တန်းကုန်းမြင့်ဒေသများဖြစ်သော တိုင်းရင်းသားဒေသများတွင် တွေ့ရကြောင်းဇယား (၅) မှ ပြသလျက်ရှိသည်။ သို့သော်လည်း အခြားသစ်တောပြုန်းတီးဆုံးရှုံးမှု အမြင့်ဆုံးနေရာများကိုလည်း အဆိုပါ တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် တနင်္သာရီ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (စစ်ကိုင်းတိုင်းအထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် မြောက်ပိုင်း ရှမ်းပြည်နယ်တို့တွင် တွေ့ရသည်။ သစ်တောပြုန်းတီးမှုများ၏ အကြောင်းရင်းမောင်းနှင်အားများနှင့်ပတ်သက်၍ အထက်တွင်ဖော်ပြသည့်နည်းတူ တိုင်းရင်းသားဒေသများရှိ သစ်တောပြုန်းတီးပျက်စီးမှုများသည် နိုင်ငံအစိုးရ၏ ဗဟိုဦးစီးချုပ်ကိုင်မှုစံ

နစ်ဖြင့်လုပ်ဆောင်သော စီးပွားဖြစ်စိုက်ပျိုးခင်းများ၊ ရေရှည်ထိန်းသိမ်း စနစ်မှုဘောင်ထက်ကျော်လွန်သော သစ်ထုတ်လုပ်မှုများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် လုပ်ငန်းစဉ်များကြောင့် ဖြစ်သည်။

## (၂) ဗဟိုထိန်းချုပ်မှုအခြေပြုသစ်တောများအုပ်ချုပ်စီမံမှု

(က) ဥပဒေပြဌာန်းခြင်း

၁၉၅၄ ခုနှစ် နိုင်ငံပိုင်ပြုလုပ်ခြင်းအက်ဥပဒေအရ မြေယာနှင့် သဘာဝအရင်းအမြစ်များအားလုံး အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရောက်ရှိသွားခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဥပဒေထပ်မံပေါ်ပေါက်လာခဲ့သော်လည်း အဆိုပါ ပဓာနဖြစ်သော ဥပဒေကြောင်းအရ သဘောတရားကို ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြန်လည်အသက်သွင်းပေးခဲ့သည်။ ထို့ကြောင့် ဥပဒေအရ သစ်တောဖုံးလွှမ်းသည့် နေရာဒေသအားလုံး ဗဟိုအစိုးရ၏ ပိုင်ဆိုင်မှုထဲတွင် ရှိနေခြင်းဖြစ်သည်။

အရေးကြီးသော ဆုံးဖြတ်ချက်များအားလုံးမှာ နေပြည်တော်မှလာပြီး အတိအကျအားဖြင့် သဘာဝသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) မှလာသဖြင့် သစ်တောများကို စီမံခန့်ခွဲသော အခွင့်အာဏာများသည် လုံးလုံးလျားလျား ဗဟိုဦးစီးချုပ်ကိုင်ထားသည် ဟုဆိုနိုင်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအခွင့်အာဏာသည် ဗဟိုအဆင့်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် အနိမ့်ဆုံး အုပ်ချုပ်ရေးအစိတ်အပိုင်းဖြစ်သည့် မြို့နယ်အဆင့်သို့ စီးဆင်းသည်။ အဆိုပါသဘောတရားသည် သစ်တောကဏ္ဍတွင်လည်းသက်ရောက်ပြီးဝန်ကြီးဌာန၏ အာဏာသည်မတူညီသောဦးစီးဌာနများ၊ အထူးသဖြင့် (MONREC) ၏လုပ်ငန်းစဉ်များကိုအဓိက အကောင်အထည်ဖော်ပေးသည့် သစ်တောဦးစီးဌာနသို့စီးဆင်းသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ၎င်းတို့၏ ကိုယ်ပိုင်လွှတ်တော်နှင့် ဝန်ကြီးဌာနများရှိပြီး သစ်တောဌာနသည်လည်း အစိတ်အပိုင်းတစ်ခုအနေဖြင့် (ပြည်နယ်နှင့်တိုင်းအခြေအနေအပေါ်မူ တည်၍ များသောအားဖြင့် သတ္တုတွင်းနှင့် ပူးပေါင်းသည်) ပါဝင်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးဆိုင်ရာ ဝန်ကြီးများတွင် တရားဝင်အပ်နှင်းထားသော အာဏာမရှိသကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍအတွက် တွဲဘက်ပေးထားခြင်းလည်း မရှိချေ။ ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ သစ်တောဝန်ကြီးများအနေဖြင့် သစ်တောကဏ္ဍနှင့်သက်ဆိုင်သော ပြဿနာများကို ဒေသလွှတ်တော်အတွင်းတင်ပြရန်နှင့် MONREC ထံမှ ပြန်လည်ရှင်းလင်းဖြေကြားမှုများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမှတဆင့်တောင်းဆိုခြင်းစသည့်တာဝန်များကို အကန့်အသတ်ဖြင့်သာလုပ်ဆောင်နိုင်သည်။ သို့ရာတွင် သစ်တောနှင့်ပတ်သက်သောမူဝါဒ၊ အကောင်အထည်ဖော် နေသည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို ချမှတ်ရေးဆွဲနိုင်သည့် အခွင့်အာဏာ (သို့) လုပ်ပိုင်ခွင့်၊ အကျင့်ပျက်ချစားခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်းကဲ့သို့သော အုပ်ချုပ်စီမံမှုဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် အခွင့်အာဏာလည်း ပြည်နယ်နှင့်တိုင်းဒေသ ဝန်ကြီးများတွင် မရှိသည်ကို တွေ့ရသည်။[29] ဤအုပ်ချုပ်ရေးပုံစံသည် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချသည့်ပုံစံတစ်ခုဖြစ်ပြီး သင့်တင့်သောအခြေနေတစ်ခုတွင် MONREC နှင့်ပတ်သက်သောကိစ္စရပ်များအတွက်ဗဟိုအစိုးရဝန်ကြီးဌာနသည်အုပ်ချုပ်ရေးဆိုင်ရာတာဝန်ဝတ္တရားများအရ ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ၎င်း၏ ရုံးများမှတဆင့် ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိသော်လည်း အစိုးရပိုင်းဆိုင်ရာ အုပ်ချုပ်မှုအဆင့်ဆင့်အကြားတွင် လုပ်ပိုင်ခွင့်အာဏာ ခွဲဝေသတ်မှတ်ထားမှုမရှိသည်ကို တွေ့ရသည်။[30]

အများအားဖြင့် မပြောပလောက်သော အခွင့်အာဏာအချို့ကိုသာလျှင် ဗဟိုထိန်းချုပ်မှုမရှိအောင် လုပ်ထားသည်။ ဥပမာအားဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေပြုရေး ဇယား (၂) အရ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် "(ဃ) ထင်းစိုက်ခင်း ထူထောင် စိုက်ပျိုးခြင်း၊ (င) အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဥယျာဉ်များ၊ ရုက္ခဗေဒဥယျာဉ်" နှင့်ဆိုင်သော ဥပဒေများကို ပြဋ္ဌာန်းခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား (၅) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအနေဖြင့် အဖိုးတန်သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများမှ အခွန်ဘဏ္ဍာကောက်ခံခွင့် အကန့်အသတ်ဖြင့်သာ ရှိသည်။

*သစ်တောဥပဒေနှင့်သစ်တောမူဝါဒ*

၁၉၉၂ သစ်တောဥပဒေနှင့် ၁၉၉၅ သစ်တောမူဝါဒသည် လက်ရှိမြန်မာ့သစ်တောများကို စီမံအုပ်ချုပ်သည့် ဥပဒေပြုခြင်းနှင့် မူဝါဒ အစိတ်အပိုင်းအများစု ဖြစ်သည်။ ၎င်းအပြင် ခုတ်လှဲရိတ်သိမ်းခြင်းဆိုင်ရာ အမျိုးသားအဆင့် စည်းမျဉ်းစည်းကမ်း (၁၉၉၅)၊ ထိခိုက်ပျက်ဆီးမှုလျှော့ချသည့် သစ်ထုတ်လုပ်ငန်း လမ်းညွှန်ချက်များ (၁၉၉၃) ကဲ့သို့သော လမ်းညွှန်ချက်များနှင့် မှတ်တမ်းများဖြင့် ကတိကဝတ် များကို ဖော်ဆောင်မှုများလည်း ရှိသည်။

၁၉၉၂ သစ်တောဥပဒေမှာ ၁၉၀၂ ကိုလိုနီသစ်တောဥပဒေကို အနည်းငယ်ပြန်လည်ဆန်းသစ်၍ ပြင်ဆင်ဖြည့်စွက်ထားခြင်းသာဖြစ်သည်။ ဤဥပဒေသည် ရေရှည်တည်တံ့သော သစ်တောသစ်ပင်၊ ထိန်းသိမ်းကာကွယ်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားအကျိုးဖြစ်ထွန်းမှုကို ဆိုရုံမျှသာ အထောက်အကူပြုထားသော ဥပဒေလည်းဖြစ်သည်။

၁၉၉၂ ဥပဒေတွင် ဗဟိုဦးစီးမှုကင်းသော သစ်တောစီမံခန့်ခွဲမှုအတွက် မှိုင်းမြင်းစရာများပါရှိပြီး သစ်တောစီမံခန့်ခွဲမှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍနှင့် ရပ်ရွာလူထုပူးပေါင်းပါဝင်မှုကိုလည်း အားပေးထားသည်။ သို့သော်လည်း ယင်းဥပဒေ၏ အနှစ်သာရအတိုင်း လက်တွေ့ကျင့်သုံးမှုတွင် အားနည်းခဲ့သည်။ သစ်တောကဏ္ဍသည် နက်ရှိုင်းစွာ ဗဟိုဦးစီးထိန်းချုပ်မှုခံရပြီး ထင်သာမြင်သာ အကျိုးအမြတ် အနည်းငယ်သာ ဒေသရပ်ရွာ လူ့အဖွဲ့အစည်းသို့ ရောက်ရှိစီးဆင်းလေသည်။

၁၉၉၅ သစ်တောမူဝါဒသည် သစ်တောဥပဒေအတိုင်း အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးကူညီထားသည်။ အဆိုပါ သစ်တော မူဝါဒတွင် "အမာခံထိန်းသိမ်းနယ်မြေ" (မတူညီသော သစ်တောအမျိုးအစားခွဲခြားမှုများလည်း အကျုံးဝင်သည့် ခေါင်းစဉ်) များကို ချဲ့ထွင်ရန် အစီအစဉ်များ ပါဝင်ပြီး နိုင်ငံ့မြေဧရိယာ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို သတ်မှတ်ထားရှိရန် ရည်ရွယ်ခဲ့ကြသည်။ ယင်းအမာခံထိန်းသိမ်းနယ်မြေထဲရှိ သစ်တောထဲ၌ နေထိုင်ကျက်စားသော သက်ရှိသက်မဲ့အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သည့်ရည်ရွယ်ချက်အပြင် ရေဝေရေလဲဒေသကို ကာကွယ်ရန်၊ တောရိုင်းတိရစ္ဆာန်နေရာများကို ကာကွယ်ရန်၊ အထူးသိသာထင်ရှားစွာ အသားပေးထားသည့်အချက်မှာ စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်းအတွက် သစ်တောများကို စီမံခြင်းများ စသည့် ရည်ရွယ်ချက်ဖြင့် တင်းကျပ်စွာ တားမြစ်ထားခြင်းများ ပါဝင်သည်။

*သစ်တောထွက်ပစ္စည်းများထုတ်ယူသုံးစွဲခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများ*

သစ်တောထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားသော နယ်မြေများကို သစ်ခုတ်လှဲထုတ်လုပ်မှုနှင့် ပတ်သက်သော ဥပဒေ အတော်များများကို သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) တွင် သတ်မှတ်ပြဋ္ဌာန်း ထားသည်။ ဥပမာအားဖြင့် သစ်တောထွက်ပစ္စည်းများကိုမဆို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ (သစ်တောဥပဒေ ပုဒ်မ

၁၇၊ ၁၈၊ ၁၉) သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုရာတွင် စီးပွားဖြစ်ထုတ်ယူခြင်းဖြစ်ပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးရမည်ဖြစ် သော်လည်း နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းသည် (ဥပမာ MONREC ၏သစ်ထုတ်လုပ်ရေးလက်တံဖြစ်သော MTE) အများပြည်သူ အတွက် အကျိုးရှိလျှင် (သို့) အစိုးရအဖွဲ့က ဝန်ကြီးအား လုပ်ပိုင်ခွင့်ပေးထားလျှင် ဈေးပြိုင်စနစ် ကျင့်သုံးရန် မလိုပါ။(ပုဒ်မ ၁၈) အထက်ပါ စကားရပ်များသည် MONREC (အထူးသဖြင့် MTE) အား ဒီကရီလျှော့ထားပြီး လိုချင်သော သစ်အတွက် သစ်ထုတ်ရန် တရားဝင် အခွင့်အရေးပေးသကဲ့သို့ ဖြစ်နေသည်။ ဤသည်မှာ ဝန်ကြီးဌာနအတွင်း စီမံကြီးကြပ်မှုကင်းမဲ့ကာ စည်းမျဉ်းစည်းကမ်းများကို လက်တွေ့အားဖြင့် ဥပဒေနှင့်အညီကျင့်သုံးမှုမရှိခြင်းနှင့်ဥပဒေ၏ ကောင်းမွန်သောရည်ညွှန်းချက်များကိုလေးစားလိုက်နာမှုမရှိခြင်းဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်း (MTE) သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOE) တစ်ခုကဲ့သို့ သစ်ထုတ်လုပ်သည့်ကဏ္ဍတွင် တစ်ဦးတည်း လက်ဝါးကြီးအုပ်ခဲ့သည်။ ၎င်းအချက်သည် မူဝါဒဆိုင်ရာလမ်းညွှန်နှင့် ဥပဒေမူဘောင်များအရ ကွာဟချက်တစ်ခုပင် ဖြစ်လေသည်။

၂၀၁၆ ခုနှစ်အကြိုကာလများတွင် MTEအနေဖြင့် ၎င်းစီမံလည်ပတ်သော သစ်ထုတ်လုပ်မှုများ၏ ၇၅ ရာခိုင်နှုန်းကို ဆပ်ကန်ထရိုက်ပေးခဲ့သည်။[31] သစ်ထုတ်လုပ်ရန်အတွက် ခွင့်ပြုမိန့်ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်များကို စာနှင့်ပေနှင့် (သို့) ဥပဒေပြဌာန်းသည့် လုပ်ထုံးလုပ်နည်းများ မရှိခဲ့ချေ။ သို့သော်လည်း သမိုင်းအစဉ်အလာအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန (MOECAF) ဝန်ကြီးသည် အကြီးတန်းဝန်ထမ်းများကို ဖိတ်ခေါ်ပြီး နှစ်ပတ်လည်အစည်းအဝေးကျင်းပကာ (MTE) အားဖြင့် ခွင့်ပြုမိန့်လုပ်ပိုင်ခွင့်ပေးလိုက်သော ကုမ္ပဏီများကို အသိပေးကြေညာသည်ဟုဆိုသည်။[32] (MONREC) ဌာနအတွင်း အထက်အောက်ဆန်သော မြန်မာ့အုပ်ချုပ်ရေးသဘောသဘာဝအရ အထက်အရာရှိများကို အလွန်အမင်းရိုသေသမှုပြုရခြင်း၊ဝန်ကြီးသည် (၂၀၁၆ NLD အစိုးရ မတိုင်ခင်) တပ်မတော်အငြိမ်းစားတစ်ဦးဖြစ်နေခြင်း စသည့်အကြောင်းရင်းများကြောင့် ဝန်ကြီးရွေးချယ်သော ကုမ္ပဏီများနှင့် နေရာဒေသများကို (MONREC) ၏ အကြီးတန်းဝန်ထမ်းများက မျက်စိမှိတ်ခေါင်းငြိမ့်ကာ လုပ်ပိုင်ခွင့်ပါမစ်များ ထုတ်ပေးခဲ့ရသည်။

၂၀၁၆ ခုနှစ်တွင် သစ်ထုတ်လုပ်မှုကို ယာယီအားဖြင့် တားမြစ်ထားသည်။ ဆယ်စုနှစ်ကြာ သစ်ထုတ်လုပ်မှု တားမြစ် ထားသော ပဲခူးရိုးမမှလွဲ၍ ကျန်ဒေသများတွင် သစ်ထုတ်လုပ်ငန်းများကို မတ်လ ၂၀၁၇ တွင် ပြန်လည်စတင်လုပ်ဆောင်ခဲ့သည်။ အနာဂတ်တွင် ဆပ်ကန်ထရိုက်ပေးခြင်းမျိုးရှိတော့မည် မဟုတ်ဘဲ (MTE) တစ်ခုတည်းကိုသာလျှင် သစ်ထုတ်လုပ်ရေးအတွက် ခွင့်ပြုတော့မည်ဖြစ်သည်။

*ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော*

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောထူထောင်လုပ်ဆောင်ခြင်းသည် လက်ရှိ ရပ်ရွာလူထုမှ စီမံခွဲခန့်ပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော ဗဟိုဦးစီး ထိန်းချုပ်မှုကင်းပသော သစ်တောစီမံခန့်ခွဲသည့် ပုံစံတစ်ခုဖြစ်ပြီး ၁၉၉၅ အစုအဖွဲ့ပိုင်သစ်တော ညွှန်ကြားချက် (CFI) အရ သစ်တောဦးစီးဌာန၏ စီရင်ပိုင်ခွင့်ထဲတွင်ရှိသည်။ (CFI) သည် ဥပဒေတွင် ပြဌာန်းထားခြင်းမဟုတ်သည့်အတွက် တရားဥပဒေအရ အကာအကွယ် အပ်နှင်းထားခြင်းမခံရနိုင်ချေ။ (MONREC) မှ ရပ်ရွာဒေသခံများသို့ ပေးအပ်သော နှစ် (၃၀) ဂရံအပ်နှင်းသည့် အခြေခံမှုအပေါ်တွင်သာ အခြေခံသည်။ ပြည်နယ်အစိုးရ အဆင့်တွင် အစုအဖွဲ့ပိုင် သစ်တောအငှားချလျှော့ထားမှုကို ခွင့်ပြုနိုင်သည့် အခွင့် အာဏာမရှိပါ။

၂၀၁၂ မြေယာဥပဒေ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များတွင် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲ (ခ) တို့အရ ခွင့်ပြုထားသော

သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစား ပေါ်မူတည်ပြီး ထပ်မံ၍ စုစုပေါင်း နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်ဟု ပါရှိသည်။ သို့သော်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး အတွက် ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတမှ ဖွဲ့စည်းရာတွင် ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား အတွင်းရေးမှူး အဖြစ် လည်းကောင်း တိုက်ရိုက်ခန့်အပ်ရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ခန့်အပ်ရမည် ဖြစ်သည်။ ထိုကြောင့် ဤဥပဒေသည်လည်း ဗဟိုချုပ်ကိုင်မှုပုံစံသာ ဖြစ်သဖြင့် လက်တွေ့အကောင်အထည် ဖော်ဆောင်ရာတွင် တိုင်းရင်းသားလူထု၏ သစ်တောများ၊ မြေယာများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်တို့ တွင်အကန့်အသတ်များ ရှိနေဦးမည်ဖြစ်သည်။

ရပ်ရွာလူ့အဖွဲ့အစည်းအနေဖြင့် စုပေါင်းသစ်တောလုပ်ပိုင်ခွင့်ရရှိရန် (CFI) အားဖြင့် လျှောက် ထားနိုင်သည်ဟုဆိုရာတွင် လုပ်ငန်းသဘောအရ ကန့်သတ်ချက်များနှင့် အခိုင်အမာပြဌာန်းထားသော သိပ္ပံနည်းကျ သစ်တောစီမံမှု ချဉ်းကပ်နည်းများလည်း ရှိသေးသည်။ (CFI) အားဖြင့် အစုအဖွဲ့ပိုင်သစ် တောထူထောင်သူသည် သစ်တောစီမံခန့်ခွဲမှု အစီအစဉ်နှင့် သစ်ပင်ထပ်မံစိုက်ပျိုးပေး ရမည်ဖြစ်သည်။ အဆိုပါ အဆိုပြုလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် ပျက်ကွက်ပါက မြေငှားခွင့်ကို ပြန်လည်ရုတ်သိမ်း ခြင်းခံရဖြစ်သည်။ ထိုကဲ့သို့ ကျပ်တည်းလှသော ကန့်သတ်မှုဘောင်များသည် ဒေသခံပြည်သူလူထု၏ သစ်တောအသုံးပြုခြင်းဆိုင်ရာ ကျင့်သုံးမှုများကို ထင်ဟပ်ပြသခြင်းမရှိချေ။ (ဥပမာ အလှည့်ကျ ရွှေ့ပြောင်းစိုက်ပျိုးသည့် တိုင်းရင်းသားတို့၏ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်)။ ထို့ထက်မက သစ်တောဦးစီးဌာအနေဖြင့် အရည်အသွေးပြည့်သော သဘာဝသစ်တောစီမံခန့်ခွဲမှုအတွက် ရပ်ရွာလူ့အဖွဲ့အစည်းများကို ခွင့်ပြုပေးရန် အလွန် လက်တွန့်သည့်အပြင် (CFI) အရ ညှိနှိုင်းတောင်း ဆိုခွင့်လည်း မရရှိနိုင်ချေ။ ထို့အပြင် အကြီးအကျယ်ပျက်စီးပြုန်းတီးသွားသော သစ်တောများကို ပြန်လည်ထူထောင်စိုက်ပျိုးရန်အတွက် ကုန်ကျစရိတ်သက်သာစေရန် လူထုကို ကိရိယာအဖြစ် အသုံးပြုနေခြင်းဖြစ်သည်ဟု (CFI) ကို အကြီးအကျယ် ဝေဖန်ကြသည်။

(ခ) ကျင့်သုံးမှုများ

မြန်မာနိုင်ငံရှိ သစ်တောများကို ယနေ့ထိတိုင် အနည်းအကျဉ်း ပြုပြင်ပြောင်းလဲထားသော်လည်း နဂိုအတိုင်းရှိသော ကိုလိုနီခေတ် သစ်တောစီမံခန့်ခွဲမှုစနစ်ဖြင့် စီမံအုပ်ချုပ်နေဆဲဖြစ်ပါသည်။ ကိုလိုနီအစိုးရသည် မြန်မာ့သစ်တောများမှ အမြင့်ဆုံးဝင်ငွေရရှိရန် အလို့ငှာ သိပ္ပံနည်းကျ သစ်တော စီမံခန့်ခွဲသည့် ကျင့်သုံးမှုများကို ရေးဆွဲကျင့်သုံးခဲ့သည်။ အဆိုပါ စီမံခန့်ခွဲမှုစနစ်သည် ရေရှည် စီးပွားဖြစ် သစ်ထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် ဒီဇိုင်းရေးဆွဲခဲ့သည်။ အထက်ပါ ကျင့်သုံးမှုများကိုရွှေ့ပြောင်း တောင်ယာစိုက်ပျိုးခြင်းအားဖြင့် ရှင်သန်ရပ်တည်သော ဒေသခံလူထုနှင့် အထက်အောက်ဖိနှိပ်ပြီး ခွဲခြားဆက်ဆံသော မူဝါဒများကို ဆန့်ကျင်သည့် တိုင်းရင်းသားများကို ဖယ်ကျဉ်ထားမှုပါသော ဥပဒေများအားဖြင့် အတည်ပြုပြဌာန်းခဲ့သည်။

*ရေရှည်မတည်တံ့နိုင်သောသစ်ထုတ်လုပ်ခြင်း*

မြန်မာ့ပင်ထောင်ရွေးချယ်စနစ် (MSS) သည် ကြီးထွားမှုမြန်သော အရည်အသွေးရှိသစ်မာများနှင့် စီးပွားအရ အဖိုးတန်သော သဘာဝနည်းဖြင့် ပြန်လည်စိုက်ပျိုးမြှင့်တင်သော နည်းလမ်းများအားဖြင့် မြန်မာနိုင်ငံရှိ သစ်တောများကို ရေရှည်တည်တံ့စွာ စီမံခန့်ခွဲနိုင်ရန် ရည်မှန်းထားပါသည်။ (MSS)

သည် နှစ်ပေါင်း (၃၀) တစ်ကြိမ် ခုတ်နိုင်သည့်စနစ်အပေါ်တွင် အခြေခံပြီး သစ်ထုတ် လုပ်နိုင်သည့် အရွယ်အစားရှိသည့် သစ်ပင်များကို တိုင်းတာသတ်မှတ်ကာ နှစ် (၃၀) ကွက်တွင် ခုတ်နိုင်သည့် စနစ်ဖြစ်သည်။ တစ်နှစ်ချင်းအလိုက် သတ်မှတ်သစ်ကွင်းထဲတွင် ခုတ်လှဲနိုင်သည့် ပင်စည်အရွယ်အစား ရှိသည့်သစ်ပင်များကို ရွေးချယ် သတ်မှတ် သည့်စနစ်ဖြစ်သည်။ ရေရှည်တည်တံ့စေရန်အလို့ငှာ အဖိုးတန်ကျွန်းသစ်နှင့် အခြားသစ်မာများကို စာရင်းကောက် တွက်ချက်ထားသည့် သစ်တောစာရင်း မှတ်တမ်းကိုကြည့်ကာ နှစ်စဉ်သစ်ခုတ်နိုင်သည့်ပမာဏ (AAC) ကို သတ်မှတ်ပြီး ရွေးချယ်ခုတ်လှဲခြင်း သည် ပင်ထောင်ရွေးချယ် စနစ်၏ သွင်ပြင် လက္ခဏာရပ်တစ်ခုဖြစ်သည်။[33]

သို့သော်လည်း လက်တွေ့တွင် ပင်ထောင်ရွေးချယ်စနစ်(MSS)မှာ မကျင့်သုံးကြသဖြင့် မအောင်မြင်ချေ။ နှစ်စဉ်သစ်ခုတ် နိုင်သည့်ပမာဏသတ်မှတ်ချက်စနစ်၏ ရည်မှန်းချက်ကို ဆန့်ကျင်ပြီး စစ်အာဏာရှင်အစိုးရခေတ်တွင် ရေရှည်တည်တံ့မှုအတွက် မဟုတ်ဘဲ ဘဏ္ဍာအခွန်ဝင်ငွေရရှိရန် သစ်ထုတ်လုပ်ခြင်းအတွက် ခွဲတမ်းများချမှတ်ကာ ထုတ်လုပ်ခဲ့ကြသည်။ ယခင်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) (ယခု သဘာဝသံယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန) (MONREC) ၏ စစ်တပ်အငြိမ်းစားဝန်ထမ်း များဖြစ်သည့် နိုင်ငံပိုင်မြန်မာ့သစ်လုပ်ငန်း (MTE) မှ ဝန်ကြီးနှင့် အကြီးတန်း ဝန်ထမ်းများသည် လုပ်ငန်း၏ ၇၅ ရာခိုင်နှုန်းကို ထူးကုမ္ပဏီနှင့် အေးရှားဝေါကုမ္ပဏီတို့နှင့် ဆပ်ကန်ထရိုက်ပေးခြင်းဖြင့် သတ်မှတ် ဘဏ္ဍာဝင်ငွေ ရရှိမှုကို သေချာစေရန် လုပ်ဆောင်ခဲ့ကြသည်။

မြန်မာ့အစိုးရစီမံခန့်ခွဲသော သစ်တောများမှ သစ်များကို ရေရှည်တည်တံ့မှုမရှိစွာ ခုတ်လှဲထုတ် လုပ်ခြင်းခံလိုက်ရသကဲ့သို့ တရားမဝင် သစ်ခိုးထုတ်ခြင်းများလည်း စတင်ပြီး တိုးပွားများပြားလာသည်။ ယနေ့အချိန်အခါတွင် တရားမဝင် သစ်ထုတ်လုပ်မှုများမှာ နိုင်ငံတစ်ဝှမ်းလုံးလိုလို ရှိလာပြီး အထူးသဖြင့် သစ်မှောင်ခိုရောင်းဝယ်နေသည့် တရုတ်နယ်စပ်တစ်လျှောက်တွင် ပိုမိုများပြားသည်။ တရုတ်မြန်မာ တရားမဝင်သစ်ကုန်သွယ်မှုသည် မြန်မာအစိုးရထိန်းချုပ်သည့် သစ်တောများမှ သစ်များကို မီခိုရပြီး နိုင်ငံ၏ နယ်စပ်ကို မဖြတ်ကျော်ခင်အထိ တရားမဝင်အခွန်များပေးဆောင်ရသည့် မြန်မာ့အစိုးရနှင့် စစ်တပ်ထိန်းချုပ်သော စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်ခဲ့ရသည်။ (သို့) ကေအိုင်အိုနယ်မြေထဲ (အခွန်ပေးရသည့်နေရာ) ကို ဖြတ်ကာ တရုတ်နိုင်ငံထဲသို့ ရောက်သည်။ တရုတ်နိုင်ငံသို့ရောက်သည် နှင့် မြန်မာ့အချုပ်အချာ ဥပဒေများကို ဥပေက္ခာပြုလျက် တရုတ်ဘဏ္ဍာအခွန်ဌာန ဝန်ထမ်းများမှ အဆိုပါ သစ်များအားလုံးကို တရားဝင်သစ်များအဖြစ် သတ်မှတ်လိုက်ကြသည်။

ကချင်ပြည်နယ်တွင် တရားမဝင် သစ်ထုတ်လုပ်ခြင်းကို ယိုးမယ်ဖွဲ့ပြီး မြန်မာ့တပ်မတော်မှ ကေအိုင်အေခြေကုပ် စခန်းများကို ထိုးစစ်ဆင်ကာ နယ်မြေစိုးမိုးရေးကို အကောင်အထည်ဖော်သည်။ အထူးသဖြင့် မန်စီမြို့နယ်တွင်တရားမဝင် သစ်ထုတ်လုပ်မှုများကို ရှင်းလင်းရန် (လွန်ခဲ့သည့်ကတည်းက မြန်မာအစိုးရမှ အဖိုးတန်သစ်များအားလုံးကို ထုတ်ယူပြီးသွားခဲ့သော်လည်း) လိုအပ်သည်ဟုဆိုကာ စစ်တပ်မှ ကြားဝင်စွက်ဖက်နိုင်ရေးအတွက် ယင်းအကြောင်းပြချက်ကို မရေတွက်နိုင်အောင် အကြိမ်ကြိမ် အကြောင်းပြခဲ့သည်။ ယင်းသို့ တပ်မတော်၏ လှုပ်ရှားစစ်ကြောင်းများကြောင့် ဒေသခံပြည်သူလူထု (၁၀,၀၀၀) ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ အထူးသဖြင့် မန်စီမြို့နယ် နန့်လင်းပါဒေသတွင် ဖြစ်သည်။

*သစ်တောရေးရာတွင်မြေယာလုပ်ပိုင်ခွင့်များချပေးခြင်း*

မကြာသေးခင်အချိန်က နေပြည်တော်ရှိ ဝန်ကြီးဌာနများနှင့် ဆက်စပ်ဦးစီးဌာနများသည်

သစ်တောဧရိယာများအတွင်း အကာအကွယ်စနစ်များ (သို့) အောက်ခြေရှိ အမှန်တကယ်မြေယာအသုံးပြုမှုအခြေအနေကို စစ်ဆေးအတည်ပြုမှု စသည့် လုပ်ထုံးလုပ်နည်းများအတိုင်း မပြုလုပ်ဘဲ အကြီးစားမြေယာလုပ်ပိုင်ခွင့်များကို ချပေးခဲ့သည်။ အဆိုပါ မြေယာလုပ်ပိုင်ခွင့်များသည် များသောအားဖြင့် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းများအတွက်သာဖြစ်ပြီး တိုင်းရင်းသားဒေသများတွင် အများဆုံးဖြစ်နေပြန်သည်။ အထူးသဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်ဖြစ်သည်။

ဆီအုန်းတိုးချဲ့စိုက်ပျိုးမှုသည် မြန်မာနိုင်ငံတွင် လွန်ခဲ့သော ၁၇ နှစ်ကတည်းက မရှိခဲ့သည့် စံနှုန်းဖြင့် သိသာစွာ တိုးတက်လာခဲ့သည်။ ၁၉၉၉ခုနှစ်တွင် အစိုးရအနေဖြင့် စစ်တပ်ထောက်ပံ့မှုပါသော ဆီအုန်းစက်ရုံစီမံကိန်းတစ်ခုကို ယကနဦး လုပ်ဆောင်ပေးပြီး စစ်အာဏာရှင်ခေါင်းဆောင်သန်းရွှေမှ ဦးဆောင်ခဲ့သည်။ ၎င်းစီမံချက်သည် စစ်တပ်၏ အမျိုးသား ဖူလုံရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ ဖြစ်လာခဲ့ပြီး[34] စီးပွားရေးဖွံ့ဖြိုးမှုအတွက် အုတ်မြစ်တစ်ခုသဖွယ် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးအခြေခံ စီးပွားရေးကိုလည်း တိုးချဲ့အသုံးချလာခဲ့သည်။ တန်ဖိုးကျဆင်းလာသော မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ပြန်လည်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ဦးသိန်းစိန်အစိုးရလက်ထက်တွင် ဥပဒေ အတော်များများကို အတည်ပြုပြဌာန်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခဲ့သည်။ အထက်ပါအချက်နှင့်အတူ မကြာသေးခင်ကာလတွင် ရေးထိုးခဲ့သော နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများသည်လည်း ယခင်က ပဋိပက္ခအခြေအနေများကြောင့် မရောက်ရှိနိုင်သော တိုင်းရင်းသားဒေသများတွင် သစ်တောဧရိယာအပါအဝင် အကြီးစားမြေယာလုပ်ကွက်များ ချပေးနိုင်ရန် ကျယ်ပြန့်ကြီးမားသော နယ်မြေများကို ဖွင့်ပေးလိုက်သကဲ့သို့ ဖြစ်သွားခဲ့သည်။

လက်ရှိတွင် ခရိုနီကုမ္ပဏီ ၄၀ ကျော်မှ ဆီအုန်းစိုက်ခင်းလုပ်ပိုင်ခွင့်များ ရရှိထားသည်။ ၎င်းတို့အများစုမှာ ရပ်ရွာ လူ့အဖွဲ့အစည်းကို ဆန့်ကျင်လျက် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ယခင်စစ်အစိုးရကို ထောက်ပံ့ခြင်းနှင့် အားပေး အားမြှောက် ပြုခြင်းကြောင့် အမေရိကန်၏ စီးပွားရေးပိတ်ဆို့သည့် စာရင်းထဲတွင် ထည့်သွင်းခံထားရသူများဖြစ်သည်။ အသွင်ကူးပြောင်း ကာလစတင်သည့် ၂၀၁၀ ခုနှစ်ကတည်းက ဆီအုန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ် လုပ်ကိုင်ရန် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းတစ်ခုလို ဖြစ်လာခဲ့သည်။

နှစ်စဉ်မိုးရေချိန်များခြင်းနှင့် မုတ်သုံကာလ ရှည်လျားခြင်းကြောင့် တနင်္သာရီတိုင်းဒေသကြီးကို ဆီအုန်းဖွံ့ဖြိုးရေး ဒေသအဖြစ် ရွေးချယ်ခဲ့ကြသည်။ သို့သော်လည်း ရွေးချယ်ထားသော မြေနေရာများမှာ သစ်တောထူထပ်ပြီး အရေးကြီးသော ဇီဝမျိုးစုံမျိုးကွဲအထူးဒေသနှင့် စကြံန်ဒေသအဖြစ် ကမ္ဘာ့အသိအမှတ်ပြုထားသော နယ်မြေများတွင် ဖြစ်နေသည်။ အရှေ့တောင်အာရှ၏ စုံလင်ပြည့်ဝသော ဂေဟစနစ်ရှိသည့် နောက်ဆုံး ကျွန်းစုသစ်တောဧရိယာထဲတွင်လည်း ပါဝင်နေသည်။

ဆီအုန်းစိုက်ဧက စုစုပေါင်း ၁.၈ သန်း (တစ်နိုင်ငံလုံး စိုက်ပျိုး-စီးပွားရေးအတွက် မြေငှားချထားသည့်ဧရိယာ၏ ၃၅ ရာခိုင်နှုန်း) ကို ပုဂ္ဂလိကကဏ္ဍသို့ နေရာပေးထားခဲ့သည်။ အဆိုပါ ဧက ၁.၈ သန်းတွင် ရင်းနှီးမြှုပ်နှံမှုစရိတ် မြင့်မားခြင်းနှင့် ကျွမ်းကျင်မှုအကန့်အသတ်ဖြင့်သာရှိခြင်းကြောင့် ဧကပေါင်း ၅၃၅,၀၀၀ (သို့) ဂရံချပေးသော စုစုပေါင်းဧရိယာ၏ ၂၉ရာခိုင်နှုန်း) သာ ၂၀၁၆ ခုနှစ်အကုန်ပိုင်းတွင် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ မြန်မာ့ သစ်တောများသည် သက်ရှိများကို ထိန်းသိမ်း စောင့်ရှောက် ပေးနိုင်သည့်တန်ဖိုးမြင့်မားပြီး ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော်လည်း အကျိုးအမြတ်များသော သစ်ထုတ်လုပ်မှုအတွက် ဆက်လက်ပြီး ခုတ်ထွင်ရှင်းလင်းခြင်း ခံရဦးမည်ဖြစ်သည်။

ဇယား (၂) ဆီအုန်းစီမံချက်ဧရိယာနှင့် အမှန်တကယ် စိုက်သည့်ဧရိယာ

| စဉ် | နှစ်ကာလများ | လုပ်ပိုင်ခွင့်ချပေးသည့် ဂရံမြေ (ဧက) | အမှန်တကယ်စိုက်ဧက | လုပ်ပိုင်ခွင့်ချပေးသည့်မြေတွင် စိုက်သည့် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၃၂၉,၆၅၀ | ၉၅,၇၂၁ | ၂၉ |
| ၂ | ၂၀၁၂-၂၀၁၃ | ၃၅၃,၆၅၉ | ၉၆,၈၅၆ | ၂၇ |
| ၃ | ၂၀၁၃-၂၀၁၄ | ၃၆၃,၃၉၉ | ၁၀၂,၈၈၇ | ၂၈ |
| ၄ | ၂၀၁၄-၂၀၁၅ | ၃၇၅,၈၉၄ | ၁၀၆,၄၅၇ | ၂၈ |
| ၅ | ၂၀၁၅-၂၀၁၆ (အဆိုပြု) | ၄၀၈,၇၅၅ | ၁၃၃,၃၈၂ | ၃၃ |
| စုစုပေါင်း | | ၁,၈၃၁,၃၅၇ | ၅၃၅,၃၀၃ | ၂၉ |

*မှီငြမ်း-စက်မှုကုန်ကြမ်းသီးနှံဖွံ့ဖြိုးရေးဌာန၊ လယ်/ဆည်ဝန်ကြီးဌာန၊ တနင်္သာရီလွှတ်တော်သတင်း၊ အမှတ် (၈)၊ ဩဂုတ် ၁၉ ရက်၊ ၂၀၁၅*

မြေငှားလုပ်ပိုင်ခွင့်ချထားပေးသောနေရာများသည် လစ်လပ်နေရာများမဟုတ်ဘဲ ဒေသခံရပ်ရွာလူထုများ နေထိုင်စားသောက်ရာနေရာများဖြစ်သည်။ အထူးသဖြင့် ဒေသခံကရင်လူမျိုးများသည် တနင်္သာရီတိုင်း ဒေသကြီး တလျှောက်တွင် နေထိုင်ကြပြီး ပဋိပက္ခဒဏ်ကို အပြင်းအထန် ခံစားခဲ့ရပြီး ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူများဖြစ်ကာ ယခုအခါ မိမိတို့ မူလနေရပ်ဌာနေသို့ ပြန်ရန် ဆန္ဒရှိသော်လည်း ၄င်းတို့၏ မြေယာများမှာ ဆီအုန်းစိုက်ခင်းများအတွက် ချထားပေးသော နေရာများဖြစ်နေသည်ကို တွေ့ရလေသည်။ ၄င်းတို့၏ မူရင်းနေရပ်သို့ ပြန်လည်ဝင်ရောက်နေရာချသည့်အခါ တရားဥပဒေအရ ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခြင်းခံရပြန်သည်။ လက်ရှိတွင် မြန်မာကုမ္ပဏီများဖြစ်သော အေးရှားဝေါနှင့် ရွှေပဒုမ္မာ တို့မှ မိမိတို့၏ ဘိုးဘွားပိုင်မြေများတွင် ပြန်လည် နေထိုင်သည့် ကျေးရွာသုံးရွာမှ နေရပ်စွန့်ခွာရွှေ့ပြောင်းသူများကို တရားစွဲဆိုထားသည်။[35] ၄င်းကဲ့သို့ မြေငှားလုပ်ပိုင်ခွင့်များ ချထားပေးခြင်းသည် မြေပြင်ရှင်းလင်းမှုများလုပ်ဆောင်ခြင်းကြောင့် မြင့်မားသော သစ်တောသဘာဝတန်ဖိုးများ ပျက်စီး ဆုံးရှုံး ရသည်သာမက ဒေသခံရပ်ရွာလူထုကို မြေယာမဲ့ဘဝသို့ ရောက်ရှိစေပါသည်။

အမေရိကန်ဒေါ်လာ ၃၆.၇၅ သန်းတန် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကို Myanmar Stark Privilege Plantation (MSPP) မှ ဖက်စပ်စီမံကိန်းအဖြစ် တနင်္သာရီတိုင်း မြိတ်ခရိုင်တွင် အကောင်အထည်ဖော်နေခြင်းသည် မြေငှားလုပ်ပိုင်ခွင့်ကြောင့် ပိုင်ဆိုင်မှုမဲ့ဘဝကို ရောက်ရှိသွားသည့် ဥပမာတစ်ခုဖြစ်ပါသည်။ အဆိုပါ မြေငှားချထားပေးမှုအကျယ်အဝန်းစုစုပေါင်းမှာ ၄၂,၂၀၀ ဧကဖြစ်ပြီး ကျေးရွာ (၄) ရွာ၊ လူဦးရေ ၁၅၀၄ ယောက် နေထိုင်ရာနေရာလည်း အပါအဝင်ဖြစ်သည်။[36] မြေငှားလုပ်ပိုင်ခွင့်ချထားပေးသော မြေနေရာ၏ ၉၀ ရာခိုင်နှုန်းကျော်မှ ကျေးရွာပိုင်မြေများဖြစ်သည်။ MSPP အားချထားပေးသော မြေနေရာသည် လက်ရှိအစိုးရမှ ဆုံးဖြတ်ထားပြီးသားကို ပြန်လည် ပြုပြင်ရန် ကြိုးစားနေသော်လည်း တစ်ချိန်က အမျိုးသားသဘာဝထိန်းသိမ်းဥယျာဉ်အဖြစ် သတ်မှတ်ဒီဇိုင်းချထားခဲ့ဖူးသော နေရာလည်းဖြစ်သည်။ ဗဟိုအစိုးရရှိ ဝန်ကြီးဌာနများတစ်ခုနှင့်တစ်ခုကြား လုပ်ဆောင်မှုများမှာ သီးသန့်စီဖြစ်နေပြီး ပေါင်းစပ်ညှိနှိုင်းမှုမရှိသည့်အပြင် ဒေသတွင်ဖြစ်ပေါ်နေသော အမှန်တရားများအတွက် စိုးရိမ်မှုများ မရှိသည်ကို ဖော်ပြနေပါသည်။[37]

*"အရင်တုန်းက၊ တိုက်ပွဲတွေဖြစ်တုန်းကပေါ့၊ တောထဲမှာ ရှောင်ပုန်းပြေးလွှားခဲ့ရတယ်။ ဒါပေမယ့် ပြန်လာတဲ့အခါတိုင်း ကျွန်တော်တို့နေစရာလုပ်စားစရာ မြေတွေရှိတယ်။ အခုတော့ ငြိမ်းချမ်းပြီ။ သူတို့ကလည်း ကျွန်တော်တို့မြေတွေကို သိမ်းသွားပြီ။ ကျွန်တော်တို့မှာ ဘာမှမရှိတော့ဘူး။"*
– MSPP ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ဧရိယာမှ ရွာသားတစ်ဦး

*ဗဟိုအစိုးရကာကွယ်တောဧရိယာများရှိ လူ့အခွင့်အရေးလစ်လျူရှုမှုများ*

အမြိတမ်းသစ်တောကြိုးဝိုင်းဧရိယာချဲ့ထွင်မှုနှင့် တစ်ဆက်တည်းတွင် ဗဟိုအစိုးရအနေဖြင့် နိုင်ငံဧရိယာအကျယ်အဝန်း၏ ၁၀ ရာခိုင်နှုန်းကို ကြိုးပြင်ကာကွယ်တောများအဖြစ် သတ်မှတ်ခဲ့သည်။[38] တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ၊ ကျေးငှက်ဘေးမဲ့တောများနှင့် အမျိုးသားဥယျာဉ်များအပါအဝင် နိုင်ငံဧရိယာ၏ ၆.၇ ရာခိုင်နှုန်းအကျယ်အဝန်းရှိသော ကာကွယ်တောဧရိယာ ၃၄ နေရာကို အဆိုပါ စနစ်သတ်မှတ်ချက်အောက်တွင် သတ်မှတ်ထားရှိသည်။ အဆိုပါနေရာများသည် နိုင်ငံ၏ ပျောက်ကွယ် လုနီးပါး မတူညီသော ဇီဝမျိုးစုံမျိုးကွဲဧရိယာများကို လုံလောက်စွာ ထည့်သွင်းပြီးသားဖြစ်သော (သို့) ကိုယ်စားပြုပေးသည်မဟုတ်ပါ။[39] အဆိုပါ ကာကွယ်တောဧရိယာ ၃၄ ခုထဲမှ ၂၀ ကို သစ်တော ဦးစီးဌာနလက်အောက်ရှိ သားရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးဌာနမှ စီမံခန့်ခွဲသည့် ဧရိယာများ ဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မြေပြင်ဧရိယာများကို ဥယျာဉ်များအဖြစ် သတ်မှတ်ရန် အဆိုပြုထားပြီး MONREC မှ လုပ်ကိုင် ဆောင်ရွက်ခွင့်ကို ခွင့်ပြုချထားမည့် အလားအလာရှိနေသည်။

အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းများအနေဖြင့် "မည်သည့်နေရာကို ကာကွယ်တော" နေရာအဖြစ် လည်းကောင်း၊ အဆိုပါ နေရာများကို မည်ကဲ့သို့ စီမံခန့်ခွဲသင့်သည် ဟူ၍လည်းကောင်း ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်များတွင် သိသာထင်ရှားသော လွှမ်းမိုးမှုများပေးနိုင်ရန် အပတ်တကုပ်ကြိုးစားခဲ့ကြသည်။ စင်စစ်အားဖြင့် ပြည်နယ်နှင့်တိုင်း၊ ဒေသအစိုးရများ အနေဖြင့် အထက်ပါ နယ်ပယ်များတွင် ဝင်ရောက်လွှမ်းမိုးနိုင်ခြင်း မရှိသကဲ့သို့ ဒေသခံပြည်သူလူထုများသည်လည်း အသိပေးခံရခြင်းမျိုး ရှားပါသည်။ အဆိုပါနေရာဒေသများတွင် လုပ်ဆောင်နိုင်ရန် တစ်ဦးတစ်ယောက်ကသာ ခွင့်ပြုပေးလိုက်သကဲ့သို့ ဖြစ်သည်။


၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် တင်သွင်းသော နှစ်ပတ်လည်အစီရင်ခံစာတွင် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အထူး ကိုယ်စားလှယ်တော်သည် သူမ၏ အစီရင်ခံစာတွင် အောက်ပါအတိုင်း တင်ပြခဲ့သည်။

*"အမျိုးသားဥယျာဉ်များနှင့် ထိန်းသိမ်းစောင့်ရှောက်ဧရိယာများ ထူထောင်သတ်မှတ်ခြင်းသည် အစဉ်အလာအရ ဘိုးဘွားပိုင်ရိုးရာ မြေယာများနှင့် ပိုင်ဆိုင်မှုနယ်နိမိတ်များ သိမ်းဆည်းခံရခြင်းအားဖြင့် စိုးရိမ်စရာနှင့် စနစ်တကျ ဌာနေ တိုင်းရင်းသားတို့၏ အခွင့်အရေးကို ချိုးဖောက်ခြင်း၊ အတင်း အဓမ္မနေရပ်ရွှေ့ပြောင်းရခြင်းနှင့် မိမိတို့၏ ရွာသားများ အသတ်ခံရခြင်း၊ ရှိနှင့်ပြီးသား မိမိတို့၏ အုပ်ချုပ်မှုအာဏာကို အသိအမှတ်မပြုခြင်း၊ အသက်မွေးဝမ်းကြောင်းရန်အတွက် လုပ်ဆောင်ရန် အခွင့်မရခြင်း၊ နာမ်ဝိညာဉ်ဌာနေများနှင့် ယဉ်ကျေးမှုများ ပျက်စီးလာခြင်းစသည့် ရလဒ်များကိုသာ ရရှိစေပါသည်။"*[40]

ရေစီးကြောင်းမျိုးလည်း မြန်မာနိုင်ငံတွင် ဖြစ်ပျက်ခဲ့ပြီး ဖြစ်ပါသည်။ ယခင် စစ်အုပ်ချုပ်ရေး ကာလတွင်သာမက အကူး အပြောင်းကာလတွင်လည်း ကာကွယ်ထိန်းသိမ်းတောများ သတ်မှတ် ထိန်းသိမ်းသည့်ဧရိယာတွင် တိုင်းရင်းသားများ၏ အခွင့် အရေးများ ချိုးဖောက်ခံရမှုများ ရှိခဲ့သည်။ ပထမ ကာကွယ်ထိန်းသိမ်းခြင်းလှိုင်း လှုပ်ရှားမှုများကို တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး လူ့အဖွဲ့ အစည်း (Wildlife Conservation Society) မှ ဦးဆောင်ခဲ့သည်။ မြန်မာနိုင်ငံအပေါ်တွင် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်စေကာမူအမေရိကန် အဖွဲ့အစည်းတစ်ခုသည် မြန်မာ့စစ်ထောက်လှန်းရေး ဗိုလ်ချုပ်ခင်ညွန့်နှင့် ပူးပေါင်းပြီး ကချင်ပြည်နယ်ရှိ ဟူးကောင်းချိုင့်ဝှမ်းတွင် ကမ္ဘာ့အကြီးဆုံးကျားထိန်းသိမ်းရေးဒေသကို သတ်မှတ်ထူထောင်ရန် ၂၀၀၁ ခုနှစ်တွင် ဆောင်ရွက်ခဲ့ သည်။ အဆိုပါ ကျားထိန်းသိမ်းရေး ဒေသကို ထူထောင်ရာတွင် ဟူးကောင်းချိုင့်ဝှမ်းဒေသရှိကချင်လူမျိုးနှင့် နာဂလူမျိုးနွယ်စုများ၏ ဒေသခံရပ်ရွာ လူ့အဖွဲ့အစည်းများတွင် ရိုးရာဓလေ့အရ ကျင့်သုံးသော အရင်းအမြစ်ဆိုင်ရာ အခွင့်အရေးများကို ထည့်သွင်းစဉ်းစား ပေးခဲ့ခြင်း မရှိဘဲ အကောင်အထည် ဖော်ခဲ့ကြသည်။

ဟူးကောင်းကျားထိန်းသိမ်းရေးကြိုးပမ်းမှုများ (BirdLife International အဖွဲ့မှ "စာရွက်ပေါ်မှ ဥယျာဉ်" ဟုသမုတ်ခဲ့သည်။) မအောင်မြင်ခဲ့သော်လည်းနိုင်ငံခြားအထောက်အပံ့များသည် သားရိုင်း တိရစ္ဆာန်ထိန်းသိမ်းရေးများအတွက် မြန်မာနိုင်ငံထဲသို့ ဝင်ရောက် လာနေပြီး ကာကွယ်ထိန်းသိမ်းတော ဧရိယာဟုခေါ်သော ဒေသများတွင် တိုင်းရင်းသားများ၏ ရိုးရာအရင်းအမြစ်ဆိုင်ရာ အခွင့်အရေးများကို

*ဇယား (၆) ရပ်ရွာဒေသခံမြေနှင့် MSPP ဗဟိုအစိုးရမှ ကုမ္ပဏီများအား မြေယာလုပ်ပိုင်ခွင့်များ ချထားပေးသည့် မြေနေရာများ သည် ဒေသခံပြည်သူလူထုများ နေထိုင်သည့် မြေနေရာများဖြစ်နေသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ပျိုးရန် လုပ်ပိုင်ခွင့်ပြုထားသည့် မြေဧရိယာများ၏ ၉၀ % သည် ဒေသခံပြည်သူများ၏ လုပ်ကိုင်စားသောက်ရာ မြေနေရာများဖြစ်သည်။*




မြေပုံ- တနင်္သာရီအရင်းအမြစ်များ စောင့်ကြည့်ရေးအဖွဲ့

ပိုမို၍ ခံစားခွင့်မဲ့စေမည့်သဘောရှိနေသည်။ ၂၀၁၅ ခုနှစ်တွင် WCS အနေဖြင့် မြန်မာအစိုးရနှင့် ပူးပေါင်းပြီး ကာကွယ်ထိန်းသိမ်းတောများကို ဆက်လက်တိုးချဲ့ရန် ကျေးရွာပေါင်း ၅၁ ရွာပါဝင်နေသော ဧရိယာတွင် အကောင်အထည်ဖော်ရန် စတင်လုပ်ဆောင်ခဲ့သည်။ (သို့) နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းကျော်နေထိုင်သော နမ်းယန်းမြို့နယ်ကို ကာကွယ်ထိန်းသိမ်းဧရိယာအဖြစ် သတ်မှတ် လိုက်ခြင်းဖြစ်သည်။[41]

အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းများအနေဖြင့် အခြားသော ဒေသများနည်းတူ တနင်္သာရီတိုင်း ဒေသကြီးတွင် စတင်လည်ပတ်အကောင်အထည်ဖော်လျက်ရှိ သည်။ အဆိုပါ ဒေသသည် ကေအင်န်ယူနှင့် လောလောလတ်လတ် အပစ်အခတ်ရပ်စဲထားပြီး ကရင် တိုင်းရင်းသားအများစု နေထိုင်လုပ်ကိုင်စားသောက်သောဒေသများသို့ မြန်မာအစိုးရမှ ဆယ်စုနှစ်များ စွာတွင် ပထမဆုံးအကြိမ် လက်လှမ်းမှီစေခဲ့သည်။ ဤသို့ နယ်မြေအရ ထိလွယ်ရှလွယ်သော အနေအ ထား၌ အပြည်ပြည်ဆိုင်ရာ ပန်းနှင့်သတ္တဝါ ထိန်းသိမ်းရေးအဖွဲ့ (Flora and Fauna International) နှင့် WCS တို့သည် မြန်မာအစိုးရအား ထောက်ပံ့နေပြီး ဒေသခံတို့၏ သဘောထားကို လွတ်လပ်စွာ အသိပေးတိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ ကာကွယ်ထိန်းသိမ်းဧရိယာများ ထူထောင်ဖန်တီးနေပြီး ကေအင်န်ယူ ဧရိယာများသို့ ဝင်ရောက်ခြင်းသည် ပိုမိုပြင်းထန်သော ပဋိပက္ခများသို့ ဦးတည်နိုင်သောအခြေအနေ ပင်ဖြစ်သည်။




ဓါတ်ပုံ - Thet Oo Maung

*ဗဟိုအစိုးရမှ မြေအငှားချလုပ်ပိုင်ခွင့်များ ချထားပေးခြင်းကြောင့် ဆီအုန်းစိုက်ခင်းများအတွက် မြေသိမ်းဆည်းမှုများ နိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်တိုးတက်လာခဲ့သည်။ ဒေသခံများမှ တနင်္သာရီဒေသရှိ MSPP ကုမ္ပဏီအား ဆန္ဒပြနေပုံ*

## (၃) ရှိနှင့်ပြီးသောဒေသတွင်းသစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံများ

*သစ်တောမူဝါဒ*

မြန်မာနိုင်ငံရှိသစ်တောဖုံးလွှမ်းတောင်ပေါ်ဧရိယာများတွင်တိုင်းရင်းသားအစိုးရအုပ်ချုပ်မှုများဖြင့် မိမိတို့၏ သက်ဆိုင်ရာ နယ်မြေ (အများအားဖြင့်) များကို နှစ်ပေါင်းနှစ်ဆယ်ကျော် ထိန်းချုပ်ခဲ့သည်မှန်သော်လည်း အထူးသီးသန့်အုပ်ချုပ်ခြင်းမျိုးကား မဟုတ်ချေ။ တိုင်းရင်းသားအဖွဲ့အစည်းအများစုမှာ သစ်တောစီမံခန့်ခွဲမှုတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်အကောင်အထည် ဖော်ခဲ့ကြသူများဖြစ်သည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) နှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ) တို့ အနေဖြင့် သစ်တောဝန်ကြီးဌာနများ ထားရှိ ကာ သစ်တောမူဝါဒများဖြင့် အထူးအလေးပေး ကျင့်သုံးလုပ်ဆောင်ခဲ့သည်။

အပစ်ရပ်လက်မှတ်ရေးထိုးပြီးနောက် "မြေယာသိမ်းဆည်းမှုများ" နှင့် "အစိမ်းရောင်မြေသိမ်းမှု" အပါအဝင် ကာကွယ် ထိန်းသိမ်းတောများအဖြစ် သတ်မှတ်ရန် မြေယာသိမ်းယူမှုများကဲ့သို့သော နိုင်ငံရေးအခြေအနေ အပြောင်းအလဲနှင့် ခြိမ်းခြောက်မှု အသစ်များကို ပြန်လည်သုံးသပ်နိုင်ရန် ကေအင်န်ယူအနေဖြင့် ၎င်းတို့၏ သစ်တောမူဝါဒကို ပြန်လည်မွမ်းမံမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ မူဝါဒများကို အခန်း (၆) ခန်းဖြင့် ဖွဲ့စည်းရေးသားထားပြီး သစ်တောစီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အဓိက နယ်ပယ် များကို ခြုံငုံပြီး ရေးဆွဲထားပါသည်။ ခွဲခြားဆက်ဆံမှုမရှိခြင်း၊ လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေး၊ ပွင့်လင်းမြင်သာမှု၊ တရားဥပဒေစိုးမိုးရေး၊ ကျားမညီမျှမှု၊ လူထုနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် လူထုပါဝင်မှု စသည့် အခြေခံသဘောတရားများပါဝင်ပြီး ကောင်းသော ရည်ရွယ် ချက်များဖြင့် အစကနဦးပိုင်းတွင်

*လေ့လာမှုဖြစ်ရပ် - ကချင်ပြည်နယ်ကေအိုင်အိုထိန်းချုပ်ဒေသများရှိကျေးရွာအစုအဖွဲ့ပိုင်သစ်တော*

*မြန်မာနိုင်ငံ ဗဟိုအစိုးရ၏ အစုအဖွဲ့ပိုင်သစ်တောညွှန်ကြားချက်များသည် တိုင်းရင်းသားအများစု၏ရိုးရာအရ စီမံ အုပ်ချုပ်မှုများ အားဖြင့် သစ်တောအား အသုံးချခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းတို့ကိုကာကွယ်ထိန်းသိမ်းခြင်းနှင့် သုံးသပ်ခြင်းများမလုပ်ပေးနိုင်ဘဲ အားနည်းခဲ့ သည်။ အခြားသော အစုအဖွဲ့ပိုင်သစ်တောပုံစံများဖြင့် တိုင်းရင်းသားထိန်းချုပ်နယ်မြေများတွင် ကျင့်သုံး အကောင်အထည်ဖော် လျက်ရှိပါသည်။ ယခုဖော်ပြသည့် လေ့လာမှုဖြစ်ရပ်သည် ကချင်ပြည်နယ်အရှေ့ဘက် စိန်လုံတောင်တန်းပေါ်ရှိ ဘွမ်ကထောင်ကျေးရွာမှ ဦးစီးလုပ်ဆောင်သော ရပ်ရွာဦးဆောင်သည့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအကြောင်းကို မှတ်တမ်းပြုထားခြင်းဖြစ်သည်။ အဆိုပါ ဒေသသည် ကေအိုင်အို၏ အရှေ့ခြမ်းဧရိယာတွင် ရှိပြီး ၎င်းမှ အုပ်ချုပ်စီမံထားသည့်ဒေသဖြစ်သည်။ (မြန်မာအစိုးရ၏ သတ်မှတ်ချက်အရ မိုးမောက်မြို့နယ်တွင်းတွင် ရှိသည်။) ဒေသသစ်တောစီမံခန့်ခွဲမှု အလေ့အကျင့်များကို ကေအိုင်အိုမှ ရပ်ရွာအစု အဖွဲ့ပိုင်သစ်တောအဖြစ် တရားဝင်အသိအမှတ်ပြုထားသည်။ ဘွမ်ကထောင်ရွာကို လွန်ခဲ့သောနှစ်ပေါင်း ၁,၇၀၀ ခန့်က မိသားစု လေးစုဖြင့် စတင်ထူထောင်ခဲ့သည်။ ၎င်းဒေသကို ပထမဦးဆုံးစီမံအုပ်ချုပ်သော ဒူဝါ (ရွာလူကြီး) မှာ ဒူဝါအင်ခွန်ဇော်ဖြစ်သည်။*

တန်ဆာဆင်ထားသည်။ ထို့နောက် ကေအင်န်ယူထိန်းချုပ်သည့် ဧရိယာများတွင် တိုင်းရင်းသားများ၏ မြေယာခိုင်မာမှုများအတွက် စီမံအုပ်ချုပ်မှု ယန္တရားများကိုလည်း ဖွဲ့စည်းတည်ဆောက်ထားသည်။ ဆိုခဲ့ပါ ယန္တရားအရ ဒေသခံပြည်သူများသည် ရိုးရာသစ်တောများနှင့် သဘာဝအရင်းအမြစ်များကို ရိုးရာဓလေ့အုပ်ချုပ်မှု စနစ် (ရွှေ့ပြောင်း တောင်ယာစနစ်ဖြင့် သစ်တောဧရိယာများတွင် လုပ်ကိုင်ပိုင်ခွင့်အပါအဝင်) များအရ ဘိုးဘွားတို့၏ ပိုင်ဆိုင်မှုများအဖြစ်လက်ခံကာ စီမံခန့်ခွဲပိုင်ခွင့်များ ရရှိပိုင်ခွင့်ရှိသည်။ ရပ်ရွာအစုအဖွဲ့ပိုင်သစ်တော စီမံအုပ်ချုပ်မှုစနစ်အားဖြင့် အများပိုင်စီမံခန့်ခွဲမှုများကို ကျေးရွာခေါင်းဆောင်များ၏ အုပ်ချုပ်စီမံမှုအောက်တွင် ထားရှိကာ စီမံခန့်ခွဲစေသည်။

မူဝါဒများအတွင်းတွင် ပြည်တွင်းစစ်ကြောင့် မိမိတို့၏ မြေယာပိုင်ဆိုင်မှုများမှ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းခံရသူများနှင့် ဒုက္ခသည်များအတွက် အသိအမှတ်ပြုမှု၊ ဦးစားပေးမှုနှင့် သစ်တောအခြေပြု ပြန်လည်အပ်နှံခံရခွင့်များကို တိကျစွာ စီမံရေးဆွဲ ထားသည်။ ထို့အပြင် ပဋိပက္ခဖြစ်နိုင်ချေများကို ထိန်းညှိသည့်ချဉ်းကပ်နည်းစဉ်များကို မြှင့်တင်သည့် အခန်းများလည်း တိကျစွာ ထည့်သွင်း ရေးသားထားပါသည်။

အဆိုပါ မူဝါဒထဲတွင် သားရိုင်းတိရစ္ဆာန်ကာကွယ်တောများနှင့် ပန်းမန်နှင့် သတ္တဝါများကို ကာကွယ်ရန် ထိန်းသိမ်း စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်များရှိသည့် ကြားခံဧရိယာ သတ်မှတ်ဖော်ထုတ်ခြင်း အပါအဝင် ဘိုးဘွားပိုင်မြေယာများတွင် မပါဝင်သည့် မြေယာများ အတွက် စီမံခန့်ခွဲမှုများကိုလည်း ထည့်သွင်းရေးဆွဲထားသည်။ ဘက်စုံမြေယာအသုံးချမှုနှင့် စီမံခန့်ခွဲမှုစနစ်များကိုလည်း ပေါင်းစပ်လုပ်ဆောင်နိုင်ရန် ပူးပေါင်းမှုအခြေပြု စီမံခန့်ခွဲမှုများပေါ်တွင် အခြေခံသော ကာကွယ်မှုသဘောပါသည့် မြေမျက်နှာပြင်စီမံခန့်ခွဲမှု ချဉ်းကပ်နည်းလမ်းများအတွက်လည်း အဆိုပါ ပေါ်လစီတွင် ရေးဆွဲသတ်မှတ်ထားပါသည်။

*ကချင်ပြည်နယ်ရှိ များစွာသော ကျေးလက်ဒေသများတွင် သစ်တောနှင့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆက်ဆံရေးများစွာ ရှိသည်။ ရေရှည်တည်တံ့စွာဖြင့် သစ်နှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအသုံးပြုခြင်းနှင့် ကြွယ်ဝသော ဇီဝမျိုးစုံမျိုးကွဲများကို အားပေးသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးသည်။ ကချင်ကျေးရွာတိုင်းတွင် "မရယ် နမ်ကောန်" ဟုခေါ်သော အများပိုင်သစ်တောများ ရှိကြသည်။ သမိုင်းအစဉ်အလာအရ ရွာသူကြီးဒူဝါသည် ကျေးရွာ သက်ကြီးပိုင်းများနှင့်အတူ သစ်တောများကို ရေရှည်တည်တံ့စွာနှင့် တရားမျှတစွာ စီမံခန့်ခွဲသဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် နေစရာ၊ လောင်စာနှင့် ကျန်းမာရေးများအတွက်သော်လည်းကောင်း၊ အသက်မွေးဝမ်းကြောင်းမှု၊ ယဉ်ကျေးမှုနှင့် ယုံကြည်ကိုးကွယ်မှုပိုင်းဆိုင်ရာအတွက် သော်လည်းကောင်းသစ်တောမှ ထွက်ရှိသောအရာများကို ထုတ်ယူသုံးစွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ကချင်ဒူဝါအုပ်ချုပ်မှုစနစ်အားဖြင့် ဘိုးဘေးရိုးရာ စီမံကွပ်ကဲမှုများသည် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲရန်၊ သို့သော် အရင်းအမြစ်များ ကုန်ခမ်းမသွားရေး သေချာစေရန်၊ ရေဝေရေလဲဧရိယာများကို လုံးဝဘေးမဲ့ထားရန်နှင့် အနာဂတ်မျိုးဆက်များအတွက် အရည်အသွေးပြည့်ဝသော သစ်တောများဖြစ်ရန် စသည့် စည်းမျဉ်းစည်းကမ်းများနှင့် တားမြစ်ချက်များကို အတည်ပြုခိုင်မာစေသည်။*

*၁၉၆၂ ခုနှစ်ကတည်းက ကချင်ကျေးလက်လူ့အဖွဲ့အစည်းမှာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြိုကွဲပျက်စီးသွားခဲ့ရသည်။ ၁၉၈၀ နှင့် ၁၉၉၀ ခုနှစ်ကြားတွင် ဘွန်ကထောင်ကျေးရွာတွင်*

မိသားစုပေါင်း (၇၀) ကျော် နေထိုင်ကြသည်။ ၄င်းနှင့်ပတ်ဝန်းကျင် ဒေသများသည် ပဋိပက္ခဇရိယာများဖြစ်လာပြီး ပြည်တွင်းစစ်ကြောင့် စစ်ပြေးရသည့်အတွေ့အကြုံများစွာလည်း ရှိခဲ့သည်။ မြန်မာ့ တပ်မတော်မှ ကျေးရွာများကို မီးရှို့သည့်အခါ သစ်တောသည် တစ်ခုတည်းသော လုံခြုံရာနေရာဖြစ်လာပြီး ပုံးအောင်းရန်နှင့်အသက်ရှင်ရပ်တည်ရန် စီမံပေးသည့်အရာလည်းဖြစ်သည်။ စစ်မက်ဖြစ်ပွားခြင်းများ အဆုံးသတ်သည့်အခါ သစ်တောတွင်း ပုံးအောင်းနေသူများသည် ပြန်လာပြီး ၄င်းတို့၏ ကျေးရွာများကို ပြန်လည်တည်ဆောက်ကြသည်။

၁၉၉၄ ခုနှစ်၊ မြန်မာအစိုးရနှင့် ကေအိုင်အိုအကြား အပစ်အခတ်ရပ်စဲမှုသည် ဒေသခံပြည်သူလူ့အဖွဲ့အစည်းများအတွက် ခြိမ်းခြောက်မှုအသစ်များကို ဖန်တီးပေးသကဲ့သို့ ဖြစ်ခဲ့သည်။ ကချင်ပြည်နယ်အရှေ့ဘက်ခြမ်းကို အခြေခံအဆောက်အအုံနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် တံခါးဖွင့်ပေးခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ ကချင်ပြည်နယ်အရှေ့ခြမ်းကို သစ်ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေးအခြေပြု စီးပွားရေးများအတွက် မြေယာလုပ်ပိုင်ခွင့်များ ချထားပေးခဲ့သည်။ သစ်အလွန်အကျွံထုတ်ခြင်းနှင့် စပါးလင်စိုက်ပျိုးရေးစီမံကိန်းများကြောင့် ဧရိယာအတော်များများမှာ သစ်တောပြုန်းတီးကုန်သည်။ စီးပွားရေးသမားများအနေဖြင့် သစ်ထုတ်လုပ်ရန် များစွာသော သစ်ကွက်လုပ်ပိုင်ခွင့်များရရှိပြီး စည်းကမ်းမဲ့အမဲလိုက်ခြင်းကြောင့် သားရိုင်းတိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်သည်အထိ ဦးတည်လာသည်။ ကျယ်ကျယ်ပြန့်ပြန့် သစ်ထုတ်လုပ်ခြင်းနှင့် အမဲလိုက်ခြင်းများ ဘွမ်ကထောင်ကျေးရွာ၏ ရိုးရာအများပိုင်သစ်တောဧရိယာတွင် ဖြစ်ပွားခဲ့ပြီး ယခုအခါ တောရိုင်းတိရစ္ဆာန်အနည်းငယ်သာ ကျန်ရစ်တော့သည်။ အကျိုးဆက်အနေဖြင့် အသက်မွေးဝမ်းကျောင်းမှုများစွာကို ထိခိုက်သက်ရောက်စေခဲ့သည်။

သစ်တောပြုန်းတီးပျက်စီးမှုနှင့် သားရိုင်းတိရစ္ဆာန်တို့၏ မျိုးတုံးပျောက်ကွယ်မှုများနှင့် ၄င်းပြဿနာများ၏ အသက်မွေးဝမ်းကျောင်းမှုများအပေါ် ထိခိုက်သက်ရောက်မှု အကျိုးဆက်များကို တုံ့ပြန်သည့်အနေဖြင့် ကျေးရွာလူထုနှင့် ခေါင်းဆောင်များသည် ယခင်က အကျိုးဖြစ်ထွန်းမှုများစွာကို ပေးစွမ်းသော သစ်တောများကို ပြန်လည်ကာကွယ်ထိန်းသိမ်းရန်ပြန်လည်စည်းရုံးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။ ကျေးရွာလူထုများသည် စုစည်း၊ စည်းလုံးလျက် သစ်တောကို အသုံးပြုခြင်းနှင့် ပတ်သက်သော စည်းမျဉ်းများနှင့် ဥပဒေများ ပြဌာန်းခြင်း၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊ နေအိမ်အတွက် သစ်ခုတ်ခြင်း၊ အမဲလိုက်သည့် ကာလများ သတ်မှတ်ခြင်း၊ သစ်တောများ ပြန်လည်ဖြစ်ထွန်းရန် နေရာဒေသ သတ်မှတ်ခြင်းနှင့် ကျင့်သုံးမှုများကို အကောင်အထည်ဖော်ခြင်းစသည်တို့ကို အတူတကွဖော်ထုတ်လုပ်ဆောင်ခဲ့ကြသည်။

ကျေးရွာလူ့အဖွဲ့အစည်းအနေဖြင့် သစ်တောများကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်သော်လည်း ဒေသအစိုးရ တာဝန်ရှိ သူများနှင့် အနီးကပ်ချိတ်ဆက်မှုရှိနေသော ပြင်ပရင်းနှီးမြှုပ်နှံသူများနှင့် တွေ့သည့်အခါ အခက်တွေ့လေသည်။ ထို့နောက် ကျေးလက်နေပြည်သူများမှာ မိမိတို့၏ မြေယာများကို ကာကွယ်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ကျေးရွာပိုင် သစ်တောများ အဖြစ် (သို့) အစုအဖွဲ့ပိုင် သစ်တောများအဖြစ် မှတ်တမ်းတင်ရန် လိုအပ်သည်ဟု ခံစားသိမြင်ခဲ့ကြသည်။

၂၀၀၅ ခုနှစ်မှစ၍ ဘွမ်ကထောင်ကျေးရွာသည် ဒေသအဆင့် အန်ဂျီအိုနှင့် ပူးပေါင်းပြီး အစုအဖွဲ့ပိုင်သစ်တော ကော်မတီ၊ အမျိုးသမီးအဖွဲ့၊ သစ်တောအသုံးပြုသူများအဖွဲ့၊ စောင့်ကြည့်

လေ့လာရေးအဖွဲ့များ ဖွဲ့စည်းကာ လုပ်ငန်းကို အကောင်အထည်ဖော် ခဲ့သည်။ ကျေးရွာမြေပုံကို ရေးဆွဲပြီး ကျေးရွာဧရိယာ၊ ကာကွယ်သည့်ဧရိယာ၊ ရေဝေရေလဲကာကွယ်တောဧရိယာများ စသည့်တို့ကို သတ်မှတ်ထူထောင်မှတ်တမ်းတင်ခဲ့ကြသည်။ ရာသီအလိုက် သီးနှံရိတ်သိမ်းမှုပြ ပြက္ခဒိန်ရေးဆွဲပြီး ထုတ်လုပ်နေသည့် ထုတ်ကုန် များမှာ ရေရှည်တည်တံ့သော နည်းလမ်းများ ဖြင့် လုပ်ဆောင်အကောင်အထည်ဖော်မှုဆိုင်ရာ စစ်ဆေးခြင်းနှင့် ချိန်ထိုးခြင်းများ ပြုလုပ်ကြ သည်။ ၎င်းအစုအဖွဲ့ပိုင်သစ်တောအစီအစဉ်ကို ကေအိုင်အိုမှ မှတ်တမ်းတင်အသိအမှတ်ပြုပြီး အများပိုင် ကာကွယ်မှု ဆိုင်ရာ လုပ်ပိုင်ခွင့်ကို ရရှိစေခဲ့သည်။ သစ်တောများကို နှစ်အနည်းငယ် ကာကွယ်ထိန်းသိမ်းသည့်နောက်ပိုင်း တောရိုင်းတိရစ္ဆာန် အရေအတွက် တိုးပွားလာခဲ့သည်။ မျက်ကွင်းညိုမျောက်လွဲကျော်၊ တောင်သမင်နှင့် ဝက်ဝင်များ ပြန်လည်ကျက်စားလာသည်။ သစ်တောများမှာလည်း ပြန်လည်ထူထပ်အုံ့ဆိုင်းလာပြီး ကြွယ်ဝပြည့်စုံလာသည်။ ကျေးရွာ သူရွာသားများနှင့် လယ်ယာစိုက်ပျိုးခြင်းများ အတွက် သန့်ရှင်းလတ်ဆတ် သည့် ရေကိုလည်း ပြန်လည်ရရှိလာခဲ့သည်။



ဓါတ်ပုံ - Bridge

ကေအိုင်အို ထိန်းချုပ်နယ်မြေထဲတွင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရန်အတွက် သုတေသနပြုလုပ်သည်။

# (၄) နိဂုံး

ဆယ်စုနှစ်ပေါင်းများစွာသော ပဋိပက္ခများကြောင့် ရပ်ရွာလူ့အဖွဲ့အစည်းအများသည် ကြောက်စိတ်များဖြင့် အသက်ရှင်ခဲ့ရပြီး မိမိတို့၏ လယ်ယာမြေများကို မှတ်ပုံတင်ခြင်း မပြုနိုင်ခဲ့ကြချေ။ ထို့အပြင် ရိုးရာဓလေ့ မြေယာအသုံးပြုမှု (သို့) အများပိုင်သစ်တောအသုံးပြုခြင်းတို့ကို အသိအမှတ်ပြုသော တရားဥပဒေများ လက်ရှိအခြေအနေတွင် မရှိသေးသည်ကို တွေ့ရသည်။ ရလဒ်အနေဖြင့် တိုင်းရင်းသား ဒေသများတွင် နေထိုင်သော ဒေသခံလူ့အဖွဲ့အစည်းများသည် မတူညီသောပုံစံဖြင့် ဖွဲ့စည်းပုံပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းခံနေရပြီး ၄င်းတို့၏ မြေယာများနှင့် သစ်တောများကိုလည်း လက်လွတ်ဆုံးရှုံးခံနေရသည်။ MSPP ကဲ့သို့ အလားတူ မြေယာလုပ်ပိုင်ခွင့်ရရှိသည့် တနင်္သာရီဒေသကဲ့သို့သော ရောနှောစီမံအုပ်ချုပ်သည့်ဒေသများတွင် ပေါင်းစပ်လုပ်ဆောင်မှုများရှိနေပြီး တပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများနှင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ တိုးပွားလာစေခဲ့သည်။ အဆင့်ဆင့်အခွန်ကောက်ခံမှုစနစ်အုပ်ချုပ်မှုများနှင့် မြေယာ လျှောက်ထားမှုများသည် ဗဟိုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ အောက်ခြေသက်ဆိုင်ရာ ထိန်းချုပ်နယ်မြေများတွင် မိမိအကျိုးအမြတ်အတွက် အသုံးချနိုင်သည့် အခွင့်အရေးများကို ယူသည့် အမူအကျင့်များ တိုးပွားလာစေသည်။ သာဓကအားဖြင့် ဗဟိုအစိုးရမှ ဦးစီးလုပ်ဆောင်ကာ ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေ သတ်မှတ်လိုက်ခြင်းသည် ဒေသခံပြည်သူလူထုများ၏ အခွင့်အရေးများကို ချိုးဖောက်ခံရသည့် ရလဒ်များကိုသာ ရရှိစေသည်။

အိမ်ထောင်စုများနှင့် ကျေးရွာများတွင် အမျိုးသမီးများသည် သဘာဝအရင်းအမြစ်အထူးသဖြင့် သစ်တောများကို မှီခို၍ အသက်မွေးဝမ်းကျောင်းအတွက်သော်လည်းကောင်း၊ မိသားစုအား ဂရုစိုက်ပြုစုရသည့်ကဏ္ဍတွင် ဦးဆောင်ရသူများအဖြစ်လည်းကောင်း ရေ၊ အစားအစာနှင့်



*တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်တွင် WCS အဖွဲ့အတွက် ပြည်သူလူထု၏ အသိပေးမှု။*
*"WCS အဖွဲ့ရေ ခင်ဗျားတို့ရဲ့ စီမံကိန်းကို ရွာသားတွေအများစုက လက်မခံကြဘူး။"(ကရင်လို)၊*
*"WCS အဖွဲ့ရေ ခင်ဗျားတို့လာပြီး ကျုပ်တို့ရဲ့ ဒီရေတောတွေကို ထိန်းသိမ်းမယ့်ကိစ္စကို လက်မခံဘူး။ ခင်ဗျားတို့ရဲ့ စီမံကိန်းကို ဖျက်သိမ်းလိုက်ချင်တယ်" (မြန်မာလို)*

လောင်စာများကို စီမံဖန်တီးရသူများဖြစ်သည်။ ထို့ကြောင့် ယင်းအမျိုးသမီးများမှာ သစ်တောများနှင့် သဘာဝအရင်းအမြစ်များမှ ရရှိနိုင်မှု အခြေအနေမရှိတော့သည့်အခါတွင် ခက်ခဲမှုများနှင့် အဓိက ကြုံတွေ့ရသူများ ဖြစ်လာသည်။

ယနေ့ သစ်တောများကို စီမံအုပ်ချုပ်ရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကိုလိုနီခေတ်နှင့်ယှဉ်လျှင် အနည်းငယ်သာ ပြောင်းလဲလာပြီး စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်သုံးမှုအားလုံးမှာဗဟိုဦးစီးထိန်းချုပ်မှုဖြင့် နက်ရှိုင်းစွာ ဆက်လက်တည်ရှိနေဆဲဖြစ်နေသည်။ လက်ရှိစီမံအုပ်ချုပ်မှုစနစ်သည် သစ်ထုတ်လုပ်ရန် ဦးစားပေးထားပြီး အထူးသဖြင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချရန်သာ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အရေးကြီးသော သမိုင်းအချိုးအကွေ့တွင် ရောက်ရှိနေပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် အမျိုးသားအဆင့် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များမှာ ဆက်လက်အကောင်အထည်ဖော်လျက်ရှိပြီး ဒီမိုကရေစီကျစွာ ရွေးကောက်ခံရသော အစိုးရအသစ်၏ အုပ်ချုပ်စီမံသည့်အချိန်လည်းဖြစ်သည်။ သစ်တောများကို အုပ်ချုပ်စီမံမှုနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ အားနည်းမှုများကို အရေးတကြီး ပြန်လည်သုံးသပ်ရမည့်ကာလဖြစ်သည့်သာမက အုပ်ချုပ်မှုအာဏာများ အဗဟိုပြုပြီး ဥပဒေများနှင့် မူဝါဒများသည်လည်း အသေးစား ပိုင်ဆိုင်သူများကို ကာကွယ်သည်သာမက သစ်တောဖုံးလွှမ်းသည့်မြေယာများနှင့် ပတ်သက်သော အများပိုင်မြေယာလုပ်ပိုင်ခွင့်များကိုပါ ကာကွယ်ပေးသော၊ သစ်တောအရင်းအမြစ်များ အသုံးချမှုနှင့် အသုံးချပိုင်ခွင့်ဆိုင်ရာ မျှတညီမျှမှုအတွက် သေချာစေသည့် အနာဂတ် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုကို သန္ဓေတည်ပြီး တည်ဆောက်ရန်လည်း အရေးကြီးပါသည်။

ဟူးကောင်းချိုင့်ဝှမ်း - အစိုးရ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့နှင့် ကော်ပိုရေးရှင်းများမှ သဘာဝအရင်းအမြစ်ဆိုင်ရာ ဗဟိုထိန်းချုပ် စီမံခန့်ခွဲမှု

၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေများထဲမှ တစ်ခုဖြစ်နိုင်သော ကချင်ပြည်နယ်ရှိ ဟူးကောင်းချိုင့်ဝှမ်းတွင် ကာကွယ်တောအဖြစ် သတ်မှတ်သည့် ဧရိယာအတွင်း မြေဧကစုစုပေါင်း ၂၀၀,၀၀၀ (နှစ်သိန်း) ကျော်ကို ဗဟိုအစိုးရမှ မြေငှားလုပ်ပိုင်ခွင့်ချထားပေးခဲ့သည်။




ဓါတ်ပုံ - KDNG

အဆိုပါ မြေငှားလုပ်ပိုင်ခွင့်ကို မြန်မာစစ်တပ်အရာရှိများနှင့် အမျိုးတူပေါင်းစပ်ထားသော မြန်မာနိုင်ငံရှိ ထိပ်သီးကုမ္ပဏီများထဲမှ တစ်ခုဖြစ်သော ယုဇနကုမ္ပဏီအား ချထားပေးခဲ့ခြင်းဖြစ်သည်။

ထူထပ်အုံ့ဆိုင်းသော သစ်တော်များ၊ စကြံ့န်သစ်တောများ၊ ကျားနှင့် အခြားသော တောရိုင်းတိရိစ္ဆာန်များ၏ နေထိုင်ရာများ၊ ထိုနည်းတူ ဒေသခံများ နှစ်ရှည်လများ ထူထောင်ပြုစုခဲ့သော ဥယျာဉ်ခြံများနှင့် လယ်ကွင်းများမှာ အပြောင်ရှင်းစနစ်ဖြင့် ဖျက်ဆီးခံရပြီး ကြံနှင့် ပီလောပီနံ နှစ်မျိုးတည်းစိုက်ပျိုးရေးစီမံကိန်းများအတွက် လမ်းဖောက်လုပ်ခြင်းများကို ကာကွယ်တောနယ်နိမိတ်များအတွင်းတွင် အကောင်အထည်ဖော်ခဲ့ကြသည်။ ရွှေ့ပြောင်းအလုပ်သမားများကို ခန့်ထားပြီး ကာကွယ်တောနယ်မြေအတွင်း နေရာချကာ ငွေရမြန်သောသီးနှံများကို ထုပ်ပိုးသည့် ရောမစက်ရုံကြီးများကိုလည်း ဆောက်လုပ်ခဲ့ကြသည်။ မိမိတို့၏ လယ်ယာမြေများ ဆုံးရှုံးသွားပြီးသည့်နောက် အချို့သော ဒေသခံများမှာ အသေးစား ကျောက်တူးလုပ်ငန်းဘက်သို့ ကူးပြောင်းသွားကြသည်။

ဒေသခံ ကျားခြေရာကောက်သူများ၏အဆိုအရ ကျားရှိသည့် အထောက်အထားမတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဟု ဆိုသည်။ သားရိုင်းတိရစ္ဆာန်လောကတွင် ၂၀၀၀ ခုနှစ်ကတည်းက ကြီးမားသော အကျိုးသက်ရောက်မှုရှိသည့် ကျဆင်းမှုများရှိသည်ဟု မှတ်တမ်းတင်ထားသည်။[42] ဗဟိုအစိုးရနှင့်အတူ အမျိုးသားဥယျာဉ်အဖြစ် ပူးပေါင်းထူထောင်ခဲ့သည့် အမေရိကန်အင်န်ဂျီအိုအဖွဲ့တစ်ဖွဲ့ ဖြစ်သော The Wildlife Conservation Society အဖွဲ့သည် ကာကွယ်ထိန်းသိမ်းတော ပျက်စီးသွားခြင်းအပေါ်တွင် နှုတ်ဆိတ်နေခဲ့သည်။



ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေထဲမှ ယုဇန စိုက်ခင်းနှင့် စက်ရုံတည်ဆောက်ရေးစီမံကိန်းမြေနေရာ



ဓါတ်ပုံ - MRJ

ယုဇနကုမ္ပဏီမှ ဖျက်ဆီးလိုက်သော ဝါးရာဇွပ်ကျေးရွာ အစုအဖွဲ့ပိုင်သစ်တော



ဓါတ်ပုံ - KESAN

# အပိုင်း (၂.၂) မြေယာအရင်းအမြစ်များ

## (၁) မြေယာ ဘာကြောင့်အရေးကြီးသနည်း

မြန်မာနိုင်ငံတွင် မတူညီကွဲပြားသော မြေယာအမျိုးအစားအမျိုးမျိုးရှိပြီး သဘာဝဇီဝမျိုးစုံမျိုးကွဲများစွာရှိသည်။ နိုင်ငံလူဦးရေ အစိတ်အပိုင်းအများစု၏ အသက်မွေးမှုပိုင်းဆိုင်ရာများအတွက် အဓိကကျသော အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အစိုးရ၏မူဝါဒအကူးအပြောင်းနှင့် သဘာဝအရင်းအမြစ်များအပေါ် အလွဲသုံးစားပြုမှုများ တိုးတက်လာခြင်းနှင့်အတူ ပြည်သူလူထုများစွာအတွက် မြေယာပိုင်ဆိုင်မှုနှင့် အုပ်ချုပ်စီမံမှုကိစ္စရပ်များတွင် မြေယာသည် အရေးကြီးသောအခန်းကဏ္ဍမှ ပိုပို၍ ပါဝင်ပတ်သက်လာနေသည်။

မြန်မာနိုင်ငံတွင် မြင်သာသော အရင်းအမြစ်တစ်ခုအဖြစ် မြေယာကို အဓိက အသုံးပြုသည့်နေရာမှာ စိုက်ပျိုးရေးကဏ္ဍတွင် ဖြစ်သည်။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် တစ်ချိန်က "အာရှ၏ စပါးကျီ" အဖြစ် နိုင်ငံဂုဏ်ဆောင်ပေးနိုင်ခဲ့ပြီး လက်ရှိတွင်လည်း နိုင်ငံ၏ စီးပွားရေးကို ဦးဆောင်သည့်ကဏ္ဍတွင် ဆက်လက်ရပ်တည်ပေးကာ ပြည်တွင်းထုတ်ကုန်တန်ဖိုးစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပေးနေသည်။ အထောက်အထားမျိုးစုံ၏ ကိန်းဂဏန်းများအရ နိုင်ငံလူဦးရေ၏ ၆၆ ရာခိုင်နှုန်းသည် လက်ရှိတွင် စိုက်ပျိုးရေးနှင့် အခြား စိုက်ပျိုးရေးနှင့်စပ်ဆိုင်သော လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေ

ကြပြီး တိုင်းရင်းသားများ၏ ပြည်နယ်များမှ အများဆုံးဖြစ်သည်။ လယ်သမားဦးရေအများစုမှာ လယ်ယာမြေအနည်းငယ်ကို ပိုင်ဆိုင်သူများဖြစ်ပြီး တစ်ဝက်ကျော်အရေအတွက်မှာလည်း မိမိတို့၏ စားဝတ်နေရေးအတွက် အဆင့်ပြေစေသည့်အဆင့်တွင်ရှိနေပြီး ပိုင်ဆိုင်မှုနှင့် စိုက်ပျိုးနိုင်သော မြေယာများအပေါ်တွင် ရှင်သန်နိုင်ရန် အသုံးပြုနေသူများဖြစ်ကြသည်။[43] နိုင်ငံတကာ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (FAO) ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံသည် မြို့ပြဖဟိုပြုမှုဘက်သို့ လားနေသော်လည်း စားနပ်ရိက္ခာဖူလုံရန် စိုက်ပျိုးရေးအပေါ် မှီခိုနေရသူဦးရေမှာ လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကထက် နှစ်ဆပိုမိုများပြားလာသည်ဟု ထောက်ပြထားသည်။ ထို့ကြောင့် နိုင်ငံသားများအတွက် မြေယာပိုင်ဆိုင်မှုနှင့် မြေယာကိုရယူ အသုံးပြုနိုင်မှုကိစ္စရပ်တွင် အရေးကြီးနေသည်မှာ အထင်းသားပေါ်လွင်နေသည်။[44]

မြန်မာနိုင်ငံတွင် မြေယာကိစ္စသည် မြင်သာသော အရင်းအမြစ်ကိစ္စတစ်ခုသာမဟုတ် နိုင်ငံရေးကိစ္စတစ်ခုလည်း ဖြစ်သည်။ သမိုင်းကို လေ့လာရာတွင် မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သော ရာစုနှစ်၏ ထက်ဝက်ကျော်အချိန်ကာလများကို ရှည်လျားပြီး ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းစစ်သံသရာထဲတွင်သာချောင်ပိတ်မိနေသည်။ ဖြစ်ပွားနေရသော ပဋိပက္ခများသည် တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှခြင်းနှင့် နိုင်ငံသားအခွင့်အရေးများအတွက် တောင်းဆိုခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်များနှင့် ၎င်းတို့၏ တော်လှန်ရေးအစိုးရများမှာ မိမိလူမျိုး၊ သဘာဝအရင်းအမြစ်များနှင့်မိမိတို့ဇာတိမြေများကို ဖက်ဒရယ်စနစ်အောက်တွင် အုပ်ချုပ်ခွင့်ရရန် တောင်းဆိုတိုက်ပွဲဝင်နေခြင်းကြောင့်ဖြစ်သည်။

ကျေးလက်နေပြည်သူများနှင့် ရိုးရာအရ မြေယာကို အသုံးပြုသူများအတွက် မြေယာသည် ရောင်းကုန်ပစ္စည်းတစ်ခု (သို့) အသက်မွေးဝမ်းကျောင်းမှုဖြစ်သည်ထက် ပိုမိုသော အဓိပ္ပါယ်ရှိသည်ဟု နားလည်သဘောပေါက်နိုင်သည်။ ဘိုးဘေးများထားခဲ့သော ဘိုးဘွားပိုင်မြေယာများသည် ရပ်ရွာလူ့အဖွဲ့အစည်းနှင့် ၎င်း၏ ဖွဲ့စည်းပုံများ ရေးဆွဲတည်ဆောက်ရန် အခြေခံအုတ်မြစ်၊ ယုံကြည်ကိုးကွယ်မှုစနစ်များကို ထိန်းသိမ်းရာနေရာနှင့် ကျင့်သုံးရာ နေရာတစ်ခုလည်းဖြစ်သည်။ မြေကြီးသည် ဘိုးဘေးနှင့် နတ်သမီးတို့၏ အိမ်ယာများဖြစ်ပြီး ရိုးရာကျင့်သုံးမှုများစွာသည်လည်း မြေယာပေါ်တွင်သာ အခြေတည်သောကြောင့် မြေယာမပါဘဲ ကျင့်သုံးဖော်ပြရန် ခက်ခဲသည်။ အကျိုးဆက်အနေဖြင့် ၎င်းမြေယာများမှ ရွှေ့ပြောင်းသွားရခြင်း (သို့) ဘိုးဘွားပိုင်မြေများ ပျက်စီးခြင်းကိစ္စသည် ရပ်ရွာလူ့အဖွဲ့အစည်းများအတွက် သိသာထင်ရှားသော ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ ၎င်းတို့၏ အခွင့်အရေးဖြစ်သည့် အဆိုပါ မြေယာများကို မိမိတို့၏ ရိုးရာစနစ်များအားဖြင့် အုပ်ချုပ်စီမံနိုင်ခွင့် အခွင့်အရေးမှာ မရှိမဖြစ် လိုအပ်သော အရာဖြစ်လာသည်။

မြန်မာနိုင်ငံသည် မြေယာကို ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးတစ်ခုအဖြစ် ရှုမြင်လက်ခံမှုအပေါ်တွင် မြဲမြဲစွာ ဆက်လက်ခံယူထားသည်ကိုတွေ့ရသည်။ မြေယာအခြေပြု အသေးစားရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများဆိုင်ရာအတွေးအမြင်များကို ထားခဲ့ပြီးသည်မှာ ရာစုနှစ်တစ်ခုကျော်ခဲ့ပြီ။ သို့သော်လည်း မြန်မာစစ်တပ်၏ ညွှန်ကြားချက်တစ်ခုဖြစ်သော ခြေလျင်စစ်သားများကို ရိက္ခာပံ့ပိုးမှု ဖြတ် တောက်ခြင်းနှင့် တပ်မတော်အား ကိုယ့်ကိုယ်ကို ဖူလုံစွာ ရပ်တည်ရန် အားပေးခြင်းတို့မှာ ပျက်စီးယိုယွင်းလာနေသောစီးပွားရေးအခြေအနေကို ထောက်ပံ့ရန်အတွက် မြေယာကိုအသုံးပြုရခြင်းများ စတင်ဖြစ်ပေါ်လာပြီး ၁၉၉၀ ဝန်းကျင်မှစတင်၍ တပ်မတော်မှမြေယာသိမ်းဆည်းမှုများ စတင်ဖြစ်ပေါ်လာစေရန် တိုက်တွန်းသည့်အရာများဖြစ်လာခဲ့သည်။

မြေယာကို ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အရေးတစ်ခုအဖြစ် မြင်သောအမြင်များ ပို၍ ခိုင်မာလာခဲ့ခြင်းမှာ (၁) စိုက်ပျိုးရေး အခြေပြု စီးပွားရေးအတွက် ကြီးမားသော မြေယာလုပ်ပိုင်ခွင့်များ၊ စက်မှုလုပ်ငန်းများနှင့် အထူးစီးပွားရေးဇုံများ၊ စွမ်းအင်ဆိုင်ရာ စီမံကိန်းများ၊ သစ်ထုတ်လုပ်ခြင်း များနှင့် အခြားလုပ်ငန်းစဉ်များကို ပံ့ပိုးသည့် ၂၀၁၂ တွင် သတ်မှတ်ပြဌာန်းသော ဥပဒေများ၊ (၂) အပစ်အခတ် ရပ်စဲခြင်းအစီအစဉ်များကြောင့် ပွင့်လင်းလာသည့် အခြေအနေအပေါ်တွင် ဗဟိုအစိုးရ ၏ လက်တံများ တိုင်းရင်းသားပြည်နယ်ဒေသများကို ရောက်ရှိသက်ရောက်လာခြင်းတို့ကြောင့် ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမို၍ တွန်းအားပေးလာပြီး စီးပွားရေး ပိတ်ဆို့မှုများ ဖျက်သိမ်းပေးခြင်းများသည်လည်း စက်မှုလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ နှင့် အကြီးစားစိုက်ပျိုးရေး စီမံကိန်းများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးပွားစီးဆင်လာ စေခြင်းများကို အားပေးသည့် အချက်သည်လည်း အပါအဝင် ဖြစ်ခဲ့သည်။

## (၂) ဗဟိုမှထိန်းချုပ်ထားသော မြေယာပိုင်ဆိုင်မှုနှင့် စီမံအုပ်ချုပ်မှု

## (က) ဥပဒေပြုခြင်း

တပ်မတော်မှ ဦးစီးရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် (၃၇-က) အရ မြန်မာနိုင်ငံရှိ မြေအားလုံးကို နိုင်ငံတော်မှ ပိုင်သည်ဟု ပြဌာန်းဖော်ပြထားသည်။ မတူညီသော လုပ်ငန်း ဆောင်ရွက်မှုများအတွက် မြေယာငှားရမ်းမှုများနှင့် ဆယ်စုနှစ် အနည်းငယ် နှစ်ရှည်ငှားရမ်းပြီး မျိုးဆက်သစ်အချို့အတွက် မြေယာအသုံးပြုများအတွက် ပြည်ထောင်စုအစိုးရထံတွင် မြေယာငှားရမ်း အသုံးပြုခွင့် ရရှိနိုင်သည့်အခွင့်အလမ်း ဖြစ်နိုင်ချေရှိသော်လည်း လက်ရှိဥပဒေအရ မြန်မာနိုင်ငံတွင် အစိုးရမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ မြေယာပိုင်ဆိုင်မှုအစစ်အမှန်မရရှိနိုင်ချေ။ မြေယာ အုပ်ချုပ်စီမံမှုတွင် ပြည်ထောင်စုအစိုးရသည်သာလျှင် အဓိကနှင့် အမြင့်ဆုံး အာဏာတည်ရာဖြစ်ပြီး ယင်းယန္တရားအတိုင်း လည်ပတ်နေသည့် ၂၀၀၈ ခုနှစ်ကတည်းက အတည်ပြုပြဌာန်းခဲ့သော ဥပဒေများအားလုံးသည် အထက်ပါ အဓိက အနှစ်သာရများအပေါ်တွင် တည်ရှိနေဆဲဖြစ်သည်။

လက်ရှိတွင် ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှု၊ မြေယာထိန်းချုပ်ကွပ်ကဲမှုနှင့် သက်ဆိုင်သော မတူကွဲပြား သည့် ဥပဒေ (၇၃) ခု ရှိနေသည်။ အများစုမှာ မတူညီသောအုပ်ချုပ်မှုများတွင် စိတ်ဝင်စားရာအလိုက် အစပြုမိတ်ဆက်အတည်ပြုခြင်းခံရပြီး ဥပဒေတစ်မျိုးနှင့်တစ်မျိုးအကြား စနစ်တကျ စုပေါင်းဖွဲ့စည်း ထားခြင်းမရှိသည်ကိုလည်း တွေ့ရသည်။[45]

ဥပဒေ (၇၃) ခုအနက် ခြောက်ခုမှာ ခေတ်ပြိုင် မြေယာပိုင်ဆိုင်မှု၊ အုပ်ချုပ်စီမံမှုနှင့် မြေယာသိမ်းဆည်းမှုစသည်တို့တွင် သိသာမြင်သာသော အခန်းကဏ္ဍမှ ပါဝင်ဆက်စပ်နေသည်။ ၎င်းတို့မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လယ်ယာမြေဥပဒေ (၂၀၁၂) မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)၊ အထူးစီးပွားရေးဇုံဥပဒေ (၂၀၁၄)၊ မြန်မာရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)၊ မြေသိမ်းအက်ဥပဒေ (၁၈၉၄) တို့ ဖြစ်သည်။ လက်ရှိ အမျိုးသားမြေယာအသုံးချမှု မူဝါဒ (၂၀၁၆) သည်လည်း အနာဂတ်မြေယာအုပ်ချုပ်စီမံမှုဦးတည်ရာလမ်းကြောင်းတွင် သိသိသာသာ သက်ရောက်မှုရှိနိုင်သည်။ ၂၀၁၂ ခုနှစ်တွင် အပြိုင်ပြဌာန်းအတည်ပြုခဲ့သောမြေယာဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေတို့မှာ ယေဘုယျအားဖြင့် မြေယာနေရာချထားမှု များတွင် ကြိုးပမ်းသော မြန်မာအစိုးရ၏ အုတ်မြစ်များအဖြစ် မြင်နိုင်ပါသည်။

*လယ်ယာမြေဥပဒေ (၂၀၁၂)*

လယ်ယာမြေဥပဒေအရ လယ်သမားများ (သို့) စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ဆက်စပ်ပါဝင်သူများအဖြစ် အစိုးရမှ အသိအမှတ်ပြုခံထားရသူများအား လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် အရပ်စကားအခေါ် ပုံစံ (၇) အား ၎င်းတို့နှင့်သက်ဆိုင်သော ဒေသရှိလယ်ယာမြေစီမံခန့်ခွဲ ရေးကော်မတီတွင် လျှောက်ထားခွင့် ပေးထားသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်အရမှတ်ပုံ တင်ထားသော မြေပေါ်တွင် စိုက်ပျိုးခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်း နှင့်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ထားသော ကြိုတင်သဘောတူညီချက် များနှင့် ကိုက်ညီသော မြေယာများကို လက်ဆောင်အဖြစ် ပေးအပ်ခြင်းများဆိုင်ရာ လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည်။[46] လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကိုင်ဆောင်သူသည် ခွင့်ပြုချက်မရှိဘဲ လယ်ယာ မြေပေါ်တွင် အဆောက်အဦးဆောက်လုပ်ခြင်း၊ စိုက်ပျိုးထွန်ယက်ခြင်းအပြင် အခြားသောနည်း လမ်းဖြင့် အသုံးပြုခြင်း၊ စိုက်ပျိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ အကြောင်းပြချက်မခိုင်လုံဘဲ လယ်ယာမြေများကို လုပ်ထားခြင်းအပါအဝင် အထက်ပါအချက်တစ်ခုခုကို ချိုးဖောက်လျှင်မြို့နယ် လယ်/စီအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို ရုတ်သိမ်းခြင်းနှင့် အဆိုပါ မြေပေါ်မှ စိုက်ပျိုးသူကို နှင်ထုတ်ခြင်းတို့ကို လုပ်ဆောင်နိုင်သည်။[47] လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကိုင်ဆော င်ထားသူသည် ယင်းမြေယာကို ထိန်းချုပ်စီမံ နိုင်သည့် အခြေအနေရှိသော်လည်း ဘိုးဘွားပိုင်အဖြစ် သတ်မှတ်ခံရခြင်း မရှိနိုင်ချေ။[48] သို့သော် ဗဟိုအစိုးရမှ ချမှတ်ထားသောလုပ်ပိုင်ခွင့် သက်တမ်းနှင့် စည်းမျဉ်းစည်းကမ်းများအပေါ်တွင် အခြေခံပြီးအကန့်အသတ်ဖြင့်သာရှိသော လုပ်ပိုင်ခွင့်တစ်ရပ် ကို အသိအမှတ်ပြုခံရနိုင်သည်။ ဆိုခဲ့ပါတင်းကြပ်သော စည်းမျဉ်းသတ်မှတ်ချက်များကို ချိုးဖောက် လျှင် (သို့) နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍မြေသိမ်းခဲ့လျှင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ကို ပြန်လည်ရုတ်သိမ်းသွားနိုင်ပါသည်။

ဓါတ်ပုံ - KESAN



*ဗဟိုအစိုးရ၏ အခြေခံအဆောက်အအုံစီမံကိန်းများကြောင့် တောင်သူလယ်သမားများ၏ မြေယာပျက်စီးဆုံးရှုံးရသည်။ အာရှဟိုင်းဝေး လမ်းမကြီးသည် လက်ရှိ လမ်းမကြီး၏ ဘေးနှစ်ဖက်စလုံးသို့ ၃၅ မီတာ ချဲ့ကာ ဖောက်လုပ်မည်ဟု ဆိုသည်။*

မြေယာမှတ်ပုံတင်ခြင်းများအတွက် အထူးသဖြင့် ရည်ရွယ်ပြီး လယ်ယာမြေဥပဒေနှင့် အပြိုင် ဗဟိုအစိုးရ၏ ကိုယ်စားလှယ်များကို အာဏာနှင့် လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေသည့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းကာ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကျေးအဆင့်တွင် လည်ပတ်စေသည်။ ယင်း မြေ/စီ ကော်မတီတွင်လည်း စစ်တပ်မှ ခန့်အပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာနမှ အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်ပြန်သည်။ ကြေးတိုင်းနှင့် မြေစာရင်းဌာနနှင့် ဇာတ်တိုက်ကြပြီး လျှောက်ထားလာသော လျှောက်လွှာများကို လယ်ယာမြေလုပ်ပိုင်ခွင့် ပေးသင့် မသင့် စဉ်းစားဆုံးဖြတ်ကြသည်။ မြေ/စီ ကော်မတီအနေဖြင့် မြေယာနှင့်ပတ်သက်သော အရှုပ်အရှင်း ပြဿနာများကိုလည်း ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသည်။ ယင်းသို့ သတ်မှတ်ဖွဲ့စည်းထားမှုသည် မြေယာလုပ်ပိုင်ခွင့်ချပေးခြင်း၊ မြေသိမ်းခြင်း၊ ဥပဒေစည်းမျဉ်းထုတ်ပြန်ခြင်း၊ အငြင်းပွားခြင်းများနှင့် ဆက်စပ်သော အနီးစပ်ဆုံးစက်ဝိုင်းတစ်ခုကို ဖန်တီးထားသကဲ့သို့ ဖြစ်နေသည်။ အထက်ပါကိစ္စလေးရပ်အတွက် ကော်မတီတစ်ခုတည်းကသာ ကိုင်တွယ်ဖြေရှင်းနေပြီး သတိလက်လွတ်မဖြစ်ရန် (သို့) ပွင့်လင်းမြင်သာမှုအတွက် အနည်းငယ်သာ ထည့်သွင်းစဉ်းစားထားသည်။ ဖြေရှင်းသည့်ဖြစ်စဉ်ကို အားနည်းစေနိုင်သည့် ဖြစ်နိုင်ချေများလည်းရှိသည်။ လယ်/စီ ကော်မတီထဲတွင် အမျိုးသမီးကိုယ်စားလှယ်များကို မတွေ့ရလောက်အောင် အလွန်ရှားပါးစွာ တွေ့ရသည်။

*မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (VFV law)*

ဤဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ အကျယ်အဝန်းအားဖြင့် ကြီးမားပြီး အသုံးမပြုထားသည့်မြေများကို သတ်မှတ်ဖော်ထုတ်ပြီး ပြည်တွင်းနှင့် ပြည်ပမှ အကြီးစားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဝင်ရောက်လာလျှင် အဆင်သင့်ဖြစ်စေရန် ဖြစ်သည်။ ယခုဥပဒေအရ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် မြေအားလုံး မြေလွတ်၊ မြေလပ်များအဖြစ် သတ်မှတ်ထားသည်။ မြေလွတ်



ဓါတ်ပုံ - KESAN

*မြေယာသိမ်းဆည်းမှုကြောင့် နိုင်ငံအဝှမ်း ဆုံးရှုံးနစ်နာမှုများ ကြုံနေသည်။ ရွာသားနှင့် မြေသိမ်းသူအငြင်းပွားနေပုံ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်*

မြေလပ်မြေရိုင်းများကို ဧက ၅၀၀၀၀ ပမာဏအထိ နှစ် (၃၀) မြေငှားချကာ လုပ်ပိုင်ခွင့်ပေးထားသည်။ အဆိုပြုထားသော စီမံကိန်းများကို ပထမလေးနှစ်အတွင်း စတင်လုပ်ဆောင်ရမည်ဟူသော သတ်မှတ်ချက်များအပါအဝင် မြေငှားချထားခြင်းနှင့်ပတ်သက်သော ကန့်သတ်ချက်အချို့ရှိသည် ဆိုသော်လည်း လက်တွေ့တွင် အဆိုပါ စည်းကမ်းသတ်မှတ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအတိုင်း ကျင့်သုံး လုပ်ဆောင်ခြင်းမျိုး ရှားပါးလှပါသည်။

ဗဟိုမြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ သတ်မှတ်ဖော်ထုတ်ခြင်းနှင့် နေရပ်ချပေးခြင်း၊ အကောင်အထည်ဖော်မှုဖြစ်စဉ် တလျှောက် ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဗဟိုမှနေ၍ စီရင်ဆုံးဖြတ်ခြင်းစသည့် တာဝန်ဝတ္တရားများရှိသည်။ ဗဟိုမြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဝင် ဦးရေမှာ (၁၈) ဦးရှိပြီး ဗဟိုအစိုးရဝန်ကြီးဌာန (၉) ခုမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ အများစုမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လက်အောက်ရှိ ဦးစီးဌာနများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနများမှ ဖြစ်သည်။[49] ဗဟိုမြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီသည် လယ်/စီ ကော်မတီကဲ့သို့ မဟုတ်ဘဲ မြေယာလုပ်ပိုင်ခွင့်ချပေးခြင်း၊ သိမ်းဆည်းခြင်း၊ ဥပဒေစည်းမျဉ်းသတ်မှတ်ခြင်းနှင့် အငြင်းပွားမှုများကို ဗဟိုကော်မတီမှ ကိုင်တွယ်ဖြေရှင်းသည်။ ဒေသအဆင့် အုပ်ချုပ်ရေးဆိုင်ရာများ (သို့) ရပ်ရွာပြည်သူလူထုကိုယ်စားလှယ်များကို အခွင့်အာဏာများခွဲဝေထားခြင်းမရှိသည်ကို တွေ့ရသည်။ ဗဟိုမြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီသည် မြေ/စီ ကော်မတီကဲ့သို့ပင် ပွင့်လင်းမြင်သာမှုမရှိသည်ကို တွေ့ရသည့်အပြင် မြေယာလုပ်ပိုင်ခွင့်ချပေးခြင်း၊ သိမ်းဆည်းခြင်း၊ ဥပဒေစည်းမျဉ်းများသတ်မှတ်ခြင်းနှင့် အငြင်းပွားမှုများကို ဖြေရှင်းခြင်းတို့တွင် အဆုံးစွန် အာဏာရရှိထားသည့် ကော်မတီ တစ်ခုကဲ့သို့ ကျင့်သုံးနေသည့် အချက်ဖြစ်သည်။

မြေ/စီ ကော်မတီများ၊ ကြေးတိုင်နှင့် မြေစာရင်းဌာနနှင့် ဗဟိုမြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီသည် မြေယာအုပ်ချုပ်စီမံမှုနှင့် အဓိက ဆက်စပ်မှုရှိသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံ အုပ်ချုပ်မှုအောက်တွင် ရှိသည်။ ဗဟိုမြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေတွင် ရိုးရာဓလေ့မဦးချ မြေယာလုပ်ကိုင်သူများ၏ အခွင့်အရေးကို ဖော်ပြခြင်း(သို့) အသိအမှတ်ပြုခြင်းမရှိသည်ကို တွေ့ရသည်။ ရိုးရာဓလေ့မဦးချ ကျင့်သုံးမှုများ အတိုင်း လိုက်လျှောက်ကာ လုပ်ကိုင်စားသောက်နေသူများအတွက် မိမိတို့၏ ဘိုးဘွားပိုင်မြေယာများနှင့်ပတ်သက်သော မြေယာ အသုံးပြုမှုနှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး မရှိကြောင်း တွေ့ရသည်။

*အထူးစီးပွားရေးဇုံ ဥပဒေ (SEZ law)*

အထက်ဖော်ပြပါ လမ်းစဉ်များအတိုင်း အထူးစီးပွားရေးဇုံများအတွက် မြေယာများကို စီမံခန့်ခွဲခြင်းနောက်ကွယ်ရှိ လုပ်ထုံး လုပ်နည်းများကိုလည်း အထူးစီးပွားရေးဇုံဥပဒေမှ ထိန်းကျောင်းထားသည်။ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုံများကို ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်၊ ကုန်သွယ်ခွန် ကင်းလွတ်ခွင့်၊ ပြည်သူပိုင်သိမ်းခြင်းမှ ကင်းလွတ်ခွင့် စသည့် အကျိုးခံစားခွင့်များနှင့်အတူ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို မြှင့်တင်ဆောင်ရွက်လိုမှုများအတွက် လျာထား ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အထူးစီးပွားရေးဇုံဥပဒေအရ

အခရာကျသူများမှာ ဗဟို (ပြည်ထောင်စု) အစိုးရ၊ နိုင်ငံခြားစီးပွားရေးသမားများနှင့် ရင်းနှီးမတည်ငွေထောက်ပံ့ပေးသည့်အဖွဲ့အစည်းများဖြင့် စုပေါင်းဖွဲ့စည်းထားလေ့ရှိသော အကောင်အထည်ဖော်သူများသာဖြစ်ပြီး တားမြစ်သည့်ဖြစ်စဉ်များကို တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်ခြင်းနှင့် လျော်ကြေးပေးဆောင်ခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းရသည်။ အထူးစီးပွားရေးဇုံများ သတ်မှတ်ဖော်ထုတ်ခြင်းနှင့် တည်တံ့ထိန်းသိမ်းခြင်းကိစ္စရပ်များသည် ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အောက်တွင်ရှိပြီး သက်ဆိုင်ရာအလိုက် ဗဟိုကော်မတီ၊ ဗဟိုလုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာ အထူးစီးပွားရေးဇုံအလိုက် တိကျစွာ သတ်မှတ်ဖွဲ့စည်းထားသော စီမံခန့်ခွဲမှုကော်မတီများက အကောင်အထည်ဖော်ဆောင်ရွက်သည်။ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် သင့်တော်ရာ စီမံခန့်ခွဲမှုကော်မတီထံသို့ မြေငှားလုပ်ပိုင်ခွင့်များ လျှောက်ထားနိုင်ပြီး အထူးစီးပွားရေးဇုံထူထောင်ရန်အတွက် နှစ်ပေါင်း (၇၅) နှစ်ထိတိုင်အောင် ချထားပေးနိုင်သည်။ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် အဆိုပါ အထူးစီးပွားရေးဇုံ မြေယာများကို ရင်းနှီးမြှုပ်နှံလိုသူများထံသို့ ထပ်ဆင့်အငှားချနိုင်သည်။ အထူးစီးပွားရေးဇုံများအတွက် မြေယာသိမ်းဆည်းခြင်းလုပ်ငန်းစဉ်များကို တပ်မတော်မှ ထိန်းချုပ်ထားသော ဝန်ကြီးဌာနတစ်ခုဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်အာဏာဖြင့် အကောင်အထည်ဖော်သည်။ ထို့အတွက်ကြောင့် တရားဝင် မြေယာနှင့် အရင်းအမြစ်များကို သိမ်းဆည်းပိုင်ခွင့်အာဏာကို စစ်တပ်လက်ထဲသို့ လုံးလုံးအပ်လိုက်သည့် သဘောပင် ဖြစ်ပါသည်။

*မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL)*

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့် (သို့) အတည်ပြုထောက်ခံချက်ကို အတည်ပြုလိုက်သည်နှင့်တစ်ပြိုင်နက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဗဟိုအစိုးရနှင့် နိုင်ငံသားများ ပိုင်ဆိုင်သော (သို့) စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေယာ (သို့) အဆောက်အဦးများကို နှစ်ရှည်ငှားရမ်းခွင့်ရှိသည်။[50] ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကနဦး နှစ် (၅၀) အထိ သတ်မှတ်ချက်နှင့် အညီငှားရမ်းလုပ်ပိုင်ခွင့်ရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်ဦးတည်းလုပ်ပိုင်ခွင့်အာဏာဖြင့် (၁၀) နှစ်စီ သက်တမ်းရှိသောကာလနှစ်ခုကို ဆက်လက်ငှားရမ်းလုပ်ကိုင်ပိုင်ခွင့်ရှိနိုင်သည်။[51] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုခွင့်ပြုချက်ဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီး သွားလာရေးခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအား လုပ်ပိုင်ခွင့်များ ချထားပေးနိုင်သည်။[52] ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို အချို့သော ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အရေးပေးထားသည်။ MIC မှ သတ်မှတ်ထားသော ဇုံ (၁) ဖွံ့ဖြိုးမှုနည်းပါးသောဒေသများတွင် (၇) နှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။[53] အဆိုပါ လက္ခဏာ နှစ်ရပ်စလုံးမှာ မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ လုံခြုံမှုအားနည်းသော တိုင်းရင်းသားဒေသများရှိ မြေယာပိုင်ဆိုင်သူများအတွက် သိသာထင်ရှားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၆၅ (က) နှင့် ၄၁ (င) အရ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုတို့ကို လေးစားလိုက်နာရန် တာဝန်ရှိပြီး[54] မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုလည်း တားမြစ်ထားသည်။[55] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒကြေညာစာတမ်းတွင် ပေးထားသည့် ကတိစကား ဖြစ်သော "ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအလေ့အကျင့်များ ပပျောက်စေရမည်" ဟု ကြွေးကြော်ခဲ့မှုသည်[56] ရပ်ရွာဒေသခံများ၏ ရိုးရာဓလေ့ထုံးစံအရ အရင်းအမြစ်စီမံခန့်ခွဲမှုကို

ကာကွယ်ခြင်းအတွက် လိုအပ်သည့်အာမခံချက်ကိုလည်း ပေးမထားသည်ကို တွေ့ရသည်။ နိုင်ငံတော်ပိုင်အဖြစ် မြေယာသိမ်းယူခြင်း၊ လျော်ကြေးပေးခြင်းနှင့် အယူခံဝင်ခြင်းများနှင့်သက်ဆိုင်သော ဖြစ်စဉ်များ အားလုံးသည် ၁၈၉၄ မြေသိမ်းအက်ဥပဒေနှင့်အညီ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြသည်။

*မြေသိမ်းအက်ဥပဒေ (LAA)*

မြေယာနှင့်သက်ဆိုင်သော ဥပဒေများသည် ဗြိတိသျှကိုလိုနီအစိုးရလက်ထက်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၈၉၄ မြေသိမ်းအက်ဥပဒေ၏ လွှမ်းမိုးမှု (သို့) ပံ့ပိုးထောက်ပံ့ပေးမှုအစိတ်အပိုင်းများစွာ ပါဝင်သည်။ မြေသိမ်းအက်ဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် စစ်တပ်အပါအဝင် ဆက်စပ်သက်ဆိုင်သော ဌာနများကို၊ "အများပြည်သူအကျိုးတစ်ရပ်ရပ်အတွက်" မြေသိမ်းခွင့်ပြုထားသည်။[57] ၎င်းသည် အများပြည်သူအတွက် အသုံးဝင်သယောင်ဖြစ်သည့်တည်ဆောက်ရေးလုပ်ငန်းများကိုလုပ်ဆောင်သည့် ကုမ္ပဏီများ၏အကျိုးအမြတ်အတွက် မြေယာများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူပေးရန် အစိုးရအား တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်အာဏာကိုလုံးလုံးလျားလျားခွင့်ပြုထားခြင်းလည်း ဖြစ်သည်။ မြေသိမ်းအက်အရ မြေသိမ်းရန်အတွက် ခွင့်ပြုမိန့်ရသည်နှင့်တစ်ပြိုင်နက် ထိခိုက်ခံရမည့် ဒေသခံရပ်ရွာများကို အသိပေးရမည်ဖြစ်ပြီး ရက်ပေါင်း (၁၅) ရက်အတွင်း ကန့်ကွက်ခြင်း (သို့) သိမ်းဆည်းခံရသည့်မြေယာများအတွက် ထိုက်တန်သည့် နစ်နာလျော်ကြေးငွေများ တောင်းယူခြင်းများ ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ကနဦးစုံစမ်းလေ့လာခြင်း၊ မြေမသိမ်းခင်တွင် မြေသိမ်းဆည်းခြင်းကြောင့် တစ်ဦးချင်း (သို့) ရပ်ရွာများအားထိခိုက်သက်ရောက်နိုင်ချေများကို ကြိုတင်အစီရင်ခံခြင်း၊ ရပ်ရွာဒေသခံများအတွက် ကန့်ကွက်ခွင့် (သို့) မြေသိမ်းမှုအတွက် အသနားခံခွင့်များကို စီမံထားပေးခြင်း စသည်တို့ကို လုပ်ဆောင်ရန် လိုအပ်သည့်အဆင့်များကို အသေးစိတ် ပြဋ္ဌာန်းရေးဆွဲထားသည်။ ဤကဲ့သို့ မြန်မာနိုင်ငံတွင် မြေယာနှင့်ဆက်စပ်သောလူ့အခွင့်အရေးချိုးဖောက်မှုဖြစ်နိုင်ချေများကို လျော့ချလိုသည့် ရည်ရွယ်ချက်ဖြင့် တိုင်းတည်ရေးဆွဲခဲ့သော်လည်း လက်တွေ့တွင် အမှန်တကယ် လိုက်နာဆောင်ရွက်မှု နည်းပါးခဲ့သည်။ (သို့) တစ်ဦးတစ်ယောက် (သို့) ရပ်ရွာများကို ထိခိုက်စေမှုများနှင့်ပတ်သက်၍ မှန်ကန်သင့်လျော်မှုမရှိသော နည်းလမ်းများဖြင့် အကောင်အထည်ဖော်ခဲ့ကြသည်။[58]

*အမျိုးသားမြေယာအသုံးချမှု မူဝါဒ (NLUP)*

မကြာသေးခင်က အတည်ပြုပြဋ္ဌာန်းလိုက်သော အမျိုးသားမြေယာအသုံးချမှု မူဝါဒတွင် ဒီမိုကရေစီကျသော ဗဟို မြေယာစီမံအုပ်ချုပ်မှုများ၏ အနာဂတ်အတွက် မျှော်လင့်ချက်အချို့ကို ထည့်သွင်းရေးဆွဲပေးထားသည်။ ယင်းမူဝါဒအရ အသေးစား မြေပိုင်ဆိုင်မှုဆိုင်ရာ လုပ်ပိုင်ခွင့်လုံခြုံအတွက် ပိုမိုနိုင်မာသော ကာကွယ်ပေးမှုများ၊ ရိုးရာဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့် စီမံမှုစနစ်များကို အသိအမှတ်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်းများအတွက် အခြေခံအုတ်မြစ်များ ချထားပေးမှုများ၊ မြေယာသိမ်းဆည်းမှုများတွင် လွတ်လပ်စွာ ကြိုတင်အသိပေးကာ သဘောထားရယူခြင်းဆိုင်ရာ အခြေခံသဘောတရားများကို မိတ်ဆက်ပေးထားမှုနှင့် လျော်ကြေးပေးရာတွင် ပိုမိုရှင်းလင်းသော ချဉ်းကပ်နည်းများဖြင့် သဘောထားဆန္ဒများကို ဖိတ်ခေါ်မှုများ စသည်တို့ကို ထည့်သွင်းရေးဆွဲထားသည်။ အဆိုပါ မူဝါဒတွင် ကျိုးကြောင်းဆီလျော်သည့် မြေယာစီမံအုပ်ချုပ်မှုစနစ်များထွက်ပေါ်လာစေရန်အလို့ငှာ လက်ရှိတွင် ရှုပ်ထွေးလွန်းလှသော မြေယာမှတ်ပုံတင်ခြင်းစနစ်ကိုလည်း သဟဇာတမျှတစွာ ပေါ်ပေါက်လာစေရန် ရှာဖွေဖော်ထုတ် ပေးသည်။

ဥပဒေဖန်တီးခြင်းနှင့် မူဝါဒ အကောင်အထည်ဖော်ခြင်း ဖြစ်စဉ်များတွင် ဒီမိုကရေစီဆန်သော အဖဟို ဦးစီးဆောင်ရွက်မှုများအတွက် နေရာများကို ဖန်တီးပေးထားပြီး အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ ကိုယ်စားလှယ်များကို အမျိုးသားမြေယာ အသုံးပြုမှုကောင်စီတွင် ပါဝင်ခွင့်ပြု ထားသည်။ ဥပဒေပြုသည့်ဖြစ်စဉ်တွင် ပံ့ပိုးထောက်ပံ့ပေးသည့် လုပ်ငန်းကော်မတီများကို ဖန်တီး ပေးရန်နှင့် အမျိုးသားမြေယာအသုံးပြုမှု မူဝါဒအတိုင်း အမှန်တကယ် အကောင်အထည်ဖော်ဆောင် ရေးတွင် တာဝန်ရှိသော ပြည်နယ်နှင့်တိုင်းအဆင့် မြေယာအသုံးပြုမှု ကော်မတီများကို ဖန်တီးဖွဲ့စည်း နိုင်ရန် အမျိုးသားမြေယာအသုံးချမှုကော်မတီကို အခွင့်အာဏာ အပ်နှင်းထားသည်။ အဆိုပါ မြေယာ အသုံးပြုမှုကော်မတီများကို ပြည်နယ် (သို့) တိုင်းဝန်ကြီးချုပ်၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအစိုးရ ဌာနများမှ ဝန်ကြီးများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အမျိုးသမီးများနှင့် ရပ်မိရပ်ဖများဖြင့် ပါဝင်ဖွဲ့စည်းရမည်။ ထိုထက်မက လယ်သမားအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင် များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားအုပ်စုများ ကဲ့သို့သော မတူညီသည့် ပါဝင်ပတ်သက်သူအုပ်စုများမှ ကိုယ်စားလှယ်များပါဝင်သည့် "နည်းပညာအကြံပေးအဖွဲ့"ကို ဖွဲ့စည်းခြင်းအားဖြင့် ဘက်စုံကဏ္ဍမှ ပူးပေါင်းပါဝင်မှုကို အားပေးရန် ရည်ရွယ်၍ သတ်မှတ်ရေးဆွဲထားသည်။ လက်ရှိပြဋ္ဌာန်းထားသော ဥပဒေများတွင် ဗဟိုပြု မြေယာစီမံခန့်ခွဲမှုအတွက် အာမခံချက် ကြီးကြီးမားမား မပါဝင်နေသော်လည်း ဥပဒေဖော်ထုတ်ရာတွင် ချင့်ချိန်စဉ်းစားမှုအခြေပြုပြီး ဒီမိုကရေစီဆန်သော ချဉ်းကပ်နည်းလမ်းများအတွက်ဆွေးနွေးရာနေရာများကို ယင်းမူဝါဒမှ ဖန်တီးပေးထားသည်။ အမျိုးသမီးအခွင့်အရေးနှင့် ကျားမတန်းတူရေးဆိုင်ရာ အပြုသဘောဆောင်သည့် ဝေါဟာရအသုံးအနှုန်းကို အမျိုးသား မြေယာအသုံးပြုမှု မူဝါဒ အင်္ဂလိပ်မူတွင် တွေ့ရသော်လည်း မြန်မာဘာသာဖြင့် ရေးထားသည့်မူ တွင် မတွေ့ရချေ။

*ခွဲခြမ်းစိပ်ဖြာကြည့်ခြင်း*

လက်ရှိ ပြည်ထောင်စုအစိုးရ၏ ဥပဒေပြုရေး မူဘောင်သည် မြေယာအုပ်ချုပ်စီမံမှုနှင့်ပတ် သက်၍ ဗဟိုဦးစီးသည့်ပုံစံမဖြစ်ရေး အတွက် အခြေအနေ အနည်းအကျဉ်းသာ ပေးထားသည်။ ဘဏ္ဍာအခွန်စည်းကြပ်ခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းတွက်ချက်မှု ဖြစ်စဉ်များ နည်းတူ မြေယာ အုပ်ချုပ်စီမံမှုနှင့်သက်ဆိုင်သည့် မူဝါဒဆုံးဖြတ်ချက်ချမှတ်မှုအားလုံးမှာ ပြည်ထောင်စုအစိုးရ၏ လက်ထဲတွင်သာ လုံခြုံစွာ တည်ရှိနေသေးသည်။ လက်ရှိတည်ဆဲဥပဒေတွင် အခွန်တော်ဆိုင်ရာ နှင့် နိုင်ငံရေးဆိုင်ရာ အုပ်ချုပ်စီမံမှုများတွင် ဗဟိုမှခွဲဝေစီမံမှုများ မရှိသည်ကို သိသာစွာတွေ့ရှိပြီး အုပ် ချုပ်စီမံမှုပိုင်းဆိုင်ရာတွင်မူ အနည်းငယ်သော အတိုင်းအတာဖြင့် ဗဟိုမှထိန်းချုပ်စီမံမှု အာဏာများ လျှော့ချပေးထားသည်ကိုတွေ့ရသည်။ လယ်ယာမြေဥပဒေအရ မြေ/စီ ကော်မတီများကို တောင်သူများ မှလျှောက်ထားလာသော လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းနှင့် မြေယာအငြင်းပွားမှု များကို ရပ်ကျေးနှင့်မြို့နယ်မြေ/စီအဆင့်မှစတင်ပြီး ကနဦးစီမံခန့် ခွဲခွင့်များ ပေးထားသည်။ အထူးစီးပွားရေးဇုံဥပဒေတွင်လည်း တည်နေရာပေါ်မူတည်၍ ပြည်နယ် (သို့) တိုင်းဒေသကြီးမှ ကိုယ်စားလှယ်များ ပါဝင်သည့် စီမံခန့်ခွဲသည့်ကော်မတီအမျိုးမျိုး၏ လက်ထဲတွင် အုပ်ချုပ်စီမံခြင်း ဆိုင်ရာ တာဝန်အချို့ကို ခွဲခန့်ပေးထားသည်။[59] အဆိုပါ လယ်/စီများနှင့် စီမံခန့်ခွဲမှုကော်မတီများတွင် ဗဟိုမှခွဲဝေထားသော အာဏာ အစစ်အမှန် ရရှိထားသည်မဟုတ်သကဲ့သို့ မည်သည့် လုပ်ဆောင်ချက် များကိုမဆို အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် အထက်မှ ခွင့်ပြုမိန့် ရရှိထားရန်လိုအပ်ပြန်သည်။

လယ်/စီများတွင် အကန့်အသတ်ဖြင့်သာရှိနေသော ဗဟိုမှအာဏာခွဲဝေမှုအခြေပြု စီမံအုပ်ချုပ်ခြင်းပုံစံသည် အာရုံစိုက်ခြင်းမခံရကြောင်း ဖော်ပြရန် အကောင်းဆုံးပုံစံတစ်ခုဖြစ်နေပြီး မြေယာစီမံအုပ်ချုပ်မှုနှင့်ပတ်သက်သော အခွင့်အာဏာ အစစ်အမှန်အားလုံးမှာ ဗဟိုအစိုးရအဆင့်၏ လက်ထဲတွင်သာ အပြည့်အဝတည်ရှိနေကြောင်း ဖော်ပြခြင်းလည်း ဖြစ်သည်။

## (ခ) ကျင့်သုံးမှုများ

*မြေယာမှတ်ပုံတင်ခြင်းဖြစ်စဉ်သည် လိုအပ်ချက်ရှိသူအုပ်စုများစွာကို ချန်လှပ်ထားသည်*

လယ်ယာမြေဥပဒေသည် တိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွက် ၄င်းတို့တစ်ဦးချင်း၏ မြေယာများကို မှတ်ပုံတင်ရန် အခွင့်အရေးများပေးထားသယောင်ရှိသော်လည်း အများစုမှာ အဆိုပါအခွင့်အရေးကို လက်လှမ်းမမှီနိုင်ကြချေ။ မြေယာမှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများသည် ရှုပ်ထွေးပြီး ကုန်ကျစရိတ်လည်းရှိသည့်အပြင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိနိုင်ရန် လျှောက်ထားသူ ဘက်မှအထောက်အထားများစွာ တင်ပြပေးရသည်။ တိုင်းရင်းသားလူမျိုးစုများသည် ပြည်ထောင်စုအစိုးရမှ အတည်ပြုထုတ်ပေးထားသည့် သက်သေခံ အထောက်အထားတစ်စုံတစ်ရာကို ပိုင်ဆိုင်ထားကြသူများ မဟုတ်လေရာ မြေယာမှတ်ပုံတင်ရန်အတွက် အခွင့်အရေးမရသကဲ့သို့ ဖြစ်သွားခဲ့ရသည်။[60] ထိုသို့အားဖြင့် ၄င်းတို့၏ မြေယာများမှာ မြေလွတ်မြေလပ်များအဖြစ် သတ်မှတ်ခံရပြီး မြေယာသိမ်းဆည်းမှု အတွက် တံခါးဖွင့်ပေးသကဲ့သို့ဖြစ်သွားပါသည်။ သို့တည်းမဟုတ် မြေသိမ်းအက်ဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေပြဌာန်းရသည့် မူလရည်ရွယ်ချက်များအတိုင်း ဖြစ်သွားလေတော့သည်။

ပြည်ထောင်စုအစိုးရ၏ ခေတ်ပြိုင် ဥပဒေများသည် မိရိုးဖလာ ရိုးရာ မြေယာအသုံးပြုပုံစံများကို အသိအမှတ်မပြုခြင်းနှင့် အဆိုပါ မြေယာများ မှတ်ပုံတင်နိုင်ရေးအတွက် ဥပဒေမူဘောင်မရှိခြင်းသည်လည်း မိရိုးဖလာအတိုင်း နေထိုင်လုပ်ကိုင်ကြသည့် မြန်မာ့လူ့အဖွဲ့အစည်းအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ပင်ဖြစ်သည်။ လယ်ယာမြေဥပဒေအရ တစ်ဦးချင်းလုပ်ကိုင် စားသောက်သည့် မြေယာများကို မှတ်ပုံတင်နိုင်သော်လည်း အများပိုင် အရင်းအမြစ်များနှင့် သန့်ရှင်းမြင့်မြတ်သည့်နေရာများကို ပြည်ထောင်စုအစိုးရက စိုက်ပျိုးမြေကဲ့သို့ အသိအမှတ်မပြုဘဲ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးအဖြစ်သာ သတ်မှတ်သဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစာရင်းထဲသို့ သိသိသာသာ ဝင်ရောက်သွားတော့သည်။ အဆိုပါ ဥပဒေများ၏ အကျိုးဆက်များကို အပစ်အခတ်ရပ်ထားသည့် ဇုံများတွင် ခံစားနေရပြီဖြစ်သည်။ ထိုဒေသများတွင် နှစ်ဦးနှစ်ဖက် အပစ်ရပ်စာချုပ်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးသည့်နောက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ အပစ်ရပ်ဒေသများတွင် မြေယာလုပ်ပိုင်ခွင့်များ ချထားပေးမှု သိသာစွာ ပိုမိုတိုးပွားလာသည်ဟု အစီရင်ခံစာများအရ သိရသည်။[61]

ဗဟိုအစိုးရအနေဖြင့် မိမိကိုယ်ကို မြေယာအားလုံး၏ စီမံအုပ်ချုပ်မှုအခွင့်အာဏာ ကိန်းဝပ်ရာအဖြစ် ထင်မြင်ယူဆ နေသရွေ့တိုင်းရင်းသားတော်လှန်ရေးအစိုးရများ၏ မြေယာမူဝါဒ (သို့) မြေယာသတ်မှတ်စီမံမှုများ (အောက်တွင် ဆက်လက်ကြည့်ပါ) ကို အသိအမှတ်မပြုရာ ရောက်ပါသည်။ ထိုသို့ဖြစ်ခြင်းသည် မြေရေယာတစ်ခုတည်းတွင် လူတစ်ဦးချင်းထက်မက လုပ်ပိုင်ခွင့် ခေါင်းစဉ်အမျိုးမျိုး

ဖြင့် ပေးအပ်မိသကဲ့သို့ ဖြစ်သွားနိုင်ပြီး မြေယာလျှောက်ထားမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ပဋိပက္ခကို ဦးဆောင်ပေး သကဲ့သို့ ဖြစ်သွားနိုင် ပါသည်။

*အမျိုးသမီးများ၏ မြေယာလုပ်ကိုင် ပိုင်ဆိုင်ခွင့်များ မလုံခြုံခြင်း*

လယ်ယာမြေဥပဒေ အခန်း (၆) တွင် ပြဋ္ဌာန်းဖော်ပြချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို လူပုဂ္ဂိုလ်တစ်ဦး၏ အမည်ဖြင့်သာ လျှောက်ထားရမည့်သဘောတရားမျိုး တွေ့ရသည်။ လင်နှင့်မယား ပူးတွဲ ပိုင်ဆိုင်လုပ်ကိုင်နိုင်ကြောင်း ယူဆနိုင်သည့် သဘောတရားမျိုး ဥပဒေထဲတွင် ပြဋ္ဌာန်းမထားချေ။ စင်စစ် လျှောက်လွှာပုံစံထဲတွင်လည်း တစ်ဦးတည်းအတွက်သာ ဒီဇိုင်း ထုတ်ထားသည်ကို တွေ့ရသည်။ အတိအကျအားဖြင့် ဖော်ပြထားသည်မှာ မြေယာလုပ်ပိုင်ခွင့်လက်မှတ်ကို "အိမ်ထောင်ဦးစီး" များကိုသာ ချထားပြီး ဥပဒေအရလည်း အိမ်ထောင်စုပိုင်မြေယာများကို အမျိုးသားအိမ်ထောင်ဦးစီးများသာ လုပ်ပိုင်ခွင့်ရရှိရန် မျက်နှာသာ ပေး သကဲ့သို့ ဖြစ်နေသည်။[62]

မြေယာမှတ်ပုံတင်သည့်ဖြစ်စဉ်တွင် လယ်ယာမြေဥပဒေအရ အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးကို စီမံထားခြင်းမရှိချေ။ အရောင်းအဝယ်စာချုပ်ကဲ့သို့သော မြေယာလုပ်ငန်းစာရွက်စာတမ်းများတွင် ဇနီးသည်၏ ထိုးမြဲလက်မှတ်ကို ထည့်သွင်းတောင်းခံထားခြင်းမရှိသကဲ့သို့ လင်မယားပိုင် လုပ်ငန်းများအဖြစ်သတ်မှတ်ကာ ဇနီးသည်၏ အတည်ပြုထောက်ခံချက်ကို တရားဝင် မှတ်တမ်းပြုစုသည့် လုပ်ထုံးလုပ်နည်းလည်းမရှိချေ။ အိမ်ထောင်ရှိ အမျိုးသမီးတစ်ဦးသည် ခင်ပွန်းသည်အမည်ဖြင့်ရှိနေသော အိမ်ခြံမြေကို မိမိအမည်ဖြင့် မှတ်ပုံတင်လိုလျှင်လည်းကောင်း၊ အဆိုပါ အိမ်ခြံမြေအားရောင်းလိုသည့်အခါတွင်သော်လည်းကောင်း အိမ်ထောင်ရှိအမျိုးသမီးများ၏ ပိုင်ဆိုင်ခွင့်အခွင့်အရေးကို တိတိကျကျကာကွယ်ပေးထားခြင်း မရှိသည်ကို တွေ့ရသည်။

ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ အက်ဥပဒေများအရ အကြင်လင်မယားသည် ပိုင်ဆိုင်မှုများကို ပူးတွဲပိုင်ဆိုင်သူများဖြစ်သည်ဟု ထင်မြင်ကြသော်လည်း ပူးတွဲပိုင်ဆိုင်သည့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲရာတွင် လင်ရောမယားပါ သဘောထားမှတ်ချက်ပေးရမည့် တရားဝင်လုပ်ထုံးလုပ်နည်းမရှိသကဲ့သို့ တရားရုံးတွင် ဇနီး/ခင်ပွန်း (အများအားဖြင့် အမျိုးသမီး) တစ်ဦးဦး၏ အခွင့်အရေးများကို အတည်ပြုပေးနိုင်သည့် အယူခံဝင်ခွင့်ရှိခြင်းမျိုးလည်း မရှိသည်ကို တွေ့ရသည်။ ဆက်လက်၍ လက်ထပ်ထိမ်းမြားခြင်း ပျက်ပြယ်သည့် အခါတွင် ပိုင်ဆိုင်မှုများကို အညီအမျှခွဲဝေယူရသည်ဟု အလိုအလျောက် မှတ်ယူသည့် အလေ့အထလည်းမရှိသည်ကိုတွေ့ရသည်။ အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများကို အကျယ်တဝင့် မှတ်ပုံမတင် ပေးခြင်းနှင့် ကာကွယ်ပေးထားခြင်းမရှိသော်လည်း အမျိုးသားများ၏ အခွင့်အရေးများမှာမူ မှတ်တမ်းတင်ခံရသည်။ အမျိုးသမီးများအနေဖြင့် လင်မယားကွာရှင်းပြတ်စဲခြင်း၊ သီးခြားနေထိုင်လိုခြင်းနှင့် မုဆိုးမဖြစ်သွားခြင်းများကြောင့် မိမိတို့၏အခွင့်အရေးများကို တရားဥပဒေအရ သေချာစေရန် ကြိုးပမ်းလုပ်ဆောင်ရာတွင် ရှည်လျားထွေပြားသော လုပ်ထုံးလုပ်နည်းများဖြင့် အဆင့်ဆင့်လျှောက်ထားလုပ်ဆောင်ရသည်။

မိရိုးဖလာ ရိုးရာစံနှုန်းများအရ မြေယာကဲ့သို့သော အရေးကြီးသည့် ဆုံးဖြတ်ချက်ချမှတ်ရန်ကိစ္စများတွင် ဇနီးသည်/ခင်ပွန်းသည်ကို တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။ သို့သော်လည်း ဈေးနှုန်းမြင့်တက်လာသော မြေယာဈေးကွက်အခင်းအကျင်းသည် မြေယာကို တန်ဖိုးထားသည့် ပုံစံအသစ်နှင့် ရှုထောင့်အသစ်များကို မိတ်ဆက်ပေးလာသည့်အခါ မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ၏ တန်းတူအခွင့်အရေးကို

ကာကွယ်ပေးနိုင်ရန် မိရိုးဖလာ ရိုးရာစံနှုန်းများအရ လုံလောက်မှု မရှိတော့သည့်အခြေအနေ ဖြစ်လာနိုင်ပါသည်။ ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒ (တိုင်းရင်းသားတို့၏ မြေယာဥပဒေ ကဏ္ဍတွင် ကြည့်ပါ) ကဲ့သို့ ဗဟိုထိန်းချုပ်မှုလျော့ချထားသော မည်သည့်မြေယာအုပ်ချုပ်စီမံခန့်ခွဲမှု စနစ်မျိုးမဆို အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ ခြိမ်းခြောက်ခံနေရမှုများကို ဦးတည် ဖြေရှင်းလုပ်ဆောင်ရမည်။

အထက်တွင် ဆိုခဲ့သည့်ကိစ္စသည် အထူး အရေးကြီးသည့်ကိစ္စဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အမျိုးသမီးများ၏ သဘာဝအရင်းအမြစ်များကို လက်လှမ်းမီစွာအသုံးပြုခွင့်၊ အတိအကျ အားဖြင့် မြေယာအရင်းအမြစ်ကို အသုံးပြုရခွင့်ကို သေချာစိတ်ချစေရေးသည် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များတွင် မရှိမဖြစ် အရေးကြီးသည်။ ကျေးလက်နေအမျိုးသမီးများ၏ မြေယာအသုံးပြုခွင့်ကို မြှင့်တင် လုပ်ဆောင်ပေးခြင်းသည် ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ခိုင်မာအား ကောင်းစေရန်အတွက် တွန်းအားမြှင့်တင်ပေးသည့် တိုက်ရိုက်နည်းလမ်းတစ်ခုအဖြစ် တွေ့ရသည်။[63] ထို့အပြင် အမျိုးသမီးများသည် ထုတ်လုပ်နိုင်သည့် စွမ်းရည်ကျွမ်းကျင်မှုများကို ထိန်းကျောင်း စီမံနိုင်သည့်အခါတွင် ကလေးများနှင့် မိသားစု၏ အလုံးစုံ လူမှုဖူလုံရေးအတွက် တိုးတက်လုပ်ဆောင် လာနိုင်ကြောင်းတွေ့ရှိရသည်။

*တိုင်တန်းချက်များကို ဖြေရှင်းရာတွင် အားနည်းချက်ရှိသည့် နည်းလမ်းများ*

ရှေ့တွင် ဆွေးနွေးခဲ့သည့်အတိုင်း မည်သည့် မြေယာအမျိုးအစားများ (သို့) မြေယာချထား မှုများနှင့် ဆက်စပ်သည့် အငြင်းပွားမှုများ (သို့) တိုင်ကြားမှုများကိုမဆို လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေအရ လယ်/စီနှင့် မြေလွတ်မြေလပ်မြေရိုင်းများစီမံ ခန့်ခွဲမှုကော်မတီတို့မှ ကိုင်တွယ်ဖြေရှင်းပေးရသည်။ အဆိုပါ တရားခွင်တွင် မြေသိမ်းသည့်ကာလ အတွင်း ပြဋ္ဌာန်းသော တရားဥပဒေများနှင့် လုံးလုံးလျားလျားဆန့်ကျင့်သည့် တိုင်ကြားမှုများကို စုံစမ်းဖော်ထုတ်ရသည့် လုပ်ပိုင်ခွင့်တစ်ခုသာ အထက်ပါ ကော်မတီများက ရရှိသည်။[64] ကော်မတီ အနေဖြင့် ၂၀၁၂ ခုနှစ်မတိုင်ခင် ဖြစ်ပွားခဲ့သော မြေယာသိမ်းဆည်းမှုများကို စုံစမ်း ဖော်ထုတ်ခွင့် (သို့) စီရင်ဆုံးဖြတ်ပိုင်ခွင့် မရရှိချေ။ မြေယာနှင့်စပ်ဆိုင်သော ဥပဒေအများစုတွင် လုပ်ကွက်ငယ်လယ်သမား များ၏ မြေယာအခွင့်အရေးအတွက် ပြင်ဆင်ရေးသားထားရှိမှု အလွန်အားနည်းသည်။ ဤပြဿနာ ကို မျက်မှောက်ခေတ် မြေယာသိမ်းဆည်းမှုအများစုသည် ထင်ရသည်ထက် ပိုမိုရှည်ကြာသော ကာလကတည်းက ရှိနှင့်ပြီးဖြစ်သည်ဟူသောအချက်က ထပ်မံရောစပ် ပေးထားလိုက်သည်။ လက်ရှိတွင် စိုက်ပျိုးရေးစီမံကိန်းများအတွက် သိမ်းဆည်းထားသည့်မြေယာများမှာ လွန်ခဲ့သော ဆယ်စုနှစ်များစွာ ကတည်းက (၂၀၁၂ မတိုင်ခင်ကတည်းက) ပြည်ထောင်စုအစိုးရ (သို့) တပ်မတော်မှ သိမ်းထားသည့်မြေယာများဖြစ်သည်။ ထို့ကြောင့် ပြည်သူများမှ တရားဥပဒေလမ်းကြောင်းအရ တိုင်ကြားလာမှုများ၊ မလုံလောက်သော လျော်ကြေးကိစ္စများ (သို့) အဆိုပါ စီမံကိန်းများကြောင့် ပေါ်ပေါက်လာသော စိတ်ဆန္ဒမပါဘဲ ပြောင်းရွှေ့ရမှုများကို ကိုယ်နှင့်မဆိုင်သလို ငြင်းဆန်နေခြင်းပင် ဖြစ်သည်။

အင်န်အယ်ဒီအစိုးရခေတ်တွင် သိမ်းဆည်းခံ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည် စုံစမ်းဖော်ထုတ်ရေး ဗဟိုကော်မတီအသစ်တစ်ခုကို ဖွဲ့စည်းခဲ့သည်။ အဆိုပါ ကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် နိုင်ငံတော်တွင် ဆက်လက်ဖြစ်ပွားနေသည့် မြေသိမ်းယာသိမ်းကိစ္စ

အငြင်းပွားမှု ဖြစ်ရပ်များနှင့် ၎င်းပြဿနာများကို ဖြေရှင်းရာတွင်လည်း မူဝါဒများထဲမှ လမ်းညွှန်ချက်များအတိုင်း လိုက်နာလျက် မြေယာနှင့် သက်ဆိုင်သော အငြင်းပွားမှုကို ကိုင်တွယ်ခြင်းနှင့် မူလမြေယာပိုင်ရှင်လက်ထဲသို့ ပြန်လည်ပေးအပ်ရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း အကောင်အထည်ဖော်ရန် လုပ်ပိုင်ခွင့်ရရှိထားသည်။[65]

ယခင်လွှတ်တော်မှ ဖွဲ့စည်းခဲ့သော မြေယာစုံစမ်းစစ်ဆေးရေးကော်မရှင်နှင့်မတူသည့်အပြင် စုံစမ်းစစ်ဆေးရန်နှင့် အငြင်းပွားမှုများကို ဖြေရှင်းရန် လုပ်ပိုင်ခွင့်ကို တိုင်တွယ်ထားသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီနှင့် ဗဟို လယ်/စီကော်မတီနှင့် သီးခြားကွဲထွက်သော စီမံအကောင်အထည်မှုလမ်းကြောင်းတစ်ခုကို ဖန်တီးပေးသော အဆိုပါ လမ်းညွှန်ချက်များသည် ထောင်ပေါင်းများစွာသော မြန်မာ့လယ်သမားမိသားစုများအနေဖြင့် မိမိတို့၏ လယ်ယာမြေများ ပြန်လည်အပ်နှံခံရရန် မျှော်လင့်ချက်အသစ်ကို ပေးကမ်းထားသည်။ ၎င်းလမ်းညွှန်ချက်များသည် အချို့သော တောင်းဆိုသူများ၏ သိမ်းဆည်းခံရသော မြေယာများပြန်လည်ရရှိရေးအတွက် အဓိကကျပြီး လုပ်ကွက်ငယ်လယ်သမားများ၏ မြေသိမ်းခံရမှု ဖြစ်ရပ်များတွင် အကြီးမားဆုံး ပြဿနာများကိုမဖြစ်မနေ ဖြေရှင်းပေးနိုင်သည့် ပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားများမရှိသည့်အချက်ကိုလည်း အသိအမှတ်ပြု ပေးထားသည်။ ထိုအချက်နှင့် အပြိုင် ၎င်းလမ်းညွှန်ချက်များသည် မြေယာအငြင်းပွားမှုနှင့် ပြန်လည်ပေးအပ်ခြင်းဖြစ်စဉ်များတွင် ပိုမိုပွင့်လင်း မြင်သာစေရန်အတွက် ကော်မတီနှင့် ၎င်း၏ ဆပ်ကော်မတီများအနေဖြင့် အများပြည်သူများသိရှိအောင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လစဉ်သတင်းထုတ်ပြန်ပေးရသည်။[66]

ကော်မတီအသစ်တွင် အပြုသဘောဆောင်သော အားသာချက်များစွာ ရှိစေကာမူ အားနည်းချက်အချို့လည်း ကျန်ရှိနေသေးသည်။ လမ်းညွှန်ချက်များအရ မြေသိမ်းဆည်းစဉ်ကာလတွင် ပြဋ္ဌာန်းထားသောဥပဒေနှင့် လုံးလုံးလျားလျားဆန့်ကျင်သည့် မြေသိမ်းမှုမျိုးကိုသာ ကော်မတီမှ ပြန်လည်အပ်နှံပေးခွင့် ရသည်။ ဆက်လက်ဖြစ်ပွားနေသော မြေယာပြဿနာအများစုမှာ ၁၈၉၄ မြေသိမ်း အက်ဥပဒေ (သို့) ပျောက်ကွယ်လုနီးပါးဖြစ်သော ၁၉၅၃ နိုင်ငံပိုင် မြေယာအက်ဥပဒေအရ သိမ်းဆည်းထားသည့် မြေယာများဖြစ်ပြီး ယင်းဥပဒေနှစ်ခုစလုံးမှာ မြေသိမ်းနိုင်ရန် အစိုးရနှင့်စစ်တပ်ကို လုပ်ပိုင်ခွင့် အာဏာပုံအောပေးထားသည့် ဥပဒေမျိုးဖြစ်နေသည်။ မူရင်းမြေပိုင်ရှင်များအတွက် မြေယာဆိုင်ရာ အခွင့်အရေးလုံခြုံမှု အနည်းငယ်သာ ရရှိစေသည်။ မြေယာပြဿနာအများစုမှာ မူလပိုင်ရှင်များအနေဖြင့် မြေယာပြန်လည်အပ်နှံခံရသည့် အခြေအနေထက် လျော်ကြေးလက်ခံရသည့်အခြေအနေတွင် အဆုံးသတ်သွားစေလိမ့်မည်။ အကြောင်းမှာ မြေသိမ်းဆည်းသည့်ကာလအတွင်း မြေယာဈေးကွက်အတက်အကျဖြစ်ခြင်းနှင့် အငြင်းပွားမှုများကို ကိုင်တွယ်သည့်လုပ်ထုံးလုပ်နည်းများသည် လျှောက်ထားတောင်းခံသူများအတွက် စိန်ခေါ်ချက်များစွာဖြင့် ကြုံတွေ့နိုင်ရန် စီမံထားသကဲ့သို့ ဖြစ်နေသောကြောင့် ဖြစ်သည်။

ယခု ချဉ်းကပ်နည်းမှ နောက်ထပ်ပြဿနာတစ်ခုမှာ စနစ်မကျသော နည်းလမ်းများဖြင့် ရပ်ရွာလူ့အဖွဲ့အစည်းလက်ထဲသို့ မြေယာများ ပြန်လည်ပေးအပ်သည့်ကိစ္စဖြစ်သည်။ အချို့သော တင်ပြလျှောက်ထားသူများအနေဖြင့် မိမိတို့၏ မူလမြေကို ပြန်လည်ရရှိမည်။ (သို့) တစ်စိတ်တစ်ပိုင်းရရှိမည့်အချိန်တွင် အခြားအုပ်စုမှာ သင့်လျော်သော လျော်ကြေးငွေအတွက် ညှိနှိုင်းရန် အလိုရှိကြလိမ့်မည်။ ထိုသို့ဖြစ်ခြင်းသည် ရပ်ရွာအတွင်း ပြိုကွဲမှုများကို ဖန်တီးပေးနိုင်သည်။ (သို့) ကန့်ကွက်မှုများ ဖြစ်ပွားလာနိုင်သည်။ နောက်ထပ် အားနည်းချက်တစ်ချက်မှာ မြေသိမ်းခံရသူ (သို့) မြေယာ

လျှောက်ထားသူမပါဘဲ သိမ်းဆည်းမြေယာအကြောင်း ဆွေးနွေးသည့် ကိစ္စဖြစ်သည်။ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများနှင့် ဒုက္ခသည်များသည် ပဋိပက္ခကြောင့် ပြေးလွှားရင်း ၎င်းတို့ပိုင်ဆိုင်ခဲ့သော မြေယာများကို ဆုံးရှုံးသွားနိုင်ပြီး ပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားမှုရင်းများအားလုံး ပြေးရင်းလွှားရင်း ပျောက်ဆုံးပျက်စီးသွားနိုင်သည်။ တစ်ရွာလုံးရွှေ့ပြောင်းခံရသည့်ကိစ္စမျိုးတွင် မြေယာလျှောက်ထားလာသူအား မှန်ကန်ကြောင်း အတည်ပြုပေးနိုင်သည့် သက်ဆိုင်ရာ ရပ်ရွာလူကြီးများကို ပြန်လည်ရှာတွေ့ရန် ခက်ခဲသည့် စိန်ခေါ်ချက်မျိုးနှင့်လည်း တွေ့ကြုံရတတ်သဖြင့် မိမိတို့၏ သိမ်းဆည်းခံမြေယာများနှင့် ပတ်သက်သော မြေယာပိုင်ဆိုင်ခွင့် (သို့) လျော်ကြေးရရှိခွင့်များ ရရှိရန် လမ်းစမမြင်တော့သည့် အခြေအနေမျိုးဖြင့် ကျန်ရစ်စေနိုင်သည်။

*ပြန်လည်အပ်နှံပေးမှု မရှိခြင်း*

မြေယာနှင့်ပတ်သက်သော ဥပဒေခြောက်ရပ်စလုံးတွင် သိမ်းဆည်းခံရသည့်မြေယာများ ပြန်လည်အပ်နှံခံရရေးဆိုင်ရာ ပြဿနာများအတွက် ရှင်းလင်းစွာ ဦးတည်ဆွေးနွေးထားခြင်းမရှိဘဲ လျှောက်ထားသူအနေဖြင့် လျော်ကြေးငွေကို လျှောက်ထားနိုင်သည့် အခြေအနေ တစ်ရပ်ကိုသာ ထည့်သွင်းရေးဆွဲထားသည်။ မြေသိမ်းခံရသူများအနေဖြင့် မိမိတို့၏ မြေယာများကို တရားဥပဒေအရ ပြန်လည် ပိုင်ဆိုင်နိုင်ရန်အတွက် ထိရောက်သော လမ်းကြောင်းများလည်း မရှိချေ။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ပိုင်ခွင့်ရထားသော မြေပေါ်တွင် ဥပဒေအရ ဖြည့်ဆည်း လိုက်နာမှု မရှိလျှင်သော်လည်းကောင်း၊ စီမံကိန်းစတင်အကောင်အထည်ဖော်ရန် အချိန်ကြာမြင့်ခြင်း (သို့) စီမံချက်အဖြစ် ခွင့်ပြုမိန့်မရဘဲ အကောင်အထည်ဖော်ခြင်းများ (စိုက်ပျိုးထားခြင်းမရှိသော မြေဌားချထားသည့်ဧရိယာများဖော်ပြသည့် ဇယား (၂) တွင် ကြည့်ပါ။) ရှိပါက လုပ်ပိုင်ခွင့်ရရှိထားသော မြေယာများကို ပြန်လည်ပေးအပ်ရကြောင်း မှန်ကန်စွာ ပါရှိသည်။[67] ဥပဒေများတွင် မြေယာများကို မူရင်းပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရမည်ဟု တိကျစွာ ရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိပါ။ အထက်တွင်ဖော်ပြခဲ့သော စီမံကိန်းများအတွက် အစိုးရမှ မြေသိမ်းအက်ဥပဒေအရ နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခဲ့သည်ဖြစ်ရာ ပြန်လည်အပ်နှံသည့်

*ဗဟိုအစိုးရ၏ မြေယာမှတ်ပုံတင်ခြင်း ယန္တရားစနစ်သည် အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်ကို အာမခံထားခြင်းမရှိချေ။ အမျိုးသမီးများ၏ မြေယာရပိုင်ခွင့်ကို လက်လှမ်းမှီခြင်းသည် ၎င်းတို့အတွက် စွမ်းရည်ပြည့်ဝလာမှုကို အားပေးမြှင့်တင်ခြင်းဖြစ်ပြီး ကလေးများ၏ လူမှုဖူလုံရေး ကဏ္ဍကိုလည်း တိုးတက်စေပါသည်။*

ဓါတ်ပုံ - KESAN



အခါတွင်လည်း နိုင်ငံတော်သို့သာ ပေးအပ်ရသည်။ ဖြစ်ရပ်အတော်များများတွင် ပြည်ထောင်စုအစိုးရမှ ပုံစံတူသော (သို့) အလားတူ စီမံကိန်းကို လုပ်ဆောင်မည့် အခြားကုမ္ပဏီများကို ပြန်လည်ခွင့်ပြုပေးခဲ့ခြင်းမျိုးများရှိခဲ့သည်။[68] မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအဖြစ် သတ်မှတ်ခံထားရသော မြေယာများအတွက် လယ်ယာမြေအဖြစ် အသုံးပြုခွင့်ရန် အသနားခံလျှောက်ထားနိုင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကိုလည်း လျှောက်ထားနိုင်ပါသည်။ (သို့) မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် လုပ်ပိုင်ခွင့်ဂရံအသေးစား ရရှိနိုင်ပါသည်။ သို့သော် လျှောက်ထားဆောင်ရွက်မှုအဆင့်ဆင့် ပြီးစီးအောင်မြင်စေကာမူ လျှောက်ထားသူအနေဖြင့် မိမိတို့၏ မူရင်းမြေယာအများစုကို ပြန်လည် ရရှိနိုင်ရန် အလားအလာမရှိချေ။[69]

*အခွန်ကောက်ခံခြင်း*

အထွေထွေအုပ်ချုပ်ရေးဌာနမှ မြေယာတစ်ကွက်ချင်းအပေါ်တွင် မဆိုစလောက်သော မြေခွန် (သို့) မြေဝင်ငွေခွန်များ သတ်မှတ် စည်းကြပ်သည်။ သတ်မှတ်သော အခွန်စည်းကြပ်မှုပမာဏမှာ လယ်ယာမြေအမျိုးအစားနှင့် အကျယ်အဝန်းအပေါ် မူတည်ပါသည်။ အခွန်စည်းကြပ်သည့်နှုန်းထားများသည် ၁၉၃၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သော အထက်မြန်မာပြည် အခွန်ဘဏ္ဍာလက်စွဲနှင့် ၁၉၄၅ ခုနှစ်၊ ဖွန်လတွင် နောက်ဆုံး ပြုပြင်မွမ်းမံထားသော အောက်မြန်မာပြည် အခွန်ဘဏ္ဍာလက်စွဲထဲမှ အခြေခံကာ ကောက်ခံသည်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်း ကိစ္စများတွင်မူ ရင်းနှီးမြှုပ်နှံသူများအတွက် ဗဟို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီမှ ဆီလျော်သင့်တော်သည်ဟု ယူဆသည့် နှစ်ကာလများအတွင်း နှစ်ရှည်အခွင်ကင်းလွတ်ခွင့်ကို ခံစားခွင့်ပြုပေးနိုင်သည်။[70] အခွန်ကင်းလွတ်ခွင့်ကာလပြီးဆုံးသွားလျှင် မြေငှားချထားပေးမှု အမျိုးအစားနှင့် အကျယ်အဝန်းများအတိုင်း သတ်မှတ်စည်းကြပ်ခွန်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ရင်းနှီးမြှုပ်နှံသူများမှ ပေးသွင်းရသည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေများနည်းတူ အထူးစီးပွားရေးဇုံဥပဒေအရ အကောင်အထည်ဖော်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအား မြေခွန်ကင်းလွတ်ခွင့် ပေးထားသည်။ အခွန်ကင်းလွတ်ခွင့်ကို ပြည်ထောင်စုအစိုးရမှ သင့်တော်ဆီလျော်သည်ဟု ယူဆသည့် အချိန်ကာလအတွင်း ခံစားခွင့်ရှိ သည်။



*တောင်ပေါ်မှ ရွှေ့ပြောင်းတောင်ယာမြေ၊ ရိုးရာဓလေ့ထုံးတမ်းမြေ (သို့) မစိုက်မပျိုးရသည့်မြေများသည် ဗဟိုအစိုးရ၏ မြေလွတ်၊ လပ်၊ ရိုင်းဥပဒေအရ အသုံးမပြုသည့်မြေဟုသတ်မှတ်ကာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် သိမ်းယူသည်။*

ဓါတ်ပုံ - KESAN

## (၃) လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုများ

*မြေယာအခွင့်အရေးဆိုင်ရာ မလုံခြုံမှု*

လက်ရှိ မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများနှင့် ကျင့်သုံးမှုမူဘောင်များသည် ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုအားကောင်းလာစေရန် တွန်းပို့မှုများဖြင့် ပူးတွဲဆက်စပ်နေပြီး နိုင်ငံသားများ၏ မြေယာအခွင့်အရေးဆိုင်ရာ လုံခြုံမှုကဏ္ဍတွင်မူ အားနည်းချက်ရှိသည်။ ရင်းနှီးမြှုပ်နှံသူများ၊ စစ်တပ်နှင့် နိုင်ငံတော်အစိုးရတို့၏ အကြီးစား မြေယာလုပ်ပိုင်ခွင့်များချထားပေးမှုနှင့် နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းမှုများကြောင့် ဖြစ်သော နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှတ်တမ်းတင်ထားပါသည်။ မိမိတို့၏မြေယာများ သိမ်းဆည်းခံရခြင်း မတိုင်မီ ကျေနပ်လုံလောက်ဖွယ်မရှိသော (သို့) ကြိုတင်သဘောထား တောင်းဆိုမှုများနှင့် လျော်ကြေးများကိုသာ ရရှိခဲ့သည်ဟု ဒေသခံရပ်ရွာလူ့အဖွဲ့အစည်းအများစုမှ အစီရင်ခံထားသည်။[71] နိုင်ငံ၏ သိသာထင်ရှားသည့် အစိတ်အပိုင်းအများစုမှာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုနိုင်ခွင့်အပေါ်တွင် မှီခိုအားထားရသဖြင့် လုပ်ကိုင်စားသောက်စရာ မြေနေရာမရှိလျှင် အသက်မွေးဝမ်းကြောင်းများအတွက် ကြီးမားသော ဆိုးကျိုး သက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။

မြေယာအခွင့်အရေးလုံခြုံမှုအားနည်းခြင်း၊ ရှေ့နောက်မညီသော ဥပဒေများ၊ အလင်းရောင်မမြင်ရသော မြေယာဆိုင်ရာ တရား စီရင်မှုများ၊ သွားမပါသော စုံစမ်းစစ်ဆေးရေးကော်မတီ၊ မြန်မာ့မြေယာအား အမြတ်အစွန်းအတွက် သနားညှာတာမှုမရှိသော တွန်းပို့မှု များသည် ခရိုနီအားပေးဝါဒနှင့် ပြစ်ဒဏ်ပေးခံရမှုမှ ကင်းလွတ်နေသည့် ပတ်ဝန်းကျင်များဖြင့် ပိုမိုဆိုးရွားစေပြီး မရေတွက်နိုင်သော မိသားစုများမှာ မြေယာမဲ့ခြင်း၊ စားရမဲ့ သောက်ရမဲ့ဖြစ်ခြင်းနှင့် တရားမျှတခြင်းအတွက် အကူအညီတောင်းခံခွင့်မရှိသလောက် နည်းပါးခြင်းတို့ကို ထားရစ်ပေးခဲ့သည်။ အထက်ပါအကျိုးသက်ရောက်မှုများကို မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသခံများအကြားတွင် အကျယ်တဝင့် တွေ့မြင်နိုင်ပါသည်။ တိုင်းရင်းသားမဟုတ်သူများနှင့် နိုင်ငံခြားသား ကျောထောက်နောက်ခံရှိသည့် ကုမ္ပဏီများ၏ နယ်မြေ

*မြန်မာနိုင်ငံ၏ မည်သည့် ဥပဒေတစ်ခုမျှ သိမ်းဆည်းခံမြေများနှင့် သက်ဆိုင်သော ပြန်လည်အပ်နှံခံရခွင့်အတွက် ဦးတည်ပြဋ္ဌာန်း ထားခြင်း မရှိချေ။ ထို့ကြောင့် ယခုကဲ့သို့သော ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူများမှာ ဟတ်ကြီးရေကာတာ စီမံကိန်း နေရာအနီးတွင် ဖြစ်ပွားသော စစ်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ကြရသည်။ သူတို့ပြန်သွားစရာ မြေနေရာ ရှိတော့မည်မဟုတ်ချေ။*

ဓါတ်ပုံ - KESAN



များနှင့် အကြီးစား မြေယာလုပ်ပိုင်ခွင့်များအတွက် ကြိုးပမ်းတိုက်ပွဲဝင်မှုများသည် သိသာထင်ရှားသည့် မြေယာဆုံးရှုံးမှုများနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုများကို ဆက်လက် ဖြစ်ပေါ်စေသည်။ လက်ရှိ ခေတ်ပြိုင်မြေယာဥပဒေများနှင့် ၎င်းဥပဒေများအတိုင်း တင်းကြပ်စွာ ထိန်းချုပ်နိုင်မှုအားနည်းချက်များ၊ ပွင့်လင်းမြင်သာမှုနှင့် အဗဟိုဦးစီးထိန်းချုပ်မှုများမှာ လက်ရှိမြေယာအခင်းအကျင်းများတွင် အရေးကြီးသည့် ဇတ်ကောင်များဖြစ်သည်။

*မူရင်း နေရပ်တွင် လုပ်ကိုင်စားစရာ မြေနေရာမရှိတော့ခြင်း*

မြေယာဆိုင်ရာ ပြန်လည်အပ်နှံပေးရေးမူဘောင်များ ရှင်းလင်းစွာ ရှိမနေခြင်းသည်ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများအပေါ်တွင် တိကျသော ဆိုးကျိုးသက်ရောက်မှုများရှိသည်။ များစွာသော အချက်အလက်အရင်းအမြစ်များတွင် ခန့်မှန်း တွက်ချက်မှုများအရ မြန်မာနိုင်ငံနှင့် ဘေးအိမ်နီးချင်းနိုင်ငံများတွင် ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းသူ (IDPs) ဦးရေ ၆၂၀,၀၀၀ ခန့်နှင့် ဒုက္ခသည်ဦးရေ စုစုပေါင်း ၁၅၆,၀၀၀ ရှိပြီး အများစုမှာ ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများဖြစ်သည်။[72] ဒုက္ခသည်များမှ ချန်ထားခဲ့သောမြေယာများကို ပြည်ထောင်စုအစိုးရက အခြားရည်ရွယ်ချက်သို့ ပြောင်းလဲအသုံးချခြင်း (သို့) အခြားအုပ်စုတစ်ခုသို့ မြေယာလုပ်ပိုင်ခွင့်များချထားပေးသော ဖြစ်ရပ်များလည်း အချို့နေရာဒေသတွင် ရှိခဲ့သည်။ အပစ်အခတ်ရပ်လက်မှတ်ထိုးပြီးသည့်နောက်ပိုင်း အခြား နေရာဒေသများကိုလည်း စစ်သင်တန်းကျောင်းများဆောက်လုပ်ရန်၊ သစ်ထုတ်လုပ်ရန်နှင့် သတ္တုတူးဖော်ရန်အပါအဝင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တပ်မတော်မှ သိမ်းယူထားခဲ့သည်။ ယခင်အစိုးရလက်ထက်တွင် အဆိုပါ အခက်အခဲများကို ကာကွယ်ရန် ရည်ရွယ်ပြီး (IDPs) နှင့် ဒုက္ခသည်များ ပြန်လည်နေထိုင်နိုင်ရန် ပြန်လည်ထူထောင်ရေး စံပြကျေးရွာများ ထူထောင်ပေးခဲ့သော်လည်း အိမ်ထောင်စုများအတွက် စိုက်ပျိုးနိုင်သော မြေမလုံလောက်ခြင်း၊ အခြားသော မြို့၊ ကျေးရွာများနှင့်လည်း သီးခြားစီ ဖြစ်နေသောကြောင့် ၎င်းစီမံကိန်းလည်း ဝေဖန်ခံရသည်။[73] ထို့အတွက်ကြောင့် ဒုက္ခသည်စခန်းမှ ပြန်လာသူများအနေဖြင့် ပြန်လည်နေရာချထားသည့် စံပြကျေးရွာများတွင် သော်လည်းကောင်း၊ မိမိတို့၏ မူလကျေးရွာတွင်



*တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရာဒေသများတွင် မြေယာစီမံခန့်ခွဲမှုအတွက် မူဘောင်များရေးဆွဲနေကြသည်။ ကရင်အမျိုးသားအစည်းအရုံးမှရပ်ရွာဒေသခံပြည်သူလူထုနှင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး မြေယာမူဝါဒကို ရေးဆွဲထားသည်။ ယင်းမူဝါဒတွင် အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်နှင့် ရိုးရာဓလေ့ထုံးတမ်းအရမြေယာအသုံးပြုစီမံခန့်ခွဲမှုများကို ကာကွယ်ပေးထားသည်။*

ဓါတ်ပုံ - KESAN

ပြန်လည် နေထိုင်ခြင်းအားဖြင့်သော်လည်းကောင်း မိမိတို့၏ ဘဝကို ပြန်လည်ထူထောင်နိုင်လိမ့်မည် မဟုတ်ပါ။ အသက်ရှင်ရန် အခြားသော နည်းလမ်းများကို တစ်နေရာရာတွင် ရွှေ့ပြောင်းရှာဖွေရဦးမည် ဖြစ်ပြီး ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းရသူများဖြစ်လာရန် ဒုက္ခသည် စခန်းများမှ မြန်မာနိုင်ငံ ထဲသို့ ပြန်တော်ပြန်ခြင်း (သို့) နေရပ်ပြန်ခြင်းခြင်းသာ ဖြစ်လာတော့သည်။[74]

## (၄) ရှိနှင့်ပြီးသော ဒေသတွင်း စီမံအုပ်ချုပ်မှုစနစ်များ

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံတော်ရှိ မြေသယံဇာတအားလုံးကို ဗဟိုအစိုးရမှ ပိုင်ဆိုင်သည်ဟု ကြေညာထား သော်လည်း နိုင်ငံအတွင်းရှိ မြေအားလုံးမှာ နိုင်ငံတော်၏ ထိန်းချုပ်မှု အောက်တွင် ရှိနေသည်မဟုတ်ပါ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ၎င်းတို့၏ တော်လှန်ရေးအစိုးရများနှင့် ပြည်သူ့စစ်အဖွဲ့များက နယ်စပ်ဒေသတလျှောက်ရှိ ကျယ်ပြန့်လှသည့် နယ်မြေများကို ထိန်းချုပ်ထားသည်။ ထိုဒေသများတွင် မြေယာများကို ပြည်ထောင်စုအစိုးရ၏ တရားဥပဒေမူဘောင်အရ တားမြစ်ထားပြီး တစ်နိုင်ငံလုံးတွင် ကျင့်သုံးနေမှုများနှင့် ကွဲပြားခြားနား သော မြေယာအခွင့်အရေးဆိုင်ရာ စနစ်များဖြင့် ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်ကွပ်ကဲမှုတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။ ဗဟိုအစိုးရလက်တံများ မရောက်ရှိခဲ့သည့် ဆယ်စုနှစ်များစွာတွင် အဆိုပါ ထိန်းချုပ်နယ်မြေဒေသများတွင်ရှိသော ဒေသတွင်း မြေယာပိုင်ဆိုင်မှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကျင့်သုံးမှုများကို မှတ်တမ်း တင်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့သည်။ ပူးတွဲထိန်းချုပ်သည့်ဒေသများအတွင်း၌မှာပင် တိုင်းရင်းသားတော်လှန်ရေးအစိုးရများက မြေယာ အုပ်ချုပ်စီမံမှုများကို အသက်သွင်းလည်ပတ်စေနိုင်ခဲ့သည်။ ဥပမာအားဖြင့် ကရင်အမျိုးသားအစည်း အရုံးနှင့် မွန်ပြည်သစ်ပါတီတို့သည် မြေယာအခွင့်အရေးဆိုင်ရာ မလုံခြုံမှုများကို ကာကွယ်နိုင်ရန် မိမိတို့ ထိန်းချုပ်နယ်မြေအတွင်းရှိ ရပ်ရွာ လူ့အဖွဲ့ အစည်းများနှင့်ပူးပေါင်းကာ မြေယာအမျိုးအစားများအလိုက် နေရာချထားခြင်းများကို လုပ်ဆောင်လျက်ရှိကြသည်။ သို့သော်လည်း အိမ်ထောင်စုများစွာသည် မသေချာမှုများနှင့် ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပါသည်။

*မြေယာဥပဒေပြဌာန်းခြင်း*

တိုင်းရင်းသားတော်လှန်ရေးအစိုးရများနှင့် ၎င်းတို့၏ လက်နက်ကိုင်အဖွဲ့အစည်းများသည် နယ်စပ်ဒေသများရှိ မိမိတို့ထိန်းချုပ်မှုအောက်တွင် မြေယာများကို အုပ်ချုပ်စီမံကြသည်။ အဆိုပါ ဒေသများတွင် မြေယာအုပ်ချုပ်စီမံမှုဆိုင်ရာ စိန်ခေါ်ချက်များစွာ ရှိစေကာမူ ဒေသအများစုတွင် အလုပ်ဖြစ်လျက် (သို့) ပဋိပက္ခဖုံများကို လွှမ်းခြုံလျက်ရှိသည်။ KIO, KNPP, နှင့် မွန်ပြည်သစ်ပါတီအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအစိုးရများသည် မြေယာအုပ်ချုပ်စီမံမှုနှင့်ပတ်သက်သော မူဘောင်များကို အသစ်တစ်ဖန် ရေးဆွဲသည့် ဖြစ်စဉ်ထဲတွင် ရှိနေပါသည်။ အဖွဲ့အတော်များများတွင် ဖော်ထုတ်ဆဲဖြစ် စဉ်ထဲတွင်ရှိနေပြီး အပြီးသတ်ရေးဆွဲနိုင်ခဲ့သော တစ်ခုတည်းသော မူဘောင်မှာ ကရင်အမျိုးသား အစည်းအရုံး၏ မြေယာမူဝါဒ (၂၀၁၆) ဖြစ်သည်။ ယင်းမူဝါဒတွင် မိသားစုပိုင်မြေကွက်တစ်ကွက်ချင်း အတွက် ခွင့်ပြုပေးထားပြီး နယ်မြေပိုင်းခြားသတ်မှတ်ရန် လတ်တလော နည်းစနစ်များ၊ ပိုင်ဆိုင်မှုနှင့် မြေအမျိုးအစားခြောက်မျိုး၏ အုပ်ချုပ်စီမံမှုများကိုမူ ပိတ်ပင်တားမြစ်ထားသည်။[75] ကေအင်န်ယူ၏ မြေယာမူဝါဒအရ တစ်ဦးချင်းအိမ်ခြံမြေပေါ်တွင် နေထိုင်ခွင့်ဆိုင်ရာ လုံခြုံမှုပေးထားသည်။ သို့သော် ဘိုးဘွားပိုင်အဖြစ်ရရှိခွင့်ကို မပေးထားချေ။ မြေယာလွှဲပြောင်းပေးအပ်ခြင်း (သို့) ရောင်းချခြင်းများ

ပြုလုပ်လိုသော သူတစ်ဦးချင်းစီသည် ကျေးရွာမြေယာကော်မတီ၏ အတည်ပြု ခွင့်ပြုမှသာ ဆက်လက်လုပ်ဆောင်နိုင်ပါသည်။

ကရင့်စိုက်ပျိုးရေးဌာန (KAD)၊ ကရင့်သစ်တောဌာန (KFD)၊ ဗဟို မြေယာကော်မတီနှင့် ကျေးရွာအုပ်စု မြေယာကော်မတီအဆင့်ဆင့်တို့သည် ခရိုင်အဆင့်၊ မြို့နယ်အဆင့်တွင်ရှိသော မြေယာအုပ်ချုပ်စီမံမှုများအတွက် တာဝန်ရှိသည်။ ကေအင်န်ယူ၏မြေယာမူဝါဒအရ မြေယာအားလုံးသည် ရပ်ရွာလူ့အဖွဲ့အစည်းနှင့် တစ်ဦးချင်း မြေပိုင်ရှင်များ၏ ပိုင်ဆိုင်မှုများဖြစ်ပြီး ကေအင်န်ယူအနေဖြင့် "ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းနှင့် ရပ်ရွာလူ့အဖွဲ့အစည်း၏ အခွင့်အရေးများအတွက် သေချာစေခြင်း" တို့အတွက် တာဝန်ရှိသည်။ အထက်ပါအတွေးအခေါ်နှင့်အညီ ကေအင်န်ယူမှ အခြေခံအဆောက်အအုံ (သို့) အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် မြေယာလိုအပ်မှုရှိပါက ထိခိုက်သက်ရောက်မှုရှိသောအုပ်စု (ရပ်ရွာလူ့အဖွဲ့အစည်း) များနှင့် လွတ်လပ်စွာ (Free)၊ ကြိုတင်၍ (Prior)၊ အသိပေးကာ (Informed)၊ သဘောထားရယူခြင်း (Consent) အားဖြင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (Environmental) နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှု (Social Impact) ဆန်းစစ်မှု (Assessment) များ ပြည့်စုံစွာ ပြုလုပ်ပြီးမှသာလျှင် ရယူနိုင်မည်ဖြစ်သည်။[76]

ကေအင်န်ယူမြေယာမူဝါဒ၏ အပိုင်းအတော်များများတွင် အမျိုးသမီးများ၏ မြေယာအခွင့်အရေးဆိုင်ရာကာကွယ်မှုအတွက် ဦးတည်ရေးဆွဲထားသည်။ မြေယာမူဝါဒ၏ ရည်ရွယ်ချက် ၁.၂.၂ တွင် "အမျိုးသမီးများနှင့် လူငယ်များ၏ အခွင့်အရေးများကို အထူးဂရုပြုကာ ၎င်းတို့၏ အခွင့်အရေးများနှင့် အသုံးချမှုအကျိုးအမြတ်များ ဆုံးရှုံးခြင်းမှ ကာကွယ်ပေးရန်" ပါရှိသည်။ အခြေခံမူ ၂.၁.၃ အရ "အမျိုးသမီးများသည် လယ်သမားများအနေနှင့်ဖြစ်စေ၊ ကျေးလက်အလုပ်သမားအနေနှင့်ဖြစ်စေ၊ သစ်တောတွင်းနေထိုင်သူများ (သို့) တိရိစ္ဆာန်ထိန်းကျောင်းသားများ (သို့) အမျိုးသမီးအနေနှင့်ဖြစ်စေ မြေယာအား ထိရောက်စွာ လက်လှမ်းမီနိုင်ရန် ၎င်းတို့၏ ကွဲပြားသော တောင်းဆိုပိုင်ခွင့်ကို အသိအမှတ်ပြုရမည်။ အမျိုးသမီးများသည် ယာယီလယ်သမားများ၊ လယ်သမားများ၊ တိရိစ္ဆာန်ထိန်းကျောင်းသူများနှင့် ထင်းကောက်သူများဖြစ်သောကြောင့် ကျေးလက်မှ ဆင်းရဲနွမ်းပါးသော အမျိုးသမီးများသည် မြေသယံဇာတနှင့် ဆက်စပ်မှုများရှိနေပြီး အိမ်ထောင်စုအတွင်း အမျိုးသားများနှင့် မှီခိုမှုမရှိသောကြောင့် မြေသုံးပိုင်ခွင့်များအား ၎င်းတို့ကိုယ်တိုင် သီးခြားပိုင်ဆိုင်သည့် အခွင့်အရေးရှိသည်။ "ဟု မဖြစ်မနေပြဌာန်းထားသည်။ ကေအင်န်ယူ မြေယာမူဝါဒသည် ဓလေ့ထုံးစံ ဥပဒေများထက် အမျိုးသမီးများ၏ မြေယာအခွင့်အရေးဆိုင်ရာများကို ကာကွယ်မှုများအတွက် ပိုမိုခိုင်မာကောင်းမွန်အောင် ကြိုးစားထားပြီး ဓလေ့ထုံးစံ ဥပဒေများကို အကြောင်းရင်းတစ်ခုခုကြောင့် ပြောင်းလဲကျင့်သုံးရန် လိုအပ်လာသည့်အခါတွင်လည်း လက်ခံကျင့်သုံးနိုင်ရမည်ဟု မြေယာမူဝါဒတွင် ဤသို့ရေးသားထားသည်။ "ရိုးရာအစဉ်အလာများနှင့် အငြင်းပွားဖွယ်ရာ ရှိသည့်အခါမျိုးတွင် အဖွဲ့ဝင်အားလုံးအနေဖြင့် "ကော်" စနစ်များအတွင်းတွင် ၎င်းကဲ့သို့သော ပြောင်းလဲမှုများအား လက်ခံလာနိုင်စေရန် ရှင်းလင်းစွာနှင့် တက်ကြွစွာ ကြိုးပမ်းရမည်ဖြစ်သည်။"[77] (ပိုမိုရှင်းလင်းသွားစေရန် "ကော်" နှင့် "ခု" မြေအခန်းတွင် ကြည့်ပါ။)

ကေအင်န်ယူ၏ မြေယာမူဝါဒသည် ပြည်ထောင်စုအစိုးရ၏ မြေယာဥပဒေများနှင့် မတူဘဲ ရိုးရာဓလေ့အရ မြေယာ လုပ်ပိုင်ခွင့်စနစ်များကို အသိအမှတ်ပြုထားပြီး ရိုးရာဓလေ့အရ နယ်မြေများကို "ကော်" ဟူသော ဝေါဟာရဖြင့် သတ်မှတ်သုံးနှုန်း သည်။ မူဝါဒအရ "ကော်" မြေများကို

သီးခြားမြေအမျိုးအစားတစ်ခုအဖြစ် အသိအမှတ်ပြုသည်။[78] ရပ်ရွာလူ့အဖွဲ့အစည်းမှ "ကော်" မြေများ လျှောက်ထားတောင်းဆိုမှုများကို လူမှုရေးအရ တရားဝင်မှုဖြစ်သည်ဟု လက်ခံယူဆလျှင် အသိအမှတ်ပြုပေးထားသည်ကို မူဝါဒထဲတွင် ဤသို့ ရေးသားပြဌာန်းထားသည်။ "တရားဥပဒေက တရားဝင် အသိအမှတ်မပြုသော်လည်း ဒေသတွင်း စံနှုန်းများနှင့် တန်ဖိုးများအရ ကျယ်ပြန့်စွာ အသိအမှတ်ပြုခံရသော မြေယာလုပ်ပိုင်ခွင့်တောင်းဆိုချက်များကို ရည်ညွှန်းပါသည်။"[79] ရိုးရာဓလေ့ ထုံးတမ်း ဥပဒေများအရ ရိုးရာဓလေ့ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် "ကော်" မြေနှင့် "ခု" မြေများဆိုင်ရာ အုပ်ချုပ်စီမံမှုများအတွက် တာဝန်ရှိပြီး "ကော်" နယ်မြေအုပ်ချုပ်စီမံမှုများကို အကျိုးသက်ရောက်စေသည့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပြည့်စုံစွာနှင့် ထိရောက်သော ပူးပေါင်းပါဝင်ခွင့်ရှိသည်။[80]

မှတ်ပုံတင်ထားသော အသေးစားပိုင်ဆိုင်သူအများစုအတွက် တစ်နှစ်စီ၏ စိုက်ပျိုးနိုင်သော မြေယာအရွယ်အစား ပိုင်ဆိုင်မှု (စိုက်ပျိုးမြေနှင့် လုပ်ထားသော မြေအပါအဝင်) အပေါ်မူတည်၍ အခွန်ဘဏ္ဍာများကို တွက်ချက်ကောက်ခံသည်။ ဧက ၂၀ ထက်ပိုသော စိုက်ပျိုးခြံ (သို့) စိုက်ပျိုးရေး စီမံကိန်းများအတွက် နှစ်စဉ်အခွန် စုစုပေါင်း ရိတ်သိမ်းထားသည့်ပမာဏ၏ (၇ ရာခိုင်နှုန်း) ကောက်ခံသည်။[81] ကော်မြေများနှင့်သက်ဆိုင်သော အခွန်ကောက်ခံမှုကိစ္စရပ်များကို ကေအင်န်ယူအနေဖြင့် မည်သို့မည်ပုံ ရည်ရွယ်ပြီး စီမံခန့်ခွဲမည်ကို ရှင်းလင်းစွာ မသိရသေးချေ။

ကေအင်န်ယူမြေယာမူဝါဒသည် အာရုံစိုက်ခြင်းမရှိမျိုးမဟုတ်ဘဲ ဗဟိုဦးစီးအာဏာများကို လျှော့ချကာ ခွဲဝေယူရသည့် အခြေအနေကို ဖန်တီးပေးထားသည်။ မူဝါဒ၏ ဒီဇိုင်းပြင်ဆင်ရေးဆွဲမှုနှင့် ဆုံးဖြတ်ချက်ချမှုများမှာ ဗဟိုမှ ထိန်းချုပ်ထားသည်ဟုဆိုရာတွင် ယခုမူဝါဒကို အတည်ပြုပြဌာန်းခြင်းမပြုမီ ရပ်ရွာအောက်ခြေအဆင့်တွင် အကြိမ်ပေါင်းများစွာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးချပြကာ အကြံဉာဏ်များကို ရယူခဲ့ပါသည်။ ကရင့်စိုက်ပျိုးရေးဌာန နှင့် ကရင့်သစ်တောဌာန ဝန်ထမ်းများကို အုပ်ချုပ်မှုအဆင့်တိုင်းတွင် ထားရှိပြီး နှစ်နှစ်လျှင်တစ်ကြိမ် ရွေးချယ်တင်မြှောက်ကာ မြေယာမူဝါဒနှင့် လိုက်လျောညီထွေစွာဖြင့် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်စေပါသည်။ မူဝါဒအရ ရိုးရာဓလေ့ လူ့အဖွဲ့အစည်းများကိုလည်း မိမိတို့၏ ရပ်ရွာမှ သတ်မှတ်ဖော်ထုတ်ထားသော စည်းမျဉ်းဥပဒေများ အတိုင်း စီမံခန့်ခွဲခွင့်ပေးထားပြီး စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ကာ သင့်တော်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း အလျင်းသင့်သလို မွမ်းမံပိုင်ခွင့်လည်း ပေးထားသည်။

ကေအင်န်ယူ မြေယာမူဝါဒသည် နိုင်ငံရေးအရ ဗဟိုဦးစီးထိန်းချုပ်မှု မဖြစ်ရန် အားပေးပြီး ဒေသတွင်းပြဿနာများနှင့်ပတ်သက်၍ ဒေသတွင်း ရိုးရာခေါင်းဆောင်နှင့် ကျေးရွာ မြေယာကော်မတီများအား အခွင့်အာဏာများကို ဗဟိုထိန်းချုပ်မှု လျှော့ချကာ ခွဲဝေစီမံစေသည်။ ကော်မတီများ၏ အရွယ်အစား၊ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်မှုတို့ကို ဒေသခံများမှ စဉ်းစားဆုံးဖြတ်စေသည်။[82] ကော်မတီအနေဖြင့် မြေယာ အရွယ်အစား၊ အမျိုးအစားအလိုက် ပိုင်းခြားသတ်မှတ်နိုင်ပြီး မြေယာအမျိုးအစားအလိုက် လျှောက်ထားနိုင်သည်။ ဗဟိုမြေယာကော်မတီနှင့် (KAD) သည် မြေယာမှတ်ပုံတင်ခြင်းနှင့် ကျေးရွာမြေများ တန်ဖိုးဖြတ်ခြင်းတို့အတွက် တာဝန်ရှိသည်။ မြေယာနှင့် ပတ်သက်သည့် ၎င်းတို့၏ လုပ်ဆောင်မှုတိုင်းသည် သက်ဆိုင်သော ရပ်ရွာလူ့အဖွဲ့အစည်းများနှင့် FPIC လုပ်ပြီးမှသာ အကောင်အထည်ဖော်ရမည်။ နိုင်ငံရေးအရ ဗဟိုထိန်းချုပ်အာဏာလျှော့ချကာ ခွဲဝေသကဲ့သို့ ကေအင်န်ယူ၏ မြေယာမူဝါဒတွင်လည်း အကောင်းဆုံးအတိုင်းအတာတစ်ခုအထိ အုပ်ချုပ်မှုအာဏာများကို ကရင်ရိုးရာလူ့အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည်မှန်သော်လည်း ရပ်ရွာဒေသခံများအနေဖြင့် မြေယာ

မှတ်ပုံတင်ရန်နှင့် အမွေဆက်ခံခြင်း၊ လွှဲပြောင်းခြင်း (သို့) ရောင်းဝယ်ခြင်းများအတွက် (KAD)၊ ဗဟိုမြေယာကော်မတီနှင့် ရိုးရာဓလေ့အရ တာဝန်ရှိသူများ၏ အတည်ပြုခွင့်ပြုမိန့်ကို ရရှိရန် လိုအပ်သေးသည်။[83]

ကေအင်န်ယူမြေယာမူဝါဒနှင့် ဘဏ္ဍာရေးဌာနလက်အောက်ရှိ အခွန်ကောက်ခံခြင်းနှင့် ဘတ်ဂျက်တွက်ချက်သည့်စနစ်များသည် အခွန်ဘဏ္ဍာဆိုင်ရာ ဗဟိုထိန်းချုပ်မှုမဲ့သည့်စနစ်ကို ထောက်ပံ့မြှင့်တင်ပေးသည်။ ခရိုင်အများစုတွင် အခွန်ငွေများကို ကျေးရွာအဆင့်တွင် ကောက်ခံပြီး မြို့နယ်မှတဆင့် ခရိုင်သို့ လွှဲပြောင်းပေးအပ်သည်။ ကောက်ခံရရှိသော အခွန်တော်ငွေ၏ ၄၀ ရာခိုင်နှုန်းကို ပြည်တွင်းစစ်ကြောင့် ထိခိုက်ခံစားရသော အိမ်ထောင်မိသားစုများအတွက် မြို့နယ်အဆင့်သို့ အစိတ်အပိုင်းတစ်ခု ပြန်လည် လွှဲပြောင်းပေးသည်။ ကျန်ရှိသော ရံပုံငွေများကို မြို့နယ်အဆင့် (KAD) ဘတ်ဂျက်အတွက်သော်လည်းကောင်း၊ စီမံခန့်ခွဲမှုစရိတ် အတွက်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းအသစ်များအတွက် အသုံးပြုသည်။ လက်ရှိစနစ်သည် ပြုပြင်ပြောင်းလဲနိုင်ပြီး လက်ရှိ ပဋိပက္ခဖြစ်နေသော နေရာဒေသများ (သို့) ပူးတွဲထိန်းချုပ်ဒေသများတွင် မတူညီသော ပုံစံများဖြင့် စီမံခန့်ခွဲကြသည်။ ငွေကြေးများကို ကျေးရွာအဆင့်တွင် ထိန်းသိမ်းထားရှိမှုစနစ်များ တည်တည်တံ့တံ့မရှိသဖြင့် မြို့နယ်နှင့် ခရိုင်အဆင့်တွင် ထိန်းသိမ်းထားရှိသည်။ အကယ်၍ ကျေးရွာအဆင့်တွင် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်လိုလျှင် ငွေကြေးလျှောက်ထားမှုကို ခွင့်ပြု (သို့) ကန့်ကွက်နိုင်သည့် အာဏာရှိသော မြို့နယ်အဆင့်တွင် တင်ပြတောင်းခံရသည်။ ထိုနည်းတူ မြို့နယ်အဆင့် စီမံကိန်းများကို ခရိုင်အဆင့်မှ ခွင့်ပြုပေးနိုင်သည်။ ကျေးရွာအုပ်စု အဆင့်တွင် ကောက်ခံသော အခွန်ဘဏ္ဍာသည် သိသာထင်ရှားသည့် အခွန်ဘဏ္ဍာအစိတ်အပိုင်းတစ်ခုအဖြစ် ကျေးရွာ၏ ဝင်ငွေပြန်ဖြစ် သွားသည့် အခွန်ဘဏ္ဍာဆိုင်ရာ ဗဟိုမှအာဏာခွဲဝေမှုကို ပြသညွှန်းဆိုသည်။ စီမံအုပ်ချုပ်မှုအရ (KAD) ၏ မတူညီသောအဆင့်တိုင်းတွင် အထက်တာဝန်ရှိသူများထံသို့ တင်ပြတောင်းခံရန်မလိုဘဲ ဘတ်ဂျက်ငွေများကို အသုံးပြုရန် ဆုံးဖြတ်နိုင်ခြင်းမှာလည်း အုပ်ချုပ်မှုဆိုင်ရာ ဗဟိုဦးစီးမှုမဲ့ခြင်းကို ပြသသည်။ သို့သော် တာဝန်ယူမှု၊ တာဝန်ခံမှု လုံးလုံးလျားလျား မရှိခြင်းမျိုးလည်း မဟုတ်ချေ။[84]

## (၅) နိဂုံး

အဆင့်ဆင့် အပစ်အခတ်ရပ်စဲရေး စာချုပ်များ ရေးထိုးနိုင်စေကာမူ အရေအတွက်ရော ပမာဏအားဖြင့်ပါ တိုးပွားလာသော မြေယာနှင့်ဆက်စပ်သည့် ဆန့်ကျင်မှုများ၊ အကြီးစားရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးရေးစီမံချက်များရှိရာ နယ်စပ်ဒေသများတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေမှုများ၊ မြေယာများကို အုပ်ချုပ်စီမံမှုနှင့်ပတ်သက်ပြီး သိသိသာသာ သဘောထားကွဲလွဲမှုများသည် ငြိမ်းချမ်းရေးကို သေချာစေရေး စဉ်းစားရာတွင် အခရာကျသည့် အချက်များဖြစ်သည်။ နိုင်ငံတော်၏ လက်ရှိ ဒီမိုကရေစီသို့ အစမ်းခြေလှမ်းများကို ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှတဆင့် သယ်ဆောင်လာပြီး စိတ်ဝမ်းကွဲပြားမှုများကို ဖာထေးနိုင်မည့် မျှော်လင့်ချက်များကို ပေးကမ်းကာ မြေယာပိုင်ဆိုင်မှုနှင့် အုပ်ချုပ်စီမံမှုများတွင် စစ်မှန်သော ဗဟိုမှ အာဏာခွဲဝေမှုအခြေပြုစနစ်များ ဖြစ်လာရေးအတွက် ပါဝင်လုပ်ဆောင်နိုင်မည့်ကဏ္ဍများကို ပိုမိုစီမံပေးနိုင်လိမ့်မည်။ အပြုသဘောဆောင်သော အရွေ့များကို ဆောင်ရွက်နိုင်ခဲ့ပြီးသော်လည်း မြန်မာနိုင်ငံတွင် တရားမျှတပြီး သင့်တော်ဆီလျော်သော မြေယာပိုင်ဆိုင်မှုနှင့် အုပ်ချုပ်စီမံမှုများဆိုင်ရာ လမ်းခရီးတွင် စိန်ခေါ်မှုများစွာ ဆက်လက်ရှိနေဆဲပင် ဖြစ်ပါသည်။

*" ကော်" မြေ၊ ဗဟိုဦးစီးမှုရှိသော ရိုးရာဓလေ့အခြေပြု မြေယာ၊ သစ်တောနှင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှု*

"ကော်" ဟူသည့် ဝေါဟာရသည် အသုံးပြုသော ရေခံမြေခံအပေါ်တွင်မူတည်ပြီး အဓိပ္ပါယ် အမျိုးမျိုးဖြင့် ဖွင့်ဆိုနားလည်နိုင်ပါသည်။ မြင်သာသော နယ်မြေ၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်စီမံမှုစနစ် နှင့် လူမှုရေးဆိုင်ရာ မူဘောင်တစ်ခုအဖြစ်လည်း မြင်တွေ့နိုင်ပါသည်။ "ကော်" နယ်မြေများသည် ဘိုးဘေးနှင့် နတ်ဘုရားများ၏ ပိုင်နက်များဖြစ်ပြီး မြေများနှင့် ရေများ အပါအဝင် အဆိုပါ ကော်မြေ ထဲတွင်ရှိသော သဘာဝအရင်းအမြစ်များအားလုံးဖြင့် ဖွဲ့စည်းပါဝင်သည်။ အရွယ်အစားပေါ်မူတည် ၍အချို့သော ကော်မြေများတွင် ကျေးရွာပေါင်း များစွာပါဝင်ပြီး ၎င်းနယ်မြေထဲတွင် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိသော မြေယာအမျိုးအစားအမျိုးမျိုးလည်း ပါဝင်နိုင်ပါသည်။ ၎င်းမြေ အထဲတွင် "ခု"မြေ (ရွှေ့ပြောင်းတောင်ယာစိုက်သော မြေနေရာများ)၊ မြေနိမ့်ပိုင်း ကိုင်းမြေများ၊ လယ်ကွင်း များ၊ ဥယျာဉ်ခြံမြေများ၊ အစုအဖွဲ့ပိုင်သစ်တောများ၊ နတ်မြေများ၊ အိမ်ခြံမြေ၊ ပန်းခြံများ၊ အများပိုင်မြေ များ (ဥပမာ- လမ်း၊ ကျောင်း၊ ဆေးပေးခန်း၊ နှင့် ခန်းမများ)၊ စားကျက်မြေများနှင့် ရေများ (ကန်များ၊မြစ် ချောင်းများ၊ အင်းများ) ပါဝင်တတ်သည်။

မြင်သာသော နယ်မြေတစ်ခုအဖြစ် မြင်နိုင်သည့်နည်းတူ "ကော်" ဟူသည့်စကားလုံးကို စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်များအဖြစ်လည်း နားလည်နိုင်ပါသည်။ ကော်မြေအတွင်း အတူတကွ နေထိုင်ကြသည့် ရပ်ရွာအတွင်းရှိ လူသားများကို ကွပ်ကဲစုစည်းထားသော ဖွဲ့စည်းပုံများနှင့် စည်းမျဉ်းစည်းကမ်းများ၊ လူမှုရေးသဟဇာတ၊ ကူညီရိုင်းပင်းမှုနှင့် တရားမျှတခြင်းများကို မြှင့်တင် ပြီး ကော်မြေအတွင်းရှိ မြေယာများနှင့် သဘာဝအရင်းအမြစ်များနှင့် အပြန်အလှန်ဆက်ဆံမှု၊ လူမှုဆက်ဆံရေးများအကြား စေ့စပ်ပေးမှုများရှိနေသည့် အသိုင်းအဝိုင်းတစ်ခုအဖြစ်လည်း မြင်တွေ့ခံစားနိုင်ပါသည်။ အဆိုပါ "ကော်" အုပ်ချုပ်စီမံမှုစနစ်ကို "ကော်" လူ့အဖွဲ့အစည်းများက လွန်ခဲ့သည့် ရာစုနှစ်များစွာကတည်းက ဖော်ထုတ်ကျင့်သုံးခဲ့ပြီး ထပ်ခါထပ်ခါ ဖြစ်သော ဆင့်ကဲဖြစ် စဉ်အဆင့်ဆင့်အရ ရပ်ရွာ၏ ကိုယ်ပိုင် ဥဿုံ စီးပွားရေး၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှု-ယဉ်ကျေးမှုနှင့် နာမ်ဝိညာဉ်ပိုင်းဆိုင်ရာ ကောင်းမြတ်ခြင်းဆိုင်ရာ မျှော်မှန်းချက်များကို ထင်ဟပ်သည်။ အဆိုပါ မျှော်မှန်းချက်သည် ရပ်ရွာ၏ ကိုးကွယ်ယုံကြည်မှုစနစ်၊ နတ်ဘုရားများ၊ ဘိုးဘေးများ၊ သမိုင်းကြောင်း များနှင့် ဝိသေသလက္ခဏာရပ် များဖြင့် စုပေါင်းသိုမှီးထားသော "ကော်" နယ်မြေကို ထိန်းသိမ်း စောင့်ရှောက်လိုသည့်အပိုင်းနှင့် ရှန်းထွက်ဖြေရှင်း၍ မရအောင် ရောနှောနေသည်။ ထို့ပြင် "ကော်" သည် ထိရောက်သောအုပ်ချုပ်မှု ပုံသဏ္ဌာန်ကိုဖော်ဆောင်ပြီး ထိန်းသိမ်းရန်အတွက် တစ်ချိန် ထဲတွင်လုပ်ဆောင်နေရသော အဓိက အကြောင်းရင်းဖြစ်ပြီး "ကော်" ဖွဲ့စည်းပုံနှင့် အုပ်ချုပ်မှုပုံ



*အဖွဲ့မှ ရေဝေရေလဲ ထိန်းသိမ်းမည့်ဧရိယာကို သတ်မှတ်နေပုံ*

ဓါတ်ပုံ - KESAN

သဏ္ဍာန်များကို တည်ဆောက် ထားသော အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်သည့်အပြင် "ကော်"စနစ်ကျင့်သုံးမှုနည်းလမ်းဖြင့် လက်တွေ့ကျင့်သုံးသော နည်းလမ်း တစ်ခုလည်း ဖြစ်သည်။

"ကော်" စနစ်ထဲတွင် အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ အမဲလိုက်စည်းကမ်းထုတ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ရန် စုစည်းခြင်း၊ စိုက်ပျိုးရန်နှင့် လုပ်ထားရန်မြေနေရာများ သတ်မှတ်ခြင်းနှင့် ရပ်ရွာအတွင်း ပိုမိုလိုအပ်သောသူများကို ထောက်ပံ့ကူညီခြင်းအပါအဝင် မတူညီသော အုပ်ချုပ်စီမံမှုပုံစံများဖြင့် "ကော်"အတွင်းရှိ တာဝန်ရှိသူများက ဦးစီးလုပ်ဆောင်ခဲ့ကြသည်။ ရပ်ရွာမှ ဗဟုသုတနှင့် တစ်ဦးချင်းဆိုင်ရာ ကုသိုလ်အပေါ်အခြေခံပြီး တာဝန်ရှိသူများကို ရွေးချယ်တင်မြှောက်ပြီး ရာထူးနေရာအများစုကို အမျိုးသားရော အမျိုးသမီးများပါ ဆက်ခံနိုင်သည်။ အချို့သောရာထူးနေရာများမှာ မျိုးရိုးအလိုက်ပါလာသော နေရာများဖြစ်ပြီး အမျိုးသားဖြစ်မှသာလျှင် ဆက်ခံခွင့်ရှိသည်။ ဥပမာ- ကော်ခို၊ ကော်က နှင့် ထီးခို စသည့် ရာထူးများတွင် တွေ့ရသည်။

အထက်ပါ ပုဂ္ဂိုလ်များသည် "ကော်" စနစ် ချောမွေ့စွာ လည်ပတ်ရေးအတွက် မရှိမဖြစ်အရေးပါသည်။ သို့သော် ၎င်းတို့သည် အုပ်ချုပ်သူများ မဟုတ်ချေ။ "ကော်"မြေကို စောင့်ရှောက်သူများအဖြစ်သာ ရှိနေပြီး ရပ်ရွာနှင့်ပတ်သက်သော အစဉ်အလာ ဗဟုသုတနှင့် အမှတ်ရစရာများကို ထွေးပွေ့ထားသူများအဖြစ် အသက်ရှင်ကြသည့်အပြင် "ကော်"မြေအတွင်း နေ့စဉ် လည်ပတ်အသက်ရှင်မှုများတွင် ကြားခံ စေ့စပ်ပေးသူများအဖြစ်လည်း နေထိုင်အသက်ရှင်ကြသည်။ အထက်ပါ ခေါင်းဆောင်များသည် အရေးကြီးသော်လည်း ၎င်းတို့သာ အရေးကြီးသည်မဟုတ်ပါ။ "ကော်" နယ်မြေအတွင်း နေထိုင်သူများအားလုံး၊ ၎င်းတို့ကြားရှိလူမှုဆက်ဆံရေး၊ "ကော်" နယ်မြေနှင့် အရင်းအမြစ်များအပေါ် ပြုမူဆက်ဆံမှု စသည်တို့သည် "ကော်" မြေကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မရှိမဖြစ်လိုအပ်သောအရာများ ဖြစ်သည်။

"ကော်" မြေ အတွင်း နေထိုင်သူအားလုံးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ "ကော်" မြေအား ထိန်းသိမ်းစောင့်ရှောက်ကြသဖြင့် "ကော်" ၏ လည်ပတ်ပုံနှင့် အုပ်ချုပ်ပုံကို ကြိုးစားနားလည်သူများအနေဖြင့် "ကော်" ၏ အနက်ဖွင့်ကို "ဂေဟစနစ်" အဖြစ်လည်း မြင်နိုင်ပါသည်။ "ကော်" စနစ်၏ အစိတ်အပိုင်းအားလုံးမရှိမဖြစ် အရေးပါသည်။ ညီတူမျှတူ အရေးပါသော လုပ်ငန်းဆောင်တာများကို အိမ်ထောင်တစ်ခုချင်းစီနှင့် ရပ်ရွာတစ်ခုလုံးမှ ပုံဖော်လုပ်ဆောင်ပြီး အထက်အောက်ချဉ်းကပ်နည်းဖြင့်စီမံလျှင်မဖြစ်နိုင်သောအရာတစ်ခုကိုအားလုံးတာဝန်ယူလုပ်ဆောင်ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မြေယာအခြေပြု အရင်းအမြစ်များကိုဗဟိုထိန်းချုပ်မှုမပါဘဲ အုပ်ချုပ်စီမံနိုင်ရန်စစ်မှန်သောနေရာပေးမှုများကို ဖန်တီးပေးခြင်းဖြစ်သည်။

ဓါတ်ပုံ - KESAN



ကရင်ပြည်နယ်တွင် ရွာသားသုံးဦးမှ "ကော်" မြေနယ်နိမိတ် သတ်မှတ်ရန် စုစည်းနေပုံ

*ဗဟိုထိန်းချုပ်မှု လျော့ချထားသော ရပ်ရွာပိုင်စီမံခန့်ခွဲမှု*

"ကော်" နယ်မြေတွင် အိမ်ထောင်စုပိုင် မြေများကို တစ်ဦးချင်း စီမံသော်လည်း မြေအများစုကို ရပ်ရွာမှ စီမံခွဲခန့်သည်။ ဤအချက်ကို ပြသရန် တောင်ယာစိုက်ပျိုးရေးစနစ်က အကောင်းဆုံးနမူနာ ဖြစ်သည်။ ကော်နယ်မြေရှိ တောင်ပေါ်ကုန်းမြင့်ဧရိယာများသည် အများပိုင်ဖြစ်ပြီး အိမ်ထောင်မိသားစုများ ရေတိုလုပ်ကိုင်စားသောက်ရန် နေရာချထားပေးသည်။ အဆိုပါ မြေနေရာများကို သတ်မှတ်ခွဲခန့်ရာတွင် ကော်နယ်မြေ၏ စည်းမျဉ်းများနှင့် ယုံကြည်ကိုးကွယ်မှုများအတိုင်း လုပ်ဆောင်ပြီး ယင်းလုပ်ငန်းစဉ်များကို မြေယာစီမံအုပ်ချုပ်မှုနှင့် မစိုက်မပျိုးခင်၊ သီးချိန်ပွင့်ချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် လိုအပ်သော ပွဲလမ်းအခမ်းအနားများကို ဦးဆောင်ပေးရသော ကော်ခို၊ ကော်ခါ တို့မှ ဦးစီးလုပ်ဆောင်ပေးသည်။ မြေနေရာ သတ်မှတ်ပြီးသည်နှင့် အိမ်ထောင်မိသားစုများက အဆိုပါ မြေနေရာတွင် ကန့်သတ်ထားသော သံသရာ နှစ်အလိုက် အလှည့်ကျ လုပ်ကိုင်စားသောက်နိုင်သည်။ အလှည့်ကျနှစ် အရေအတွက်မှာမူ "ကော်" တစ်ခုနှင့်တစ်ခု ကွဲပြားနိုင်သည်။

မြေယာကို ကန့်သတ်ထားသော အချိန်ကာလတွင်သာ အသုံးပြုကြသကဲ့သို့ သုံးပြီးလျှင်လည်း အခြား အိမ်ထောင်စုတစ်ခုသို့ လွှဲပြောင်းပေးရသဖြင့် စိုက်ပျိုးစားသောက်သူများအနေဖြင့် မြေယာသည် အများပိုင်ဖြစ်ပြီး နောက်မိသားစုတစ်ခုအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ခံယူတတ်အောင် အားပေးကြသည်။ အများပိုင်ဆိုင်မှုစနစ်ကို မိသားစုတစ်ခု၏ စိုက်ခင်းကို တစ်ရွာလုံးမှ ကူညီရိတ်သိမ်းသည့်စနစ်အားဖြင့် ပိုမိုပေါ်လွင်အောင် ပံ့ပိုးပေးသည်။ တစ်ဦးချင်း မိမိ၏မြေယာကို စီမံနိုင်ပါသည်။ သို့သော် မြေယာအသုံးပြုမှုနှင့်စီမံမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် ရပ်ရွာတာဝန်ယူမှုဖြင့် အများနှင့် ပူးပေါင်းလုပ်ဆောင်သည့် ခံစားမှုမျိုး ရရှိစေရန် အားပေးသည့်သဘောလည်းဖြစ်သည်။

ဘုံတာဝန်ယူမှုအလေ့အကျင့်မှာ "ကော်" နယ်မြေတစ်ခုမှ တစ်ခုသို့လည်း တိုးချဲ့သွားတတ်သည်။ "ကော်" နယ်မြေအတွင်းရှိ ငါးထိန်းသိမ်းရေးဧရိယာတစ်ခုကို စောင့်ရှောက်ခြင်းသည် "ကော်" စနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် မရှိမဖြစ် လိုအပ်သည့်အရာအဖြစ် ရှုမြင်သည်။ နှစ်စဉ်နှစ်တိုင်း ခေါင်းဆောင်များဖြစ်သော ထီးခို၊ ကော်ခို၊ ကော်ခါ တို့မှ "ကော်" နယ်မြေအတွင်းရှိ စိုက်ပျိုးနိုင်သော မြေများအားလုံးအပေါ်သို့ ကြွယ်ဝသော မြေဆီမြေနှစ်များ သွန်းလောင်းရန် ရေစောင့်နတ်သို့ ဆုပန်သည့် အခမ်းအနားဖြစ်သော "*လူးထီးထါး*" ပွဲတော်ကို ဦးဆောင်ကျင်းပပေးရသည်။ "ကော်" နယ်မြေအတွင်း ငါးများလေလေ၊ ရေနတ်များမှာ ပို၍ သန်မာလေလေဟု မှတ်သားထားကြပြီး ရေနတ်များသန်မာကြံ့ခိုင်မှုမရှိလျှင် အဆိုပါ အခမ်းအနားကို မလုပ်နိုင်တော့ဘဲ ရပ်ရွာ၏ စိုက်ခင်းများသည်လည်း ဆိုးရွားစွာ ရိတ်သိမ်းရသည့်အခြေအနေမျိုး ကြုံရသည်။ အချို့သော ငါးထိန်းသိမ်းဧရိယာများသည် အခြား "ကော်"နယ်မြေများနှင့်လည်း ဆက်စပ်သွားသည့်အခါမျိုးတွင် သက်ဆိုင်ရာ ကော်ခေါင်းဆောင်များ အများအားဖြင့် ကော်ခို (သို့) ကော်ခါများမှ နစ်ဖက်လူထုကို စုပေါင်းစေပြီး ငါးထိန်းသိမ်းရေးလုပ်ငန်းများနှင့် စည်းကမ်းမဲ့ငါးဖမ်းခြင်းများကို ကာကွယ်သည့်လုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် "ကော်" မြေနှစ်ခုအတွင်းရှိ ရေနတ်များ ကျန်းမာသန်စွမ်းစေသည်ဟု ခံယူလုပ်ဆောင်ကြသည်။ ဤကဲ့သို့သော ဘုံပိုင်စီမံခန့်ခွဲမှုနည်းလမ်း များသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်း အားပေးမြှင့်တင်ပေးသည်။

"ကော်" ဥပဒေများအရ ကော်နယ်မြေအတွင်းရှိ အိမ်ထောင်စုများရှိ အမျိုးသားများသည် အများအားဖြင့် ဇနီး၏အသိုင်းအဝိုင်းသို့ လိုက်လံနေထိုင်တတ်ကြသည်ဖြစ်ရာ အမျိုးသမီးများအနေ

ဖြင့် မိမိ၏ သမီးများသို့ မြေယာများကို လွှဲပြောင်းပေးအပ်ခွင့်ရှိသည်။ ထိုမြေများကို ၎င်းတို့ထံမှ လွှဲပြောင်းယူ၍ မရဘဲ သမီးများက အိမ်ထောင်ပြုပြီးသည့်နောက်ပိုင်းအထိ အပြည့်အဝပိုင်ဆိုင်သည်။ ကော်ဥပဒေများအရ မြေသြဇာကောင်းသော မြေများတွင် ကောင်းကောင်းလုပ်ကိုင်စားသောက်နိုင်သော အိမ်ထောင်စုများသည် ၎င်းတို့ရရှိသော သီးနှံများထဲမှ အချို့ကို ဆင်းရဲနွမ်းပါးသော အိမ်ထောင်မိသားစုများအား မျှဝေပေးရမည့် တာဝန်ရှိပြီး ထိုသို့အားဖြင့် မိသားစုတိုင်းက တစ်နှစ်စာလုံးအတွက် လုံလောက်သော အစားအစာများနှင့် ရှင်သန်နိုင်မည်ဖြစ်သည်။

"ဘလော်" ဟူသည့် စကားရပ်သည် ရပ်ရွာလူထုများ စုဝေးသည့်နေရာအဖြစ်လည်း နားလည်နိုင်ပြီး "ကော်" နယ်မြေအတွင်းတွင်သော်လည်းကောင်း၊ တစ်ခုနှင့်တစ်ခုကြားသော်လည်းကောင်း ပေါ်ပေါက်သော အငြင်းပွားမှုများကို ဖြေရှင်းသည့် နိုင်ငံရေးအရ ဗဟိုဦးစီးထိန်းချုပ်မှုကို ခွင့်ပြုသော "ကော်" ၏ အုပ်ချုပ်စီမံမှု ဖွဲ့စည်းပုံဟုလည်း မှတ်ယူနိုင်သည်။ "ကော်"နယ်မြေအတွင်း၊ ပြင်ပ နယ်နိမိတ်များကို ပိုင်ခြားသတ်မှတ်ခြင်းနှင့် ထိန်းသိမ်းခြင်းကို *ကော်ခို* နှင့် "ကော်" နယ်မြေအတွင်း မြေယာပိုင်ဆိုင်မှုသမိုင်းကြောင်းကို စေ့စေ့စပ်စပ် သိထားသော "ကော်" တရားသူကြီး တို့မှ ဦးဆောင်ပြီး လုပ်ဆောင်သည်။ အဆိုပါ ကော်တရားသူကြီးကို မြေယာဆိုင်ရာ အငြင်းပွားမှုများပေါ်ပေါက်သည့်အခါ ဖြေရှင်းနိုင်သည့်နည်းလမ်းများကို အကြံပေးရန်နှင့် မြေယာပိုင်ဆိုင်မှုသမိုင်းကြောင်းကို ရှင်းလင်းပေးရန် လိုအပ်သည့်အခါမှသာ ခေါ်ယူလေ့ရှိသည်။ ရရှိလာသော သတင်းအချက်အလက်များကို နောက်ဆုံးမြေယာပိုင်ဆိုင်မှုကို ဆုံးဖြတ်ပေးနိုင်ပြီး လိုအပ်သော ပြစ်ဒဏ်များကို ချမှတ်နိုင်သော "ကော်" တရားရေးကော်မတီသို့ ဝေမျှတင်ပြရသည်။ ယင်းတရားရေးကော်မတီကို ရပ်မိရပ်ဖကောင်စီနှင့် လူငယ်အဖွဲ့မှ ကိုယ်စားလှယ်များဖြင့် ရွေးကောက်တင်မြှောက်ထားသူများဖြင့် ဖွဲ့စည်းထားသည်။ တရားရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အယူခံလျှောက်လဲလိုပါက အဆိုပါ ကိစ္စရပ်ကို ရပ်ရွာတစ်ခုလုံးသို့ ပွင့်လင်းစွာ ချပြပြီး ဆွေးနွေးစေကာ ဖြေရှင်းချက်များအတွက် မဲပေးကြသည်။ ထိုဖြစ်စဉ်အတိုင်း လုပ်ဆောင်သော်လည်း ဖြေရှင်းမရပါက "ကော်" နယ်မြေ၏ နတ်များကို အခမ်းအနားဖြင့် ဖိတ်ခေါ်ပြီး အငြင်းပွားမှုကို ဖြေရှင်းစေသည်။ ရပ်ရွာတစ်ခုလုံးကို ပါဝင်စေသည့် အငြင်းပွားမှုကိစ္စရပ်သည် ပိုမိုပွင့်လင်းမြင်သာမှုကို သေချာစေပြီး အငြင်းပွားမှုဖြေရှင်းသည့် ဖြစ်စဉ်တွင် ထိခိုက်ခံစားရသည့် ရပ်ရွာတစ်ခုလုံးထံသို့ အခွင့်အာဏာများကို ခွဲဝေအပ်နှင်းပေးခြင်းပင်ဖြစ်သည်။

"ကော်" နယ်မြေ၏ တရားသူကြီးသည် မိမိ၏ "ကော်" နှင့် ပတ်ဝန်းကျင်ကော်များအကြားရှိ ဆက်ဆံရေးကောင်းမွန်ရန် ထိန်းသိမ်းရသည့် တာဝန်ရှိပြီး တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသော ယော်ကော် (သို့) နယ်နိမိတ်နင်းပွဲကို နှစ်ဖက်ကော်တွင် ပါဝင်သောလူထုများနှင့်အတူ ဦးဆောင်ကျင်းပပေးရသည်။ နယ်နိမိတ်နင်းပွားအားဖြင့် ရပ်ရွာအတွင်း ပြည်သူလူထုများသည် မိမိတို့ ကော်နယ်မြေ၏ နယ်နိမိတ်ကို ရှင်းလင်းစွာ သိရှိသွားနိုင်ပြီး အငြင်းပွားမှုများကိုလည်း ဖော်ထုတ်သတ်မှတ်ပြီး ဦးတည်ဖြေရှင်းကြသည်။ ၎င်းကျင့်သုံးမှုသည် ကော်နယ်မြေ၏ နယ်နိမိတ်ကို ပြန်လည်အတည်ပြုရုံသာမဟုတ်ဘဲ ကော်နယ်မြေကို ဘုံပိုင်ဆိုင်သည်ဟူသော ခံစားမှုမျိုးရရှိအောင်အားပေးသည့် အပြင်ရပ်ရွာအောက်ခြေအဆင့်တွင် ကော်နယ်မြေများကို ကိုယ်ပိုင်ပြဌာန်းကြသည့် နိုင်ငံရေးဆိုင်ရာ ဗဟိုဦးစီးမှုစနစ်ကို လက်တွေ့ကျင့်သုံးခြင်းအလေ့တစ်ခုလည်း ဖြစ်သည်။

ထို့အပြင် ကော်ဖွဲ့စည်းပုံအရ ပြည်သူလူထုပါဝင်မှုနှင့် ဥပဒေပြဌာန်းရေးတွင် ပါဝင်ဆွေးနွေးမှုများအတွက် နေရာဖန်တီးပေးခြင်း သည် ဥပဒေစည်းမျဉ်းများရေးဆွဲဖော်သည့်ကဏ္ဍတွင် နိုင်ငံရေးဆိုင်ရာ ဗဟိုဦးစီးမှုစနစ်ကို အားပေးကျင့်သုံးခြင်းဖြစ်သည်။ ကော်နယ်မြေ၏ ဥပဒေစည်းမျဉ်း

များကို ကော်နယ်မြေကို ထိန်းကျောင်းသူများဖြစ်သည့် တရားရေးကော်မတီများက အစကနဦးတွင် ပြင်ဆင်ရေးဆွဲသည်။ ထို့နောက် အဆိုပါရေးဆွဲထားသည့် စည်းမျဥ်းဥပဒေများကို တစ်ရွာလုံး တက်ရောက်သော ရပ်ရွာ၏ "ဘလော်" တွင် တင်ပြပြီး တက်ရောက်လာသော ပြည်သူလူထုများက မိမိတို့ ကော်နယ်မြေအတွက် ပိုမိုကောင်းမွန်သော အကျိုးဖြစ်ထွန်းမှုကို ဖြစ်စေမည့် စည်းမျဥ်းဥပဒေများဖြစ်ရေး ဆွေးနွေးခြင်းနှင့် ပြုပြင်ခြင်းများကို လုပ်ဆောင်ကြသည်။

ထို့ကြောင့် "ကော်" စနစ်သည် ဇဟိုဦးစီးမှုအခြေပြု စီမံခန့်ခွဲမှုဆိုင်ရာ အားကောင်းသည့် ဥပမာကောင်းများစွာကို ထင်ဟပ်ပြသပါသည်။ ရပ်ရွာပြည်သူလူထုအနေဖြင့် အများအားဖြင့် တရားဝင်ရွေးချယ်တင်မြောက်ထားသော ရပ်ရွာခေါင်းဆောင်များမှ ဦးဆောင်ကျင်းပသော ပွင့်လင်းသည့် ရင်ပြင်ရှိ ဥပဒေရေးဆွဲခြင်းနှင့် ပြဌာန်းကျင့်သုံးခြင်းတို့တွင် ပူးပေါင်းပါဝင်နိုင်သည်။ "ကော်" လူ့အဖွဲ့အစည်းတွင် ဇဟိုမှကင်းကွာသော အုပ်ချုပ်စီမံမှုအဆင့်အရ အားကောင်းသည့်အဆင့်တွင် ရှိပြီး မြေယာစီမံခန့်ခွဲမှုများကို ဇဟိုကော်မတီမှ စီမံကွပ်ကဲသည်ထက် တစ်ဦးချင်းနှင့် ရပ်ရွာ တစ်ခုလုံးက စီမံခန့်ခွဲသည်။ တောင်ယာမြေ "ခု"မြေကို နယ်နိမိတ်သတ်မှတ်ရာတွင် အကြောင်းပြချက် ခိုင်မာသည့် ဇဟိုဦးစီးထိန်းချုပ်ပုံစံဖြစ်နေသော်လည်း "ကော်" နယ်နိမိတ်များကို သတ်မှတ်ရာတွင်မူ ပို၍ ပူးပေါင်းဆောင်ရွက်မှုဆန်ပြီး ကော်မြေအတွင်း နေထိုင်သော ပြည်သူလူထုအနေဖြင့် မိမိတို့၏ နယ်မြေကို မည်သို့သတ်မှတ်ထားသည်ကို ပြောရေးဆိုခွင့် ပြုထားသည်။ ရပ်ရွာလူ့အဖွဲ့အစည်း တစ်ခုလုံးအနေဖြင့် မြေယာအခြေပြု အရင်းအမြစ်များနှင့် သီးနှံထွက်ရှန်းများကို တိုက်ရိုက်စီမံခန့်ခွဲသည်။ ဇဟိုမှထိန်းချုပ်မှုဆန်သော လုပ်ငန်းစဥ်ဖြစ်သည့် တောင်ယာများရိတ်သိမ်းပြီးလျှင် ပိုမိုကြွယ်ဝသူများမှ ဆင်းရဲ နွမ်းပါးသည့် အိမ်ထောင်မိသားစုများကို ဝေမျှရမည်ဟူသော စည်းမျဥ်းသည် ဇဟိုရှိ စီမံအုပ်ချုပ်မှုအကျိုးအမြတ်အတွက်ထက် လူလူချင်း တန်းတူရည်တူရှိရေး သဘောတရားကို အကောင်အထည်ဖော်ခြင်းသာ ဖြစ်သည်။

အချို့သော "ကော်"အုပ်ချုပ်စီမံမှုစနစ်သည် ဇဟိုဦးစီးမှုဆန်သော "ခု" မြေ ပိုင်းခြားသတ်မှတ်ရေးအပါအဝင် ပိုမိုတိုးတက်ရေး အတွက်လည်း စဉ်းစားနိုင်ရန် နေရာပေးထားသည်။ အချို့သော ရာထူးနေရာများမှာ မျိုးရိုးစဉ်ဆက်ကို အခြေခံခြင်းနှင့် တိကျသော ကျား (သို့) မ သတ်မှတ်ချက် စသည့် သတ်မှတ်ချက်များ ရှိနေသေးသည်။ ၎င်းပြဿနာများသည် ဖြေရှင်းပြီးသွားပြီဟုမဆိုနိုင်သော်လည်း "ကော်"စနစ်ကဲ့သို့သော ရိုးရာဓလေ့ဆိုင်ရာ ကျင့်သုံးမှုများမှာ မွေးစားယူနိုင်ပြီး အမြဲတမ်းပြောင်းလဲဖြစ်ပေါ်သည့်အရာလည်း ဖြစ်ပါသည်။ အားကောင်းသော ကူညီပံ့ပိုးမှုများနှင့် အသိအမှတ်ပြုမှုများရှိလျှင် "ကော်" စနစ်သည်လည်းလုံးလုံးလျားလျား ဇဟိုဦးစီးမှုကင်းသောစနစ်ဖြစ်ရေး အတွက် အခွင့်အလမ်းများစွာ ဖန်တီးနေမည်ဖြစ်သည်။

ဓါတ်ပုံ - KESAN



အစုအဖွဲ့၏ ပိုင်ရှင်စိတ်ဓာတ်ဖြင့် ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန် လုပ်ငန်းခွင်များ

## နိဂုံး

"ကော်" စနစ် (သို့) နယ်မြေသည် လည်ပတ်လျက်ရှိသော၊ ဗဟိုဦးစီးမှုမဟုတ်သော၊ ဆင်းရဲမှုကို ကျွမ်းကျင်စွာ စီမံနိုင်သော၊ ဂေဟစနစ်အရ ရေရှည်တည်တံ့သော မြေယာနှင့် သဘာဝအရင်းအမြစ် စီမံအုပ်ချုပ်မှုစနစ်ပုံစံတစ်ခုကို ဖော်ပြနေသည်။ ကော်စနစ်ကို အသိအမှတ်ပြုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဗဟိုထိန်းချုပ်မှုလျော့ချပြီး အာဏာခွဲဝေပေးသော နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် အခွန်ဘဏ္ဍာဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်စနစ်အခြေပြုသော မြေယာစီမံအုပ်ချုပ်မှုကို မြန်မာနိုင်ငံအတွင်းရှိ အခြားသောလူမျိုးစုအုပ်စုများအတွက်လည်း အလားတူတွန်းအားများဖြင့် အားပေးနိုင်မည်ဖြစ်သည်။

မည်သို့ဆိုစေကာမူ "ကော်" စနစ်သည် ခြိမ်းခြောက်ခံနေရပါသည်။ ပြည်ထောင်စုအစိုးရ၏ လက်ရှိဥပဒေမူဘောင်သည် "ကော်" မြေကို ပိုင်ရှင်ရှိပြီးသားမြေ၊ အသုံးပြုနေသော မြေအဖြစ် အသိအမှတ်မပြုထားချေ။ "ကော်" နယ်မြေအတွင်းရှိ နေထိုင်သူများသည်လည်း လယ်ယာလုပ်ပိုင်ခွင့် လက်မှတ်များ မကိုင်ဆောင်ထားကြချေ။ ထို့ကြောင့် "ကော်"နယ်မြေများသည် မြေလွတ်မြေရိုင်းအဖြစ် ကြေညာ သတ်မှတ်ခံရရန်နှင့် သိမ်းဆည်းခံရမည့် အန္တရာယ်ရှိနေပါသည်။ မြန်မာစစ်တပ်များ၏ အဆိုပါ ဒေသများတွင် ဆက်လက် နေရာယူနေခြင်းနှင့် အမြဲတမ်း ဖြစ်တတ်ပြီး ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများနှင့်အတူ အကြမ်းဖက်မှုနှင့် အဓမ္မခိုင်းစေမှုများသည် လည်း ကော်နယ်မြေများတွင် ကော်စနစ်ဖြင့် ကျင့်သုံးနေသော လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းမှုများကို ထိခိုက်သက်ရောက်စေ နိုင်ပါသည်။ ပဋိပက္ခများကြောင့် ဖြစ်သော ရွှေ့ပြောင်းနေထိုင်ရမှုများသည်လည်း "ကော်" လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်ဦးရေကို လျော့စေပြီး ဘိုးဘေးတို့၏ နယ်မြေထဲမှ ထွက်ခွာသွားစေပါသည်။ ဌာနေနေထိုင်ရသော နေရာများတွင် ရိုးရာဓလေ့ကျင့်သုံးမှုများအတိုင်း လိုက်လျှောက်ရန်မဖြစ်နိုင်တော့ချေ။ လက်ရှိအတည်ပြုပြဌာန်းခဲ့သော အမျိုးသားမြေယာအသုံးချမှု မူဝါဒအရ ရိုးရာဓလေ့ကျင့်သုံးမှုများကို ထည့်သွင်းဖော်ပြရေးဆွဲထားသည်ဟု ဆိုသော်လည်း ဝိရောဓိဖြစ်နေသော ဗဟိုဦးစီးမှုအခြေပြု မြေယာစီမံခန့်ခွဲမှုစနစ်အတွင်း အဆိုပါ ရိုးရာဓလေ့အရ ကျင့်သုံးမှုများက မည်မျှ ရှင်သန်နိုင်မည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ကေအင်န်ယူမှ ပိုမိုလုံခြုံစွာ ထိန်းချုပ်နိုင်သော နယ်မြေများတွင်ရှိနေသော လူ့အဖွဲ့အစည်းများတွင် အားကောင်းသောမြေယာစီမံမှုဆိုင်ရာ အခွင့်အရေးရှိသည်။ အဘယ်ကြောင့်ဆိုသော် ရိုးရာဓလေ့အရ ကျင့်သုံးမှုများကို အသိအမှတ်ပြုထားပြီး ကေအင်န်ယူမှ မြေအမျိုးအစားများ ခွဲကာ စီမံခန့်ခွဲထားသည်။ ကရင်ပြည်နယ်၏ ကြီးမားသောအစိတ်အပိုင်းများသည် ကေအင်န်ယူနှင့် တပ်မတော်တို့မှ ပူးတွဲထိန်းချုပ်သော နယ်မြေများအဖြစ် ရှိနေဆဲဖြစ်သည်။ ကေအင်န်ယူမှ သတ်မှတ်ပြဌာန်းထားသော မြေယာအမျိုးအစားများနှင့် ခွဲခြားသတ်မှတ်မှုများကို ပြည်ထောင်စု အစိုးရမှ အသိအမှတ်ပြုပေးခြင်းမရှိသေးသည့်အတွက် "ကော်" စနစ်ကို ကျင့်သုံးနေသူအများစုမှာ မြေယာသိမ်းဆည်းခံရခြင်းအန္တရာယ်မှ အကာအကွယ်မဲ့နေဆဲ ဖြစ်ပါသည်။



ဓါတ်ပုံ - KESAN

# အပိုင်း (၂.၃) ရေအရင်းအမြစ်များ

## (၁) ရေအရင်းအမြစ် ဘာကြောင့် အရေးကြီးသနည်း

မြေယာကဲ့သို့ပင် ရေအရင်းအမြစ်သည်လည်း လူ့အဖွဲ့အစည်းအတွက် အရေးကြီးသည် (သို့) အရေးအကြီးဆုံးဖြစ်သည်ဟု စောဒကတက်နိုင်ပါသည်။ ထို့ကြောင့် နိုင်ငံပေါင်းများစွာတွင် ရေအရင်းအမြစ်စိတ်ချလုံခြုံရေးအတွက် စဉ်းစားခြင်းကို နိုင်ငံတော်၏ လုံခြုံရေးကိစ္စတစ်ခုကဲ့သို့ အမှန်တကယ်ခံယူကျင့်သုံးသည်။[85] ရေကို ထိန်းချုပ်ကွပ်ကဲခြင်းသည် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သော ကိစ္စရပ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ မြစ်ချောင်းများဥပဒေတွင်လည်း အသိအမှတ်ပြု ဖော်ပြထားပြီးသားဖြစ်သည်။[86] အလားတူ ရေအရင်း အမြစ်သည် နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ ကူးသန်း ရောင်းဝယ်ရေးကိစ္စများတွင်လည်း အရေးကြီးသည့်အရာ တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိက မြစ်ဝှမ်းနှစ်ခုဖြစ်သော သံလွင်နှင့် ဧရာဝတီမြစ်ဝှမ်းသည် ခန့်မှန်း ခြေအားဖြင့် နိုင်ငံဧရိယာ၏ ရှစ်ဆယ် ရာခိုင်နှုန်း (၈၀%)[87] ကျော်ရှိပြီး နိုင်ငံလူဦးရေ ထက်ဝက်ကျော်၏ ပင်မအသက်မွေးဝမ်းကြောင်းမှုအတွက် မိုးရေများ စီးဝင်ရာနှင့် စိုက်ပျိုးရေးအတွက် ရေပေးဝေသော မြစ်ဝှမ်းလွင်ပြင်များဖြစ်သည်။ နိုင်ငံ၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ အကြီးဆုံးမြစ်ချောင်းစီးဆင်းမှုစနစ်၏ ပင်မလမ်းကြောင်းကို ကိုယ်စားပြုပြီး ဧရာဝတီမြစ်ဝှမ်းဒေသကို နိုင်ငံ၏ "စပါးကျီ" အဖြစ် သမိုင်းတွင်ကာ သတ်မှတ်ခံရသည်။ သံလွင်မြစ်သည်လည်း အာရှတိုက်၏ လွတ်လပ်စွာ စီးဆင်းနေသည့် အပြည်ပြည်ဆိုင်ရာ နောက်ဆုံးမြစ်တစ်ခုအဖြစ် အသိအမှတ်ပြုခံရသည်။[88] ကွဲပြားပြီး ကြွယ်ဝသော သံလွင်မြစ်ဝှမ်း၏ ဂေဟစနစ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်နှင့် အရှေ့တောင် ဘက်တွင် နေထိုင်သော သန်းပေါင်းများစွာသော ပြည်သူလူထု၏ အသက်မွေးဝမ်းကြောင်းအတွက်

ထောက်ပံ့ပေးလျက်ရှိသည်။ မြို့နယ်ငါးခုကို လွှမ်းခြုံသည့် ကပ္ပလီပင်လယ်နှင့် သံလွင်မြစ်တို့ ဆုံဆည်းရာ ဒေသတစ်ပိုက်ရှိ လူဦးရေ သန်းတစ်ဝက်၏ ဘဝနေထိုင်မှုနှင့် အသက်မွေးဝမ်းကြောင်းမှုအတွက် အဖိုးမဖြတ်နိုင်သော အရင်းအမြစ်အဖြစ် သံလွင်မြစ်မှ ထောက်ပံ့ဝန်ဆောင်ပေးလျက်ရှိသည်။[89]

မြန်မာ့မြစ်ကြီးများသည် ပြည်တွင်းငါးဖမ်းလုပ်ငန်းများအတွက် ကမ္ဘာ့သိထင်ရှားသော ပြည်တွင်းငါးဖမ်းလုပ်ငန်းများအတွက် ထောက်ပံ့ပေးလျက်ရှိပြီး ငါးဖမ်းရရှိမှုအရ[90] ကမ္ဘာ့အဆင့် နံပါတ်လေးနေရာတွင်ရှိပြီးကြီးမားသော မဲခေါင်ဒေသခွဲရှိ အခြားနိုင်ငံများ၏ ငါးဖမ်းရရှိမှုထက် ပိုလွန်သည်။[91] မြန်မာ့မြစ်ကြီးများသည် ရေအားလျှပ်စစ်အတွက် ဖြစ်နိုင်ချေများ ရှိသည်ဖြစ်ရာ လက်ရှိသတင်းခေါင်းကြီးပိုင်းများတွင် အများအားဖြင့် ဖော်ပြခံနေရသည်။ ယနေ့မြန်မာနိုင်ငံအနေ ဖြင့်မှီတည်နေရာသော စွမ်းအင်အားလုံး၏ (၇၀%) ကို ကြီးမားသာရေအားလျှပ်စစ်ထုတ်လုပ်သည့် ဆည် များအပေါ်တွင်မှီခိုနေရပြီး စီမံကိန်း ၂၅ ခုမှ အကြမ်းအားဖြင့် (၃၀၀၀) မီဂါဝပ် ထုတ်လုပ်လျက်ရှိသည်။

ယခင်အစိုးရနှင့် လက်ရှိအစိုးရသည် ရေအားလျှပ်စစ်ကို တိုးမြှင့်ထုတ်လုပ်ရန်အတွက် မြှင့်တင်ဆောင်ရွက်ကြသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဖော်ပြချက်အရ[92] အကြီးစား ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း (၅၀) ခုကို မြန်မာနိုင်ငံ၏ အဓိက မြစ်ချောင်းစနစ်များတွင် အကောင်အထည်ဖော်ရန် စီစဥ်ဆောင်ရွက် (သို့) စတင်အကောင်အထည်ဖော်လျက်ရှိပြီး ၎င်းတို့ အနက် ၄၅ ခုမှာ တိုင်းရင်းသားပြည်နယ်များတွင်ရှိသည်။[93] အဆိုပါ အကြီးစား ရေကာတာကြီးများမှ လက်ရှိလျှပ်စစ်စွမ်းအင်၏ (၁,၅၀၀%) သို့ လက်ရှိ လျှပ်စစ်ဓါတ်အား ၃,၀၀၀ မီဂါဝသပ်မှ ၄၅,၀၀၀ မီဂါဝပ် သို့ တိုးမြှင့်ထုတ်လုပ်သွားရန် မျှော်မှန်းထားသည်။ သို့သော်လည်း စွမ်းအင်အများစုကို တရုတ် နှင့်ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်။ အဆိုပါ ရည်ရွယ်ထားသော လျှပ်စစ်ဓာတ်အား များအတွက် မြန်မာနိုင်ငံရှိ နိုင်ငံသားများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ကြီးမားသော ပေးဆပ်မှု များဖြင့် အဆုံးရှုံးခံရမည်ဖြစ်သော်လည်း အဆိုပါ လျှပ်စစ်ဓာတ်အားများသည် အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြည့်ဆည်းပေးလိမ့်မည်။

## (၂) ဗဟိုမှထိန်းချုပ်သော ရေအရင်းအမြစ် စီမံအုပ်ချုပ်မှု

## က - ဥပဒေပြုခြင်း

*ရေအားလျှပ်စစ်ထုတ်လုပ်သည့် ဆည်တာတမံစီမံကိန်းများ စီမံခန့်ခွဲခြင်း*

နိုင်ငံ၏ အဓိက မြစ်ချောင်းစနစ်များပေါ်တွင် အကြီးစားရေအားလျှပ်စစ်ထုတ်လုပ်သည့် ဆည်တာတမံကြီးများကို တည်ဆောက် ရန် ပြင်ဆင်ဆောင်ရွက်နေမှုများသည် မြန်မာ့ရေအရင်းအမြစ် များကို အကြီးမားဆုံး ခြိမ်းခြောက်နေသည်။ အဆိုပါ စီမံချက်များ၏ အဓိကဦးတည်အကောင်အထည် ဖော်ရန် ရေးဆွဲထားသည့်နေရာအများစုမှာ တိုင်းရင်းသားပြည်နယ်များဖြစ်သော ကချင်၊ ရှမ်း၊ ကရင်နီနှင့် ကရင်ပြည်နယ်တို့၏ မြစ်များတွင်ဖြစ်ပြီး ဧရာဝတီနှင့် သံလွင်မြစ်တို့၏ အထက်မြစ်ညှာ မြစ်ဝှမ်းဒေသများတွင် ဖြစ်သည်။[94]

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား (၂) အရ ပြည်နယ်နှင့်တိုင်းဒေသကြီးတွင် "ပင်မဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား

ထုတ်လုပ်ဖြန့်ဖြူးရေး” လုပ်ငန်းကိုသာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ ဆိုလိုသည်မှာ အကြီးစား ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုများကို ဗဟိုအစိုးရမှ စီမံခန့်ခွဲမည်သဘောဖြစ်သည်။ အကြီးစားရေအားလျှပ်စစ် စီမံကိန်းများနှင့်ပတ်သက်၍ ဗဟိုအစိုးရ၏ စီမံခန့်ခွဲမှုကို ဒေသနှင့် ပြည်နယ်အစိုးရများမှ ပါဝင်အကြံပြုနိုင်မည့် လမ်းကြောင်းကို စီမံဆောင်ရွက်ထားခြင်း မရှိသည်ကို တွေ့ရသည်။

အများပြည်သူ၏ အသိအမှတ်ပြုထည့်ဝင်မှု မပါသည့် ရေအားလျှပ်စစ်ဆိုင်ရာ သဘောတူစာချုပ်များချုပ်ဆိုခဲ့ပြီး စာချုပ်ပါ အသေးစိတ်အချက်အလက်များကိုလည်း အများပြည်သူသိရှိအောင် ချပြရှင်းလင်းခြင်းလည်းမရှိချေ။ စီမံကိန်းတည်ရာ၏ အထက်ဘက်နှင့် အောက်ဘက်မှ ထိခိုက်ခံစားရသည့် ရပ်ရွာလူ့အဖွဲ့အစည်းများသည် ကွင်းဆင်းလေ့လာမှု (သို့) ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့်အချိန်မတိုင်ခင်အထိ ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်ပြီး ကြိုတင်သိရှိနားလည်ထားခြင်းမရှိသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ထိခိုက်ခံစားရမည့် ပြည်သူလူထု၊ ဒေသနှင့် ပြည်နယ်အစိုးရများအနေဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်သည့် လုပ်ငန်းများအတွက်စွမ်းအင်အစီအစဉ်များနှင့် ရေအရင်းအမြစ်အသုံးပြုမှုနှင့် ပတ်သက်၍ ဝင်ရောက်အဆုံးအဖြတ်ပေးနိုင်သည့် စွမ်းအားမရှိဘဲ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို တားဆီးရန်အတွက်သာ နေရာပေးထားသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အတိအကျအားဖြင့် ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနတို့သည် ရေအားလျှပ်စစ်စီမံကိန်းများအတွက် တာဝန်ရှိသူများဖြစ်သည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနအပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ကြီးကြပ်ထိန်းချုပ်သည်။

“ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်နိမိတ်များအကြားရှိ” ရေအရင်းအမြစ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် ရေအရင်းအမြစ် အုပ်ချုပ်စီမံမှုဆိုင်ရာ ဥပဒေများဖြင့် ခိုင်မာအားကောင်းလာစေရေး စီစဉ်ဆောင်ရွက်နိုင်ရန် အမျိုးသားရေအရင်းအမြစ် ကော်မတီတစ်ရပ်ကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။[95] ၂၀၁၄ ခုနှစ်တွင် အဆိုပါ အမျိုးသားရေအရင်းအမြစ်ကော်မတီမှ “အမျိုးသားရေမူဝါဒ” ကို ပါလီမန်လွှတ်တော်တွင် တင်သွင်းခဲ့သည်။ (အောက်တွင် ဆက်လက်ကြည့်ရှုပါ) သို့သော် ၂၀၁၆ နှစ်ဦးပိုင်းတွင် ယင်းကော်မတီကိုဖျက်သိမ်းခဲ့သည်။ ၂၀၁၆ ခုနှစ်ကုန်ပိုင်းတွင်း ယင်းကော်မတီနှင့် လုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်ပြီး ဗဟိုအစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ပညာရှင်များ၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မှ မြို့တော်ဝန်များ ပါဝင်သည့်အဖွဲ့ဝင် (၂၈) ဦးဖြင့် ပြန်လည် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။[96] ကော်မတီထဲတွင် တိုင်းရင်းသားအခြေပြုပြည်နယ်များမှ ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိချေ။ ကော်မတီအနေဖြင့် လက်ရှိတွင် အမျိုးသားရေဥပဒေကို ရေးဆွဲပြဌာန်းနိုင်ရေးအတွက် လုပ်ဆောင်လျက်ရှိသည်။

*ရေအရင်းအမြစ်များနှင့် မြစ်ချောင်းများ ထိန်းသိမ်းစောင့်ရှောက်မှု ဥပဒေ ၂၀၀၆*

၂၀၀၆ ခုနှစ်တွင် ရေးဆွဲတင်သွင်းပြီး ယခင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ လက်မှတ်ရေးထိုးကာ အတည်ပြုပြဌာန်းခဲ့သော မြစ်ချောင်းများ ဥပဒေသည် မြစ်ချောင်းများအတွင်း ရေကြောင်းသွားလာမှု၊ ရေညစ်ညမ်းမှုနှင့် ရေနှင့်သက်ဆိုင်သည့် အခြေခံ အဆောက် အအုံများနှင့် သက်ဆိုင်သည့် အဓိကကဏ္ဍသုံးခုကို ဦးတည်ပြဌာန်းခဲ့သည်။ သို့သော် အဆိုပါမြစ်ချောင်းများ ဥပဒေသည် ရေအားလျှပ်

စစ်ထုတ်လုပ်ရေးနှင့်ပတ်သက်သည့် တိကျသော ဥပဒေစည်းကမ်းသတ်မှတ်ချက်များနှင့် မြစ်ချောင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေသည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာ ဖော်ပြ ထားရှိမှုမရှိသည်ကို တွေ့ရသည်။ အဆိုပါ မြစ်ချောင်း ဥပဒေသည် လူမှု-စီးပွားရေးအကျိုးအမြတ်အတွက် ရေအရင်းအမြစ်များနှင့် မြစ်ချောင်း စနစ်များ တိုးတက်ကောင်းမွန်လာရေးကိုသာ အသားပေး ပြဋ္ဌာန်းရေးဆွဲထားပြီး ဒေသခံပြည်သူလူထုနှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် မြစ်ချောင်းများ၏ အပြုသဘောဆောင်သော တန်ဖိုးများကို ဥပက္ခာပြုထားသည်သာမက ရေအသုံးချမှုအခွင့်အရေး (သို့) ရေအရင်း အမြစ်စီမံခန့်ခွဲမှုကိစ္စကို စဉ်းစားလုပ်ဆောင်ရန် ဆွေးနွေးခြင်းများ ပျက်ကွက်ခဲ့သည်။ မြစ်ကြောင်းသွားလာရေးအတွက်သာ အသားပေး စဉ်းစားခြင်းသည် ရပ်တန့်နေသော ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်များကို ပြည့်မီရန် ဖာထေးပေးခြင်းသာ ဖြစ်ကြောင်း ထင်ရှားသည်။

*မြန်မာနိုင်ငံ အမျိုးသား ရေ မူဝါဒ ၂၀၁၄*

နယ်သာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်အုပ်စုမှ ပြင်ဆင်ရေးဆွဲပေးသော မြန်မာနိုင်ငံ အမျိုးသားရေမူဝါဒကို အမျိုးသားရေအရင်းအမြစ်ကော်မတီမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်သွင်းပြီး[97] ၂၀၁၄ ခုနှစ်တွင် အတည်ပြုပေးခြင်းခံရသည်။ အဆိုပါ ရေမူဝါဒ၏ ရည်ရွယ်ချက်မှာ "ဥပဒေနှင့် ဖွဲ့စည်းမှုဆိုင်ရာ စနစ်များဖန်တီးနိုင်ရန် မူဘောင်တစ်ခုနှင့် အမျိုးသားရေအရင်းအမြစ်ဆိုင်ရာ ရှုထောင့်များနှင့် ထပ်တူကျသော လုပ်ငန်းအစီအမံများကို အဆိုပြုရန်" ဖြစ်သည်။[98] ရေမူဝါဒသည် ရေစီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သည့် ပြဿနာများကို ပြည့်စုံလုံလောက်စွာဖြေရှင်းမှုမရှိခဲ့ခြင်း[99] နှင့် သက်ဆိုင်သော ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ပြည်သူလူထုတစ်ရပ်လုံး အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုနှင့် ဘက်စုံအကျိုးဖြစ်ထွန်းမှု" ကိစ္စရပ်များကို သေချာစွာ စဉ်းစားလုပ်ဆောင်ရန် အားနည်းခဲ့ခြင်းတို့ကို အသိအမှတ်ပြုထားသည်။[100]

ရေမူဝါဒထဲတွင် ထိရောက်စွာ အသိပေးနိုင်သည့် လက်ရှိ ဖွဲ့စည်းမှုဆိုင်ရာ စွမ်းဆောင်ရည်များ၊ ပြည်ထောင်စု အဆင့်တွင် ရေစီမံခန့်ခွဲမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ အားနည်းနေခြင်းနှင့် အတိအကျဖြင့် "ရပ်ရွာအခြေပြု ရေစီမံခန့်ခွဲမှုစနစ်များကို ဖွဲ့စည်းမှု စနစ်တကျဖြစ်လာရန်နှင့် ပိုမိုအားကောင်းလာစေရန်" လုပ်ဆောင်သင့်သည့်အချက်များကို မီးမောင်းထိုးထောက်ပြထားသည်။[101] ရေစီမံခန့်ခွဲမှုအဆင့်တွင် အားနည်းခြင်းနှင့် ရပ်ရွာအခြေပြု ချဉ်းကပ်နည်းလမ်းများဖြင့် ရေအုပ်ချုပ်စီမံမှုများ လိုအပ်မှုကို အသိအမှတ်ပြုခြင်းသည် အပြုသဘောဆောင်သော လက္ခဏာတစ်ခုဖြစ်သည်။ သို့သော် မူဝါဒစာမျက်နှာများပေါ်မှ အကောင် အထည်ဖော်ခြင်းဆီသို့ ရောက်ရှိအောင် မည်သို့မည်ပုံ အနက်ဖွင့်ကို ရှင်းရှင်းလင်းလင်းမသိရသေးချေ။

*အမျိုးသား ရေ ဥပဒေ (ပြဋ္ဌာန်းလာတော့မည်)*

အမျိုးသားရေဥပဒေကို ၂၀၁၇ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ပါလီမန်လွှတ်တော်မှ အတည်ပြုနိုင်ရန် မျှော်လင့်ရပါသည်။ သို့သော် ဥပဒေရေးဆွဲနေစဉ်အတွင်း အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ဒေသခံရပ်ရွာလူ့အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်းများမရှိသကဲ့သို့ သုံးသပ်အကြံပြုနိုင်ရန်အတွက် ဥပဒေမူကြမ်းကိုလည်း အများပြည်သူသိရှိအောင် ထုတ်ပြန်ပေးထားခြင်းလည်း မရှိသည်ကို တွေ့ရသည်။ အမျိုးသားရေမူဝါဒတွင် "အဓိပ္ပါယ်ရှိသော အပြည့်အဝ

ပူးပေါင်းပါဝင်မှုနှင့် တာဝန်ယူ တာဝန်ခံမှုတို့ဖြင့် ရေအရင်းအမြစ်များဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဥပဒေရေးဆွဲသတ်မှတ်ခြင်းတို့ကို ထိန်းကျောင်းပေးသင့်သည်။"[102] ဟု ရေးသားဖော်ပြထားသော်လည်း မြန်မာနိုင်ငံ၏ အနာဂတ်ရေစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်စီမံမှုများကို ထိန်းကျောင်းမည့် ဥပဒေများ ရေးဆွဲပြင်ဆင်မှု များတွင် အထက်ပါ မူဝါဒပါ အချက်ကို ဦးစားပေးစဉ်းစားခြင်း မရှိသည်ကို တွေ့ရသည်။

## (ခ) ကျင့်သုံးမှုများ

*ပဋိပက္ခဒေသတွင် ရေကာတာများကို လက်နက်အဖြစ် အသုံးချခြင်း*

ရေကာတာ အစီအစဉ်များကို အကောင်အထည်ဖော်သူများနှင့် အခြား အကျိုးတူလုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုထားသူအုပ်စု များအနေဖြင့် ရေကာတာစီမံကိန်းများ အကောင်အထည်ဖော်ရခြင်းသည် မြန်မာစစ်တပ်နှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ၏ လုပ်ဆောင်မှုများအပေါ်တွင် များစွာမှီတည်နေရသည်။ အကောင်အထည်ဖော်ဆောက်လုပ်ရန် ရည်ရွယ်ထားသော ရေကာတာကြီးများနှင့် ဆက်စပ်အခြေခံ အဆောက်အအုံများကို အစိုးရစစ်တပ်၊ တပ်မတော်ထိန်းချုပ်သော နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ရောနှောထိန်းချုပ်ရာ နယ်မြေများတွင် တည်ရှိသည်။ ယင်းသို့ ဖြစ်နေခြင်းသည် ရေကာတာ တည်ဆောက်ရာ နယ်မြေများအတွင်းနှင့် စီမံကိန်းသို့ ရောက်ရှိရန် ဖောက်လုပ်အသုံးပြုသော လမ်းများအနီး ပတ်ဝန်းကျင်ဒေသများရှိ ရှိနှင့်ပြီးသား လူမှုရေးဆိုင်ရာ တင်းမာမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကို ပိုမိုဆိုးရွားစေပါသည်။ ဆောက်လုပ်ပြီးစီးသည်နှင့် တစ်ပြိုင်နက် ဆည်ရေဝပ် ဧရိယာများကြောင့် တိုင်းရင်းသားတော်လှန်ရေးအစိုးရများ ထိန်းချုပ်ရာ နယ်မြေများရှိ ထောင်ပေါင်းများစွာသော ပြည်သူလူထုများက နေရပ် ရွှေ့ပြောင်းမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဥပမာ-ထိုင်းနှင့်တရုတ်ကုမ္ပဏီများက ထိုင်းသို့လျှပ်စစ်စွမ်းအင်တင်ပို့ရောင်းချရန် စီစဉ်ထားသော ဟတ်ကြီးရေကာတာစီမံကိန်းသည် ကရင်အမျိုးသားအစည်းအရုံး (KNU) အုပ်ချုပ်သော မတ်ဒရာ ခရိုင်တွင် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ကျယ်ပြန့်စွာနှင့် စနစ်ကျလှသော လူ့အခွင့်အရေးချိုးဖောက်မှုများက တိုင်းရင်းသားဒေသအတွင်း စစ်တပ်၏ နယ်မြေစိုးမိုးရန် အတွက် စစ်ဆင်နေခြင်းကို ပုံဖော်လျက်ရှိသည်။ စစ်ဆင်ရေးအစီအစဉ်များသည် သဘာဝအရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ရန်နှင့် ရေအားလျှပ်စစ်ထုတ်သည့် ရေကာတာများ တည်ဆောက်ရန် လမ်းစများကို ဖော်ပေးခဲ့သည်။ ဥပမာအားဖြင့် ၁၉၉၆ နှင့် ၁၉၉၈ ခုနှစ်အတွင်း မြန်မာစစ်တပ်၏ လူမဆန်သည့် "ဖြတ်လေးဖြတ်" စနစ်ဖြင့် ရှမ်းပြည်နယ်ရှိ မြို့နယ်ပေါင်း (၁၂) ခုတွင် ဦးတည်စစ်ဆင်ခဲ့ပြီး ကျေးရွာပေါင်း ၁,၅၀၀ (သို့) လူပေါင်း ခန့်မှန်းခြေ ၃၀၀,၀၀၀ ကျော် အတင်းအဓမ္မ ရွှေ့ပြောင်းခံခဲ့ရသည်။[103] ၁၉၉၆ ခုနှစ် အစောပိုင်းကာလများတွင်လူဦးရေ ၆၀,၀၀၀ ကျော်သည် မိုင်းတုံရေကာတာနှင့် ရေလွှမ်းဧရိယာဒေသများအတွင်း နေထိုင်ခဲ့ကြသည်။

စီမံကိန်းဧရိယာ၏ မြောက်ဘက် ကွန်ဟိန်းမြို့နယ်တွင် ကျေးရွာပေါင်း ၁၈၅ ရွာမှ အိမ်ထောင်စု ၉၅၅၁ စုတို့သည် ခြိမ်းခြောက်မှုနှင့် ပြင်းထန်သော အကြမ်းဖက်မှုအတွေ့အကြုံများဖြင့် အတင်းအဓမ္မ ရွှေ့ပြောင်းခံခဲ့ရသည်။[104] စစ်ဆင်ရေးကာလအတွင်း ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းများကြောင့် ဒေသခံနိုင်ငံသား စုစုပေါင်း ၃၁၉ ဦး သေဆုံးခဲ့ရသည်။ ၁၉၉၆ နှင့် ၂၀၀၁

ခုနှစ်အတွင်း မြန်မာ့စစ်ကြောင်းများမှ ရေကာတာဧရိယာ၏ ကီလိုမီတာ ၅၀ အတွင်းတွင် ကျူးလွန်ခဲ့သော မုဒိမ်းမှုပေါင်း ၃၀၀ ကို ရှမ်းလူ့အခွင့်အရေးအဖွဲ့မှ မှတ်တမ်းတင်ထားခဲ့သည်။[105]

၁၉၉၆ ခုနှစ်တွင် အဆိုပြု ရေကာတာစီမံကိန်းဧရိယာနှင့်အနီးတစ်ဝိုက်တွင် တပ်ရင်း (၁၀) ရင်းဖြင့် ခြေကုတ်ယူထားခဲ့သည်။[106] ၂၀၀၆ ခုနှစ်ရောက်သည့်အခါ အင်ဂျင်နီယာတပ်၊ ဆေးတပ်နှင့် အခြား ထောက်ပို့တပ်များမပါဘဲ "စုစုပေါင်း တပ်ရင်းပေါင်း (၃၀) ရင်း" ဖြစ်လာခဲ့သည်။ ၂၀၀၆ ခုနှစ် "ရှမ်းသဘာဝ" အမည်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်း၏ လေ့လာမှုစစ်တမ်းများအရ မူရင်းဌာနေတွင် နေထိုင်သူများ ၃၅,၀၀၀ ကျော်သည် ထိုင်းနိုင်ငံသို့ နေရပ်စွန့်ခွာ ရွှေ့ပြောင်းသွားကြပြီး ကျန်ရစ်သူ ၂၅,၀၀၀ တို့မှာ မြန်မာစစ်တပ်များသတ်မှတ်ထားသော စုစည်းကျေးရွာများနှင့် မူရင်းကျေးရွာများအကြားတွင် ဟိုတစ်စ ဒီတစ်ကွဲဖြင့် နေထိုင်ကြသည်။ (သို့) တောတောင်များအတွင်း ပုန်းအောင်းနေထိုင်ကြသည်ဟု ဖော်ထုတ်တွေ့ရှိခဲ့သည်။ တည်ဆောက်မှုလုပ်ငန်းများ ရေကာတာဧရိယာတွင် အနည်းအကျဉ်း အကောင်အထည်ဖော်နေမှုရှိခဲ့သော်လည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာအစိုးရနှင့် ရှမ်းပြည် ပြန်လည် ထူထောင်ရေး/ရှမ်းပြည်နယ်တပ်မတော် (RCSS) တို့ အကြားရှိ အပစ်အခတ်ရပ် သဘော တူစာချုပ်ချုပ်ဆိုသည့်အချိန်နှင့် မတ်လ ၂၀၁၃ ခုနှစ်တွင် ရေကာတာတည်ဆောက်မှုလုပ်ငန်းစဉ်သစ် အတွက် ပြင်ဆင်မှုများသည် တစ်ချိန်တည်း တစ်ဆက်တည်းဖြစ်နေသည်။[107]

*အာဏာမရှိသော ပြည်နယ်အစိုးရများ*

သီအိုရီအရ မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြည်နယ်အဆင့် ရုံးခွဲများ အနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာ ပြည်နယ်အတွင်းရှိ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် ရေကာတာတည်ဆောက်ရေး လုပ်ငန်းများ အကောင် အထည်ဖော်မှု များကို ကူညီပံ့ပိုးပေးရန် တာဝန်ရှိသည်။ သို့သော်လည်း ပြည်နယ်အဆင့် ဝန်ကြီးများတွင် မိမိတို့၏ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အစီအစဉ်များ (သို့) ပြည်နယ်အတွင်း အကောင်အထည်ဖော်မည့် ရေအား လျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက် အနည်းငယ်သာ ရှိသည်။[108] ဆုံးဖြတ်ချက်ချမှတ်ရာတွင် လက်ရှိ ဝန်ကြီး ဦးဆောင်သည့် ပြည်ထောင်စုအဆင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနကသာအဓိက ဆုံးဖြတ်ချက်ချပြီး ပြည်နယ်အဆင့် ဝန်ကြီးဌာနများအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အာဏာအနည်းငယ်သာရှိသည်။[109]

အစိုးရအဖွဲ့၏ အကြံပေးအဖွဲ့တစ်ဖွဲ့ဖြစ်သော MDRI ၏ အကြီးတန်း သုတေသီတစ်ဦး၏ အဆိုအရ သမ္မတဦးသိန်းစိန်ပင်လျှင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ထိန်းချုပ်နိုင်သည့် အခွင့်အာဏာအကန့်အသတ်ဖြင့်သာရှိသည်ဟု ဆိုပါသည်။[110] သမ္မတ၏ စီးပွားရေး အကြံပေးမှ ဦးဆောင်သော MDRI အနေဖြင့် အခြားသော ဝန်ကြီးဌာနများနှင့် ကောင်းမွန်သော ရင်းနှီးမှုဆက်ဆံမှုများရှိသော်လည်း ယခုတွင် မြန်မာ့လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအဖြစ် ပေါင်းစည်းလိုက်သည့် မြန်မာ့လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့်မူ ရင်းနှီးမှု မတည်ဆောက်နိုင်ခဲ့ပါဟု အဆိုပါ သုတေသီမှ ဆက်လက် ပြောကြားခဲ့သည်။ မြန်မာ့လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကဲ့သို့သော အင်အားကြီး ဝန်ကြီးဌာနများအပေါ်တွင် မည်သည့် စိတ်ဝင်စားမှုများ (သို့) စိတ်ဝင်စားသည့်အုပ်စုများမှ ဦးဆောင်ဆွဲငင်နေမှုများ မရှင်းလင်း သော်လည်း စစ်တပ်ပိုင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှာ မြန်မာ့သဘာဝအရင်းအမြစ်များ တိုးတက်ထုတ်လုပ်မှုနှင့် ထုတ်လုပ်ရောင်းချမှုများအပေါ်တွင် အမြင့်ဆုံးဒီကရီမှ ဆက်လက်ပြီး ရစ်ပတ်နှောင်ဖွဲ့ကာ လွှမ်းမိုးထိန်းချုပ်ထားပေဦးမည်ဖြစ်သည်။

တိုင်းရင်းသားအခြေပြုပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့မဲဆန္ဒနယ်တွင် အကောင်အထည်ဖော်မည့် စီမံကိန်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို မရရှိဘဲ ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်များတွင် အမြင်များပေးခြင်း (သို့) မကျေနပ်မှုများအတွက် ပြန်လည်အပ်နှံခံရခွင့်များအတွက် ကြိုးပမ်းလုပ်ဆောင်ပေးခြင်းတို့ကိုသာ လုပ်ဆောင်ခွင့်ရသည်။ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (EIA) လုပ်ထုံးလုပ်နည်းများအရ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ၁၅ မီဂါဝပ်ထက်ကျော်သော ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်သော မေးခွန်းတစ်စုံတစ်ရာကိုမျှ မေးမြန်းနိုင်သည့် အခွင့်အာဏာမရှိသည်ကို တွေ့ရသည်။[111] ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စောက "မိုင်းတုံရေကာတာတည်ဆောက်မှုကြောင့် ထိခိုက်နိုင်မှုတွေ၊ စိုးရိမ်မှုတွေကို ပြည်နယ်လွှတ်တော်မှာ ကျွန်မတင်ပြဆွေးနွေးပါတယ်။ ဒါပေမယ့် သူတို့ပြန်ဖြေတာက ကျွန်မတို့ရဲ့ စိုးရိမ်မှုတွေကို နိုင်ငံတော်အစိုးရကိုပဲ တင်ပြရမယ်လို့ ပြန်ဖြေပေးတယ်။" ဟု မြန်မာတိုင်းစ် သတင်းဌာနကို ပြောပြခဲ့သည်။[112]

*ဒေသ၏ ပကတိအခြေအနေကို စဉ်းစားပေးခြင်း (သို့) ဒေသလိုအပ်ချက်ကို ဦးစားပေးခြင်းမရှိသော သြဇာကြီးမားသည့် ရင်းနှီးမြှုပ်နှံသူတို့၏ မူဝါဒချမှတ်ခြင်းများ*

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ ကမ္ဘာ့ဘဏ်အဖွဲ့နှင့် ၎င်း၏ ပုဂ္ဂလိကကဏ္ဍ ချေးငွေလက်တံများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) တို့ အပါအဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်း (IFI) အဖွဲ့သည် ရောနှောလျက်ရှိသော နည်းပညာထောက်ပံ့မှုများ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ ထောက်ပံ့ပေးပြီး မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍအတွက် စည်းရုံးဆော်သြလျက်ရှိသည်။ IFC သည် ရေအားလျှပ်စစ်ကဏ္ဍအတွက် မဟာဗျူဟာကျသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှု (SEA) ကို ဦးဆောင်လျက်ရှိသည်။

အဆိုပါ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (International Financial Institution) နှင့် ဘဏ်များသည် ကျေးလက်ဒေသလျှပ်စစ်မီး ရရှိရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းများကိုတိုးမြှင့် အကောင်အထည်ဖော်လိုကြသည်။ ငွေကြေးဆိုင်ရာအဖွဲ့အစည်း



ဓါတ်ပုံ - TSYO

*ရွှေလီ ရေကာတာကြီး၏ လုံခြုံရေးအတွက် လက်နက်ကိုင်စစ်တပ်ကို စေလွှတ်ခြင်းသည် ဒေသခံလူထု၏ အခွင့်အရေးများကို ချိုးဖောက်ရန် ရောက်ရှိခြင်းဖြစ်သည်ဟု သိထားကြသည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ကရင်ပြည်နယ်ရှိ မြန်မာ့တပ်မတော်နှင့် နယ်ခြား စောင့်တပ်သည် သံလွင်မြစ် ပေါ်တွင် တည်ဆောက်မည့် ဟတ်ကြီးရေကာတာ အနီးတဝိုက်မှ ဒေသခံလူဦးရေ ၅၀၀၀ ကျော်ကို နေရပ် ရွှေ့ပြောင်းစေခဲ့သည်။ ဒေသခံပြည်သူများမှာ စိုးရိမ်မှုများသည့် မလုံခြုံမှုများကို ဆက်လက်ရင်ဆိုင်နေရပြီး မိမိတို့၏ ကျေးရွာများသို့ မပြန်နိုင်ဘဲ ရှိနေသည်။*

များအနေဖြင့် ဗဟိုအစိုးရ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတွင် မိမိတို့၏ ပံ့ပိုးမှု အများစုကို ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ် မြစ်ဝှမ်းဒေသများဆိုင်ရာ စီမံခန့်ခွဲမှုတွင် ရပ်ရွာလူ့အဖွဲ့အစည်းတို့၏ အဓိပ္ပာယ်ရှိသော ပူးပေါင်းပါဝင်မှုများကို ဆက်လက်ထိန်းချုပ်လျှော့ချရန်နှင့် ဗဟိုဦးစီးစနစ်ဖြင့် အရင်းအမြစ်စီမံခန့်ခွဲမှုများကို မျက်နှာသာပေးရန် ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြစ်ချောင်းများ ပေါ်တွင် အကြီးစား စွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတကာမှ ထောက်ပံ့နေခြင်းသည် အကြီးစား ရေကာတာများ၊ လက်နက်ကိုင်ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအကြားရှိ ချိတ်ဆက်၊ ဆက်နွယ်မှုများကို ပြတ်ပြတ်သားသား ဆက်လက်ဥပေက္ခာပြုနေခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ် ပျက်ပြားအောင် အဆိုပါ အကြီးစားရေကာတာစီမံကိန်းများက ခြိမ်းခြောက်နေသည့်အချက်ကို လစ်လျူရှုနေခြင်းပင် ဖြစ်သည်။

IFC ၏ အဆိုအရ မြန်မာနိုင်ငံ လူဦးရေ၏ ၆၆ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ခြင်း မရှိဟု ဆိုပါသည်။[113] သို့သော်လည်း ယင်းသို့ ခန့်မှန်းကောက်ချက်ချမှုမှာ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်အသုံးပြုသူများကိုသာ အခြေခံပြီး တွက်ချက်ထားသည်။ ထိုအချက်သည် ကျယ်ကျယ်ပြန့်ပြန့် ဓာတ်အားလိုင်းပြင်ပလျှပ်စစ်မီး လည်ပတ်အသုံးပြုမှုနေမှုများကို မသိကျိုးကျွံပြုခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဒေသခံလုပ်ငန်းရှင်များနှင့် ကော်မတီများမှ လည်ပတ်ဖြန့်ဖြူးသော အသေးစား ရေအားလျှပ်စစ်စီမံကိန်းများရှိပါသည်။[114] မဲခေါင် စွမ်းအင်နှင့် ဂေဟဗေဒဆိုင်ရာ ကွန်ရက်အဖွဲ့ (MEENet) ၏ လေ့လာမှုများအရ မြန်မာနိုင်ငံတွင် ၁ မီဂါဝပ်အောက် ရှိသော ရေအားလျှပ်စစ်စီမံကိန်း စုစုပေါင်း ၅၈၄၀ ခု လည်ပတ်လျက်ရှိကြောင်း သိရသည်။[115] ၂၀၁၂ ခုနှစ်၊ ADB ဘဏ်၏ စွမ်းအင်ကဏ္ဍ ကနဦး ဆန်းစစ်လေ့လာမှုများအရ ဆိုခဲ့ပါ အသေးစားရေအားလျှပ်စစ်စီမံကိန်း ၃၅ (၀.၀၀၆ %) ခုကို မြန်မာ့လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၀၇ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည်ဟု ဖော်ပြထားသည်။[116]

ဗဟိုထိန်းချုပ်မှုမရှိသည့် အိမ်ထောင်စုနှင့် ကျေးရွာအဆင့် ဓာတ်အားလိုင်းပြင်ပစနစ်နှင့် အသေးစား မီးကြိုးသွယ်စနစ်များက မြန်မာ့ကျေးလက်စွမ်းအင်မြေပုံကို လွှမ်းမိုးထားသည်။ ဤကဲ့သို့သော ကျေးရွာအခြေပြု စွမ်းအင်သုံးစွဲမှုစနစ်များသည် ဒေသခံများသားစဉ်မြေးဆက် ရိုးရာဓလေ့အရ အများပူးပေါင်းပါဝင်ပြီး ခိုင်မာသော မြေယာနှင့် သယံဇာတစီမံခန့်ခွဲအသုံးပြုသည့် အစဉ်အလာများနှင့်



ဓါတ်ပုံ - Network Media Group

*မြစ်ကြီးနားမြို့တွင် ကမ္ဘာ့ဘဏ်၏ IFC အေဂျင်စီအား ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေသည့်ပုံ(ဖေဖော်ဝါရီ၊ ၂၀၁၇)၊ IFC ကဲ့သို့သော အေဂျင်စီသည် မြန်မာနိုင်ငံရှိ စွမ်းအင်ဆိုင်ရာ စီမံချက်များနှင့် ဆက်စပ်သော ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ကြီးစွာ လွှမ်းမိုးမှုရှိသည်။ ၃၀ မီဂါဝပ်ကျော်သော ရေအားလျှပ်စစ်စီမံကိန်း (သို့) မဟာဓာတ်အားလိုင်းသို့ ဆက်သွယ်မှုစီမံကိန်းများနှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်အာဏာများ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရလက်ထဲတွင် မရှိပါ။*

ချိတ်ဆက်လည်ပတ်လျှက်ရှိသည်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာ့လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အထက်ပါဗဟိုထိန်းချုပ်မှုမရှိသည့် လျှပ်စစ်အသုံးပြုမှုများကို ဦးစားပေးခြင်းမရှိဘဲ ဗဟိုထိန်းချုပ်သော မဟာဓာတ်အားလိုင်း စနစ်ကိုသာ အကောင်အထည်ဖော်ရန် ဦးတည်စဉ်းစားသည်။ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်ဒေသများမှ လူ့အဖွဲ့အစည်းများ အနေဖြင့် မဟာဓာတ်အားလိုင်းများနှင့် ချိတ်ဆက်အသုံးပြုခွင့်ကို နောက်ဆုံးမှသာ ရရှိလိမ့်မည်ဖြစ်ပြီး ထိုသို့ ချိတ်ဆက်ရရှိနိုင်ရန် နှစ်ပေါင်း ၃၀ ကျော်ကြာနိုင်ပါသည်။ ထိုကာလအတွင်း နိုင်ငံခြား ကုမ္ပဏီများသည် အကြီးစား ရေကာတာစီမံကိန်းကြီးများကို တည်ဆောက်ကာ အကျိုးအမြတ် များ ရရှိနေပြီး ဘဏ်များသည်လည်း ချေးငွေများမှ အတိုးများစွာကို ရရှိနေပါလိမ့်မည်။

နိုင်ငံတကာ ကျွမ်းကျင်သူများမှ စီစဉ်ရေးဆွဲသည့် ရေအားလျှပ်စစ်စီမံကိန်းများသည် အိမ်နီး ချင်းနိုင်ငံများသို့ စွမ်းအင် တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်သည့်အချက်ကို ဦးစားပေးထားသည်။ ရေအားမှ ရရှိသော လျှပ်စစ်ဓာတ်အားများကိုလည်း အိမ်ထောင်စု များသို့ မရောက်ရှိမီ စစ်တပ်၊ စက်ရုံနှင့် အစိုးရ ဌာနများဆီသို့ ဦးစွာ ဖြန့်ဖြူးပေးထားသည်။ ယင်းစနစ်ပုံစံအတိုင်း အဆိုပြုထားသော သံလွင်ရေကာတာ များတွင် ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ပြီး အကြီးစားစီမံကိန်းများမှ ထုတ်လုပ်လည်ပတ် သော လျှပ်စစ် ဓာတ်အားများ၏ အနည်းဆုံးရာခိုင်နှုန်းကိုသာ အိမ်ထောင်မိသားစုသုံးအတွက် ဖြန့်ဝေပေး မည်ဖြစ်ကာ ၈၅-၉၀ ရာခိုင်နှုန်းကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် ဦးတည်ရည်ရွယ်ထားသည်။

*နာမည်ပျက်ရှိသော နိုင်ငံခြား ကုမ္ပဏီများမှ တာဝန်ခံမှုမရှိဘဲ လုပ်ငန်းလည်ပတ်မှု*

တရုတ်နိုင်ငံတွင် အကျင့်ပျက်ခြစားမှုကြောင့် အပြစ်ပေးခြင်းခံရသော နိုင်ငံပိုင်ကုမ္ပဏီများ[117] (သို့) ထိုင်းနိုင်ငံတွင်းတွင် ၎င်းတို့၏ စီမံကိန်းများကို ဆန့်ကျင်ဆန္ဒပြမှုများကြောင့် ပင်လယ်ရပ်ခြားဒေသ တွင် လုပ်ငန်းအကောင်အထည်ဖော်သူများမှာ[118] မြန်မာ့ရေအား လျှပ်စစ်ကဏ္ဍတွင် အဓိက ရင်းနှီးမြှုပ်နှံ သူများ ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် အကြီးစားရေအားလျှပ်စစ် စီမံကိန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ၂၆ ခုသော တရုတ်ကုမ္ပဏီကြီးများနှင့် လက်ဝေခံကုမ္ပဏီ များက အကောင်အထည်ဖော်ရန်ရှိပြီး ၎င်းကုမ္ပဏီများ အထဲမှ ၂၃ ခုမှာ နိုင်ငံပိုင် ကုမ္ပဏီများဖြစ်သည်။[119] မြစ်ဆုံနှင့် မိုင်းတုံ အကြီးစား ရေကာတာတည်ဆောက်မှုများကို တရုတ်နိုင်ငံ၏ အမြင့်ဆုံး ကောင်စီတွင် နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတော်လုံခြုံရေးကိစ္စများအဖြစ် စဉ်းစားထားခဲ့ကြသည်။ ရေကာတာ တည်ဆောက်မည့် ဒီဇိုင်းပုံစံမှအစ တည်ဆောက်-လည်ပတ်-လွှဲပြောင်းမှုနှင့် သက်ဆိုင်သည့် အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီမှုများအဆုံး၊ အကောင်အထည်ဖော်သည့်ကုမ္ပဏီ များနှင့် ၎င်းတို့ကို ပိုင်ဆိုင်သည့် အစိုးရများသည် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များကို ထိန်းချုပ်သည့် အခွင့်အာဏာရရှိမည်ဖြစ်ပြီး နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ရေရရှိခွင့် အခွင့်အရေးကိုပါ ခြိမ်း ခြောက်နေပါသည်။[120]

မြန်မာနိုင်ငံရှိ အကြီးစား ရေကာတာစီမံကိန်းများသည် ယခင် စစ်တပ်အုပ်ချုပ်သော အာဏာရှင်များ၏ စိတ်ကူးမှုများနှင့် အစီအစဉ်ရေးဆွဲမှုများပင်ဖြစ်ပြီး ဘောကျင်း (သို့) ဘန်ကောက် မှ အင်ဂျင်နီယာများမှလည်း ပါဝင်ဒီဇိုင်းဆွဲကြသည်။ အစိုးရ ပြောင်းလဲသွားသော်လည်း စစ်အုပ်ချုပ်ရေး ကာလတွင် ရေးထိုးခဲ့သော သဘောတူညီစာချုပ်များ အသက်ဝင်နေဆဲ ဖြစ်သည်။ အကြီးစား ရေကာတာများနှင့် ဆက်စပ်သည့် ကုန်ကျမှုနှင့် အကျိုးအမြတ်များကို ပြန်လည်သုံးသပ်တင်ပြပေးရန် အများပြည်သူတစ်ရပ်လုံး၏ ဖိအားပေးမှုနှင့် ရင်ဆိုင်နေရစေကာမူ မည်သည့် သဘောတူညီစာချုပ်ကိုမျှ အများပြည်သူ သိရှိအောင် ချပြရှင်းလင်းခြင်းမရှိချေ။

*ခွင့်ပြုမိန့်ချပေးခြင်း၏ အားနည်းချက်များ ဆန်းစစ်လေ့လာခြင်း*

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ် အပိုဒ် (၁၃) အရ စီမံကိန်းအဆိုပြုသူသည် "အများပြည်သူနှင့် သင့်လျော်သော တိုင်ပင်ဆွေးနွေးမှု" များကို ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) နှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပြုလုပ်ရမည်ဖြစ်ပြီး "အများပြည်သူနှင့်သက်ဆိုင်သော စီမံကိန်းဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ဖော်ရမည်။"[121] လက်တွေ့တွင် မြန်မာနိုင်ငံရှိ ရေကာတာစီမံကိန်းများကို အဆိုပြုသူများသည် EIA ဖြစ်စဉ်အတွင်း တန်ဖိုးရှိသော ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန် ပျက်ကွက်ခဲ့ကြပြီး EIA လုပ်ထုံးလုပ်နည်းဥပဒေ ပုဒ်မ ၁၃၊ ၃၄၊ ၅၀ နှင့် ၆၁ တို့ကို ချိုးဖောက်ခဲ့ကြသည်။

အဆိုပြုထားသော ရေကာတာစီမံကိန်းများ၏ ရေမြှုပ်ဧရိယာအတွင်းရှိ မြို့နယ်များတွင် နိုင်ငံတကာ အကောင်းဆုံးကျင့်သုံးမှုစံနှုန်းများနှင့် ကိုက်ညီသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် မဖြစ်နိုင်ပါ။ အကြောင်းမှာ အဆိုပါဒေသများမှာ လက်နက်ကိုင် ပဋိပက္ခများနှင့် ကြုံတွေ့ထိခိုက်ခံနေရဆဲဖြစ်သည်။ ဥပမာအားဖြင့် ၂၀၁၅ ခုနှစ်တွင် မိုင်းတုံရေကာတာဧရိယာအနီးရှိကျေးရွာများကို ထိန်းချုပ်သော ဝပြည်သွေးစည်းညီညွတ်ရေး တပ်ပေါင်းစု (UWSA) သည် မိမိတို့ထိန်းချုပ်မှုအောက်ရှိ ကျေးရွာများတွင် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ပေးရန် သြစတြေးလျအင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ကို ပြောခဲ့သည်။ သို့သော် လူထုဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းမရှိချေ။ ထိုဖြစ်ရပ်သည် ကုမ္ပဏီမှ ဒေသခံလူထုကို စိတ်အနှောင့်အယှက်ဖြစ်စေသည့် ဝရုန်းသုန်းကားဆန်စွာ ရေကာတာအကြောင်းကို လူထုအစည်းအဝေးတွင် မြှင့်တင်ပြောဆိုခြင်း၊ မကောင်းသည့် အကျိုးဆက်များကို ဘေးချိတ်ကာ မှိန်ထားခြင်း၊ ရေကာတာ၏ အဓိကရည်ရွယ်ချက်မှာ တရုတ်နှင့် ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချရန် ဖြစ်သော်လည်း လျှပ်စစ်မီးရ စေရမည်ဟု ကတိပေးခြင်း" တို့ကို လုပ်ဆောင်ပြီးသည့်နောက်တွင် ဖြစ်သည်။[122]

ရှမ်းပြည်နယ်၏ ခိုင်မာစွာ ခုခံပြောဆိုနိုင်ကြသည့်ဒေသတွင် တည်ရှိသည့် ကွမ်လုံရေကာတာအတွက် EIA ဆန်းစစ်လေ့လာမှုပြုလုပ်သည့် ပညာရှင်များသည်လည်း ၂၀၁၅ ခုနှစ် EIA လုပ်ထုံးလုပ်နည်းများအတိုင်း ကျင့်သုံးလုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပြီး အတိအကျအားဖြင့် လူထုဆွေးနွေးပွဲနှင့် သက်ဆိုင်သော ပုဒ်မ ၃၄၊ ၅၀ နှင့် ၆၁၊ EIA အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်သွင်းပြီးနောက် ၁၅ ရက်ထက်နောက်မကျဘဲ အများပြည်သူသိရှိအောင် ထုတ်ပြန်ခြင်းနှင့် သက်ဆိုင်သည့် ပုဒ်မ ၆၅၊ ၆၆ တို့ကိုလည်း ချိုးဖောက်ခဲ့သည်။ ခြောက်လကြာသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ၂၀၁၃ ခုနှစ်တွင် အဆုံးသတ်နိုင်ခဲ့သော်လည်း EIA အစီရင်ခံစာကို အများပြည်သူသိရှိအောင် ထုတ်ပြန်ခြင်းမရှိခဲ့ချေ။

မြစ်ဆုံရေကာတာအတွက် ပြုလုပ်သည့် EIA လုပ်ငန်းစဉ်သည်လည်း လုံလောက်သော လူထုတွေ့ဆုံဆွေးနွေးခြင်းများကို မကျင်းပနိုင်သည်သာမက လူမှုရေးနှင့် စီးပွားရေး ဆိုးကျိုးများ (သို့) မြစ်အောက်ပိုင်း ဆိုးကျိုးများကို ဆန်းစစ်လေ့လာခြင်းများ မပြုလုပ်နိုင်ခဲ့ပါ။ လွတ်လပ်သည့် ကျွမ်းကျင်သူတစ်ယောက်မှ ဆန်းစစ်လေ့လာချက်များကို ပြန်လည်သုံးသပ်ရာတွင် "လိုသည်ထက် လျော့နေသည့် အရေးကြီးသည့်အချက်များနှင့် အားနည်းချက်ရှိသော ဆန်းစစ်မှုဖော်ပြချက်များ" ပါဝင်သည်ကို တွေ့ရသည်ဟု ဆိုပါသည်။[123]

*စစ်တပ်နှင့် ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများ ရေကာတာများမှ အကျိုးအမြတ်ရရှိခြင်း*

စစ်တပ်နှင့် ချိတ်ဆက်မှုအားကောင်းသည့် ကုမ္ပဏီများသည် များသောအားဖြင့် ရေအားလျှပ်စစ်စီမံကိန်းများမှ အကျိုးအမြတ် များစွာရရှိသည်။ ဥပမာအားဖြင့် International Group of Entrepreneurs (IGE) ကုမ္ပဏီလီမိတက်သည် မိုင်းတုံရေကာတာစီမံကိန်း၏ အစုရှယ်ယာ ၁၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ကရင်ပြည်နယ်ရှိ ဟတ်ကြီးရေကာတာ၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နောင်ဖာရေကာတာနှင့် အခြားသော ရေအားလျှပ်စစ်စီမံကိန်းများစွာ၏ အစုရှယ်ယာများကိုလည်း သိသိသာသာ ပိုင်ဆိုင်ထားသည်။[124] အဆိုပါ ကုမ္ပဏီကို ဦးသန်းရွှေနှင့် အရင်းနီးဆုံးဖြစ်သူအဖြစ် ထင်ရှားသည့် ယခင်စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်း၏ သားများဖြစ်သော နေအောင်နှင့် ပြည့်အောင်တို့မှ ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဦးအောင်သောင်းသည် ယခင်အစိုးရ (ကြံ့ခိုင်ရေး) လက်ထက်တွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးအတွက် စေ့စပ်ညှိနှိုင်းရန် ဦးဆောင်တာဝန်ရှိသူတစ်ဦးဖြစ်ခဲ့သည်။ ၎င်းအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုဖြစ်သော မြောက်ပိုင်း ရှမ်းပြည်တပ်မတော် (SSA-North) နှင့် DKBA ခွဲထွက်အုပ်စုတို့နှင့် အပစ်ရပ် သဘောတူညီမှု ရရှိအောင် စွမ်းဆောင်အောင်မြင်ခဲ့သော်လည်း ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)နှင့် သဘောတူညီမှုမရရှိခဲ့ပေ။[125] နေအောင်နှင့် ပြည့်အောင်သည် "မိသားစု အချိတ်အဆက်ဖြင့် အုပ်ချုပ်သူများနှင့် အနီးကပ် ပေါင်းသင်းကာ ဥစ္စာဓနများကို စုဆောင်းသည့်" ခရိုနီများအဖြစ် ကျော်ကြားသူများဟု အမေရိကန် သံတမန်ရေးရာ ကြေးနန်းတစ်စောင်တွင် မှတ်တမ်းတင်ထားသည်။[126] ပြည့်အောင်သည် ယခင်ဒုတိယ စစ်ဦးစီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၏ သမီးဖြစ်သူ နန္ဒာအေးနှင့် လက်ထပ်သည်။

## (၃) လူ့အဖွဲ့အစည်းထဲသို့ သက်ရောက်မှုများ

မြန်မာနိုင်ငံ၏ အကြီးဆုံး ရေကာတာကြီးများမှာ ရှမ်းပြည်နယ်ရှိ ရွှေလီမြစ်၊ ပေါင်းလောင်းမြစ်နှင့် နမ္မတူ (မြစ်ငယ်) မြစ်ပေါ်တွင် တည်ရှိပြီး ဧရာဝတီနှင့် စစ်တောင်းမြစ်တို့၏ အဓိက မြစ်လက်တက်ကြီးများဖြစ်သည်။ ရွှေလီအမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိသော ၆၀၀ မီဂါဝပ်ကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချပြီး စစ်တပ်-နိုင်ငံပိုင် စက်ရုံများသို့ ပို့ဆောင်ဖြန့်ဖြူးပေးသည်။[127] အထက်ပေါင်းလောင်း (၂၈၀ မီဂါဝပ်) နှင့် အောက်ပေါင်းလောင်း (၁၄၀ မီဂါဝပ်) မှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားကိုလည်း ရှမ်းပြည်တောင်ပိုင်း ပေါင်းလောင်းချိုင့်ဝှမ်းမှ မြို့တော် နေပြည်တော်သို့ တင်ပို့ပေးသည်။ ၂၀၁၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း (၇၀၀ မီဂါဝပ်) သည် မန္တလေးတိုင်းအတွင်းတွင် တည်ရှိသော်လည်း ၎င်း၏ ရေဝပ်ဧရိယာများမှာ ရှမ်းပြည်နယ်အတွင်းတွင် တည်ရှိသည်။

အကြီးစားရေအားလျှပ်စစ်ထုတ်လုပ်သည့် ရေကာတာများသည် မြစ်ကြောင်းစနစ်များ၊ စက်မှုလုပ်ငန်းများ၏ အချက်အချာနေရာများနှင့် ရေကာတာနှင့် ဝေးကွာသော မြို့ပြများဆီသို့ မြစ်ချောင်း၏ အရင်းအမြစ်များကို လျှပ်စစ်စွမ်းအားပုံသဏ္ဍာန်ဖြင့် ထုတ်ယူသုံးစွဲခြင်းနှင့် တင်ပို့ရောင်းချခြင်း၊ ထိုထက်မက နိုင်ငံတကာနယ်နိမိတ်များကို ကျော်လွန်ပြီး အိမ်နီးချင်းနိုင်ငံများ၏ သုံးစွဲမှုများအဖြစ် အသွင်ပြောင်းလဲပေးသည်။ အကြီးစား ရေအားလျှပ်စစ်ထုတ်သည့် ရေကာတာများကို အသုံးပြုပြီး မြစ်ချောင်းများကို အနိုင်ကျင့်ခြင်းသည် နှစ်ဆယ်ရာစု၏ အတွေ့အကြုံများဖြစ်ပြီး

ခေတ်မရှိတော့သည့် နည်းပညာတစ်ခုဖြစ်သည်ဟု ခေတ်မှီနည်းပညာကျွမ်းကျင်သူများနှင့် စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍတွင် အခြားရွေးစရာနည်းလမ်းများကို ရှာဖွေသူများက ငြင်းခုံစောဒက တက်ကြသည်။ ရောမ ရေကာတာကြီးများကို သမိုင်းတလျှောက်တွင် တည်ဆောက်ခဲ့မှုများရှိခဲ့ပြီး သဘာဝပတ်ဝန်းကျင်၊ ဒေသခံလူ့အဖွဲ့အစည်းများ၊ တစ်ခါတစ်ရံ တစ်နိုင်ငံလုံးမှ အဖိုးအခများစွာ ပေးဆပ်လိုက်ရသည့် အဖြစ်အပျက်များလည်း ရှိခဲ့သည်။[128]

အကြီးစားရေအားလျှပ်စစ်ထုတ် ရေကာတာများ၏ ပြဿနာများကို ကမ္ဘာတစ်လွှားမှ မှတ်တမ်းတင်ထားသည့်မှတ်တမ်းများရှိပြီး မြန်မာနိုင်ငံတွင်မူ မိမိ၏ များစွာသော ကိုယ်ပိုင်ပြဿနာ ဥပမာများဖြင့် ကံဆိုးစွာ ရှိခဲ့သည်။ တည်ဆောက်ပြီးစီးသည့် ပေါင်းလောင်း (သို့) ရွှေလီရေအား လျှပ်စစ်စီမံကိန်း၊ (သို့) အဆိုပြုထားသော ရောဝတီနှင့် သံလွင်မြစ်ပေါ်ရှိ ရေကာတာစီမံကိန်းများကြောင့် ဒေသခံပြည်သူများ အနေဖြင့် အတင်းအဓမ္မရွှေ့ပြောင်းရခြင်း၊ လောဘတကြီး သစ်ထုတ်လုပ်မှုကြောင့် အသက်မွေးဝမ်းကျောင်းမှုများ ပျောက်ဆုံးခြင်း၊ ကြိုတင် ဟောကိန်းမထုတ်နိုင်သည့် ရေဘေး စသည့်ဒုက္ခ အလုံးစုံကို တွေ့ကြုံခံစားနေရသည်။ မြန်မာ့ မြစ်ချောင်းများကွန်ရက်မှ အဖွဲ့ဝင်များသည် အဆိုပါ ဆိုးကျိုးများကို ဆယ်စုနှစ်တစ်ခုကျော် မှတ်တမ်းတင်ပြုစုထားခဲ့သည်။

## မိုင်းတုံ ရေကာတာ မတည်ဆောက်မှီအချိန်

မိုင်းတုံရေကာတာသည် အကယ်၍ တည်ဆောက်ပြီးစီးဖြစ်ခဲ့လျှင် တရုတ်နိုင်ငံပြင်ပ အာရှတွင် အမြင့်ဆုံး ရေကာတာတစ်ခုဖြစ်လာမည်။ ယင်းရောမ ရေကာတာသည် သံလွင်မြစ်ကို ၂၄၁ မီတာအမြင့်ရှိသော တာတမံနှင့် ရေမြှုပ်ဧရိယာ အကြမ်းဖျင်း ၆၄၀ စတုရန်းကီလိုမီတာဖြင့် ထိန်းချုပ်သိမ်းပိုက်လိုက်မည်ဖြစ်သည်။ ရပ်ဆိုင်းထားသော မြစ်ဆုံရေကာတာအပါအဝင်ဒေသ အတွင်း အခြားသောစီမံကိန်းများထက်ပိုလွန်သော အတိုင်းအတာဖြင့်ရှိပြီး အထက်ပေါင်းလောင်း စီမံကိန်း၏ ရေလွှမ်းဧရိယာထက် ဆယ်ဆပိုကျယ်ပါလိမ့်မည်။ မိုင်းတုံရေကာတာကြောင့် ရှမ်းပြည်နယ်ရှိ မြို့နယ်ပေါင်း (၈) ခု၏ မြေနေရာများ နစ်မြုပ်ပျက်စီးသွားမည်ဖြစ်ပြီး လူဦးရေ တစ်သိန်းကျော်ကို တိုက်ရိုက်ဆိုးကျိုးသက်ရောက်နိုင်သည်။ မြစ်အထက်ဘက် ကီလိုမီတာ ၂၀ ခန့်တွင် ရှိသော သာယာလှပသည့် ကိန်းခမ်း ကျွန်းရွာကလေးများသည် စီမံကိန်း၏ ရေဝပ်ဧရိယာများကြောင့် အားလုံးနီးပါး ရေအောက်သို့ နစ်မြုပ်သွားမည်ဖြစ်သည်။

မိုင်းတုံရေကာတာတည်ဆောက်မည့်ဒေသ၏ အထက် မြစ်ညာဒေသသည် အစဉ်အလာအားဖြင့် ချမ်းသာကြွယ်ဝသော စိုက်ပျိုးရေးအခြေပြုကျေးရွာများရှိပြီး ရာသီသီးနှံများဖြစ်သော စပါး၊ ပဲပုပ်ပဲတို့ကို ကျွန်းသစ်များထူထပ်စွာပေါက်ရောက်ဖုံးလွှမ်းသည့် တောင်တန်းများအကြားရှိ လွင်ပြင်များတွင် စိုက်ပျိုးကြသည်။ အထက်ပါ အခြေအနေများအားလုံးသည် မြန်မာစစ်တပ်မှ ပတ်ဝန်းကျင်မြို့နယ်များတွင် နေရာယူပြီး ကျေးရွာပေါင်းများစွာကို အတင်းအဓမ္မစနစ်ဖြင့် စစ်တပ်စခန်းများနှင့် ဒေသချင်း ဆက်လမ်းမကြီးအသစ်များ၏ ဘေးသို့ ပြန်လည်နေရာချပေးသည့်အချိန်မှစ၍ ပြောင်းလဲကုန်သည်။ ကျိုင်းတောင်မှ မိုးနဲ၊ ခိုလန်၊ မိုင်းပန်၊ ကျိုင်းခမ်းမြို့တို့ကို ဆက်သွယ်ထားသော အဓိက လမ်းမကြီးများကို ၂၀၀၁ နှင့် ၂၀၀၄ ခုနှစ်အတွင်းတွင် တည်ဆောက်အကောင်အထည်ဖော်ပြီး မြန်မာ နိုင်ငံ၏ အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်သော အေးရှားဝေါလ်မှ တည်ဆောက်ကာ "သစ်ထုတ်လုပ်ငန်းရှင် များကို ထိုဒေသသို့ ခေါ်သွင်းလာပြီး ဒေသတွင်းထူထပ်စွာ ပေါက်ရောက်သော ကျွန်းသစ် သစ်တော များကို ပြောင်းရှင်းစွာ ထုတ်ယူနိုင်ခဲ့သည်။"[129] ၂၀၀၅ ခုနှစ်တွင် အေးရှားဝေါလ်တည်ဆောက်သည့်

မိုင်းခန်ကျေးရွာမှ မြောက်ဘက် မိုင်းဘိုလန်သို့ ဖောက်လုပ်သော လမ်းမသစ်သည် ရောက်ရှိရန် ခက်ခဲ့သည့် ကျွန်းသစ်တောများကို အမြတ်ကြီးစားသည့် သစ်ထုတ်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် တံခါးဖွင့်ပေးလိုက်ခြင်းသာဖြစ်သည်။[130] အေးရှားဝေါလ်အနေဖြင့် မိုင်းတုံရေကာတာစီမံကိန်း၏ ပတ်ဝန်းကျင်ဒေသများတွင် အကြီးစား သစ်ထုတ်လုပ်ခွင့်ကိုလည်း ရရှိခဲ့သည်။

မြစ်တစ်လျှောက် သစ်ထုတ်လုပ်ငန်းများအကြီးအကျယ် ဦးတည်လုပ်ဆောင်နေသော နမ့်စင်မြစ်သည် သံလွင်မြစ်၏ မြစ်လက် တက်တစ်ခုဖြစ်သည်။ သစ်တောပြုန်းတီးခြင်းသည်ရေဝေရေလဲဧရိယာအတွက်များစွာ ဆိုးကျိုးဖြစ်စေသည်။ သဘာဝရေထိန်းသိမ်းပေးထားသော သစ်တောများကို ဆုံးရှုံးရခြင်းသည် ကျေးရွာ၏စိုက်ပျိုးမြေများနှင့် ရေစီးရေလာစနစ်များကို ပျက်စီးစေသည့်ရေကြီးရေလျှံခြင်းတို့ကိုလည်း ဖြစ်စေပါသည်။ သစ်ထုတ်လုပ်မှုပမာဏကြီးကြီးနှင့် အဆက်မပြတ်ထုတ်ယူမှုများသည် အပူချိန်မြင့်တက်ခြင်းနှင့် သေးငယ်သော စမ်းချောင်းလေးများခမ်းခြောက်သွားခြင်းတို့ကို ဖြစ်စေသည်။ စမ်းချောင်းငယ်များအပေါ်တွင်မှီခိုပြီး တောကောင်များကို ဖြားယောင်းရသည့်မုဆိုးများအနေဖြင့် ဒေသအခြေပြုသားကောင်ငယ်များကို ရှာတွေ့ရန် ပိုမိုခက်ခဲ လာသည်။

၂၀၁၅ ခုနှစ်တွင် မှတ်သုံရာသီမှလွဲ၍ သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဆိုပါ ဒေသများတွင် ဆက်လက်လုပ်ဆောင် နေခဲ့သည်။ ယင်းသစ်ထုတ်နေသည့်နေရာသည် ရေကာတာတည်ဆောက်မည့်နေရာ၏ မြစ်ညာနှင့် မြစ်အောက်ပိုင်းဒေသများကို ထိန်းချုပ်ထားပြီး အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးထားသော ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS)/ ရှမ်းပြည် တပ်မတော်အဖွဲ့မှ သစ်ထုတ်လုပ်မှုကို တားမြစ်ပိတ်ပင်ထားသည့်ဒေသလည်း အပါအဝင်ဖြစ်နေသည်။ သစ်ထုတ်လုပ်ခွင့်ပြုထားသော ဒေသသုံးခုသည် တရုတ်ကုမ္ပဏီများနှင့် ချိတ်ဆက်မှုရှိပြီး ခုတ်လှဲရှင်းလင်းထားသော အဆိုပါ သစ်များကိုလည်း တရုတ်ပြည်နယ်စပ်သို့ သယ်ပို့သွားလိမ့်မည်ဟု ယုံကြည်ရပါသည်။

စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများမစတင်သေးသော်လည်း စစ်တပ်-ပုဂ္ဂလိက အကျိုးတူလုပ်ငန်းရှင်များအနေဖြင့် လမ်းမများ နှင့် အရင်းအမြစ်များကို တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများကို ဦးတည်လုပ်ဆောင်နေခြင်းကြောင့် သံလွင်မြစ်ဝှမ်းတစ်လျှောက်ရှိ သစ်တောများနှင့် သစ်မာများသည်လည်း ဖွတ်ဖွတ်ကြေ ပျက်စီးကုန်သည်။ ရေဝေရေလဲသစ်တောများ လျော့နည်းပျက်စီးလာခြင်းသည် အစဉ်အလာအရ မြေသြဇာကောင်းမွန်သည့် မြစ်ဘေးတစ်လျှောက်ရှိ စိုက်ပျိုးမြေများပျက်စီးယိုယွင်းလာသည့်ရလဒ်များကို ရရှိစေပြီး မိုးရာသီကာလတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ

ဆည်ရေဝပ်ဧရိယာများဟု သတ်မှတ်ထားသည့်နေရာများတွင် ရေကာတာစီမံကိန်းမစတင်ခင် အချိန်တွင် သစ်ထုတ်လုပ်လေ့ရှိသည်။ ပုံတွင် ရှမ်းပြည်နယ်၊ သံလွင်မြစ်အနီးတွင် သစ်လုံးတင်ကားများဖြင့် သစ်ထုတ်လုပ်နေပုံ ဖြစ်သည်။



ဓါတ်ပုံ - Sapawa

ကြောင့် သီးနှံများပျက်စီးခြင်းနှင့် အပေါ်ယံ မြေဆီသြဇာများလည်း မျောပါပျက်စီးမှုများ တိုးပွား လာစေသည်။

သစ်တောပြုန်းတီးခြင်းနှင့် ရပ်ရွာဒေသခံများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မလုံခြုံမှုများ တိုးပွားလာခြင်း ပြယုဂ်များကို အမှတ် (၁) ချောင်းလိုးလိုးနှင့် အထက်ပေါင်းလောင်းရေကာတာအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ရေကာတာများတည်ရှိရာဒေသများတွင် တွေ့ရှိနိုင် ပါသည်။ အထက်ဖော်ပြခဲ့ပြီး သော ဆိုးကျိုးများသည် တည်ဆောက်ရေးလုပ်ငန်းများမတိုင်ခင် ရေ့ကဖြစ်ပေါ်နှင့်ပြီး အကြီးစား ရေကာတာစီမံကိန်းများနှင့် ခေါင်းပုံဖြတ်သည့် သစ်ထုတ်လုပ်ငန်းများအကြားရှိ ဆက်စပ်ဆက်နွယ်မှု များကို ဖော်ပြနေသည်။[131] ဆိုခဲ့ပါ လုပ်ငန်းလည်ပတ်မှုများသည် ကုန်းမြင့်အခြေပြုစိုက်ပျိုးသည့် ဇရိယာများကို စိုက်ပျိုး၍မရတော့သည့် နေရာဒေသများအဖြစ် တိုးပွားလာ စေခြင်း အပါအဝင် အတွဲလိုက်ဖြစ်သော အကျိုးသက်ရောက်မှုများစွာ ရှိသည်။

## တည်ဆောက်ရေးလုပ်ငန်းစဉ် နောက်ပိုင်း ပေါင်းလောင်းရေကာတာ

၂၀၁၃ ဇန်နဝါရီနှင့် ၂၀၁၄ နှစ်ကုန်ပိုင်းအကြားတွင် အထက်ပေါင်းလောင်းရေကာတာကြောင့် လူဦးရေ ၈၀၀၀ ကျော်သည် မိမိတို့၏ နေအိမ်၊ လယ်ယာမြေများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအရ အထွဋ်အမြတ်ထားရာနေရာများကို ထားခဲ့ရပြီးနေရာရွှေ့ပြောင်းခဲ့ရသည်။ ယင်းရေကာတာကို မူလအားဖြင့် မြန်မာစစ်တပ်အစိုးရမှအဆိုပြုပြီး ဆွတ်ဇာလန်၊ ပြင်သစ်နှင့် တရုတ်လုပ်ငန်းရှင်များက တည်ဆောက်ခဲ့သည်။[132] လည်ပတ်ထွက်ရှိသော လျှပ်စစ်ဓာတ်အားများကို တစ်ချိန်က သီးနှံစိုက်ပျိုး ဖြစ်ထွန်းအောင်မြင်သော်လည်း ယခုတွင် ရေအောက်တွင် နစ်မြုပ်သွားသည့် ရှမ်းပြည်နယ် တောင်ပိုင်း၊ ပေါင်းလောင်းမြစ်ဝှမ်းလွင်ပြင်ဒေသ၏ အနောက်ဘက် ၅၀ ကီလိုမီတာသာဝေးကွာသည့် နေပြည်တော်သို့ ပို့လွှတ်သည်။ ၆၀ စတုရန်းကီလိုမီတာကျယ်သော ရေလှောင်ဇရိယာသည် ကျေးရွာပေါင်း (၂၃) ရွာရှမ်း၊ ဗမာ၊ ပအိုဝ်နှင့် ကယန်းလထလူမျိုးတို့ကို မတ်စောက်၊ ရွံ့ထူပြီး မြေသြဇာမကောင်းသော တောင်စောင်းများဖြစ်သော်လည်း အိုးသစ်၊ အိမ်သစ်နှင့် စိုက်ပျိုးရန် မြေနေရာသစ်များကို ဖော်ထုတ် နေရသည့် ယခင်နေထိုင်ခဲ့သော မြစ်ဝှမ်းလွင်ပြင်၏ အထက်ဘေးတစောင်း ဒေသများကို ရွှေ့ပြောင်း ပေးလိုက်သည်။

ယခင် နန်းစခင်ကျေးရွာတွင် နေထိုင်သော ဦးဒိုးခိုင်နှင့် ဇနီးမြင့်မိုးတို့သည် ၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် တောင်ပေါ်ဘက်သို့ ပထမ အကြိမ် ရွှေ့ပြောင်းနေထိုင်ခဲ့ကြသော်လည်း အင်တာဗျူး

ဓါတ်ပုံ - Alec Scott




*စားအစာကလျှပ်စစ်မီးထက်အရေးကြီးပါတယ်။ ကျွန်တော်တို့ရဲ့အသက်မွေးဝမ်းကျောင်းအတွက်လျှပ်စစ်ဓာတ်အားကိုမှီခိုလို့မရဘူး။ လယ်သမားဖြစ်တဲ့အတွက် ကိုယ့်ခြေနစ်ချောင်းအပေါ်မှာ မှီခိုရပ်တည်လို့ရတယ်။ ဒါပေမယ့် လယ်၊ မြေတွေမရှိဘဲနဲ့တော့ ရပ်တည်လို့မရဘူး။”*[135] *(ဦးဇော်လင်း၊ အတွင်းရေးမှူး၊ ယခင်ပေါင်းလောင်းမြစ်ဝှမ်းပေါ်တွင်တည်ရှိသည့် ခွန်ရှင်းဟိကျေးရွာ)*

ခံရသည့် ၂၀၁၄ နှစ်ကုန်ပိုင်းတွင် ၄င်းတို့မိသားစုနှင့် ယခင်ကျေးရွာမှ အိမ်ထောင်စု (၈) စုကို အခမ့ ထပ်မံပြောင်းရွှေ့စေခိုင်းပြန်သည်ဟု ပြောသည်။ "ရေကာတာတံခါးမပိတ်ခင်မှာ ရေမမြုပ်တဲ့အပြင် စိုက်ဖို့မြေတွေလည်း ရှိနေတဲ့ ဒီနေရာမှာ ရွှေ့ပြောင်းနေရမယ်လို့ ပြောတယ် ကျွန်တော်တို့ကို ပြောတယ်။"[133] ဟု ၄င်းတို့အိမ်၏ အောက်ခြေအုတ်မြစ်ကို တဖျတ် ဖျတ် လာရောက်ရိုက်ပုတ်နေသည့် ရေလှိုင်းများကို ကြည့်ရင်း ဦးဒိုးခိုင်က ရှင်းပြသည်။

ရွှေ့ပြောင်းခံရသည့် လုပ်ကွက်ငယ်လယ်သမားများသည် ၂၃ ကီလိုမီတာအရှည်ရှိသည့် မြေဩဇာကောင်းသော မြစ်ဝှမ်းဒေသတွင် စပါး၊ ပြောင်း၊ မြေပဲ၊ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးလုပ်ကိုင်စားသောက်ခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုမရှိခြင်း (သို့) လုံလောက်သော လျော်ကြေးပေးခြင်းမရှိဘဲ ရွှေ့ပြောင်းအခြေချမှုများကြောင့် အိမ်ထောင်စုအားလုံး၏ ၈၄ ရာခိုင်နှုန်းမှာ အမျိုးသားဆင်းရဲမွဲတေမှုညွှန်းကိန်း (၃၂၈ အမေရိကန်ဒေါ်လာ) အောက်သို့ ရောက်ရှိသွားပြီး ၆၆ ရာခိုင်နှုန်းသည်လည်း UNDP ၏ စားနပ်ရိက္ခာဆင်းရဲမှုညွှန်းကိန်း (၂၄၀ အမေရိကန်ဒေါ်လာ) အောက်သို့ ကျဆင်းသွားခဲ့သည်။ ၄င်းတို့အားလုံးမှာ လက်ရှိတွင် ပြင်းထန်ခက်ခဲသည့်အခြေအနေဖြင့် ဘဝကို ရှင်သန်နေကြရသည်။[134]

## (၄) ရှိနှင့်ပြီးသော ဒေသတွင်း စီမံအုပ်ချုပ်မှု စနစ်များ

မြစ်ချောင်းများ၏ ကျန်းမာသန်စွမ်းမှုသည် ဂေဟစနစ်များနှင့် ကိုင်းကျွန်းမြေ ကျွန်းကိုင်းမြေဆက်ဆံရေးပုံစံဖြင့် မရှိမဖြစ် ဖြစ်ပြီး တစ်ခါတစ်ရံ ထိလွယ်ရှလွယ်ဖြစ်သော မြစ်ဝှမ်းဒေသများရှိ မြေနှင့် သစ်တောများ၏ ကျန်းမာသန်စွမ်းအပေါ်တွင် မူတည်ပါသည်။ ကွဲပြားလှပသည့် မြန်မာ့ ဓလေ့ထုံးစံ မြေယာစီမံခန့်ခွဲမှုစနစ်များသည် လတ်တလော သုသေသနလေ့လာမှုများအရ ရပ်ရွာဦးဆောင်သည့် ရေထိန်းသိမ်းစောင့်ရှောက်မှု နည်းစနစ်များနှင့် ပတ်သက်သော ဒေသအခြေပြု ဇဟုသုတမည်မျှရှိနေသည်ကို ဖော်ပြနေပါသည်။ အဆိုပါ ဒေသအခြေပြု စီမံခန့်ခွဲမှုစနစ်များသည် စိုက်ပျိုးရေးဆိုင်ရာ ကျင့်သုံးမှုများနှင့်သော်လည်းကောင်း၊ ပြောင်းလဲနေသော ပတ်ဝန်းကျင် အတွင်း မျိုးရိုးစဉ်ဆက် ဖွံ့ဖြိုးစေခဲ့သော ယဉ်ကျေးမှုဆိုင်ရာ ဂေဟစနစ်များနှင့်သော်လည်းကောင်း တိုက်ရိုက်ဆက်စပ်နေပါသည်။

ကရင်ပြည်နယ် ဖာပွန်ခရိုင်တွင် မြေယာ၊ သစ်တော၊ ရေနှင့် အသက်မွေးဝမ်းကြောင်းမှုများအကြားရှိ ခွဲထုတ်မရသည့် ဆက်နွယ်မှုများနှင့်ပတ်သက်သော ဒေသခံဗဟုသုတအမြင်များရှိနေခြင်းကြောင့် ယွန်းစလင်းချောင်းနှင့် ၄င်း၏ ချောင်းလက်တက်များ၏ ရေဝေရေလဲဧရိယာကို သစ်တောပြုန်းတီးခြင်းနှင့် ရေရှည်တည်တံ့မှုမရှိသော ငါးဖမ်းခြင်းမှ ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ပြီး ရပ်ရွာဒေသခံများကိုယ်တိုင် ထိန်းသိမ်းနယ်မြေအဖြစ် သတ်မှတ်ဖော်ထုတ်သည့်အစီအစဉ်များကို ဖန်တီးအကောင်အထည်ဖော်နိုင်ခြင်း ဖြစ်သည်။ ဥပဒေနှင့် စည်းမျဉ်းများကို ကျေးရွာကော်မတီအဖွဲ့ဝင်များက ဖော်ထုတ်ရေးဆွဲပြီး အတည်ပြုချက်ရရှိရန် မြို့နယ်နှင့်ခရိုင်အဆင့် ကရင်အမျိုးသားအစည်းအရုံးသို့ တင်သွင်းကြသည်။[136] ထိုကဲ့သို့သော အရင်းအမြစ်ဆိုင်ရာ ဒေသအဆင့်အုပ်ချုပ်စီမံမှုများကို ကြည့်ခြင်းအားဖြင့် ဒေသခံတို့၏ ရှေ့ရေးကို ကြိုတင်တွေးတောနိုင်စွမ်းနှင့် ရှုပ်ထွေးပွေလီလှသည့် ဒေသဆိုင်ရာ ဂေဟစနစ်များကို ကောင်းစွာနားလည်သဘောပေါက်နိုင်စွမ်းကို ဖော်ပြနေပြီး ၄င်းအချက်သည် ဗဟိုအစိုးရ၏မူဝါဒများနှင့် ကျင့်သုံးမှုများတွင် အဓိက ပပျောက်နေသည့် အချက်တစ်ခုလည်း ဖြစ်ပါသည်။

ရှမ်းပြည်နယ်၊ မိုင်းတုံရေကာတာစီမံကိန်း ရေမြုပ်ဇရိယာအတွင်းကျရောက်မည့် လယ်ပိုင်ရှင် လယ်သမားအများစုသည် သဘာဝအတိုင်း ဖြစ်ပေါ်သည့် ရေကြီးမှုအပေါ်တွင် မှီခိုနေရပြီး မိမိတို့၏ တူးမြောင်းများဖြင့် ရေကို ရယူကြရသည်။ ကျိုင်းခမ်းကျေးရွာအုပ်စုအတွင်းရှိ ကေထောင်ပေါင်းများစွာသော စပါးစိုက်ခင်းများမှာ ရပ်ရွာမှ စီမံခန့်ခွဲသော အသေးစား ဆည်တာတမံ (၆) ခုကို အသုံးပြုလျက် ရေသွင်းစိုက်ပျိုးကြရသည်။ ရပ်ရွာ၏ အသေးစား ဆည်တာတမံဆောက်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသောရွာသားကို ဆည်တာတမံတည်ဆောက်ခြင်းဖြစ်စဉ်နှင့် ရေလွှမ်းမိုးမှုကို ထိန်းချုပ်ပြီး တူညီမျှတသည့် ရေပမာဏကို တူးမြောင်းများအားဖြင့် ဖြန့်ဝေ စီမံခန့်ခွဲပေးရန် ရွေးချယ်တာဝန်ပေးခြင်းခံရသည်။ အချို့ကျေးရွာများတွင် ဆည်မြောင်းကော်မတီကို ရွေးချယ်ဖွဲ့စည်းထားပြီး ရေစီမံခန့်ခွဲမှုများကို ကြီးကြပ်စေသည့်အချိန်တွင် ဒေသအတွင်း အသေးစား ရေအားလျှပ်စစ်စနစ်များအားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းများလည်း ရှိပါသည်။[137]

ချင်းပြည်နယ်ရှိ ဒင်းမလိုကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၀၀၀ ကျော်ရှိပြီး ရေတွင်းစနစ်အားဖြင့် တစ်ရွာလုံးအား ရေပေးဝေရန် မလုံလောက်သည့်အခါ မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်များကို ကာကွယ်ရန် စုပေါင်း စည်းရုံးခဲ့ကြသည်။ အိမ်ထောင်မိသားစုတိုင်းမှ ရံပုံငွေနှင့် ပြောင်းဖူး ၄ ကွာတကို ထည့်ဝင်ပြီး ရေဝေရေလဲဧရိယာကို ပုဂ္ဂလိကမြေပိုင်ရှင်များထံမှ ဝယ်ယူကာ ပိုက်များဖြင့် တစ်ရွာလုံးသို့ ရေဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ခဲ့ကြသည်။ ထိုရေဝေရေလဲဧရိယာတွင် သစ်မခုတ်ရ၊ ဝါးမခုတ်ရ စသည့် ဥပဒေများအပါအဝင် တစ်ရွာသားလုံးက ရေဝေရေလဲဧရိယာနှင့် ပတ်သက်သော စည်းမျဉ်းဥပဒေများကို ထောက်ခံကြိုဆိုခဲ့ကြသည်။ ကျေးရွာကော်မတီအနေဖြင့် စည်းမျဉ်းဥပဒေများဖြင့် စီမံထိန်းကျောင်းပြီး ပိုလျှံရေများမှတဆင့် ကျေးရွာအတွက် လျှပ်စစ်ဓာတ်အား ထုတ်ယူသော အသေးစားရေအားလျှပ်စစ် စီမံကိန်းတစ်ခုကိုလည်း စီမံခန့်ခွဲရသည်။ ရေအားလျှပ်စစ်မီတာခ ကောက်ခံမှုများမှ ရရှိသော ဝင်ငွေများကို ကော်မတီဥက္ကဋ္ဌနှင့် ဒေသခံကျောင်းဆရာ/မများကို လစာချီးမြှင့်ငွေများအဖြစ် ပြန်လည်အသုံးပြုကြသည်။[139]

ထိုကဲ့သို့ ဗဟိုဦးစီးထိန်းချုပ်မှုမရှိသည့် စွမ်းအင်ထုတ်လုပ်မှုများအားဖြင့် ဒေသတွင်း ရေရှည်တည်တံ့သော အခြားနည်းလမ်းများလည်း ရှိနေကြောင်း ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။ ကယ်လီဖိုးနီးယားတက္ကသိုလ်၊ ဘာကလေ ပြန်ပြည့်မြဲနှင့် ဆီလျော် စွမ်းအင် ဓာတ်ခွဲခန်းအဖွဲ့သည် ဘော်နီယိုကျွန်းရှိ ဆာရာဝပ်ဒေသ၏ စွမ်းအင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး သုသေသနပြုခဲ့ပြီး နေရောင်ခြည် သုံးစနစ်၊ ဇီဝသက်ရှိသုံးစနစ်နှင့် မြစ်ထဲပြန်စီးစနစ်သုံး ရေအားလျှပ်စစ်စနစ်ကဲ့သို့သော အသေးစားပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများအားဖြင့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းလုံလောက်စေနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။ Sabah အခြေစိုက် TONIBUNG အင်န်ဂျီအိုအဖွဲ့သည် အသေးစား ရေအားလျှပ်စစ်စက်ရုံ၊ ကမ္ဘာ့ဆွဲငင်အားသုံး ရေပေးဝေစနစ်များနှင့် ဆိုလာပြားဖြင့် ပံ့ဖမ်းအားသွင်းသည့်စနစ်များအပါအဝင် အသေးစား ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများကို Sabah ကျေးလက်ဒေသများအတွက် ထောက်ပံ့ပေးခဲ့သည်။ TONIBUNG အဖွဲ့ ဒါရိုက်တာ၏ အဆိုအရ အထက်ပါ စီမံကိန်းများသည် မီးလိုင်းသွယ်တန်းမှုကြောင့် စွမ်းအင် ပျောက်ဆုံးသွားမှုများကို လျှော့ကျစေပြီး မီးလင်းရေးကိုသာ ဦးတည်ဖြေရှင်းသည်သာမက မိမိတို့၏ အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ စည်းရုံးစုဖွဲ့မှုရှိလာခြင်းနှင့် ဝင်ငွေများ လည်ပတ်လာခြင်းတွင် အားကောင်းလာသော ရပ်ရွာလူ့အဖွဲ့အစည်းဖြစ်ရေးအတွက်လည်း အကျိုးဖြစ်ထွန်းစေပါသည်။[140]

## တာလုံကျေးရွာ ဖြစ်ရပ်လေ့လာမှု - နမ့်တူမြစ်ပေါ်ရှိ ရပ်ရွာအခြေပြု ရေစီမံခန့်ခွဲမှု

ရှမ်းရွာတစ်ရွာဖြစ်သော တာလုံကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်တူမြစ်၏ မြစ်ကမ်းနစ်ဖက်စလုံးတွင် အခြေချ တည်ရှိသော ရွာဖြစ်ပြီး နှစ်ပေါင်းရာကျော်သော သမိုင်းအစဉ်အလာများ ရှိသည်။ လက်ရှိကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၂၀ မှ လူဦးရေ ခန့်မှန်းခြေ ၅၀၀ ကျော်တို့မှာ မိမိတို့၏ အဓိကအသက်မွေးဝမ်းကျောင်းမှုဖြစ်သော လိမ္မော်ခြံနှင့် ကျွဲကောခြံများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြစ်ကမ်းပါးတောင်စောင်းများပေါ်တွင် မှီခိုနေရသည်။ ၎င်းတို့၏ လိမ္မော်သီးမှာ ချိုမြိန်သည့်အရသာကြောင့် ရှမ်းပြည်နယ်တစ်လျှောက်တွင် ကျော်ကြားထင်ရှားသည်။[138]

သို့သော်လည်း တာလုံကျေးရွာသည် အထက်ရဲရွာရေကာတာ၏ ရေလွှမ်းဧရိယာအောက်တွင် နစ်မြုပ်ပျောက်ဆုံးသွားရန် ပြည်ထောင်စုအစိုးရမှ ဆုံးဖြတ်ခဲ့သည်။ ထိုအကြီးစား ရေကာတာစီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် ယခင်စစ်အာဏာရှင်အစိုးရမှ ကနဦးစီစဉ်ရေးဆွဲပြီး ဂျာမန်၊ တရုတ်နှင့် ဂျပန်ကုမ္ပဏီများစုပေါင်းကာ ဆောက်လုပ်အကောင်အထည်ဖော်ခဲ့ကြသည်။

တာလုံရွာသားအများစုသည် နမ့်တူမြစ်၏ အရှေ့ဘက်ခြမ်းတွင် နေထိုင်ကြပြီး အနည်းဆုံးမြစ်လက်တက်သုံးခုသည် တောင်စောင်း များမှတဆင့် မြစ်ထဲသို့ စီးဝင်ရင်း စပါးခင်းနှင့် ပြောင်းခင်းများအတွက် ရေပေးသွင်းနိုင်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ရွာသူရွာသားများသည် စုပေါင်း၍ သီပေါမြို့မှ အင်ဂျင်နီယာကို ငှားရမ်းပြီး ချောင်းငယ်လေးတစ်ခုအပေါ်တွင် အခြေခံသော အသေးစား ရေအားလျှပ်စစ် စက်ရုံတစ်ခုကို တည်ဆောက်ခဲ့ကြသည်။ အဆိုပါ အသေးစားရေအားလျှပ်စစ်စက်ရုံကို သလုံရွာသားများမှပိုင်ဆိုင်ပြီး စီမံခန့်ခွဲကာ တစ်ရွာလုံးအား မီးအလင်းပေးရန်၊ ဖုန်းအားသွင်းရန်၊ ဘက်ထရီအားသွင်းရန်၊ ပန်ကာနှင့် တီဗွီများဖွင့်ရန် လုံလောက်သည့် လျှပ်စစ် ဓာတ်အားကို လည်ပတ်ထုတ်လုပ်ပေးခဲ့သည်။ နှစ်ပတ်လည်ပွဲတော်များ (သို့) အထူးကျင်းပသည့်ပွဲတော်များရှိသည့်အခါ ရွာသူရွာသား များသည် ညပိုင်း တစ်ရွာလုံးစုဝေးရောက်ရှိလေ့ရှိသည့် ရွာဘုန်းကြီးကျောင်းသို့ လုံလောက်သည့် မီးအားရရှိစေရန် မိမိတို့၏ နေအိမ်မှ မီးများနှင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ညီညွတ်စွာ ပိတ်လိုက်ကြသည်။

ဇဟိုထိန်းချုပ်မှုမဲ့သော ၎င်းအသေးစားရေအားလျှပ်စစ်စီမံကိန်းသည် အရှုပ်အထွေးမရှိဘဲ တာလုံကျေးရွာ၏ အရှေ့ဘက်ခြမ်းရှိ နေအိမ်များသို့ လျှပ်စစ်ဓာတ်အားများ စီးဆင်းစေသည်မှာ စတင်ချိတ်ဆွဲအသုံးပြုသည့် ၂၀၁၀ ကတည်းကပင် ဖြစ်သည်။ အိမ်ထောင်မိသားစုများက စက်ရုံရှိ တာဘိုင်များ အဖွင့်အပိတ်အတွက် အလှည့်ကျတာဝန်ယူကြသည်။ အချို့သော ကျေးရွာသားများသည် အင်ဂျင်နီယာနှင့်ပတ်သက်သော ဗဟုသုတများနှင့် ကျွမ်းကျင်မှုများရှိသဖြင့် စက်ရုံတွင်ဖြစ်ပေါ်သော မဂ္ဂနစ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများကို စောင့်ရှောက်ပြင်ဆင်နိုင်စွမ်းရှိသောကြောင့် ပြင်ဆင်မှုကုန်ကျစရိတ်များကို ရပ်ရွာအဆင့်တွင်ပင် လျှော့ချစေနိုင်ခဲ့သည်။ ရပ်ရွာအခြေပြု ပိုင်ဆိုင်မှုစနစ်သည် ပျက်စီးဆုံးရှုံးမှုများကို လျှော့ကျစေပြီး စီမံကိန်း၏အကျိုးများခြင်းနှင့် ရေရှည်တည်တံ့မှုတို့ကို တိုးပွားလာစေသည်။



*ရပ်ရွာမှစီမံခန့်ခွဲသော ဆည်မြောင်းစနစ်ပြပုံ (ဘားအံအနီး)* ဓါတ်ပုံ - KESAN

## (၅) နိဂုံး

လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းသော ဖက်ဒရယ်စနစ် ချမှတ်မှု (သို့) ဒေသခံလူ့အဖွဲ့အစည်းများထံမှ လွတ်လပ်ပြီး ကြိုတင်စွာအသိပေးပြီး သဘောထားရယူမှု မရှိခြင်း၊ ဗဟိုအစိုးရမှ အကြီးစားရေအားလျှပ်စစ်ထုတ် ရေကာတာကြီးများအားဖြင့် ဒေသခံလူထုများအပေါ် အဓမ္မလုပ်ဆောင်ခြင်းများသည် အစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား စစ်ဘက်ဆိုင်ရာ တင်းမာမှုများကို ဆက်လက်မီးထိုးပေးနေသည့်အပြင် ပြည်တွင်းစစ်ကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ထိခိုက်ခံစားခဲ့ရသည့် ဒေသများတွင် စစ်မှန်သော ငြိမ်းချမ်းရေးရရှိစေမည့် အခွင့်အလမ်းကောင်းများကိုလည်း ခြိမ်းခြောက်နေသကဲ့သို့ ဖြစ်နေပါလိမ့်မည်။[141]



ဓါတ်ပုံ - PYO

# အပိုင်း (၂.၄) ကျောက်မီးသွေး အရင်းအမြစ်များ

## (၁) ကျောက်မီးသွေးဘာကြောင့် အရေးကြီးသနည်း

ကျောက်မီးသွေးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသော ကာဗွန်ညစ်ညမ်းမှုသည် အနီးအနား ရပ်ရွာလူ့အဖွဲ့အစည်းအတွက် ပြောမပြနိုင်သောကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးထိခိုက်မှုများကိုသာ ဖြစ်စေသည်သာမက မြေကမ္ဘာ၏ အကာအကွယ်ပေးမှု ယန္တရားများ ကိုလည်း ပျက်စီးစေပါသည်။ ကျောက်မီးသွေးကို လောင်ကျွမ်းစေခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်စေသော အဓိကပါရမီဖြည့်ဘက်ဖြစ်ပြီး ကမ္ဘာ့ရာသီဥတုကို အကြီးအကျယ်ဆုံး ခြိမ်းခြောက်သည့် အချက်ဖြစ်သည်ဟု အချို့က ရည်ညွှန်းပြောဆိုကြသည်။ ကမ္ဘာတစ်ဝှမ်းတွင် ကျောက်မီးသွေး၏ ဖျက်ဆီးနိုင်မှုအားကို အသိအမှတ်ပြုမှု တိုးပွားလာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နိုင်ငံပေါင်း ၂၀၀ နီးပါးမှ ကာဗွန်ထုတ်လွှတ်မှုကို ဖြတ်တောက်ရန် တရားဝင်သဘောတူညီခဲ့ကြသော ပဲရစ်သဘောတူညီချက် ကို လက်မှတ်ရေးထိုးကာ ရာသီဥတုပြောင်းလဲမှုအတွက် အဓိက အန္တရာယ်ဖြစ်စေသည့် သက်ရောက် မှုများကို ကာကွယ်ရန် ကြိုးပမ်း လုပ်ဆောင်ခဲ့ကြသည်။ အချို့သော စက်မှုဆိုင်ရာနည်းပညာရှင်များက "သန့်ရှင်းသော ကျောက်မီးသွေး" နည်းပညာကို ကြော်ငြာကြ သော်လည်း ရေနှင့် သစ်အရင်းအမြစ်

များကို အသုံးပြုပြီး ကုန်ကျစရိတ်မြင့်မားသော အဆိုပါ စနစ်များမှာ ကျောက်မီးသွေး လောင်ကျွမ်းခြင်းကြောင့်ဖြစ်ပေါ်သော ဆိုးကျိုးထိခိုက်မှုများကို လုံလောက်သည့် ကာကွယ်မှုမပေးနိုင်ချေ။

ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်းသည် မြေငလျင်များကို ဖြစ်စေမည့် မြေအောက်ကျောက်လွှာရွေ့လျားပြောင်းလဲမှုအတွက် ခလုတ်တစ်ခုလည်း ဖြစ်သည်။ တူးဖော်ထုတ်လုပ်ခြင်းများကြောင့် အပေါ်ယံမြေလွှာပျက်စီးခြင်း၊ မြေပြိုခြင်းများနှင့် နောက်ဆက်တွဲ ရေစီးကြောင်းများတွင် ညစ်ညမ်းခြင်းစသည့် ရလဒ်ဆိုးများကိုလည်း ဖြစ်စေပါသည်။ အထက်ပါ အကျိုးဆက်များသည် လူသားတို့၏ လုံခြုံရေးဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာများနှင့် ဂေဟဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာတို့တွင်လည်း သက်ရောက်မှုရှိပါသည်။ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရေးစက်ရုံများမှ ထွက်ပေါ်လာသော စွန့်ပစ်ပစ္စည်းများသည်လည်း မျိုးဆက်များအတွက် ဆိုးကျိုးများဖြစ်စေသည်။ သို့သော် အကောင်အထည်ဖော်သည့် ကုမ္ပဏီများအနေဖြင့် မြေဆိုင်ဆိုင်ရာပြန်လည်နေရာချထားရေးများတွင် တာဝန်ယူ ပေးရန် တိုက်တွန်းရသည့်အခါတွင် အထူးခက်ခဲနေပါသည်။


ယခင်အစိုးရသည် ကျောက်မီးသွေးအခြေပြုစွမ်းအင်ထုတ်လုပ်သည့်စက်ရုံလုပ်ငန်းများအတွက် နိုင်ငံတကာနှင့် ဒေသအဆင့်ကုမ္ပဏီများနှင့် အနည်းဆုံးသဘောတူစာချုပ်ပေါင်း (၁၁) ခုကို လက်မှတ်ရေးထိုးထားခဲ့သည်။ ပြည်သူလူထု၊ ဒေသခံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၏ ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်ဆန္ဒပြမှုကြောင့် မည့်သည့်စီမံကိန်းမျှ လုပ်ဆောင်မည့်လမ်းကြောင်းပေါ်တွင် ပေါ်ထွက်လာခြင်းမရှိသေးပါ။ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်နည်းတူ ထားဝယ်ဒေသတွင်လည်း ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရေး စီမံကိန်းများကို ကန့်ကွက်ဆန္ဒပြမှုများ ရှိခဲ့သည်။ လက်ရှိအစိုးရသစ်က တွင်းထွက်များတူးဖော်မည့်စီမံကိန်းများအပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် သဘာဝအရင်းအမြစ်များကို အသုံးပြုသွားမည်ဟု ပြောဆိုထားခဲ့ပြန်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့သည် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့နှင့် သတ္တုတွင်း ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ၂၀၁၆ ခုနှစ်အစောပိုင်းကာလတွင် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ယင်းကိစ္စနှင့် ပတ်သက်သော တရားဝင် သတင်းထုတ်ပြန်ခြင်းမရှိခဲ့ချေ။ မြန်မာ့စွမ်းအင် မဟာ စီမံချက်တွင် ကျောက်မီးသွေးကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အသုံးပြုမည့် (၁၅ နှစ်အတွင်း ၃ % မှ ၃၀ % အထိ) အစီအမံများ သိသာတိုးတက်စွာ ရေးဆွဲထားသော်လည်း ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များနှင့်ပတ်သက်သောကိစ္စကို အရေးတစ်ကြီး ဆွေးနွေးမှုမရှိသည်ကို တွေ့ရသည်။

## (၂) ဗဟိုမှ ထိန်းချုပ်ထားသော ကျောက်မီးသွေးစီမံအုပ်ချုပ်မှု

## (က) ဥပဒေပြဋ္ဌာန်းချက်များ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃၇) အရ ဗဟိုအစိုးရသည် ကျောက်မီးသွေးအပါအဝင် မြေပေါ်မြေအောက် အရင်းအမြစ် အားလုံး၏ မူရင်းပိုင်ရှင်ဖြစ်သည်။ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာနတွင် သတ္တုတွင်းဆိုင်ရာ ဥပဒေများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အစိုးရများတွင် မိမိတို့ဧရိယာအတွင်းရှိ သတ္တုတွင်းလုပ်ငန်းကို ဥပဒေပြဋ္ဌာန်းရန် အာဏာမရှိချေ။

ဇယား (၇) မြန်မာနိုင်ငံရှိ ကျောက်မီးသွေး ထွက်ရှိရာ ဒေသ




၎င်းတို့တွင် စွမ်းအင်မူဝါဒရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်သက်ဆိုင်သည့် အခွင့်အာဏာကိုလည်း အကန့်အသတ်ဖြင့်သာရရှိထားပါသည်။ (စွမ်းအင်မူဝါဒတွင် ကြည့်ပါ။)

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅၆) တွင် ရှမ်းပြည်နယ်၏ မြို့နယ်သုံးခုကို "ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" အဖြစ် ပုံဖော်ထားသည်။[142] အခြေခံဥပဒေပါ ဇယား (၂) နှင့် (၃) တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ပေးထားသော ဥပဒေပြုရေးအာဏာများအရ ၎င်းအစိုးရများ၏လက်ထဲတွင် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရေးစီမံကိန်းများ (သို့) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို စီမံခန့်ခွဲပိုင်ခွင့်အာဏာတစ်စုံတစ်ရာ မရှိသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းသော မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုဥပဒေ အခန်း (၄) တွင် ပြဋ္ဌာန်းထားချက်များအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အတည်ပြုခွင့်ပြုခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် တာဝန်ရှိသည့် အစုအဖွဲ့ တစ်ခုဖြစ်သော်လည်း ယင်းစုဖွဲ့မှုတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ခေါင်းဆောင်များကိုထည့်သွင်းဖွဲ့စည်းထားခြင်းမရှိချေ။

*မြန်မာ့သတ္တုတွင်း ဥပဒေ (၁၉၉၄)*

မြန်မာ့သတ္တုတွင်း ဥပဒေအရ သတ္တုတွင်း လုပ်ကိုင်ခွင့်ရရှိလိုသူတစ်ဦးအနေဖြင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများလျှော့ချရေးလုပ်ငန်းစဉ်များ၊ ဒေသခံလုပ်သားငှားရမ်းမှုနှင့် စီမံကိန်းအလွန် မြေယာဆိုင်ရာ ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပူးတွဲတင်ပြရန်တာဝန်ရှိသော်လည်း သတ္တုတွင်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို ဖျက်ဆီးမည့်လုပ်ငန်းစဉ်များကို တင်ပြရန် မလိုအပ်ကြောင်းတွေ့ရသည်။[143] မည်သို့ဆိုစေကာမူ ယခုအစီရင်ခံစာအတွက် သုသေသနလုပ်နေစဉ်တွင် ဗဟိုအစိုးရမှ သတ္တုတွင်းလုပ်ငန်း၊

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ (သို့) သစ်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဂေဟာစနစ်များကို ပြန်လည်ကုစား ထူထောင်ပေးသည့်လုပ်ငန်းစဉ်များကို တင်ပြအကောင်အထည်ဖော်ရန် စည်းမျဉ်း ဥပဒေ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသည်ကို တွေ့ရသည်။ ၂၀၁၅ ဒီဇင်ဘာတွင် ပြဋ္ဌာန်းသည့် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ အကြီးစားတွင်းထွက်သတ္တုလုပ်ငန်းများ အတွက် လုပ်ကိုင်ခွင့်ကို နှစ် (၅၀) အထိ (ယခင်ဥပဒေအရ ၁၅ နှစ်) သတ်မှတ်ခွင့်ပြုထားသည်။ ပြည်နယ် နှင့် တိုင်းဒေသကြီးအနေဖြင့် မိမိတို့နယ်မြေအတွင်း သတ္တုတွင်းလုပ်ငန်းများရှိနေစေကာမူ အကြီးစား သတ္တုထုတ်လုပ်မှုများကို ခွင့်ပြုခြင်း (သို့) ကန့်ကွက်ခြင်းရန်အတွက် အခွင့်အရေးမရှိသည်ကို တွေ့ရသည်။ အသေးစားထုတ်လုပ်မှုလုပ်ငန်းများအတွက် ဒေသအဆင့်ကော်မတီများ ဖွဲ့စည်းကာ လုပ်ပိုင်ခွင့်များ လျှောက်ထားခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်းများလုပ်ဆောင်ရန် ဆွေးနွေးထားမှုများ ရှိသော်လည်း အဆိုပါ ကော်မတီများအနေဖြင့် ဗဟိုအစိုးရ၏ အတည်ပြုချက်ကိုရရှိရန် လိုအပ်ပြန် သည်။[144] ဒေသအဆင့်ကော်မတီဝင်များကို ရွေးချယ်ရာတွင်လည်း ပြည်ထောင်စုအဆင့် ဝန်ကြီးများက ရွေးချယ်သွားလိမ့်မည်ဟု ယုံကြည်ရပါသည်။[145]

ဇယား ၃- အဆိုပြုထားသော ကျောက်မီးသွေးစက်ရုံများ

| | ဒေသ | မီဂါဝပ် | ရင်းနှီးမြှုပ်နှံသူ | နားလည်မှုစာချွန်လွှာ |
|---|---|---|---|---|
| ၁ | ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၃၀၀ မီဂါဝပ် | မြန်မာအေးရှားဝေါ ကုမ္ပဏီ၏ အစုအဖွဲ့ဝင် Virtue Land ကုမ္ပဏီ | ၂၄.၈.၂၀၁၄ တွင် ၂၄ လ ကြာကာလသက်တမ်း ရှိသော နားလည်မှုစာချွန် လွှာ (MOU) ထိုးထားပြီး EIA/SIA အကောင်အထည် ဖော်နေသည်။ |
| ၂ | ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၀ မီဂါဝပ် | အိန္ဒိယနိုင်ငံမှ Orange Powergen ကုမ္ပဏီ၊ စင်္ကာပူမှ Global Adviser နှင့် မြန်မာနိုင်ငံမှ Diamond Palace Service | ၈.၁၀.၂၀၁၃ တွင် MOU ထိုးပြီး ဆန်းစစ်လေ့လာမှုများ လုပ်နေသည်။ |
| ၃ | ထန်းတစ်ပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂၇၀ မီဂါဝပ် | တရုတ်နိုင်ငံမှ Huaneng Lancang နှင့် မြန်မာနိုင်ငံမှ Htoo Company ကုမ္ပဏီ | ၁၁.၁.၂၀၁၀ တွင် ၂၄ လသက်တမ်းရှိ MOU ထိုးထားပြီး EIA/SIA အကောင်အထည် ဖော်နေသည်။ |
| ၄ | ရေးတက်ကောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၄၀ မီဂါဝပ် | အိန္ဒိယနိုင်ငံမှ TATA Power ကုမ္ပဏီ | ၁၁.၄.၂၀၁၃ တွင် MOU ထိုးထားပြီး ဆန်းစစ်လေ့လာမှုများ လုပ်နေသည်။ |

| | | | | |
|---|---|---|---|---|
| ၅ | မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀ မီဂါဝပ် | ပြည်တွင်းအဖွဲ့ | ၈.၁၀.၂၀၁၄ တွင် MOU ထိုးခဲ့သည်။ |
| ၆ | ဘုတ်ပြင်းမြို့နယ် (မနောလုံး)၊ တနင်္သာရီ တိုင်းဒေသကြီး | ၅၀၀ မီဂါဝပ် | Cwave Global ကုမ္ပဏီနှင့် 24 Hours Mining and Industry ကုမ္ပဏီ | ၂၁.၉ .၂၀၁၂ တွင် MOU ထိုးထားခဲ့ပြီး ဆန်းစစ်လေ့လာမှုများ လုပ်ဆောင်နေသည်။ |
| ၇ | မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၁၈၀၀ မီဂါဝပ် | နိုင်ငံခြား (ပြင်ပ) ကုမ္ပဏီ | ၈.၁၀.၂၀၁၄ တွင် MOU လက်မှတ်ရေးထိုး ခဲ့သည်။ |
| ၈ | မြစ်ဝဒေသ၊ တနင်္သာရီတိုင်းဒေသကြီး | ၂၆၄၀ မီဂါဝပ် | ထိုင်းနိုင်ငံမှ RATCH နှင့် Blue Energy & Environment, မြန်မာနိုင်ငံမှ Vantage နှင့် ကျော်ကျော်ဖြိုးကုမ္ပဏီ | အောက်တိုဘာ ၂၀၁၄ ခုနှစ်တွင် မြန်မာ့လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် RATCH တို့ MOU ထိုးထားခဲ့သည်။ |
| ၉ | အံဒင် ဒေသ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် | ၁၂၈၀ မီဂါဝပ် | ထိုင်းနိုင်ငံ Toyo-Thai Group ကုမ္ပဏီ | ၂၁.၃.၂၀၁၃ တွင် MOU ထိုးထားခဲ့ပြီး ဆန်းစစ်လေ့လာမှုများ လုပ်ဆောင်နေသည်။ |
| ၁၀ | ကလေးဝမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၄၀ မီဂါဝပ် | စင်္ကာပူနိုင်ငံမှ ISDN နှင့် and မြန်မာနိုင်ငံမှ Tun Thwin Mining ကုမ္ပဏီ | ၁၁.၄.၂၀၁၃ တွင် MOU ထိုးထားခဲ့ပြီး EIA/SIA ဆန်းစစ်လေ့လာမှုများ လုပ်ဆောင်နေသည်။ |
| ၁၁ | ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ် | ၆၆၀ မီဂါဝပ် | ထိုင်းနိုင်ငံမှ Lumpoondum | ၁.၁၀.၂၀၁၃ တွင် MOU ထိုးထားခဲ့ပြီး EIA/SIA ဆန်းစစ်လေ့လာမှုများ လုပ်ဆောင်နေသည်။ |
| | စုစုပေါင်း | ၉၀၈၀ မီဝါဝပ် | | |

မှီငြမ်း: http://consult-myanmar.com/2015/03/18/coal-fired-power-planned-but-on-hold/

လက်ရှိလည်ပတ်နေသော ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ နောင်ချိုမြို့နယ်၊ရှမ်းပြည်နယ်၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းနှင့် တီကျစ်၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်တို့တွင် ဖြစ်ပါသည်။

## (ခ) ကျင့်သုံးမှုများ

*မြန်မာ့ တပ်မတော်၊ ဗဟိုအစိုးရနှင့် ကုမ္ပဏီများအတွက် လွယ်ကူစေသည့် "ကိုယ်ပိုင်အုပ်ချုပ်ရေး"*

တီကျစ်သတ္တုတွင်းနှင့် ဓာတ်အားပေးစက်ရုံမှာ ပအိုဝ့်အမျိုးသားအဖွဲ့အစည်း (PNO) မှ စီမံခန့်ခွဲသော ပအိုဝ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်တောင်ပိုင်းတွင် တည်ရှိသည်။ PNO ၏ ပအိုဝ့်အမျိုးသားစစ်တပ်သည် ၁၉၉၁ တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့သည်။ ယခုအခါတွင် ပအိုဝ့်အမျိုးသားစစ်တပ်မှာ ပြည်သူ့စစ်အဖွဲ့အဖြစ်လည်းကောင်း၊ PNO မှာလည်း ပအိုဝ့်အမျိုးသားပါတီ

အဖြစ် ထူထောင်ကာ ရွေးကောက်ပွဲဝင်ခဲ့သည်။ အပစ်အခတ်ရပ်စဲပြီးနောက် PNO အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့နေရာများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်လုပ်ဆောင်ခဲ့သည်။

PNO အနေဖြင့် တီကျစ်အနီးတစ်ဝိုက်ရှိ ပြည်သူလူထုများကို စည်းရုံးနိုင်ခြင်းနှင့် တိတ်ဆိတ်စေနိုင်သည့် အာဏာရှိသည်။ ပအိုဝ်းအမျိုးသားများအနေဖြင့် တရားဝင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပိုင်ဆိုင်သော်လည်း သဘာဝအရင်းအမြစ်များနှင့် ပတ်သက်လာလျှင် ၄င်းအနေဖြင့်ဆုံးဖြတ်ချက်ချရန် အာဏာမရှိချေ။ အကြောင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘာဝအရင်းအမြစ်များအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ပါသည်။ ထို့ကြောင့် ဗဟိုအစိုးရနှင့် ကုမ္ပဏီများက သဘာဝအရင်းအမြစ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်အများစုကို ချမှတ်နေခြင်းဖြစ်ပါသည်။ တီကျစ်ဒေသခံတစ်ဦးမှ ဤသို့ကောက်ချက်ချခဲ့သည်။ "ယေဘုယျအားဖြင့် PNO နိုင်ငံရေးကို ဘတ်ဂျက်နဲ့ စီးပွားရေးတွေက နောက်ကွယ်ကနေ ထိန်းချုပ်နေပါတယ်" ဟူသတည်း။

ယေဘုယျအားဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ခေါင်းဆောင်များကို ဗဟိုအစိုးရမှ ရွေးချယ်ခန့်အပ်သည်။ ပအိုဝ်းခေါင်းဆောင်အချို့နှင့် အကောင်အထည်ဖော်သည့်ကုမ္ပဏီအနေဖြင့် စီမံကိန်းလည်ပတ်နိုင်ရန် စီမံခန့်ခွဲမှုအာဏာအချို့ရှိသော်လည်း ကနဦးခွင့်ပြုခြင်းနှင့် စီမံကိန်းဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် ဗဟိုအစိုးရ၏ အတည်ပြုမှု ရယူရန် လိုအပ်သည်။ စီမံကိန်းမှ ရရှိလာသောဝင်ငွေအများစုကို အကောင်အထည်ဖော်သည့် ကုမ္ပဏီများနှင့် ဗဟိုအစိုးရကသာ အဓိက ရရှိသည်။ သတ္တုတွင်းဝန်ကြီး ဌာနသည်လည်း ဗဟိုဦးစီးသည့်ဌာနတစ်ခုဖြစ်ပါသည်။ ဝန်ကြီးဌာန၏ ဝန်ထမ်းများမှာ ဒေသခံတိုင်းရင်းသားမဟုတ်သည့် ဗမာများသာ အများစုဖြစ်ပြီး ယင်းဝန်ထမ်းများကို ဗဟိုအစိုးရမှ ရွေးချယ်ခန့်အပ်သည်။

ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တရုတ်ကုမ္ပဏီမှ လည်ပတ်အကောင်အထည်ဖော်သည်။ သို့သော် ညစ်ညမ်းမှုများနှင့်ပတ်သက်၍ မည်သည့်ဥပဒေများအတိုင်း လုပ်ဆောင်နေသည်ကိုမူ ရှင်းလင်းစွာ မတွေ့ရချေ။ ရင်းနှီးမြှုပ်နှံသူများနှင့် ဗဟိုအစိုးရကသာ ဆုံးဖြတ်ချက်များအားလုံးကို သီးခြားချမှတ်ခဲ့ကြသဖြင့် ဒေသခံပြည်သူများအနေဖြင့် သတင်းအချက်အလက်များကို မသိနိုင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မရှိမဖြစ်လိုအပ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရှိသည်ကို တွေ့ရ သည်။

*ကျောက်မီးသွေးတူးဖော်ရန် မြေသိမ်းသည့်ကာလတွင် ကုမ္ပဏီများနှင့် ဒေသခံအာဏာပိုင်များမှ ခြိမ်းခြောက်ခြင်း*

ရှမ်းရိုးမနဂါး၊ ရွှေသံလွင်ကုမ္ပဏီနှင့် ဒေသခံအာဏာပိုင်များသည် တီကျစ်ကျောက်မီးသွေးမိုင်းတွင်းနှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာ များမှ လယ်သမား၏ စိုက်ပျိုးမြေများကို တူးဖော်ရေးလုပ်ငန်းများ မစတင်မီကာလတွင် သက်သာသောဈေးနှုန်းဖြင့် ရောင်းချရန် ဖိအားပေးခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ အချို့မြေယာများကို သတ္တုတွင်းဝန်ကြီးဌာနမှ သိမ်းယူခဲ့သည်။ ကုမ္ပဏီများမှ မြေသိမ်းသည့်အခါတွင် ခရိုင် (၉) ခုမှ တာဝန်ရှိသူများအား သဘောတူညီချက် လက်မှတ်ရေးထိုးစေခဲ့သည်။ ယင်းတာဝန်ရှိသူများမှ ရွာသူရွာသားများအား တစ်ဧကလျှင် ၃,၀၀၀ မှ ၅,၀၀၀ ကျပ်နှုန်းဖြင့် လျော်ကြေးပေးသည့် သဘောတူညီချက်ကို အတင်းအကျပ် လက်မှတ်ထိုးစေခဲ့သည်။ ခရိုင်တာဝန်ရှိသူတစ်ယောက်က "ခင်ဗျားလက်မှတ်ထိုးရင် လျော်ကြေးရမယ်။ မထိုးရင်လည်း

မြေကို ဆုံးရှုံးလိုက်ရမှာပဲ။ ခင်ဗျားမထိုးရင် နောက်နောင် ပြဿနာဖြစ်လာရင် ကျွန်တော်ခင်ဗျားကို ကူညီမှာမဟုတ်ဘူး။ ဖြစ်လာတဲ့ပြဿနာ ကိုယ့်ဟာကိုရှင်း....” ဟု ပြောဆိုခဲ့ဖူးသည်။ နောက်ဆုံးတွင် ဒေသခံပြည်သူများအနေဖြင့် ကြောက်ရွံ့စိတ်များ ဖြစ်လာပြီး အချို့မှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဒေသခံတစ်ဦး၏ အဆိုအရ နောက်ဆုံးတွင် ခရိုင်တာဝန်ရှိသူများ (ဗဟိုအစိုးရနှင့် စစ်တပ်မှစေလွှတ်လာသူ) က လက်မှတ်ရေးထိုးခြင်းမပြုသူများကိုယ်စား လက်မှတ်များရေးထိုးခဲ့သည်ဟု ဆိုပါသည်။

*ပွင့်လင်းမြင်သာမှုမရှိခြင်း*

တီကျစ်တွင် မြေသိမ်းယူသည့်အခါ စီမံကိန်းအတွက် သတင်းအချက်အလက်များ ကြိုတင်ပေးထားခြင်းနှင့် လူထုသဘောထား မေးမြန်းခြင်း မရှိခဲ့ချေ။ ဒေသခံပြည်သူများအနေဖြင့် ကန်ထရိုက်စာချုပ်များ (သို့) သဘောတူစာချုပ်များအကြောင်း မသိသကဲ့သို့ သိရှိရန် အခွင့် အရေးများ (သို့) ခွင့်ပြုချက်များလည်း မရရှိခဲ့ကြောင်း တွေ့ရသည်။ ထိုအချိန်ကာလတွင် သီးနှံများ ကြီးထွားရင့်မှည့်သည့်ကာလ ဖြစ်သော်လည်း စက်ယန္တရားကြီးများဖြင့် ဖျက်ဆီးခြင်းမပြုမီ လယ်သမားများအနေဖြင့် ၎င်းတို့၏ စပါးနှင့် ပြောင်းသီးနှံများကို ရိတ်သိမ်းရန် ကုမ္ပဏီများက အချိန်မပေးခဲ့သည်ကိုတွေ့ ရသည်။

တီကျစ်ကျောက်မီးသွေးမိုင်းဧရိယာကို အထူးတားမြစ်နယ်မြေအဖြစ် သတ်မှတ်ပြီး ဒေသခံ အဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများအပြင် ဒေသခံရွာသားဟု မယုံကြည်ရသည့် မည်သူမဆို အဆိုပါ ဧရိယာသို့ ဝင်ရောက်ခွင့်ကို တားမြစ်ထားခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် စီမံကိန်း၏ ဆိုးကျိုးများ တိုးပွားခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ဒေသခံပြည်သူလူထု၏ ဒေါသစိတ်များကို အခြားနေရာမှ အများပြည်သူတစ်ရပ်လုံး သိရှိမသွားစေရန်သေချာစွာ လုပ်ဆောင်ခြင်းဖြစ်သည်။

*တိတ်ဆိတ်သွားသော ဒေသခံခေါင်းဆောင်များ*

> *“ကုမ္ပဏီရောက်လာပြီး ဘုန်းကြီးကျောင်းဆေးသုတ်ဖို့၊ စားသောက်ဖို့၊ ကျောင်းဆောင်သစ်ဆောက်ဖို့၊ ကျောင်းစည်းရိုးကာဖို့ လာလှူဒါန်းတယ်။ ဘုန်းကြီးတွေအနေနဲ့ လှူဒါန်းမှုတွေကို ငြင်းပယ်ခွင့်မရှိဘူးလေ..”* (ဒေသခံသံဃာတစ်ပါး)

ကုမ္ပဏီသည် စီမံကိန်းရပ်တန့်ပေးရန် ဒေသခံပြည်သူများ၏ ကြိုးပမ်းမှုများကိုအားပေး ထောက်ခံသော သံဃာတော်များ သီတင်းသုံးရာ ဘုန်းတော်ကြီးကျောင်းကို လှူဒါန်းမှုဒါနပြုခြင်းအားဖြင့် စီမံကိန်းနှင့်ပတ်သက်သော တိတ်ဆိတ်မှုများကို ရယူရန် ကြိုးပမ်းခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် သံဃာတော်များ၏ ထောက်ခံအားပေးမှုများကို ထိရောက်စွာ ရပ်တန့်နိုင်ခဲ့ကြသည်။ ကုမ္ပဏီအနေဖြင့် စီမံကိန်းနှင့်ပတ်သက်သည့် ကန့်ကွက်ပြောဆိုမှုများကို ပြောဆိုလုပ်ဆောင်ခြင်းမရှိသည့် ဒေသခံခေါင်းဆောင်များကို လျှပ်စစ်မီးရရှိစေရန် စီမံဆောင်ရွက်ပေးခြင်းအားဖြင့် ဆုလာဘ်ပေးခဲ့သည်။

*တာဝန်ခံမှုမရှိခြင်း - စီမံကိန်းသဘောတူညီစာချုပ်တွင် ချမှတ်ထားသော စည်းမျဉ်းများကို ကုမ္ပဏီမှ လစ်လျူရှုခြင်း*

တီကျစ်ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ခြင်းနှင့်ပတ်သက်သော စီမံကိန်းသဘောတူစာချုပ်ကို သတ္တုတွင်းဝန်ကြီးဌာနနှင့် ဒေသတွင်း စီမံကိန်းအကောင်အထည်ဖော်သူ ရှမ်းရိုးမနဂါးကုမ္ပဏီတို့မှ ၂၀၁၂

ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူစာချုပ်တွင် အဓိက စည်းမျဉ်း (၇) ခုနှင့် သာမည စည်းမျဉ်း (၁၆) ခုဖြင့် အောက်ပါအတိုင်း ထည့်သွင်းချုပ်ဆိုခဲ့ကြသည်။

- ကုမ္ပဏီအနေဖြင့် ၎င်း၏ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဗဟိုအစိုးရသို့ အစီရင်ခံရမည်။
- ကုမ္ပဏီအနေဖြင့် မှတ်ပုံတင်ထားသည့် သတ်မှတ်ဧရိယာအတွင်း၌သာ အကောင်အထည်ဖော်ရမည်။
- ကုမ္ပဏီအနေဖြင့် သဘောတူညီချက်ပြင်ပတွင် စီးပွားရေးလုပ်ခွင့်ကို ခွင့်ပြုမထားပါ။
- အကယ်၍ တူးဖော်ရေးလုပ်ငန်းတွင် ယဉ်ကျေးမှုဆိုင်ရာ (သို့) ဘာသာရေးဆိုင်ရာ အရာဝတ္ထုများ တွေ့ရှိရလျှင် ညွှန်ကြားရေးမှူးထံသို့ အစီရင်ခံစာ တင်သွင်းရမည်။ (ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန)
- ညွှန်ကြားရေးမှူးထံသို့ အစီရင်ခံစာတင်သွင်းရမည်။
- ကုမ္ပဏီအနေဖြင့်  အခွန်ပေးဆောင်ရမည်။ (မည်သူ့ကို ပေးရမည်ဟု မဖော်ပြထားပါ။)
- အကယ်၍ ကုမ္ပဏီမှ သစ်ပင်များ ခုတ်လှဲလျှင် (သို့) အစိုးရပိုင်မြေကို တူးဖော်လျှင် ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရထံသို့ အသိပေးအကြောင်းကြားရမည်။ စီမံကိန်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင်ရှိသော်လည်း ပအိုဝ်းတာဝန်ရှိသူများကို အသိပေးအကြောင်းကြားရန် မလိုအပ်ကြောင်း တွေ့ရသည်။
- စီမံကိန်းသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရမည်။
- ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေမည့် စီမံကိန်းဆိုးကျိုးများအတွက် တာဝန်ရှိသည်။ အကယ်၍ အောင်မြင်စွာ ဖြေရှင်းနိုင်ခြင်းမရှိလျှင် လည်ပတ်နေသော စီမံကိန်းလုပ်ငန်းများကို ရပ်တန့်ထားရမည်။

သတ္တုတွင်းဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းများနှင့် ဥပဒေများအတိုင်း သည်းခံကာ သဘောတူလက်ခံရင်း ရှမ်းရိုးမနဂါးကုမ္ပဏီအနေဖြင့် ထိခိုက်ခံရသည့် ရပ်ရွာဒေသခံများအတွက် အောက်ပါအတိုင်း လုပ်ဆောင်ပေးရန် သဘောတူခဲ့သည်။

- ဆုံးရှုံးသွားသော နေအိမ်၊ အဆောက်အအုံနှင့် မြေယာများအတွက် လျော်ကြေးပေးရန်
- အများပြည်သူပိုင်ဆိုင်သည့်နေရာများတွင် ရေသွယ်ပေးရန်၊ ဒေသအသစ်တွင် ရေတွင်းများကို ပြင်ဆင်ထားရန်
- လျှပ်စစ်မီးပေးရန်၊ လမ်းများ ဆောက်လုပ်ပေးရန်၊ အိမ်သာများတည်ဆောက်ပေးရန်
- နေရာသစ်သို့ ပြောင်းရွှေ့ရာတွင် နေအိမ်ကဲ့သို့သော ပစ္စည်းပစ္စယများကို သယ်ဆောင်ရန် လိုအပ်သည့် ကိရိယာများကို ပြင်ဆင်ပေးရန်
- ကျောင်းအသစ်ဆောက်လုပ်ခြင်းနှင့် ကျောင်းတွင်းလိုအပ်သော ကိရိယာများ ပံ့ပိုးပေးရန် တို့ဖြစ်သည်။

သဘောတူစာချုပ်တွင် ကုမ္ပဏီနှင့်အစိုးရတို့မှ ရပ်ရွာဒေသဖွံ့ဖြိုးရေး၊ ကျောင်းများဆောက်လုပ်ခြင်း၊ လမ်းများဆောက်လုပ်ခြင်းနှင့် လျှပ်စစ်မီးတပ်ဆင်ပေးခြင်းနှင့် ပေးဆောင်ရသည့် အခွန်ပမာဏများကို ထုတ်ဖော်ပြောကြားခြင်းတို့ကို လုပ်ဆောင်ရန် သဘောတူခဲ့ကြသည်။ ယနေ့အထိ စာသင်ကျောင်း တစ်ကျောင်း၊ နေအိမ်အချို့အတွက် လျှပ်စစ်မီးအနည်းငယ်နှင့် လမ်းတစ်လမ်းကိုသာ ဆောက်လုပ်ပေးထားခဲ့သည်။ အဆိုပါလမ်းသည်လည်း ကျောက်မီးသွေးသယ်ယူရန်အတွက်သာ ရည်ရွယ်ဖောက်လုပ်ထားပြီး ဆေးရုံနှင့် စာသင်ကျောင်းရှေ့တွင် ဖြတ်သန်းဖောက်လုပ်ထားသည်။ ဒေသထွက်ကြသော ဒေသခံပြည်သူများသည် ကြီးမားသော ကုန်တင်ကားကြီးများကြောင့် လမ်းမပေါ်တွင် ဖုန်တထောင်းထောင်းဖြစ်ကာ ဒေသခံများအတွက် အန္တရာယ်ရှိပြီး အထူးသဖြင့် ကျောင်းသွားနေသောကလေးများနှင့် ဆေးရုံရှိ လူနာများအတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု တိုင်ကြားခဲ့ကြသည်။ နေအိမ်အချို့အတွက်

စီမံသွယ်တန်းပေးသော လျှပ်စစ်မီးကြောင့် ဒေသခံပြည်သူများအကြား အုပ်စုကွဲမှုနှင့် မနာလိုမုန်းတီးမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ကုမ္ပဏီအနေဖြင့် စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်နေရင်း ဒေသ၏ အမှန်တကယ်လိုအပ်ချက်များဖြစ်သော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိရေးကို လစ်လျူရှုခဲ့သည်။ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းသည် ရေနှင့်လေကို ဆက်လက် ညစ်ညမ်းစေပြီး ကျန်းမာရေးပြဿနာများကိုလည်း ဖြစ်ပေါ်စေပါသည်။ ဤအချက်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရမည်ဟု သဘောတူညီချက်တွင်ပါရှိသော်လည်း လက်တွေ့ဖြစ်မလာသည့်အချက်ဖြစ်သည်။ အမှန်ဖော်ပြရလျှင် စီမံကိန်းကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများအတွက် ကြိုတင်ကာကွယ်ရန် ကြိုးပမ်းအားထုတ်မှု (သို့) ရှင်းလင်းသုတ်သင်မှုများ မရှိကြောင်းတွေ့ရသည်။ (ရပ်ရွာများ ထိခိုက်ခံရမှုအခန်းတွင် ကြည့်ပါ။)

ကုမ္ပဏီသည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများအတွက် တာဝန်ရှိပြီးအဆင်ပြေစွာ ဖြေရှင်းနိုင်ခြင်းမရှိလျှင် စီမံကိန်းကို ရပ်နားထားရမည်ဟု သဘောတူညီစာချုပ်တွင် ရေးသားပါရှိသော်လည်း လက်တွေ့တွင် မကျေနပ်မှုများကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ထုံးလုပ်နည်း သတ်သတ်မှတ်မှတ်မရှိသည်ကို တွေ့ရသည်။ ဒေသခံပြည်သူများအနေဖြင့် မြေယာများဆုံးရှုံးရခြင်း၊ သီးနှံများပျက်စီးခြင်း၊ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုး၊ ဆေးရုံနှင့်စာသင်ကျောင်းရှေ့တွင် ဖြတ်သွားသော ကျောက်မီးသွေးတင်ကားကြီးများကြောင့် အန္တရာယ်ရှိခြင်းအပါအဝင် စီမံကိန်း၏ ဆိုးကျိုးများကို တင်ပြတိုင်ကြားသည့်အသနားခံစာများကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများထံ အကြိမ်ကြိမ် တင်ပြတိုင်ကြားခဲ့သည်။ အတားအဆီးအခက်အခဲများစွာရှိသော်လည်း ဒေသခံပြည်သူများအနေဖြင့် လူထုစည်းရုံးခြင်းနှင့် အသနားခံစာများ ရေးသားခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ သို့ဖြစ်စေကာမူ စီမံကိန်းမှာ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသခံပြည်သူများကိုထိန်းချုပ်ရန်နှင့် ဝင်ရောက်စွက်ဖက်မှုများမပါဘဲ စီမံကိန်းကို ဆက်လက်လုပ်ဆောင်စေလိုသည့် PNO နှင့် တပ်မတော်များ၏ အခိုင်အမာ အခြေချတည်ရှိမှုများသည်လည်း ရှုပ်ထွေးလှသည့် နောက်ဆက်တွဲကိစ္စတစ်ခုဖြစ်သည်။ အသနားခံစာများကို ရေးသားတင်ပြသည့် ကနဦးကာလတွင် တာဝန်ရှိသူများဘက်မှအပြုသဘောဆောင်သည့် တုံ့ပြန်မှုများကို ရရှိခဲ့သော်လည်း တိကျသော နောက်ဆက်တွဲ လုပ်ဆောင်မှုများ မရှိသည်ကို တွေ့ရသည်။

ရှမ်းပြည်နယ်မှတီကျစ် ကျောက်မီးသွေးတူးဖော်မှုအား ဆန္ဒပြနေပုံ (၂၀၁၆)၊ ၎င်းဒေသသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော်လည်း ဗဟိုအစိုးရမှ တီကျစ် စီမံကိန်းကို ဖြစ်မြောက်အောင် လုပ်ဆောင်နေသည်။



ဓါတ်ပုံ - PYO

*အဓိပ္ပါယ်မဲ့သော လူမှုရေးရာ ထိခိုက်မှုဆန်းစစ်လေ့လာမှု*

၂၀၁၅ ခုနှစ်၊ မေလတွင် တီကျစ်ဒေသ၏ ကျန်းမာရေးဆိုးကျိုးများအကြောင်း မီဒီယာမှ စတင်ဖော်ပြပါရှိလာသည့်အခါ ကုမ္ပဏီသည် တီကျစ်သို့ တရားဝင်လာရောက်ပြီး ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်လေ့လာမှုများကို လုပ်ဆောင်ခဲ့သည်။ သို့သော် ဒေသခံများနှင့် မတွေ့ဘဲ ကုမ္ပဏီဝန်ထမ်းများနှင့်သာတွေ့ဆုံပြီး အလုပ်သမားများအတွက် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်လေ့လာမှုကို ပြုလုပ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ မေလ ၁၆-၁၇ ရက်နေ့တွင် ရန်ကုန်ဆေးရုံမှ လူဦးရေ (၅၀) (လူမှုရေးရာ ဝန်ဆောင်မှု ဦးစီးဌာနမှ) တီကျစ်သို့ ရောက်ရှိခဲ့သည်။ သို့သော် ဤတစ်ကြိမ်တွင်လည်း ကုမ္ပဏီဝန်ထမ်းများနှင့်သာ တွေ့ဆုံပြီး လာရောက်ရခြင်း အကြောင်းရင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ရွာသူရွာသားများသိအောင် ထုတ်ဖော်ပြောကြားခြင်းလည်း မရှိခဲ့ချေ။ ယေဘုယျအားဖြင့် စီမံကိန်းနှင့်ပတ်သက်သော ပြဿနာများ ပေါ်ပေါက်လာသည့်အခါ ပြည်သူများအနေဖြင့် ၎င်းတို့၏ တုံ့ပြန်အကြံပြုမှုများကို မည်သည့်နေရာသို့ ဦးတိုက်သွားရမည်ကို သေချာစွာ မသိရချေ။ ၂၀၁၅ ခုနှစ်တွင် EIA နှင့် SIA ကို တီကျစ်တွင် လုပ်ဆောင်ခဲ့ကြသည်။ သို့သော် စီမံကိန်းကို မည်သို့ ရှေ့ဆက်လုပ်ဆောင်နိုင်မည့်အချက်ကိုသာ အသားပေးလုပ်ဆောင်ခဲ့သည်။ ဒေသခံအများအနေဖြင့် အဆိုပါ လုပ်ဆောင်ချက်များကို မကြိုဆိုသည့်အပြင် ဒေသခံရပ်ရွာလူ့အဖွဲ့အစည်းအတွက် အဓိပ္ပါယ်ရှိသော ပြောင်းလဲမှု (သို့) ပြောင်းလဲမှုအတွက် ရလဒ် (သို့) တီကျစ်ကျောက်မီးသွေး စီမံကိန်းကို ဖျက်သိမ်းခြင်းစသည့် ရလဒ်တစ်စုံတစ်ရာ ထွက်ပေါ်လာခြင်းမရှိဘဲ အစိုးရနှင့်ကုမ္ပဏီများအတွက် စစ်ဆေးမှုများလုပ်ဆောင်ပေးသည်ဟုသာ မြင်ကြသည်။

*အာဏာမရှိသော ဒေသအစိုးရများ*

၂၀၀၁ ခုနှစ်တွင် တရုတ်နိုင်ငံ CHMC ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ ဒေင်ဂရု ကုမ္ပဏီတို့ပူးပေါင်းပြီး စွမ်းအင်ဝန်ကြီးဌာန၏ လွှမ်းမိုးကြီးကြပ်မှုအောက်မှ တီကျစ်ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်တွင် ပိတ်သိမ်းလိုက်ရပြီးသည့်နောက်ပိုင်း တရုတ်နိုင်ငံမှ Wuxi Haugaung Electric Power Engineering ကုမ္ပဏီကို စက်ရုံ အဆင့်မြင့်တင်ရန်နှင့် တစ်ဖန်ပြန်လည် လည်ပတ်နိုင်ရန် ၂၂ နှစ် ငှားရမ်းအသုံးပြုခွင့် ရထားခဲ့သည်။ စမ်းသပ်ခြင်းများကို



ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် မိမိတို့၏ ဒေသနယ်နိမိတ်အတွင်းတွင် ဖြစ်လင့်ကစား အကြီးစားသတ္တုတူးဖော်စီမံကိန်းများကို ခွင့်ပြုရန် (သို့) ကန့်ကွက်ရန် အခွင့်အရေးမရှိချေ။

ဓါတ်ပုံ - PYO

၂၀၁၆ အောက်တို ဘာတွင်လည်းကောင်း၊ ၂၀၁၇ ဇန်နဝါရီတွင်လည်းကောင်း ပြုလုပ်ခဲ့ကြပြီး မကြာမီ ပြန်လည်ဖွင့်လှစ်လိမ့်မည်ဟု ထင်ရပါသည်။ ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုအဆင့် လွှတ်တော်မှ စက်ရုံကြောင့် လေထုညစ်ညမ်းမှုနှင့် အခြားသော ဆိုးကျိုးများအတွက် စိုးရိမ်မှုများ ရှိသော်လည်း အဆိုပါ ဓာတ်အားပေးစက်ရုံနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို မရရှိခြင်း (သို့) ဓာတ်အားပေးစက်ရုံတဖန် ပြန်လည် လည်ပတ်မည့်အရေးကို ဒေသခံလူ့အဖွဲ့အစည်းများမှ ကန့်ကွက် ဆန္ဒပြသည့် လှုပ်ရှားမှုများရှိသကဲ့သို့ လွှတ်တော်ထဲတွင် ယင်းစိုးရိမ်မှုများကို တင်ပြဆွေးနွေးကာ တားမြစ်ခြင်းမျိုးလည်း မပြုလုပ်နိုင်သေးသည်ကို တွေ့ရသည်။

## (၃) ရပ်ရွာလူ့အဖွဲ့အစည်းထဲသို့ အကျိုးသက်ရောက်မှုများ

တီကျစ်ဓာတ်အားပေးစက်ရုံသည် လက်ရှိတွင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည်။ ၂၀၀၅ ခုနစ်တွင် China National Heavy Machinery Corporation ၏ စီမံခန့်ခွဲမှုဖြင့် စတင်လည်ပတ်ခဲ့သော်လည်း ၂၀၁၄ ခုနစ်တွင် ပြန်လည်အဆင့်မြှင့်တင်ရန်အတွက် ရပ်ဆိုင်းထားခြင်းခံခဲ့ရသည်။ ၎င်းစက်ရုံသည် လူဦးရေ ၃,၀၀၀ ကျော်ရှိသော တီကျစ်ကျေးရွာတွင် တည်ရှိသည်။ ယင်းကျေးရွာသည် တောင်ကြီး၊ ပင်လောင်း၊ နေပြည်တော်သို့ ဆက်သွယ်ထားသည့် အဓိက လမ်းမကြီးပေါ်တွင် တည်ရှိပြီး ပင်လောင်းမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်းဒေသတွင် ရှိသည်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို ရပ်ဆိုင်းထားသော်လည်း ကျောက်မီးသွေး တူးဖော်သည့်လုပ်ငန်းများကို ဆက်လက် လုပ်ကိုင်ဆဲဖြစ်သည်။ အရည်အသွေးနိမ့်သော ကျောက်မီးသွေးကို အသုံးပြုသည့် တီကျစ်ရှိ ကုမ္ပဏီအတွက် ပံ့ပိုးပေးနေရသည်။ ယခုအခါ ဓာတ်အားပေးစက်ရုံကို ပြန်လည်ဖွင့်လှစ်လည်ပတ်ရန် ပြင်ဆင်နေပါသည်။

*သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း၊ နေရာရွှေ့ပြောင်းခြင်း*

ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းအတွက် ကျေးရွာနှစ်ရွာရွှေ့ပြောင်းခံရပြီး မည်ရွေ့မည်မျှ တိုးချဲ့တူးဖော်မည်ကို မည်သူမျှ မသိသေးသည့်အခြေအနေ ဖြစ်နေသည်။ ၂၀၀၁ ခုနစ်တွင်

*တောင်ပိုလာကျေးရွာ အနီးမှ ကလေးများသည် တီကျစ်ရှိ ကျောင်းသို့ သွားရန် ကျောက်မီးသွေး စီမံကိန်းမြေနေရာအနီးမှ နေ့စဉ်ဖြတ်သန်းသွားလာ နေရသည်။ ဖုန်တလောင်းလောင်းထနေသော ပတ်ဝန်းကျင်တွင်လမ်း လျှောက်သွားရပြီးမိုးရာသီတွင်လည်း ဗွက်ထူထူထဲက ဖြတ်သန်းသွား နေရပြန်သည်။*

ဓါတ်ပုံ - PYO



စစ်တပ်အစိုးရလက်ထက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးမှ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန်အတွက် ဒေသခံတို့၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော်ကို သိမ်းဆည်းရန် နယ်မြေခံတပ်ရင်းကို ညွှန်ကြားခဲ့သည်။ လျော်ကြေးတစ်စုံတစ်ရာ စီစဉ်ပေးခြင်း မရှိပါ။ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံမြေနေရာအတွက် တီကျစ်၊ တောင်ပိုလှ၊ ပြင်သာ၊ လိုင်ခါးနှင့် ဘာမင်းကုန်းကျေးရွာများမှ ဒေသခံစိုက်ပျိုးမြေဧကပေါင်း ၅၀၀ ကျော်ကို သိမ်းယူထားခဲ့ကြသည်။ လုပ်ကိုင်စားသောက်ရန် မြေယာများမရှိတော့သဖြင့် ရွာသူရွာသားများမှာ ကျွဲနွားများကို ရောင်းချလိုက်ရပြီး ယခုအခါတွင် စားဝတ်နေရေးအခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ အဆိုပါ အကျိုးဆက်များမှာ ယနေ့အချိန်ထိ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် ဒေသခံပြည်သူများက ဓာတ်အားပေးစက်ရုံကို ပိတ်သိမ်းရန် ဆန္ဒပြတောင်းဆိုရခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် လုပ်ငန်းစတင်ရန် ပြင်ဆင်ခြင်းများအတွက် တူးဖော်ခြင်းများ စတင်ခဲ့သည်။ ပထမဦးစွာ ရောမယန္တရားကြီးများဖြင့် မြေပြင်ရှိ ချုံပုတ်များ (သို့) သစ်ပင်များနှင့် အပေါ်ယံမြေဆီလွှာများကို ဘူဒိုဇာဖြင့် အပြောင်ရှင်းခဲ့ပြီး စိုက်ပျိုးမြေပမာဏများစွာကို အဆိုပါ ဖြစ်စဉ်ဖြင့် ဖျက်ဆီးခဲ့ကြသည်။ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများကို တွင်းနက်ကျယ် အဖွင့်စနစ်ဖြင့် တူးဖော်ပြီး အကြီးစား စက်ယန္တရားများကို တစ်နေ့လျှင် ၂၄ နာရီ အသုံးပြုခြင်းကြောင့် စိုက်ပျိုးမြေများစွာ ပျက်စီးခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီများကလည်း နောင်တရားကျေးရွာ၏ လက်ဖက်စိုက်ခင်းများ၏အောက်တွင် မြေအောက်ကျွင်းတူးစနစ်ဖြင့် ကျောက်မီးသွေးများကို တူးဖော်ခဲ့ကြသည်။ လေးစတုရန်းပေအကျယ်ရှိသော မြေကျွင်းတူးပြီး ဥမင်လိုဏ်ခေါင်းများဖြင့် စိုက်ပျိုးမြေများ၏ အောက်တွင် တူးဖော်သည်ဖြစ်ရာ မြေပြိုမည့်အရေးကို ကြောက်နေရသည့်အနေအထားဖြင့် ရွာသူရွာသားများကို ထားရစ်ခဲ့သည်။ တူးဖော်ရရှိထားသော ကျောက်မီးသွေးများကိုလည်း ဓာတ်အားပေးစက်ရုံသို့ မသယ်ယူမီ စိုက်ပျိုးမြေများနှင့် လမ်းဘေးတစ်လျှောက်တွင် စုပုံထားသည်။ မြေဆီလွှာ၏ အရည်အသွေးကို ကျောက်မီးသွေးက ဖျက်ဆီးပြီး စုပုံထားသော ကျောက်မီးသွေးပုံက လယ်ကွင်းထဲသို့ စီးဆင်းသွားမည့် ရေလမ်းကြောင်းကို ပိတ်ဆို့ထားပြန်သည်။ စွန့်ပစ်ရေများနှင့် ပြာများမှာလည်း ရေစီးသည့်မြောင်းဘေးတွင် အမှိုက်ပုံလို ဖြစ်နေပြီး အဆိုပါ ဓာတ်ကျွင်းများပျော်ဝင်နေသည့် ရေများကြောင့်လည်း စိုက်ပျိုးမြေဆီလွှာများကို ပျက်စီးစေသည်။

ဓါတ်ပုံ - PYO



*စိုက်ခင်းဧရိယာများအတွင်း အမည်မသိသော အလုပ်သမားများ ရောက်ရှိလာခြင်းကြောင့် ဒေသခံအမျိုးသမီးများအနေဖြင့် ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်မှုများရှိနေသည်။ ဒေသခံအမျိုးသမီးတစ်ဦးက " ဒီအလုပ်သမားတွေကို တွေ့ရတဲ့နောက်ပိုင်းမှာ အခုတော့ ကျွန်မလယ်ထဲကို မသွားရဲတော့ဘူး။ စိတ်ထဲမှာ အလိုလို ကြောက်လာတယ်။ လယ်ထဲမှာအလုပ်လုပ်ဖို့တောင် ကြောက်လာတယ်။ တခြား အမျိုးသမီးတွေလည်း ဒီလိုပဲ။ မလုံခြုံဘူးလို့ ခံစားနေရတယ်။ အရင်တုန်းက ဒီလိုမဟုတ်ဘူး။"*

ကျေးရွာ (၆) ရွာမှ လယ်သမားများသည် မိမိတို့၏ မြေယာများသိမ်းဆည်းခြင်းခံရခြင်းကြောင့်စားဝတ်နေရေးအတွက် အခြားသော နည်းလမ်းများဖြင့် ရှာဖွေစားသောက်ရတော့သည်။ အချို့ရွာသူရွာသားများမှာ တူးဖော်ရေးလုပ်ငန်းများ မပြုလုပ်ရသေးသည့် သိမ်းဆည်းထားသော မြေနေရာများတွင် လုပ်ကိုင်စားသောက်ခွင့်ရရှိထားသော်လည်း ၄င်းတို့၏ ရေ့ရေးနှင့်ပတ်သက်ပြီး ရင်လေးနေရသည်။ အချို့ရွာသားများမှာမူ မိမိဒေသကို စွန့်ခွာပြီး တိုင်းတစ်ပါးသို့ အလုပ်အကိုင်ရှာဖွေရန် ထွက်ခွာသွားကြရသည်။

*အသက်မွေးဝမ်းကျောင်းမှုများ ပျောက်ဆုံးခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်း*

ဒေသတွင်းနေထိုင်သူများမှ မိမိတို့၏ စိုက်ပျိုးမြေများနှင့် သီးနှံများကို ဆုံးရှုံးရသည့်အခြေအနေတွင် ကျောက်မီးသွေး တူးဖော်ရေးနှင့် ဓာတ်အားပေးစက်ရုံမှ ဒေသခံအလုပ်သမားအနည်းငယ်ကို ငှားရမ်းခေါ်ယူမှုရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဓာတ်အားပေး စက်ရုံကို ရပ်ဆိုင်းခံထားရပြီးနောက်ပိုင်းတွင် ဒေသခံစိုက်ခင်းများအတွင်းနှင့် ပတ်ဝန်းကျင်တွင် ပြည်တွင်းအလုပ်သမားများဖြင့် ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ယင်းပြည်တွင်း ဗမာအလုပ်သမားများမှာ နယ်မြေခံများမဟုတ်ဘဲ ကျောက်တူးသည့်နေရာတွင် အလုပ်ရရန် ရွှေ့ပြောင်းနေထိုင်လာကြသူများဖြစ်သည်။ အချို့မှာ မိမိတို့၏ မိသားစုများကိုပင် ခေါ်ဆောင် လာပြီး လူဦးရေတိုးချဲ့ကြသည်။ အတိတ်သမိုင်းတွင် မြန်မာ့တပ်မတော်၏ စစ်အုပ်ချုပ်မှုနှင့် အခွင့်အရေးချိုးဖောက်မှုအရိပ်မည်းများကြောင့် ဒေသခံပြည်သူများအနေဖြင့် မတူညီသော ယဉ်ကျေးမှုများ ကျင့်သုံးမှုဖြင့် အသစ်ရောက်ရှိလာသူများနှင့်ပတ်သက်ပြီး စိုးရိမ် လျက်ရှိကြသည်။

*ကျန်းမာရေးကဏ္ဍ*

တစ်နေကုန်အဆက်မပြတ် ကျောက်မီးသွေးသယ်ဆောင်သော ကုန်တင်ကားကြီးများကြောင့် ဒေသခံကျေးရွာများတွင် ဖုန်မှုန့်များဖြင့် ပျံ့နှံ့လျက်ရှိပြီး လေထုညစ်ညမ်းသည်။ ယင်းဖုန်မှုန့်များသည် ရေထွက်ပေါက်များ၊ နေအိမ်များနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများပေါ်သို့ ပျံ့နှံ့စွာ ရောက်ရှိအနည်ထိုင်ပြီး လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိနေသည်။ ကျောက်မီးသွေးတူးဖော်ရာနေရာတွင် ဖောက်ခွဲမှုများနှင့် ဓာတ်အားပေးစက်ရုံမှ ဆူညံသံများကြောင့် ကျောင်းသူကျောင်းသားများမှာ သင်ယူမှု၌ အာရုံမစိုက်နိုင်ခြင်း၊ ထိုနည်းတူ သက်ကြီးရွယ်အိုများအတွက်လည်း ယင်းဆူညံသံများကြောင့် စိတ်သောကရောက်ကြရသည်။

ကျောက်မီးသွေးတွင်းများမှ စွန့်ပစ်ပစ္စည်းများကို ဓာတ်အားပေးစက်ရုံ၏ အရှေ့ဘက်ရှိ ပြင်သာနှင့် တောင်ပိုလာကျေးရွာအကြားရှိ စိုက်ပျိုးမြေများတွင် စုပုံစွန့်ပစ်ကြသည်။ ဓာတ်အားပေးစက်ရုံအတွင်း စုပုံထားသော ကျောက်မီးသွေးများသည် မကြာခဏ အလိုအလျောက် မီးတောက်လောင်ပြီး အဆိပ်ရှိသော ဓာတ်ငွေ့များကို လေထုထဲသို့ ပို့လွှတ်တတ်သည်။ လောင်ကျွမ်းပြီးသား ပြာမှုန့်များသည်လည်း ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများမှ လူသားနှင့် သဘာဝပတ်ဝန်းကျင်၏ ကျန်းမာရေးကို ပြင်းထန်စွာ ထိခိုက်ဖျက်ဆီးနိုင်သော မာကျူရီ၊ ဆယ်လေနီယမ်နှင့် အာစင်းနစ်ဓာတ်ငွေ့များကို လေထုထဲသို့ ပို့လွှတ်သည်။ မာကျူရီဓာတ်ငွေ့အဖြစ် လေထုထဲသို့ ပျံ့နှံ့တည်ရှိနေခြင်းသည် ကိုယ်ဝန်ဆောင်စနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ လူမမယ် ကလေးများကို ပြုစုနေရဆဲ မိခင်များနှင့် ကလေးငယ်များအတွက် စိုးရိမ်စရာ အန္တရာယ်ရှိသည်။[146] ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကြောင့် ငါးမိုင်ပတ်လည်ဧရိယာအတွင်း လေထုညစ်ညမ်းမှုများ သိသာစွာ ဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်ပြီး အရေပြားရောဂါများစတင်ဖြစ်ပွားလာကြောင်း ကျေးရွာ ၂၅ ရွာတွင် လေ့လာမှုဆန်းစစ်မှုများအရ သိရသည်။

*ရေထုညစ်ညမ်းခြင်းနှင့် ရေအရင်းအမြစ် ဆုတ်ယုတ်လာခြင်း*

ကျောက်မီးသွေးတွင်းများမှ စွန့်ပစ်မြေစာပုံများကို တောင်များကဲ့သို့ စုပုံထားခြင်းကြောင့် ရေစီးရေလာမှုကို ပိတ်ဆို့ပြီး ညစ်ညမ်းမှုနှင့် ရေဝပ်မှုရှိသော ရေကန်များကို ဖန်တီးပေးခဲ့သည်။ မိုးရာသီတွင် မိုးရေများသည် အဆိုပါ စွန့်ပစ်မြေစာပုံများ၏ နောက်တွင် စုဝေးစီးဆင်းလာပြီး ရေကန်များအဖြစ် ဖြစ်လာသည်။ စွန့်ပစ်မြေစာပုံများနှင့် စက်ရုံတွင် စုပုံထားသော ကျောက်မီးသွေးပုံများကို ရေတိုက်စားပြီး အမှိုက်များအဖြစ် တီကျစ်ချောင်းထဲသို့ စီးဝင်ရောက်ရှိသွားသည်။ မြေစာပုံအနီးအနားရှိ စိုက်ပျိုးမြေများမှာ ညစ်ပတ်သော ရေများဖြင့် နစ်မြုပ်ခံရလေသည်။ ဓာတ်အားပေးစက်ရုံမှ ထွက်သော အဆိပ်အတောက်ပါသည့် ပြာမှုန့်များသည် စွန့်ပစ်မြေစာပုံ (သို့) ဒေသတွင်းလမ်းမများပေါ်သို့ ပျံ့နှံ့ ရောက်ရှိပြီး ဒေသရှိ ရေအရင်းအမြစ်များရှိရာသို့ စီးဆင်းသွားသည်။ အချို့မှာ အင်းလေးကန်သို့ပင် စီးဆင်းရောက်ရှိသွားသည်။ ချက်ပြုတ်ခြင်းနှင့် လျှော်ဖွတ်ဆေးကြောခြင်းများပြုလုပ်ရန် အသုံးပြုနေကျ ရေအရင်းအမြစ်များမှာ ညစ်ညမ်းသွားပြီဖြစ်သဖြင့် စုဆောင်းသယ်ဆောင်ရသော အမျိုးသမီးထုအနေဖြင့် သန့်ရှင်းသော ရေများကို ရရှိရန် ပိုမိုဝေးလံသော နေရာများဆီသို့ သွားရောက်ရှာဖွေရတော့သည်။

*ယဉ်ကျေးမှုဆိုင်ရာများ ပျက်စီးခြင်းနှင့် လူမှုရေးတင်းမာမှု*

ကျောက်မီးသွေးတူးဖော်သည့်အလုပ်သမားများသည် ဒိုင်းနမိုက်များအသုံးပြုပြီး မြေပြင်ကို အပေါက်တူးကာကနဦးလုပ်ဆောင်ရသည်။ မြေပြို့မှုများမဖြစ်ခင်အထိ ဆောင့်အားပြင်းပြင်းဖြင့် မြေပြင်အား တုန်ခါသွားအောင် ဖောက်ခွဲရသည်။ အရှိန်ပြင်းပြင်းပေါက်ကွဲသည့် ဖောက်ခွဲမှုများကြောင့် တီကျစ်ရွာရှိ အဆောင်အဦများ အက်ကွဲကုန်သည်။ တီကျစ်ကျေးရွာရှိ ရှေးဟောင်းဘုရားစေတီသည် ပြင်းထန်သော ဖောက်ခွဲမှုများကြောင့် တစ်စစီ ကြွေမွပျက်စီးလာခဲ့သည်။ ထိုသို့ ပျက်စီးခြင်းသည် ဒေသခံရွာသူရွာသားများကို ဒေသထွက်စေသည်။ ရွာသူရွာသားများနှင့် ကုမ္ပဏီအလုပ်သမားများအကြား ရင်ဆိုင်ထိတွေ့မှုများကို ရှောင်ရှားရန် တီကျစ်ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်သည် ကြားဝင်ပြီး ဖြေရှင်းပေးခဲ့ရသည်။ နောက်ပိုင်းတွင် ရွာသူရွာသားများမှ ကျိုးပဲ့ပျက်စီးသွားသော ဘုရားစေတီအပိုင်းအစများကို စုစည်းပြီး နဂိုမူလ နေရာတွင် စုပုံထားပြီး ထိုနေရာကိုလည်း ခြံစည်းရိုးဖြင့် ကာထားလိုက်ကြသည်။

# (၄) နိဂုံး

တီကျစ်ကျောက်မီးသွေးစီမံကိန်းဧရိယာအနီးတွင် နေထိုင်သော ရပ်ရွာလူ့အဖွဲ့အစည်းသည် ကြောက်ရွံ့မှုနှင့် ဖျက်ဆီးနိုင်သော အကျိုးဆက်များဖြင့် နေထိုင်နေရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ပြည့်စုံ ကောင်းမွန်သည့်မူဝါဒနှင့် ကျင့်သုံးမှုများမရှိခြင်းကြောင့် ဖြစ်သည် သာမက စီမံကိန်းဆိုင်ရာ ညံ့ဖျင်း သောထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုအာဏာများကြောင့်လည်း ဖြစ်သည်။ ထိခိုက်ခံစားရသော ဒေသခံများ မှ စီမံကိန်းနှင့်ပတ်သက်သည့် ဆိုးကျိုးများ (သို့) တူးဖော်ရေးစီမံကိန်းများ၏ အကျိုးကျေးဇူး များကို မပြောသည့်အခါ၊ လူနည်းစု၏အသံနှင့် ပူးပေါင်းပါဝင်မှုများ စွန့်လွှတ်လိုက်ရသည့်အခါ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာများကို စစ်တပ်နှင့် အဝေးတစ်နေရာရှိ ဗဟိုအစိုးရမှ ထိန်းချုပ်သည့်အခါ၊ ပြည်နယ်နှင့် ရပ်ရွာဒေသခံများမှ ၄င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းများကို လုပ်ကိုင်စေခြင်းမပြုသည့်အခါမျိုး တွင် တီကျစ်ကဲ့သို့ ညံ့ဖျင်းသော စီမံကိန်းများ ဆက်လက် ပေါ်ပေါက်လာနေဦးမည်ဖြစ်သည်။



ဓါတ်ပုံ - KDNG

# အပိုင်း (၂.၅) ကျောက်စိမ်း အရင်းအမြစ်များ

## (၁) ကျောက်စိမ်း ဘာကြောင့် အရေးကြီးသနည်း

ကျောက်စိမ်းသည် မြန်မာနိုင်ငံ၏ တန်ဖိုးအရှိဆုံး အရင်းအမြစ်များအနက် တစ်ခုအဖြစ် ကိုယ်စားပြုသည်။ ၂၀၁၄ ခုနှစ်တစ်နှစ်တည်းတွင် ကျောက်စိမ်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံကျော်ရရှိခဲ့သည်။[147] တစ်နိုင်ငံလုံး၏ ပြည်တွင်းထုတ်ကုန်တန်ဖိုး၏ ထက်ဝက်ပမာဏနီးပါးနှင့် ညီမျှစွာ ရရှိခဲ့သည်။

တန်ဖိုးမြင့်မားသည့်ကျောက်တုံးများ တူးဖော်လိုက်သည်နှင့်တစ်ပြိုင်နက် အကျိုးကျေးဇူးများ ကုန်ဆုံးသွားလေသည်။ သစ်တော၊ မြေယာ (သို့) ရေနှင့်မတူဘဲ ကျောက်စိမ်းသည် နဂိုမူလအတိုင်း ပြန်လည်ဖြစ်လာနိုင်စရာမရှိတော့ချေ။ မျိုးဆက်တစ်ခုက ကျောက်စိမ်းကို ထုတ်ယူလိုက်ခြင်းသည် အနာဂတ်မျိုးဆက်များအတွက် စိုးရိမ်ရသော အကျိုးဆက်များစွာကို ဖြစ်ပေါ်စေသည်။

ကျောက်စိမ်းရောင်းချမှုသည် မြန်မာနိုင်ငံ၏ အကြီးဆုံး နိုင်ငံခြားဝင်ငွေရလမ်းတစ်ခုအဖြစ် ကိုယ်စားပြုသော်လည်း ရောင်းရသော ငွေများမှာ ကချင်ပြည်နယ်ကို ကျော်လွှားထားခဲ့ပြီး ဗဟိုအစိုးရ ဘတ်ဂျက်ထဲသို့ ရောက်ရှိသွားသည်။ ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ကို မွှေနှောက်ဖျက်ဆီးသည်သာမက ကမ္ဘာနှင့်မြန်မာတွင် အကြီးဆုံးကျောက်မျက်

များ စုဝေးတည်ရှိရာ ကချင်ပြည်နယ်အတွင်းရှိ ဒေသခံလူ့အဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းကျောက်လုပ်သားများ (ရေမဆေးကျောက်ရှာဖွေသူများ) ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။


၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့ ပြည်သူ့လွှတ်တော်တွင် တင်သွင်းသော ပြည်ထောင်စုအစိုးရ၏ဖော်ပြချက်အရ ကျောက်စိမ်းတူးဖော်သည့် ပုဂ္ဂလိကလုပ်ငန်း ၇,၇၁၄ ခုသည် ကချင်ပြည်နယ်တစ်ခုတည်းတွင် အကောင်အထည်ဖော်လျက်ရှိပြီး ၂၃၁ ခုမှာ နိုင်ငံခြား/ပြည်တွင်း အကျိုးတူလုပ်ငန်းမျိုးဖြစ်သည်။ ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများအကောင်အထည်ဖော်သည့်နေရာအားလုံးသည် မြေဧကပေါင်း ၂၂,၅၅၈ ဧကတွင် နေရာယူထားသည်။

ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများသည် မြေနှင့် ရေအရင်းအမြစ်အတွက် ရေရှည်ဆိုးကျိုးများကို ဖြစ်စေသည်။ ဖားကန့်တွင် လုပ်ဆောင်လျက်ရှိသော ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများကြောင့် မြေမျက်နှာပြင်အနေအထားများမှာ ပြောင်းပြန်လှန်ထားခံရသလို ဖြစ်နေသည်။ လူများကို သေစေနိုင်သော မြေပြိုမှုများမှာ ပုံမှန်ဖြစ်နေကျကဲ့သို့ ဖြစ်ပြီး မြေဆီလွှာဆုံးရှုံးပျက်စီးမှုများသည်လည်း စုပြုံစွာ ဖြစ်ပေါ်ခဲ့သည်။ စွန့်ပစ်မြေစာများနှင့် အနည်ချခြင်းဖြစ်စဉ်များကြောင့် ဥရုမြစ်မှ သဘာဝအတိုင်း မစီးဆင်းနိုင်တော့ဘဲ နစ်စဉ်မိုးရာသီတွင် လူကိုသေစေနိုင်သော အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုများကို ကြုံတွေ့ကြရသည်။ ဥပဒေများဖြင့် စနစ်တကျ ထိန်းချုပ်ပြဌာန်းထားခြင်းမရှိသော ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ထဲသို့ မသိရှိနိုင်သည့်ဆက်စပ်အကျိုးသက်ရောက်မှုများရှိပြီး လူ့ကျန်းမာရေးအတွက် မပြောပြနိုင်သော ဆိုးကျိုးများကို ပို့လွှတ်ပေးသကဲ့သို့ဖြစ်နေပါသည်။ အထက်ဖော်ပြခဲ့သောရေရှည်ဆိုးကျိုးများသည် ကချင်ပြည်နယ်၏ ရေနှင့်မြေများကို ထိခိုက်ပျက်စီးစေမည်ဖြစ်သည်။ ထို့ထက်မက ကျောက်စိမ်းတူးဖော်သည့် ဒေသများတွင် ပြန်လည်ဖြည့်ဆည်းပေးခြင်း (သို့) ပြန်လည်ထူထောင်ပေးသည့် စီမံကိန်းများ မရှိသေးသည်ကိုလည်း တွေ့မြင်ရပါသည်။

ဇယား (၈) စစ်မှန်သော စစ်စီးပွားရေး-တပ်မတော်လက်အောက်ရှိ ကျောက်စိမ်းတွင်းများ



ဇယား (၉) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သတ္တုတွင်းကဏ္ဍတွင် ဖက်ဒရယ်အခြေပြုဖြေရှင်းချက်




*လက်ရှိအခြေအနေတွင် သဘာဝအရင်းအမြစ်များနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာသုံးရပ်စလုံးကို ဗဟိုအစိုးရမှ ထိန်းချုပ်ထားသည်။ ပြည်နယ် (သို့) လုပ်ငန်းအကောင်အထည်ဖော်ရာဒေသမှ လုပ်ပိုင်ခွင့်/ခံစားခွင့်အားလုံးကို ထိန်းချုပ်ထားသည်။ ဖက်ဒရယ်စနစ်တွင် အဆိုပါအာဏာနှင့် လုပ်ပိုင်ခွင့်များကို ပြည်နယ်များ (သို့) ဒေသအဆင့်သို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုရမည်။ သတ္တုတွင်းကဏ္ဍတွင် ပြည်နယ်အစိုးရများနှင့် ဒေသအစိုးရများမှ အကောင်အထည်ဖော်မည့်ကုမ္ပဏီများအား လိုင်စင်ချထားပေးခြင်း၊ ဥပဒေစည်းမျဉ်းများ ပြဋ္ဌာန်းခြင်းနှင့်အကောင်အထည်ဖော်ခြင်းများကို ကြီးကြပ်စောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များနှင့် အခွန်ကောက်ခံခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်ရမည်။*

## (၂) ဗဟိုမှထိန်းချုပ်ထားသော ကျောက်စိမ်း စီမံအုပ်ချုပ်မှု

## (က) ဥပဒေပြုခြင်း

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၃၇) အရ နိုင်ငံတော်အစိုးရသည် ကျောက်စိမ်းအပါအဝင် မြေအောက် သယံဇာတ အရင်းအမြစ်များ အားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား (၂) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအနေဖြင့် မိမိတို့နယ်မြေအတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းအတွက်သာ ဥပဒေပြုနိုင်သည့်အာဏာရှိသည်။

*လုပ်ငန်းခွင်များကို ကြပ်မတ်မှုမရှိသောကြောင့် လူသေမှုနှင့် မတော်တဆထိခိုက်မှုများစွာဖြစ်စေခဲ့သည်။ ခန်းခမ်းမိုင်းတွင် မြေပြိုမှုကြောင့် လူပေါင်း ၂၀၀ ကျော် အရှင်လတ်လတ် မြုပ်နှံခံခဲ့ရသည်။ (၂၀၁၅ နိုဝင်ဘာ၊ ၂၁) ၁၁၄ လောင်းကိုသာ ပြန်လည်ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။*



သတ္တုတွင်းဝန်ကြီးဌာနကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းထားပါသည်။ ဗဟိုအစိုးရ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း သတ္တုတူးဖော်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို ချထားပေးခြင်းကိစ္စရပ်တွင် တာဝန်ရှိသည်။ သတ္တုတွင်းဥပဒေတွင် လက်ရှိအချိန်အထိ သတ္တုတူးဖော်ခြင်းနှင့်ပတ်သက်သော လိုင်စင်ချထားပေးခြင်းဆိုင်ရာမူဘောင်ကို ရှင်းလင်းစွာ ပြဋ္ဌာန်းထားခြင်း မရှိသည်ကိုတွေ့ရသည်။[148]

*မြန်မာနိုင်ငံ ကျောက်မျက်ရတနာဥပဒေ (၁၉၉၅)*

မြန်မာနိုင်ငံကျောက်မျက်ရတနာဥပဒေ (၁၉၉၅) ကို ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများအတွက် အဖိုးအခကြီးများသော လုပ်ပိုင်ခွင့်များ ချထားပေးနိုင်ရန် မရှိမဖြစ် ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ကုမ္ပဏီများအနေဖြင့် လုပ်ပိုင်ခွင့်လိုင်စင်များအတွက် ကြိုတင်ငွေပေးရပြီး စက်ယန္တရားကြီးများဖြင့် တူးဖော်ထုတ်လုပ်ပိုင်ခွင့်ဝေစုအတွက်လည်း လေလံဆွဲရသည်။ ထိုသို့ ပြဋ္ဌာန်းလိုက်ခြင်းဖြင့် အရေအတွက် ၃၀၀ ကျော်ရှိသော အသေးစားကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများမှာ အဆိုပါ လုပ်ပိုင်ခွင့်ပါမစ်များအတွက် ချဉ်းကပ်နိုင်စွမ်းမရှိတော့ဘဲ တပ်မတော်မျက်နှာကြီးများ၏ အရိပ်လွှမ်းမိုးဆက်စပ်မှုရှိသော ခရိုနီကုမ္ပဏီများ၏ လက်ထဲသို့ ထိန်းချုပ်ခွင့်အာဏာစုစည်းပေးသကဲ့သို့ ဖြစ်ခဲ့သည်။[149] အကျိုးတူပူးပေါင်းလုပ်ငန်းများအဖြစ် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (သို့) နိုင်ငံပိုင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းတို့နှင့် ကျောက်မျက်လုပ်ငန်းတို့ကိုလည်းပတ်စေခဲ့ကြသည်။

၂၀၁၅ ခုနှစ်ကျောက်မျက်ရတနာဥပဒေ ပြန်လည်ပြင်ဆင်သည့်ဥပဒေတွင် အရွယ်အစားနှင့် ကွဲပြားသော သတ္တုတွင်းထွက်အပေါ်အခြေခံသော မတူညီသည့် လုပ်ပိုင်ခွင့်ပါမစ်များကို ပြန်လည်သတ်မှတ်သော်လည်း လိုင်စင်ချထားပေးသည့်ဖြစ်စဉ်မှာ မဖြစ်မနေ ပြောင်းလဲထားခြင်းမရှိသည်ကို တွေ့ရသည်။ ၂၀၁၆ ခုနှစ် ကျောက်မျက်ရတနာဥပဒေနှင့် ပြန်လည်ပြင်ဆင်သည့်ဥပဒေကို အများပြည်သူများ လေ့လာသိရှိရန်အတွက် ထုတ်ပြန်ခြင်းမျိုးမရှိသေးသည်မှာ ကျောက်မျက်လုပ်ငန်းကဏ္ဍ၏ ပွင့်လင်းမြင်သာမှုအခြေအနေကို ဖော်ပြချက်တစ်ခုဖြစ်သည်။[150] ကျောက်စိမ်းဥပဒေစည်းမျဉ်းများအရ အဆင့် (A) နှင့် (B) ကို နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်တွင်လည်းကောင်း၊ အဆင့် (C) နှင့် (D) ကိုသာ ကချင်ပြည်နယ် တွင် သယ်ယူခွင့်နှင့် ရောင်းချခွင့်ရှိသည်။

၂၀၁၆ ခုနှစ် ဇူလိုင်တွင် ဖားကန့်၌ ကြိမ်ပေါင်းများစွာ လူသေစေသည့် မြေစာတောင်ပြိုကျမှုများကြောင့် လက်ရှိလုပ်ပိုင်ခွင့်ပါမစ်ရထားသူများသာလျှင် ဆက်လက်လုပ်ကိုင်ခွင့်ရှိပြီး ဥပဒေမူဘောင်ဆိုင်ရာများ ပြန်လည်ပြုပြင်ပြီးသည့်အချိန်မတိုင်မီအထိ လုပ်ပိုင်ခွင့်ပါမစ်အသစ်များ ချထားခြင်းမပြုရန် နေပြည်တော်မှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့သို့ ယာယီတားမြစ်လိုက်ခြင်းသည် စနစ်တကျမဖြစ်သည်သာမက သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့် လူမှုရေးပဋိပက္ခရလဒ်များကိုပါ ဖြစ်စေသော ကျောက်စိမ်းတူးဖော်မှုများကို တားမြစ်ပိတ်ပင်သည့် ကောင်းသောအစပြုခြင်းမျိုးဖြစ်သည်။ သို့သော် စောင့်ကြည့်ရဦးမည့်အခြေအနေတွင် ဖြစ်နေသည်။ ယာယီတားမြစ်ချက်များထုတ်ပြန်ထားသော်လည်း ဗဟိုအစိုးရမှ နိုင်ငံခြားသတ္တုတူးဖော်ရေး ကုမ္ပဏီများ အပါအဝင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဖိတ်ခေါ်နေဆဲဖြစ်နေသည်။

## (ခ) ကျင့်သုံးမှုများ

*အပစ်ရပ်အလွန် ကျောက်စိမ်းလိုင်စင်ချထားမှု၊ တူးဖော်မှုနှင့် ရောင်းချမှုဆိုင်ရာ ပေါင်းစည်းမှုများ*

၁၉၉၄ ခုနှစ်မတိုင်ခင်တွင် ဖားကန့်ရှိ ကျောက်စိမ်းမှော်ဧရိယာအများစုကို ကို ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (ကေအိုင်အို) မှ ထိန်းချုပ်ထားခဲ့သည်။ ထိုအချိန်ကာလတွင် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများမှာ အသေးစားအရွယ်အစားသာရှိပြီး ကချင်ပြည်သူများအနေဖြင့် ဖားကန့်မှ ကျောက်စိမ်းများကြောင့် အကျိုးကျေးဇူးများစွာ ရရှိခံစားခဲ့ရသည်။ ထိုကာလ၌ အကြီးစား ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများဟူ၍ ဖားကန့်တွင် မရှိသေးချေ။ ၁၉၉၄ ခုနှစ် ကေအိုင်အိုနှင့် မြန်မာတပ်မတော်တို့မှ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုပြီးနောက် ပိုင်း ပုဂ္ဂလိက ကုမ္ပဏီများနှင့် မြန်မာ့ဦးပိုင်ကုမ္ပဏီကဲ့သို့သော အကျိုးတူလုပ်ငန်းကြီးများ ဖားကန့်တွင် အုံနှင့်ကျင်းနှင့် ပေါ်ပေါက်လာခဲ့သည်။ လိုင်စင်ပြုလုပ်ခြင်းလုပ်ထုံးလုပ်နည်းများကြောင့် စစ်တပ် အစိုးရနှင့် ချိတ်ဆက်နောင်ဖွဲ့မှုမရှိသော အသေးစား၊ လွတ်လပ်စွာ ပိုင်ဆိုင်လုပ်ကိုင်သည့် စီးပွားရေး သမားများမှာ ကျောက်စိမ်းလောကမှ တွန်းထုတ်လိုက်ခြင်းခံလိုက်ရသည်။ ကုမ္ပဏီပေါင်းမြောက် များစွာဖြင့် အရှိန်ဟုန်ပြင်းစွာ တူးဖော်လုပ်ကိုင်မှုများကြောင့် ကျောက်စိမ်းအရေအတွက်များစွာ သည်လည်း ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ အဓိကအာရုံစိုက် သည့်အရာမှာ လုပ်ငန်းခွင် အရွယ်အစားနှင့် အရှိန်ပြင်းပြင်းကျောက်စိမ်းတူးဖော်ရေး ဖြစ်လာသည်။ ကျောက်စိမ်းလုပ်ငန်းများ တိုးချဲ့လာသည်ဆိုသော်လည်း ယင်းလုပ်ငန်း၏ အကျိုးအမြတ်များမှာ လူနည်းစုများအတွက်သာ ကတော့ပုံသဖွယ် စုစည်းစီးဝင်သွားတော့သည်။ ယခင် စီးပွားရေးသမား (ပိုင်ရှင်) များနှင့် ကုန်သည်များမှာလည်း လုပ်ခအနည်းငယ်သာ ရရှိသော လုပ်ခစားများအဖြစ် အဆင့် လျှော့ချခံလိုက်ရသည်။[151]

၂၀၀၅ ခုနှစ်တွင် စစ်အစိုးရအနေဖြင့် အဆင့် (A) နှင့် (B) ကျောက်စိမ်းများကို နှစ်စဉ်အစိုးရမှ လေလံတင်ရောင်းချသော မြန်မာကျောက်မျက်ရတနာပြပွဲတွင် တရားဝင်ရောင်းချရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ အဖိုးတန်ကျောက်စိမ်းများကို ကနေ့တိုင် ကချင်ပြည်နယ်တွင် ရောင်းဝယ်ခြင်းကို တရားမဝင်အဖြစ်သတ်မှတ်ထားပြီး ဗဟိုအစိုးရအနေဖြင့် ကချင်ပြည်နယ် ကျောက်မျက်ရတနာအဖွဲ့အစည်းမှ မြစ်ကြီးနားမြို့တွင် ကျောက်မျက်ရတနာပြပွဲ ပြုလုပ်ရန်တောင်း ခံမှုကို ငြင်းပယ်ထားသည်။[152] လိုင်စင်ထုတ်ပေးခြင်းနှင့် ပင်မကျောက်စိမ်းတူးဖော်ခြင်းနှင့်ရောင်း ချခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက်သို့ လွှန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုနီးပါးကတည်းက ထည့်ထားခဲ့သည်။ ၂၀၁၀-၂၀၁၅ ခုနှစ် (ဦးသိန်းစိန်အစိုးရလက်ထက်) အတွင်း တွင်လည်း ကချင်ပြည်နယ်အစိုးရနှင့် ဒေသခံလူ့အဖွဲ့အစည်းများအနေဖြင့် ကချင်ပြည်နယ်ရှိ ကျောက်မျက်ထုတ်လုပ်သည့်လုပ်ငန်းများကို ထိန်းချုပ်နိုင်ခွင့်မရှိခဲ့ချေ။ ၂၀၁၄ ခုနှစ်တွင်ကျောက်စိမ်း လုပ်ကွက်ကြီးများနှင့် လိုင်စင်များကို ထပ်မံချထားပေးကာ လုပ်ကိုင်စေခဲ့သည်။ မြန်မာ့တပ်မတော်သည် ဖားကန့်ကို အတိုက်အခံဧရိယာကဲ့သို့ ကြိုးစားပုံဖော်ခဲ့ကြသည်။ သို့သော် အောက်ပါ မြေပုံအရ ဗဟိုအစိုးရစစ်တပ်မှ အဓိက ကျောက်စိမ်းထွက်သည့်ဧရိယာများကို မည်သို့ ထိန်းချုပ်ထားပုံကို ဖော်ပြနေသည်။

*ပွင့်လင်းမြင်သာမှုမရှိခြင်း*[153]

*"ကျောက်စိမ်းကုမ္ပဏီတွေမှာ စည်းမျဉ်းဥပဒေတွေမရှိဘူး။ ဘယ်သူက ပါမစ်ရလဲ၊ ဘယ်သူက မရဘူးလဲ ကျွန်တော်တို့မသိရဘူး။ ကျွန်တော်တို့စုံစမ်းလေ့လာရမယ်။ တချို့လုပ်ငန်းတွေမှာ*

*လိုင်စင်မရှိဘူး ဒါပေမယ့် ပါမစ်ရှိတဲ့ ကုမ္ပဏီကြီးတွေရဲ့ လက်အောက်ကနေ လုပ်ကိုင်နေကြတယ်။"*
*(ရှရော်ခ မော်၊ ဖားကန့်ရှိ အသေးစားလုပ်ငန်းရှင် ဦးထွန်းသိုက်နှင့် အင်တာဗျူး၊ ၂၀၁၆ ခုနှစ်)*

မြန်မာ့ကျောက်စိမ်းကဏ္ဍသည် နှစ်ပေါင်းများစွာ လျှို့ဝှက်ချက်များဖြင့် ဖုံးလွှမ်းနေခဲ့သည်။ သာမန်အရပ်သားများအနေဖြင့် တူးဖော်ခွင့်လိုင်စင်ရရှိသော ကုမ္ပဏီဟုတ်မဟုတ်ကိုလည်းကောင်း၊ လည်ပတ်လျက်ရှိသော ကုမ္ပဏီများ၏ မူရင်းပိုင်ရှင် မည်သူမည်ဝါ ဖြစ်သည်ကိုလည်းကောင်း၊ လုပ်ပိုင်ခွင့်လိုင်စင်များ ချထားပေးမှုပုံစံများကိုလည်းကောင်း၊ ကန့်ထရိုက်သက်တမ်းများကိုလည်းကောင်း၊ အစိုးရကို မည်သည့်အရာများ ပေးသည်ကိုလည်းကောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် မည်မျှထုတ်လုပ်တူးဖော်နေသည်ကိုလည်းကောင်း မသိရှိနိုင်ချေ။

မြန်မာ့ကျောက်စိမ်းလုပ်ငန်း လိုင်စင်ချထားပေးမှုစနစ်သည် အကျင့်ပျက်ခြစားခြင်းနှင့် ခရိုနီဝါဒများ ပျံ့ပွားစေရန် ဖွင့်ပေးသကဲ့သို့ ဖြစ်သည်။ အဓိက လုပ်ပိုင်ခွင့်များချထားပေးရာနေရာများမှာ ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ အစိုးရထိန်းချုပ်ဇရိယာများဖြစ်သည်။ လုပ်ကွက်များကို ချထားပေးရာတွင် ရာထူးအဆင့်မြင့်သော နိုင်ငံတော်မှ အရာရှိများနှင့် ဆက်စပ်မျက်နှာရနေသော ကုမ္ပဏီများက ဗဟိုဦးစီးထိန်းချုပ်ဆန်သော ဖြစ်စဉ်အားဖြင့် ချထားပေးသည်ဟု လုပ်ငန်းရှင်အသိုင်းအဝိုင်းများထံမှ သိရသည်။

Global Witness အဖွဲ့၏ သုသေသနပြုချက်များက ကျောက်စိမ်းမှ ဝင်ငွေများမှာ အလွန်ကြီးမားကြောင်းဖော်ထုတ်ခဲ့သည်။ ဦးသန်းရွှေ၊ ဦးမောင်မောင်သိန်းနှင့် ဦးအုန်းမြင့်တို့၏ မိသားစုဝင်များအကြား ၂၀၁၄ ခုနှစ် ကျောက်မျက်ရတနာပြပွဲ (အစိုးရ၏ တရားဝင်ကျောက်မျက်ရောင်းဝယ်ရေး) မှ အခွန်မဆောင်မီ အမေရိကန်ဒေါ်လာ သန်း ၂၂၀ နှင့် ၂၀၁၃ ခုနှစ် ကျောက်မျက်ရတနာပြပွဲမှ ဒေါ်လာသန်းပေါင်း ၆၇ သန်း (အခွန်မဆောင်ရသေးခင်ပမာဏ) ကို ရရှိခဲ့သည်။ ဦးသန်းရွှေမိသားစုနှင့် ဆက်စပ်သည်ဟု Global Witness မှ ယုံကြည်သည့် အခြားကုမ္ပဏီတစ်ခုသည်လည်း ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၀ ကို ရောင်းချခဲ့သည်ဟု ဆိုပါသည်။

*ကျောက်စိမ်းမှရသော ဝင်ငွေများကို အသုံးပြုမှု*

ကျောက်စိမ်းအခြေပြုစီးပွားရေးလုပ်ငန်းသည် ဗဟိုနိုင်ငံတော်အစိုးရထံသို့ များစွာသော ဝန်ဆောင်ခများ၊ ခိုင်ကြေးများ (Royalties) နှင့် အခွန်ငွေများကို ပေးဆောင်ရသည့် လုပ်ငန်းဖြစ်သည်။ ၄င်းတွင် လိုင်စင်နှင့်အုပ်ချုပ်ရေးဝန်ဆောင်ခများ၊ ခိုင်ကြေးအဖြစ် ထွက်ရှိသော ကျောက်စိမ်းပမာဏ၏ ၂၀ ရာခိုင်နှုန်း၊ ကျောက်မျက်ရတနာပြပွဲတွင် ရောင်းရငွေ၏ ၁၀ ရာခိုင်နှုန်း၊ ကုန်သွယ်ခွန်အပါအဝင် စံနှုန်းသတ်မှတ်မှုရှိသော စီးပွားရေးဆိုင်ရာ အခွန်များ ပါဝင်သည်။ ထို့အပြင် နိုင်ငံပိုင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းနှင့် ဦးပိုင်ကဲ့သို့သော စစ်တပ်ပိုင်ကုမ္ပဏီများသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် အစုရှယ်ယာများစွာကို ပိုင်ဆိုင်ထားပြီး ၄င်းတို့၏ အခွန်ဆောင်ပြီး ဝင်ငွေများထဲမှ ၄၀ ရာခိုင်နှုန်းကိုလည်း ရရှိနေသည်။ သီအိုရီအရ ကျောက်စိမ်းရောင်းချခြင်းမှရရှိသော အဓိက အစုရှယ်ယာဝေစုမှ ဝင်ငွေများသည် ပြည်ထောင်စုအဆင့် ဘတ်ဂျက်စာရင်းသို့ ရောက်ရှိရမည်ဖြစ်သည်။ အဆိုပါ ဝင်ငွေဘဏ္ဍာများနှင့်ပတ်သက်သည့် အများသိအမြင်ရှင်း စာရင်းရှင်းတမ်းများမရှိသည့်အပြင် ကချင်ပြည်နယ်နှင့် ဖားကန့်တွင်နေထိုင်ကြသော ပြည်သူလူထုအနေဖြင့် ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်သော အကျိုးဆက် များကို လျှော့ချရန်နှင့် ပညာရေး၊ ကျန်းမာရေး

(သို့) ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံရန် မိမိတို့၏ ဒေသများသို့ တိုက်ရိုက် ပြန်လည်ရောက်ရှိလာသော ဝင်ငွေဘဏ္ဍာများကို ခံစားတွေ့ရှိရခြင်းမရှိသည်ကို တွေ့ရသည်။

## (၃) လူ့အဖွဲ့အစည်းထဲသို့ သက်ရောက်မှုများ

ပျက်စီးဆုံးရှုံးမှုအကျိုးဆက်များသော ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများအကြောင်းကို အစီရင်ခံစာ အမျိုးမျိုးတွင် ဖြစ်ရပ်ဇာတ်လမ်းအသစ်များဖြင့် မှတ်တမ်းတင်ထားခြင်းခံရသည်။ မြေယာသိမ်းဆည်းခံရခြင်း၊ နေရပ်ဌာနေရွှေ့ပြောင်းရခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် အကြောသွင်းသို့ မူးယစ်ဆေးဝါးထိုးသွင်းခြင်းနှင့် အိတ်အိုင်ဗွီကူးစက်ရောဂါပျံ့နှံ့မှုများမှာ စည်းမျဉ်းစည်းကမ်းမရှိသည့် ကျောက်စိမ်းလုပ်ငန်းများ၏ အကျိုးဆက်များဖြစ်ပါသည်။ အောက်ပါဖြစ်ရပ်များမှာ ၂၀၁၆ ခုနှစ် မတ်လတွင် မှတ်တမ်းပြုထားသော ဒေသခံပြည်သူများ၏ ခံစားချက်အမှန်ဇာတ်လမ်းများဖြစ်သည်။

အရေးတစ်ကြီး မှတ်သားထားရမည့်အချက်မှာ အကြီးစား တူးဖော်ရေးလုပ်ငန်းများကြောင့် အမျိုးသမီးများကို အဓိက ထိခိုက်နစ်နာစေသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည့်အချက်ဖြစ်သည်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကြောင့် လယ်သမားများနှင့် မိမိတို့၏ လယ်ယာခြံမြေနှင့် သစ်တောများထဲတွင် ထင်းကောက်သူအမျိုးသမီးများမှာ အသက်မွေးဝမ်းကျောင်းမှုအတွက် ပိတ်ပင်ထားခြင်း ခံရသကဲ့သို့ဖြစ်ပြီး နေရပ်ဌာနေမှ ရွှေ့ပြောင်းခံပြီး ကျောက်စိမ်းလုပ်ငန်းတွင် လုပ်အားလိုအပ်ချက်အရ ကြည့်လျှင်လည်း အမျိုးသမီးများနှင့် မကိုက်ညီသည့်အတွက် အလုပ်အကိုင်မရှိတော့သည့်အခြေအနေနှင့် ကြုံတွေ့ရသည်။ ယောကျ်ားလုပ်သားများ အကြီးအကျယ်စုပြုံရောက်ရှိလာသည့် ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများကြောင့် ပြည့်တန်ဆာလုပ်ငန်းလိုအပ်ချက် မြင့်တက်လာအောင် ဖန်တီးပေး သကဲ့သို့ ဖြစ်လာသည်။ ရှင်သန်နိုင်ရန်နှင့် မိမိတို့၏ မိသားစုဝင်များကို ထောက်ပံ့ရသည့်အမျိုးသမီးများမှာ တရားဝင် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များမရှိသည့် မော်ဧရိယာတွင်းရှိ ပြည့်တန်ဆာလောကသို့ရောက်ရှိသွားပြီး လိင်ဆက်ဆံမှုကြောင့် ရောဂါကူးစက်ခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်းတို့ကို ခံစားရသူများအဖြစ်သို့ ရောက်ရှိသွားရလေသည်။

ရေထုညစ်ညမ်းလျက်ရှိသော ဖားကန့်ရှိ ဥရုမြစ်သည် နာမည်ဆိုးဖြင့် ကျော်ကြားလေသည်။ အစဉ်အလာအရ လျှော်ဖွတ်ခြင်းနှင့် ချက်ပြုတ်ခြင်းအတွက် အသုံးပြုနေရသော ရေအရင်းအမြစ်မှာ ရောဂါပိုးမွှားများဖြင့် ပျော်ဝင်နေသည်ဖြစ်ရာ အမျိုးသမီးများအနေဖြင့် အိမ်ထောင်တာဝန်များလုပ်ဆောင်နိုင်ရန်နှင့် သန့်ရှင်းသော ရေများကို ရရှိရန် ပိုမိုဝေးကွာသော နေရာများသို့ သွားရောက်ရှာဖွေရသည်။ ကျောက်စိမ်းမော်များမှ ညစ်ညမ်းစေသောအရာများ အထူးသဖြင့် မာကျူရီဓာတ်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မမွေးဖွားရသေးသော ကလေးများအတွက် အလွန် အန္တရာယ်ရှိပါသည်။

*ရေကြီးရေလျှံမှု၊ ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခြင်း၊ လျော်ကြေးမရရှိခြင်း*

ဖားကန့်တွင် မကြာခဏ ရေကြီးများဖြစ်ပေါ်ရခြင်းမှာ ကျောက်တူးရာတွင် ထွက်ပေါ်လာသောအမှိုက်သရိုက်များနှင့် စွန့်ပစ်မြေစာပုံများသည် မြစ်ချောင်းများအတွင်းသို့ စီးဝင်ပိတ်ဆို့ပြီး ချောင်းငယ်မြောင်းငယ်များမှာလည်း ပိတ်ဆို့ပျက်စီး ရခြင်းကြောင့်ဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇွန်လ (၅) ရက်နေ့တွင် ကိတ်မော်ရှိ ရေများကို ပိတ်ဆို့ထားသည့် တာတမံတစ်ခု ကျိုးပေါက်သွားခြင်းကြောင့်

လဖိုင်နန်ဆိုင်း၏ အိမ်မှာ ပျက်စီးသွားခဲ့ပြီး ရေအောက်နစ်မြုပ်သွားခဲ့သည်။ ထိုအဖြစ်အပျက် မတိုင်ခင် ၎င်းတို့မိသားစုသည် အိမ်ကြီးကြီးတစ်လုံး၊ အိမ်ရှေ့တွင် စတိုင်းဆိုင်တစ်ဆိုင်နှင့် ကောင်းကောင်း မွန်မွန် နေနိုင်စားနိုင်ခဲ့သည်။ သို့သော် အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းအပါအဝင် အရာ အားလုံးမှာ ရေနှင့်အတူ မျောပါ ပျောက်ဆုံးသွားခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်း ကျပ်သိန်း ၃၀,၀၀၀,၀၀၀ (သိန်းသုံးရာ) ရှိမည်ဟု သူမ ခန့်မှန်းတွက်ပြခဲ့သည်။ မိသားစုအနေဖြင့် ၎င်းပြဿနာ ကို ဖြေရှင်းပေးရန် တာဝန်ရှိသည့်ကုမ္ပဏီ (မြရာမိုး) ကို တောင်းဆိုခဲ့သော်လည်း လျော်ကြေးတစ်စုံ တစ်ရာမရရှိသေးဘဲ မိမိတို့ကိုယ်တိုင်ဆောက်လုပ်ခဲ့သော တဲငယ်လေးထဲတွင် နေထိုင်နေကြရသည်။

*မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ စက်ယန္တရားများကြောင့် အသက်ဆုံးရှုံးရခြင်း*

"*တူးဖော်ဖို့အတွက် စက်ယန္တရားအကြီးကြီးတွေ အများကြီးပဲ။ ကျောက်တူးတဲ့ကုမ္ပဏီတွေက စနစ်တကျ မြေစာတွေကို မစွန့်ပစ်တဲ့အတွက် လူတွေမြေစာပုံ ပိလို့ သေတာရှိတယ်။ ဥရုချောင်းကြီး လည်း နှစ်တိုင်းလိုလို မိုးရာသီမှာ ညစ်ပတ်ပြီး ရေကြီးတယ်။ မြေပြိုတာနဲ့ ကျောက်မိုင်းခွဲလို့ ပြိုကျရာ ကနေ လူသေတာလည်း မနည်းဘူး။ ဒါကြောင့်မို့ အဲဒီထရပ်ကားတွေကို အများသုံးလမ်းနဲ့ မြစ်တွေ ထဲမှာ သွားလာအသုံးပြုနေတာကို ရပ်တန့်ချင်တာဖြစ်တယ်။ ကုမ္ပဏီအနေနဲ့လည်း စွန့်ပစ်မြေစာတွေ ကို စနစ်တကျစွန့်ပစ်ဖို့လိုတယ်။ လူတွေနဲ့ ဝေးတဲ့နေရာမှာ သွားစွန့်ပစ်သင့်တယ်။*" (ဒေါ်ခင်စန်းရီ၊ လုံးခင်းကျေးရွာအုပ်စု)

"*၂၀၁၄ ခုနှစ်၊ အောက်တိုဘာ (၁၀) ရက်နေ့မှာ လုံးခင်းမြို့နယ်၊ မဖွပ်ရန်ကျေးရွာက အသက် (၂၁) နှစ်အရွယ် ဦးဂွန်ဂျာအောင်ဟာ ကျောက်တူးတဲ့ ကုမ္ပဏီအလုပ်သမားတွေရဲ့ ဘက်ဟိုးနဲ့ အသတ်ခံရပြီးတော့ အဲဒီဝန်ထမ်းတွေကပဲ သူ့ရဲ့အလောင်းကို အသတ်ခံထားရတဲ့နေရာအနီးအနား မှာပဲ စွန့်ပစ်ထားခဲ့ကြတယ်။ အဲဒီတုန်းက ဦးဂွန်ဂျာအောင်ရဲ့ ဇနီးမှာလည်း ကိုယ်ဝန်နဲ့ ကျန်ရစ် ခဲ့ပြီးတော့ လေးနှစ်အရွယ်သားလေးတစ်ယောက်လည်း ရှိသေးတယ်။ သူတို့မိသားစုတွေက ဘယ်လောက်အဖြစ်ဆိုးလဲ တွေးကြည့်ပေါ့ဗျာ။*" ( ဦးလမုန်လတောင်၊ ဖားကန့်မြို့မှ ရပ်ရွာအခြေပြု အဖွဲ့ဖြစ်သော အမျိုးရှာဇင်းလုမ်ဖုန်အဖွဲ့ဥက္ကဋ္ဌနှင့် အင်တာဗျူး)

အထက်ပါ အင်တာဗျူးနှင့်တစ်ဆက်တည်းတွင် ဦးလမုန်လတောင်မှ ၎င်းတို့အဖွဲ့မှ မှတ်တမ်းတင် ထားသော ဖားကန့်မြို့နယ် မြေပြိုမှုများကြောင့် ဖြစ်သော အောက်ပါ လူသေစေသည့်ဖြစ်ရပ်များ ကို ဖော်ပြခဲ့သည်။

(၁) ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကုမ္ပဏီမှ စွန့်ပစ်မြေစာကို စနစ်တကျမစွန့်သဖြင့် ရေမဆေးကျောက်ရှာသော ဒေသခံများပေါ်သို့ ပြိုကျခဲ့သည်။ လူပေါင်း ၂၀၀ ကျော်သေဆုံးပြီး ၎င်းတို့၏ ရုပ်အလောင်းများ မြေစာပုံအောက်တွင် ပိမိနေခဲ့သည်။
(၂) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ (၂၅) ရက်နေ့ညပိုင်းတွင် ကန်ပေါက်ကျေးရွာအနီးရှိ ပေ ၄၀၀ ကျော်မြင့်သော မြေစာပုံပြိုကျပြီး လူပေါင်း ၅၀ ကျော်သေသည်။ နောက်နှစ်ရက်တွင် မြေစာပုံ ထပ်မံပြိုကျမှုများဖြစ် ပွားခဲ့ပြီး ဒုတိယအကြိမ်ပြိုကျမှုတွင် လူပေါင်းမည်မျှ သေဆုံးသည်ကို အတိအကျမသိရချေ။
(၃) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် နေမင်းကမ္ဘာကုမ္ပဏီသည် ကျောက်တူးသည့်နေရာ အနီးတွင် မြေစာပုံထားခဲ့သည်။ အဆိုပါ မြေစာပုံကို ပုံချထားပြီးနောက်တွင် ပြိုကျပြီး လူပေါင်း ၂၀ ကျော် အသက်ဆုံးရှုံးရပြန်သည်။ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အဆိုပါ ပြိုကျပြီးသားမြေစာပုံမှ ထပ်မံပြိုကျပြန်သဖြင့် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသည်။

ကချင်ပြည်နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဆိုအရ ၂၀၁၅ ခုနှစ် အတွင်း မြေစာပုံများ ပြိုကျမှုပေါင်း ၃၇ မှု ဖားကန့်တွင် ဖြစ်ပွားခဲ့သည်။ သေဆုံးသူစာရင်းကို တရားဝင်ထုတ်ပြန်ခြင်းမရှိချေ။

*ပေါက်ကွဲမှုများကြောင့် လူနေအိမ်များ ပျက်စီးခြင်းနှင့် ကျန်းမာရေးပြဿနာများ*

*"လူတွေကတော့ ကြောက်စိတ်နဲ့ စိုးရိမ်စိတ်တွေ အပြည့်ပဲ။ ကျောက်စိမ်းတူးတဲ့ကုမ္ပဏီက ကားတွေ ကျွန်တော်တို့လမ်းတွေမှာ ဖြတ်သန်းသွားနေတာတွေ၊ စနစ်တကျ ကျောက်မတူးတဲ့ကိစ္စနဲ့ မြေစာတွေကို နေရာတကာပုံတဲ့အတွက် ကျွန်တော်တို့က ဆန္ဒပြကန့်ကွက်နေတာဖြစ်တယ်။ ကျောက်တူးတဲ့ကုမ္ပဏီတွေအနေနဲ့ အနည်းဆုံး ရွာတွေနဲ့ မီတာ ၂၀၀ ဝေးတဲ့နေရာမှာ တူးသင့်တယ်။ သူတို့တွေကို ကျွန်တော်တို့မမြင်ချင်ဘူး။ ကျောက်တူးတဲ့ကားကြီးတွေသွားဖို့လမ်းဖောက်တာကိုလည်း မမြင်ချင်တော့ဘူး။ ရွာနားမှာ ဖြတ်မသွားသင့်ဘူး။ ဒါမှမဟုတ် ရေချောင်းနားမှာ ဖြတ်မသွားသင့်ဘူး။ ကျွန်တော်တို့ရဲ့ လေထုထဲမှာလည်း ကျောက်မိုင်းနဲ့ ကားတွေကြောင့် ညစ်ညမ်းမှုတွေ ရှိတယ်။ ကားအများကြီး ဖြတ်သန်းသွားလာခြင်းက ဒေသခံလူတွေရဲ့ ကျန်းမာရေးပြဿနာကို ဖြစ်စေတယ်။ သူတို့တွေက ဒိုင်းနမိုက်တွေနဲ့ ဖောက်ခွဲလို့ ညပိုင်းမှာဆိုရင် အိပ်လို့မရဘူး။ တစ်ခါတလေ အသံအရမ်းကျယ်လို့ တိုက်ပွဲဖြစ်နေပြီလို့တောင် ထင်နေတာ။ မိုင်းဖောက်ခွဲလို့ လွင့်စင်လာတဲ့ ကျောက်တုံးကျောက်ခဲတွေနဲ့ ကျောက်မှုန့်အပိုင်းအစတွေဟာ ကျွန်တော်တို့ရဲ့ လူနေအိမ်တွေနဲ့ ခေါင်မိုးတွေကို ထိမှန်ပြီး ပေါက်ပြဲကုန်တယ်။ ညတိုင်း ကောင်းကောင်းမအိပ်ရဘူး။ ကျွန်တော်တို့ကတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းပဲ လုပ်ကိုင်စားသောက်ချင်တယ်။"* (ဦးထွန်းသိုက်၊ အသေးစားစီးပွားရေးလုပ်ငန်းရှင်၊ ရှရော်ခပ်မျော်၊ ဖားကန့်နှင့် အင်တာဗျူး)

## (၄) နိဂုံး

အကူးအပြောင်းကာလတွင် စိန်ခေါ်ချက်များစွာရှိနေသည်။ သို့သော် ပြောင်းလဲမှုအမှန်တကယ် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သဘာဝအရင်းအမြစ်များမှာ စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သောကြောင့်ဖြစ်သည်။ လက်ရှိအစိုးအနေဖြင့် ယခင်စစ်တပ် စစ်အစိုးရပြုလုပ်ခဲ့သော အလားတူအမှားမျိုး ထပ်တလဲလဲ မဖြစ်ရလေအောင် ကျွန်ုပ်တို့အနေဖြင့်စိုးရိမ်မိသည်။ ရေ့လျှောက် ပဋိပက္ခများကို ရှောင်ကြဉ်ရန် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် မှီခိုနိုင်သော ဖွံ့ဖြိုးရေးကို အနာဂတ် မျိုးဆက်များ ခံစားစံစားနိုင်ရေးအတွက် ခိုင်မာသော ဖြေရှင်းမှုများကို ကျွန်ုပ်တို့လိုအပ်ပါသည်။

*ကျွန်ုပ်တို့ဒေသခံများအနေဖြင့် အကြီးစား ကျောက်စိမ်းတူးသည့်လုပ်ငန်းများကို ရပ်တန့်စေချင်သည်။ ဒေသခံအနေဖြင့် အဆိုပါ စီးပွားရေးလုပ်ငန်းများကြောင့် မည်သည့်အကျိုးအမြတ်မျှ မခံစားရသော်လည်း ၎င်းလုပ်ငန်း၏ ဆိုးကျိုးများကိုမူ ခံစားခဲ့ရသည်။ အသေးစား ကျောက်စိမ်းတူးဖော်သည့် လုပ်ငန်း (အထူးသဖြင့် ဒေသခံ အခြေခံလူတန်းစားများအတွက်) များကို အလိုရှိပါသည်။* (ဦးထွန်းသိုက်၊ အသေးစားစီးပွားရေးလုပ်ငန်းရှင်၊ ရှရော်ခပ်မျော်၊ ဖားကန့်နှင့် အင်တာဗျူး)




ဓါတ်ပုံ - AOW

# အပိုင်း (၂.၆) ရေနံနှင့် သဘာဝဓာတ်ငွေ့

## (၁) ရေနံနှင့် သဘာဝဓာတ်ငွေ့ ဘာကြောင့်အရေးကြီးသနည်း

မြန်မာနိုင်ငံသည် အရန် သဘာဝဓာတ်ငွေ့ပမာဏများများ ရှိသည့်နိုင်ငံအဖြစ် သက်သေထူနိုင်သဖြင့် စွမ်းအင်ဆိုင်ရာ ကမ္ဘာ့ထိပ်သီးနိုင်ငံ (၄၀) ထဲတွင် တစ်နိုင်ငံအဖြစ် ပါဝင်သည်။[154] ရေနံနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်သည် အလွန်ပင် အရေးကြီးသည်ဟုဆိုရလောက်သည့် အကြောင်းပြချက်နှစ်ခုရှိပါသည်။ ပထမအနေဖြင့် စွမ်းအင်ကို အမှီအခိုကင်းစွာ စီမံပေးနိုင်စွမ်းရှိခြင်း၊ ပြည်တွင်းလူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများ (ချက်ပြုတ်ရန် ဂက်စ်အသုံးပြုပြီး၊ ထင်းလောင်စာကို လျှော့ချနိုင်ခြင်း) အတွက် လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်ခြင်းတို့ ဖြစ်သည်။ ဒုတိယအချက်မှာ သဘာဝဓာတ်ငွေ့များ တင်ပို့ရောင်းချခြင်းကြောင့် လက်ရှိတွင် နိုင်ငံတော်၏ ဘတ်ဂျက်အတွက် တရားဝင် အမြင့်ဆုံးဝင်ငွေ အရင်းအမြစ် ဖန်တီးပေးခြင်း ဖြစ်သည်။ ယင်းဝင်ငွေများဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် အသုံး

ဇယား ( ၁၀) ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် မြန်မြန်ဆန်ဆန်
တိုးလာသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု



ပြုနိုင်ကောင်း၏။ မြန်မာ့သစ်တော၊ မြေယာနှင့် ရေအရင်းအမြစ်များနှင့်မတူဘဲ ရေနံနှင့်သဘာဝဓာတ်ငွေ့မှာ အကန့်အသတ်ဖြင့်သာရှိနေနိုင်ပြီး ကမ္ဘာ့ဈေးကွက်တွင်လည်း ၎င်း၏ ဈေးနှုန်းများမှာ တက်လိုက်ကျလိုက်ဖြင့် ဈေးနှုန်းမတည်မငြိမ်မှု ပြင်းထန်စွာ ဖြစ်တတ်သည်။

စစ်အုပ်ချုပ်ရေးအချိန်ကာလ၊ ဝမ်းနည်းဖွယ်ကောင်းသော လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများနှင့် အနောက်တိုင်းစီးပွားရေး ပိတ်ဆို့မှုများရှိစေကာမူ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍသည် လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့် အာရှဒေသမှ နိုင်ငံများကို ဆွဲဆောင်နိုင်ခဲ့သည်။ လက်ရှိ ကမ်းလွန်ဒေသတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီများမှာ ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိကတို့ ဖြစ်ပြီး ၁၉၉၈၊ ၂၀၀၀၊ ၂၀၁၃ နှင့် ၂၀၁၄ တို့တွင် အသီးသီး စတင်လည်ပတ် ထုတ်လုပ်ခဲ့သည်။

၂၀၁၁ ခုနှစ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းသွားပြီးသည့်နောက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ပြင်းစွာ တိုးတက်လာခဲ့သည်။ ၂၀၁၁ မှ ၂၀၁၅ ခုနှစ် အထိ မြန်မာနိုင်ငံအနေဖြင့် ကမ်းနီးနှင့် ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းများအတွက် လုပ်ကွက်ပေါင်း ၄၄ ကွက်အား အရေအတွက် ၄၀ ကျော်သော နိုင်ငံခြား ကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်ချထားပေးခဲ့သည်။[155] မြန်မာနိုင်ငံ၏ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၉.၄၈ ဘီလီယံအထိ ရရှိခဲ့သည်။ ၎င်းပမာဏသည် ၂၀၀၉-၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲမတိုင်ခင်နှစ်တွင်ရရှိသော ၃၂၉.၆ မီလီယံ ဒေါ်လာထက် ၂၈ ဆပိုပါသည်။ ရရှိလာသော ဝင်ငွေ ၉.၄၈ ဘီလီယံဒေါ်လာထဲမှ ၄.၈ ဘီလီယံ ဒေါ်လာ (၅၁%) သည် ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ရရှိပြီး နောက်ဆက်တွဲ ၁.၉ ဘီလီယံဒေါ်လာ (၂၀%) ကို သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများမှ ရရှိသည်။[156]

၂၀၁၁ ခုနှစ် ဦးသိန်းစိန်အစိုးရ အာဏာတည်ပြီးနောက် ရခိုင်ပြည်နယ်သည် ၎င်း၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကြောင့် အနောက်အုပ်စု ရင်းနှီးမြှုပ်နှံသူများအတွက် စိတ်ဝင်စားမှု ဦးတည်သည့်နေရာ ဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာကုမ္ပဏီများဖြစ်သော အမေရိကန် ပြည်ထောင်စုမှ ConocoPhillips နှင့် Chevron ကုမ္ပဏီ၊ နယ်သာလန်နိုင်ငံမှ Royal Dutch Shell PLC ကုမ္ပဏီ၊ အင်္ဂလန်အခြေစိုက် BG group နှင့် Ophir ကုမ္ပဏီ၊ ဩစတြေးလျနိုင်ငံမှ Woodside Energy ကုမ္ပဏီ၊ နော်ဝေးမှ Statoil တို့သည် ရခိုင်ကမ်းလွန်ဒေသရှိ ကမ်းဝေးလုပ်ကွက်ပေါင်း ၉ ကွက်ကို စူးစမ်းရှာဖွေမှုအတွက် ခရိုနီများပိုင်ဆိုင်သော ပြည်တွင်း ကုမ္ပဏီများနှင့် မိတ်ဖက်ပြုလျက် လုပ်ပိုင်ခွင့်များ ရရှိခဲ့သည်။

စစ်အစိုးရလက်ထက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော သဘောတူစာချုပ်များအရ မြန်မာ့ သဘာဝဓာတ်ငွေ့၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်း လူနေအိမ်နှင့် စက်ရုံများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားများ စီမံဖြန့်ဝေပေးခြင်းထက် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးပေးရန်အတွက် တင်ပို့ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံရရှိခဲ့ပြီး နိုင်ငံခြားတင်ပို့ခြင်းမှ ရရှိသည့် ဝင်ငွေစုစုပေါင်း၏ (၃၄%) သို့မဟုတ် အသားတင်ပြည်တွင်းထုတ်ကုန်တန်ဖိုး၏ (၇%) ရရှိခဲ့သည်။[157] ထိုမျှလောက်ကြီးမားသည့် ဝင်ငွေများရရှိစေကာမူ ၂၀၁၃ ခုနှစ် အဆင့်ပေးမှုများအရ အရင်းအမြစ်ကြွယ်ဝသော နိုင်ငံပေါင်း ၅၈ နိုင်ငံတွင် မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ အုပ်ချုပ်စီမံမှုနှင့် ပတ်သက်လျှင် အညံ့ဖျင်းဆုံးအဆင့်တွင် ရောက်ရှိနေသည်။[158]

## (၂) ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဗဟိုထိန်းချုပ်စီမံအုပ်ချုပ်မှု

## (က) ဥပဒေပြုခြင်း

*မူဝါဒ ရေးဆွဲပုံဖော်ခြင်း*

ယခင် စွမ်းအင်ဝန်ကြီးဌာနလက်အောက်တွင် စွမ်းအင်စီမံကိန်းဦးစီးဌာန (EPD) အား ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းနှင့် ရောက်ချခြင်းများ၊ ရေနံချက်စက်ရုံနှင့်သန့်စင်စက်ရုံများနှင့် သက်ဆိုင်သော စွမ်းအင်မူဝါဒများရေးဆွဲရန်၊ ထိုနည်းတူ ပြည်တွင်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ကုန်များကို လက်လီလက္ကားရောင်းဝယ်မှုဆိုင်ရာ တာဝန်များကို ပေးအပ်ထားသည်။ အဆိုပါ ဦးစီးဌာနကို ၂၀၁၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။ အသစ်ဖွဲ့စည်းသော မြန်မာလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) ၏ အမြဲတမ်းအတွင်းရေးမှူး၏ အဆိုအရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကို ဖန်တီးထူထောင်ပြီး စွမ်းအင်စီမံကိန်းဌာန (EPD) ကို အစားထိုးမည်ဖြစ်ပြီး ၎င်းလုပ်ငန်းတာဝန်ရှိသူများသည် စွမ်းအင်မူဝါဒရေးဆွဲခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့နှင့်ဆက်စပ်သည့် စီမံခန့်ခွဲမှုများ လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု ဆိုပါသည်။[159]


အရေးတကြီး မှတ်သားရမည့်အချက်တစ်ချက်မှာ ယခင် စွမ်းအင်ဝန်ကြီးဌာန၊ ယခုအသစ်ဖွဲ့စည်းပြန်သော မြန်မာ့လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) တို့သည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှရရှိသော ဝင်ငွေဖြင့် လည်ပတ်နေရသည်ဟူသော အချက်ဖြစ်သည်။ ၎င်းအချက်သည် ဝန်ကြီးဌာနအတွင်း စိတ်ဝင်စားမှုပိုင်းဆိုင်ရာ ပဋိပက္ခများအဖြစ် ဖန်တီးပေးပြီး နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဖြစ်သောကြောင့် အကျိုးအမြတ်များကို ရှာဖွေရမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် အဆိုပါ အကျိုးအမြတ်များကို သက်ရောက်မှုရှိစေမည့် မူဝါဒများကို ရေးဆွဲချမှတ်နေရသကဲ့သို့ ဖြစ်သည်။

*စီမံကိန်းထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှု*

ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍစီမံခန့်ခွဲမှုကို ၁၉၁၈ နှင့် ၁၉၆၉ ခုနှစ်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည့် အပိုင်းရှစ်ပိုင်းပါသော ဥပဒေဖြင့် ရေးဆွဲသတ်မှတ်ပြဌာန်းထားခဲ့သည်။[160] ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေသစ်ကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် ဧပြီလမတိုင်ခင်အထိ စွမ်းအင်ကဏ္ဍကို စီမံခန့်ခွဲနိုင်သည့်အာဏာရှိသော အစိုးရ၏အဓိက အေဂျင်စီတစ်ခုဖြစ်သည်။ အသစ်တက်လာသော အင်န်အယ်ဒီအစိုးရသည်ဝန်ကြီးဌာန၏ အရေအတွက်များကို လျှော့ချပြီး စွမ်းအင်ဝန်ကြီးဌာန (MoE) နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ပေါင်းစည်းပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) အဖြစ် အသစ်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ယေဘုယျအားဖြင့် ယခုကဲ့သို့ ပေါင်းစည်းဖွဲ့စည်းခြင်းသည် ပြည်တွင်းစွမ်းအင်အရင်းအမြစ်များကို အသုံးပြုမှုနှင့် ထုတ်လုပ်မှုများအတွက် ပြည့်စုံကျယ်ပြန့်သော ဆန်းစစ်သုံးသပ်မှုများအတွက် အပြုသဘောဆောင်သော ခြေလှမ်းများမှုဟု ဆိုနိုင်သော်လည်း ထိုသို့ကောက်ချက်ဆွဲရန် အချိန်စောလွန်းနေပါသေးသည်။ မည်သို့ဆိုစေကာမူ မူဟောင်းလုပ်ထုံးလုပ်နည်းများဖြင့် ဆက်လက်အသက်ဝင်နေဆဲပင် ဖြစ်သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဥပဒေကို ၁၉၈၉ ခုနှစ်တွင် ရေးဆွဲပြဌာန်းပြီး "ရေနံနှင့် သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းနှင့် ၎င်းတို့၏ ထုတ်ကုန်များကို ထုတ်လုပ်ခြင်း" လုပ်ငန်းစဉ်များကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းလေးခု၏ လက်ထဲတွင်

ရှိနေပြီး စွမ်းအင်ဝန်ကြီးဌာန၏ စီမံထိန်းကျောင်းမှု အောက်တွင် အောက်ပါဇယားများအတိုင်း ရှိနေပါသည်။ (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (MOEE) အဖြစ် ပြောင်းလဲဖွဲ့စည်းပြီးသည့်အချိန်အထိ အောက်ပါ ဖွဲ့စည်းပုံကို ပြောင်းလဲထားခြင်းမရှိသေးပါ။)

ဇယား (၁၁) မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဖွဲ့စည်းပုံ




*စီမံကိန်းလိုင်စင်ချထားပေးခြင်း*

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) သည် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ထုတ်လုပ်မှုဆိုင်ရာ ခွဲဝေမှုသဘောတူညီချက်စာချုပ် (PSC) ဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လိုင်စင်များ စိစစ်ထုတ်ပေးသည့်ဖြစ်စဉ်ကို အဓိက ပံ့ပိုးကူညီသည့် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဆိုပါ ခွဲဝေမှုသဘောတူညီချက်စာချုပ်များသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထောက်ခံအတည်ပြုမှုကို ရရှိရမည်ဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီများ အနေဖြင့် မြန်မာကုမ္ပဏီများနှင့် အကျိုးတူဖက်စပ်လုပ်ဆောင်သည့်စနစ်အားဖြင့်သာ ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အကြီးစား သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် မြန်မာကုမ္ပဏီအနေဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) က ကိုယ်စားပြုသည်။ ဥပမာ- ရွှေဂက်စ်စီမံကိန်းကဲ့သို့သော စီမံကိန်းဖြစ်သည်။ လိုင်စင်လျှောက်ထားမှုဖြစ်စဉ်သည် နှစ်ပေါင်းများစွာ လျှို့ဝှက်နက်နဲလှသော်လည်း ၂၀၁၀ ရွေးကောက်ပွဲပြီးသည့်နောက်ပိုင်းတွင် အများနည်းတူ လေလံပေးသည့်ဖြစ်စဉ်မျိုးဖြစ်လာခဲ့သည်။

*သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကာကွယ်ခြင်းများ*

သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုများအတွက် တာဝန်ရှိသောအေဂျင်စီ တစ်ခုဖြစ်သည်။ မဟာဗျူဟာမြောက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာမှု (SEIAs) အစီအစဉ်ကို လက်ရှိသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေပြုမှုများတွင် ထည့်သွင်းပြဋ္ဌာန်းထားမှုမရှိသည်ကိုတွေ့ရသည်။

*ဝင်ငွေခွန်များ ကောက်ခံခြင်း*

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၂၅၄ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကောက်ခံပြီး အသုံးပြုနိုင်သည့် အခွန်အခများနှင့် ဝင်ငွေဘဏ္ဍာများကို အတိအကျ ပြဋ္ဌာန်းဖော်ပြထားသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့အပါအဝင် တန်ဖိုးမြင့်မားသော အရင်းအမြစ်များနှင့် ပတ်သက်သော အခွန်ကောက်ခံစည်းကြပ်မှုနှင့် ဥပဒေပြဋ္ဌာန်းမှုများနှင့်သက်ဆိုင်သည့် အခွင့်အာဏာသည် ဗဟိုအစိုးရ ထံတွင်သာ ရှိသည်။[161]

## (ခ) ကျင့်သုံးမှုများ

*တာဝန်ခံမှုမရှိသော စီမံကိန်း စီမံခန့်ခွဲမှု*

နိုင်ငံ၏ ဦးဆောင်အေဂျင်စီဖြစ်သော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဌာနသည် ထုတ်လုပ်မှုဆိုင်ရာ ခွဲဝေမှုသဘောတူညီချက်များနှင့်သက်ဆိုင်သည့် အကောင်အထည်ဖော်မှုများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပြီး နိုင်ငံခြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏ အကောင်အထည် ဖော်မှုများကို စောင့်ကြည့်လေ့လာရမည်။ မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အလျောက် မိတ်ဖက်များအဖြစ် စာချုပ်ချုပ်ဆိုကြသော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ (သို့) လူမှုရေးဆိုင်ရာ ကာကွယ်မှုစနစ်များအတွက် ဆန်းစစ်လေ့လာမှုများလုပ်ဆောင်ရန် တွန်းအားပေးမှုမရှိသည်ကို တွေ့ရသည်။ ဝင်ငွေရလမ်းများကို စောင့်ကြည့်သည့် အဖွဲ့ဖြစ်သော Revenue Watch Institute သည် ၂၀၁၃ ခုနှစ် ဆန်းစစ်လေ့လာမှုများအရ အရင်းအမြစ်ကြွယ်ဝသော နိုင်ငံပေါင်း ၅၈ နိုင်ငံကို စစ်တမ်းကောက်သည့်အခါ ဖွဲ့စည်းပုံဆိုင်ရာနှင့် ဥပဒေပြုမှုကဏ္ဍတွင် ညံ့ဖျင်းခြင်းကြောင့် မြန်မာနိုင်ငံအား အမှတ် (၁၀၀) တစ်ရာတွင် (၈) မှတ်ပေးခဲ့ပြီး စစ်တမ်းကောက်ခဲ့သည့်နိုင်ငံများအားလုံးတွင် အနိမ့်ဆုံးအဆင့်ရှိသည်ဟု ဆိုပါသည်။ အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ "ထုတ်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်အားလုံး နီးပါးမှာ ထိန်ချန်ထားခြင်းခံရပြီး မူဝါဒချမှတ်သူများနှင့် တိုက်ရိုက်အလုပ်လုပ်နေရသည့် ကျွမ်းကျင် ပညာရှင်များပင်လျှင် ဌာနတွင်းလုပ်ဆောင်နေသည့်စနစ်များအကြောင်းကို အနည်းငယ်သာ သိထားသည်" ဟု ဖော်ပြထားသည်။[162] အကယ်၍ မူဝါဒချမှတ်သူများနှင့် တိုက်ရိုက်လုပ်ကိုင်ရသည့် ကျွမ်းကျင်သူ ပညာရှင်များပင်လျှင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ မည်သို့လည်ပတ်နေသည်ကို မသိလျှင်ယင်း စီမံကိန်းများကြောင့် ဖြစ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ ပြည်သူလူထု တစ်ရပ်လုံးအတွက် တာဝန်ခံပေးနိုင်ရန် မည်သို့ ဖြစ်နိုင်လိမ့်မည်နည်း။

*ဆိုးကျိုးသက်ရောက်မှု ဆန်းစစ်လေ့လာခြင်းမတိုင်ခင် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း*

ဥပဒေစည်းမျဉ်းဆိုင်ရာ မူဘောင်တွင် သိသာသော အားနည်းချက်အဖြစ် ရွှေဂက်စ်စီမံကိန်းကို အကောင်အထည်ဖော်မှု အတွေ့အကြုံများကို အခြေပြု၍ ထောက်ပြနိုင်ပါသည်။ ရွှေဂက်စ် စီမံကိန်းကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ် လေ့လာခြင်းများ၊ ထိခိုက် ခံစားရသည့် လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများ၊ (သို့) လူထုသဘောထားကို ရရှိစေသည့် သဘောထား ကောက်ယူမှုပုံစံများ မပြုလုပ်မီ လက်မှတ်ရေးထိုးကာ တရားဝင်ချိတ်ပိတ်ခဲ့သည်။ လူမှုရေး ဆိုင်ရာ ထိခိုက်မှုဆန်းစစ် လေ့လာခြင်းမေးခွန်းများတွင် ဖြေကြားပေးနိုင်ရန် တန်ဖိုးတွက်ချက်မှု ဖြင့် မြေပိုင်ရှင်များ၏ စီးပွားရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုများကို အဓိကဦးတည်လျက်

မေးမြန်းထားပြီး လူ့အခွင့်အရေးနှင့်စပ်ဆိုင်သော မေးခွန်းများသည်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ကိုက်ညီစွာ မေးထားသည်။ (သို့) ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာ ငွေကြေးဆိုင်ရာ ကော်ပိုရေးရှင်း၏ ညွှန်ကြားချက်များအတိုင်း မေးမြန်းထားလေ့ရှိသည်။ မေးခွန်းတစ်ခုချင်းစီသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အဖျက်သဘောပါသည့် ဆိုးကျိုးများကို ကာကွယ်သည်ထက် ဖြစ်လာနိုင်သည့်အရာများကို နည်းသထက်နည်းစေသည့် ရည်ရွယ်ချက်ဖြင့်သာ လုပ်ဆောင်သည်ဟု ယူဆလက်ခံနိုင်ပါသည်။

*ပွင့်လင်းမြင်သာမှုမရှိသော ဘဏ္ဍာငွေများ စီမံခန့်ခွဲမှု*

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကတည်းက တိုင်းပြည်၏ အဓိက ဝင်ငွေရလမ်းများကို လည်ပတ်စေသည့် အစုအဖွဲ့တစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့များတင်ပို့မှုသည် နိုင်ငံ၏အကြီးဆုံး ဝင်ငွေရလမ်းအရင်းအမြစ်တစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံ (သို့) တိုင်းပြည်၏ တရားဝင်ပို့ကုန်လုပ်ငန်းမှ ရရှိသည့် ဝင်ငွေ၏ ၃၅% ရှိသည်။[163]

မြန်မာနိုင်ငံဗဟိုအစိုးရသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ရောင်းချမှုကဏ္ဍမှ ဝင်ငွေမည်မျှရရှိပြီး ၄င်းတို့ကို အသုံးပြုခြင်း နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို မဖော်ပြနိုင်သည့်နာမည်ဆိုးဖြင့် ထင်သာမြင်သာမရှိမှုကို ဖော်ပြသည်။ ထိုသို့ဖြစ်နေ စေကာမူ ရေနံနှင့် သဘာဝဓာတ်ငွေ့မှရသော ဝင်ငွေများကို နိုင်ငံတော်ဘတ်ဂျက်တွင် ပထမအကြိမ် ထည့်ဝင်မှုကို ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ပြသခဲ့သော်လည်း ဝင်ငွေရလမ်းနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုစနစ်များမှာ အားနည်းညံ့ဖျင်းဆဲဖြစ်ပြီး ပွင့်လင်းမြင်သာမှုလည်း မရှိ ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံတွင် မြေအောက်သယံဇာတတူးဖော်မှုလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ ကနဦး လုပ်ဆောင်ခြင်း (EITI) စနစ်ကို အသုံးပြုမှုပိုင်းကို ဆန်းစစ်လေ့လာသော သုသေသနပြုမှုတွေ့ရှိချက်များအရ သဘာဝဓာတ်ငွေ့တင်ပို့မှုအပိုင်းတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၄၁၂ သန်းကျော် ကွာဟမှုဖြစ်သည်ဟု ဘဏ္ဍာအခွန်ဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့အစည်းတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စာရင်းထုတ်ပြန်ချက်များတွင် တွေ့ရသည်။[164] တရားဝင်အချက်အလက်များတွင် ရှေ့နောက်မညီမှုများသည် လက်တွေ့တွင် နိုင်ငံတော်အနေဖြင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ဝင်ငွေမည်မျှရရှိခံစားရသည်ကို အတိအကျ သိရှိနိုင်ရန်ခက်ခဲကြောင်း ဖော်ပြသည့် သဘောဖြစ်သည်။

Adam Smith International အဖွဲ့၏ မကြာသေးမီက သုသေသနစစ်တမ်းလေ့လာမှုအရ နိုင်ငံတော်၏ဘတ်ဂျက်တွက်ထားသော ဝင်ငွေများ၏ ထက်ဝက်ကျော်နီးပါးမှာ ပွင့်လင်းမြင်သာမှုမရှိသော ပြည်တွင်းနှင့် ပြည်ပရှိ ဘဏ်စာရင်းများဖြင့် သိမ်းထားသည်ဟု သက်သေထူထားသည်။

> *"ဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် စာရင်းသေ "အခြား ငွေစာရင်း" များရှိပြီး မြန်မာ့စီးပွားရေးဘဏ်တွင် သိမ်းဆည်းထားသော်လည်း ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများတွင် ဖော်ပြထားခြင်းလည်းမရှိချေ။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်္ကာပူတွင် "သီးခြား ငွေစာရင်း" သုံးခုရှိပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှာမူ "သီးခြား ငွေစာရင်း" ၁၄ ခုရှိသည်။ မည်သည့်ငွေစာရင်းခေါင်းစဉ်ကို မည်သို့အသုံးပြုသည်ကိုလည်းကောင်း၊ အဆိုပါ စာရင်းများထဲသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့မှရရှိသည့်ဝင်ငွေများ ဝင်ရောက်သွားသည်ကိုလည်းကောင်း ရှင်းလင်းစွာ မသိရချေ။ မြန်မာနိုင်ငံသည် "သီးခြား ငွေစာရင်း" များစွာကို ပိုင်ဆိုင်သည်။ "သီးခြား*

*ငွေစာရင်း" တစ်ခုတွင် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်း ၂.၅၄ ထရီလီယံကျပ်၊ ဘတ်ဂျက်တွက်ချက်ထားသော ဝင်ငွေရလမ်းစုစုပေါင်း ပမာဏ၏ (၄၄%) ကျော်ရှိသည်။ သီးခြားငွေစရင်းများဖြင့် အသုံးပြုလေ့မရှိသည့်အခါတွင် အဆိုပါ သီးခြားငွေစာရင်းများကို တရားဝင် ဘတ်ဂျက်ရေးဆွဲသည့် ဖြစ်စဉ်ထဲသို့ ထည့်သွင်းရေးဆွဲခြင်းဖြင့် ပွင့်လင်းမြင်သာမှုအဆင့် မြင့်တက်လာခြင်းကို သေချာစေပါလိမ့်မည်။"*[165]

(Adam Smith International)

*ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်အရင်းအမြစ်အများစု၏ မူလဇစ်မြစ်များမှာ တိုင်းရင်းသား အခြေပြုပြည်နယ်များတွင် ဖြစ်သည်။*

*"ယနေ့ တရားဝင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်သည့်လုပ်ငန်းများမှ ရရှိသော ဝင်ငွေဘဏ္ဍာကို ပြည်ထောင်စုအစိုးရ (သို့) နိုင်ငံပိုင်အစုအဖွဲ့တစ်ခုခုမှ ကောက်ခံရမည်ဟု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းရေးဆွဲထားသည်။ အဆိုပါ ဝင်ငွေဘဏ္ဍာများနှင့် အခြားသော ဝင်ငွေဘဏ္ဍာများကို ပြည်နယ်အစိုးရထံသို့ လွှဲပြောင်းရေးမှာ အထူးသီးသန့်ကိစ္စ ရပ်တစ်ခုကဲ့သို့ ဖြစ်နေသည်။ သာမာန်အားဖြင့် ကချင်၊ ကယားနှင် တနင်္သာရီကဲ့သို့သော ပဋိပက္ခ ဖြစ်လွယ်သည့်ဒေသများကို မျက်နှာသာပေးကာ လွှဲပြောင်းပေးတတ်သည်။*[166]

ရေနံနှင့် သဘာဝဓာတ်ငွေ့ရောင်းချမှုမှ ရရှိသော အခွန်များကို ဗဟိုဦးစီးက ကောက်ခံခြင်းနှင့် ကောက်ခံပြီးနောက်ပိုင်း ဗဟိုဦးစီးထားသော ဝန်ကြီးဌာနများအားဖြင့် အခွန်ဘဏ္ဍာများကို ပြန်လည် ထည့်ဝင်ကာ အသုံးပြုခြင်းသည် ကွဲပြားခြားနားသော ဒေသလိုအပ်ချက်များကို တုံ့ပြန်ခြင်းမဟုတ်ဘဲ နေပြည်တော်အစိုးရနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအကြား အာဏာမညီမျှမှု ချိန်ခွင်လျှာကိုသာ ဖန်တီးပေးတော့သည်။

## (၃) လူ့အဖွဲ့အစည်းထဲသို့ သက်ရောက်မှုများ

### *ဖွံ့ဖြိုးမှုတုံ့ဆိုင်းနေသော ရခိုင်ပြည်*

ဦးသန်းရွှေစစ်အစိုးရလက်ထက်တွင် အိန္ဒိယ၊ တောင်ကိုးရီးယားနှင့် တရုတ်ကုမ္ပဏီတို့သည် ရွှေဂက်စ်လုပ်ကွက်နှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆောက်ပြီး သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သို့ပို့သည်။ တရုတ်နိုင်ငံ၏ လောင်စာဆီအုပ်စုဖြစ်သော CNPC ကုမ္ပဏီသည် ဓာတ်ငွေ့ပိုက်လိုင်း များတည်ဆောက်ပြီး သဘာဝဓာတ်ငွေ့ကို လွှဲပြောင်းသယ်ယူခြင်းတစ်ခုတည်းသာမက တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် သန့်စင်ထုတ်လုပ်ရန်အတွက် အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ ရေနံ များကိုလည်း သင်္ဘောများပေါ်မှတဆင့် လွှဲပြောင်းပို့လွှတ်ခြင်းတို့ကို လုပ်ဆောင်သည်။ အငြင်း ပွားဖွယ် ပိုက်လိုင်းတည်ဆောက်မှုများကို ၂၀၁၃ ဇွန်လကတည်းက စတင်လည်ပတ်ခဲ့သည်။ အခြား သော ဧရာမစီမံကိန်းများတွင် တရုတ်နိုင်ငံမှ ဦးဆောင်စီစဉ်သည့် ကျောက်ဖြူအထူးစီးပွားရေး ဇုံနှင့် အိန္ဒိယနိုင်ငံ၏ ကုလားတန် ဘက်စုံ-စံပြ သယ်ယူပို့ဆောင်ရေး စီမံကိန်းတို့လည်း ပါဝင်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ရွှေဂက်စ်စီမံကိန်းမှ နှစ်စဉ် သဘာဝဓာတ်ငွေ့ကုဗပေ သန်းပေါင်း ၅၀၀ ထုတ်လုပ်လျက်ရှိသည်။ အတိအကျအားဖြင့် (၈၀ %) သော ထွက်ရှိမှု (သို့) သန်းပေါင်း ၄၀၀ ကုဗပေကို

နေ့စဉ်တရုတ်နိုင်ငံသို့ နှစ်ပေါင်းသုံးဆယ်တိုင်အောင် တင်ပို့ရလိမ့်မည်ဖြစ်ပြီး ၁၀၀ မီလီယံ ကုဗပေကိုသာ ပြည်တွင်းနေ့စဉ်အသုံးပြုမှုများအတွက် လျာထားသတ်မှတ်ခဲ့သည်။ ပြည်တွင်း အသုံးပြုရန်လျာထားမှု ၂၀ ရာခိုင်နှုန်းထဲမှ အများစုသည်လည်း မန္တလေးနှင့် ဦးသန်းရွှေ၏ ဇာတိမြို့ဖြစ်သော ကျောက်ဆည်သို့ပို့လွှတ် မည်။[167] ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ရခိုင်ပြည်နယ်၏မြို့နယ် ၁၇ ခုတွင် မြို့ပေါင်း (၉) မြို့သာ နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမှတဆင့် လျှပ်စစ်မီးကို ရရှိသည်။

ရခိုင်ပြည်သည် ရွှေဂက်စ်သဘာဝဓာတ်ငွေ့၏ မူရင်းဇစ်မြစ်ဒေသဖြစ်သော်လည်း ယင်း၏ထုတ်လုပ်မှုများအတွက် ကြီးမားသောအဖိုးအခပေးခဲ့ရပြီး အနည်းငယ်သော ခံစားခွင့်ကိုသာ ရရှိခဲ့သည်။ ဗဟိုအစိုးရအနေဖြင့် ကျောက်ဖြူမြို့နယ်တွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး ရခိုင်ပြည်နယ်ကို အစားထိုး လျှပ်စစ်မီးပေးရန် လျာထားသည်။

မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်များကဲ့သို့သော များများစားစားရှိပြီး အကျိုးအမြတ်များသော သဘာဝအရင်းအမြစ်အများစုမှာ တိုင်းရင်းသားအခြေပြုပြည်နယ်များတွင်တည်ရှိသည်။ သို့သော်လည်း အဆိုပါ တိုင်းရင်းသားအခြေပြုပြည်နယ်များမှာ ၎င်းသဘာဝအရင်းအမြစ်များမှရရှိသော အကျိုးအမြတ် ဝင်ငွေများကို မရရှိသည်ကို တွေ့ရသည်။ တစ်ဆက်တည်းမှာပင်လူမှုရေးနှင့် စီးပွားရေးအခြေအနေများသည် အဆိုးရွားဆုံးအဆင့်တွင်ရှိပြီး သဘာဝအရင်းအမြစ်များ ထုတ်လုပ်မှုကြောင့်ဖြစ်သော သဘာဝပတ်ဝန်းကျင်ပျက်စီးဆုတ်ယုတ်လာခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကိုမူ ခံစားနေကြရသည်။

ရခိုင်ပြည်နယ်သည် အာစီယံနိုင်ငံများအတွင်း အကြီးဆုံး သဘာဝဓာတ်ငွေ့လုပ်ကွက်များရှိရာဒေသတစ်ခုဖြစ်ပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို မြန်မာနိုင်ငံအတွက် ရှာဖွေပေးနေသော်လည်း ပြည်နယ်အတွင်းတွင်မူ လျှပ်စစ်မီး၊ လမ်းတံတားနှင့် အခြေခံအဆောက်အအုံများ၊ အလုပ်အကိုင်အခွင့်အလမ်းများ (မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်သည် အလုပ်လက်မဲ့နှုန်းအမြင့်ဆုံးဖြစ်သည်) ရရှိမှု အလွန့်အလွန် နည်းပါးသည်ကို တွေ့ရသည်။[168] ရခိုင်ပြည်နယ်သည် သန့်ရှင်းသောသောက်သုံးရေနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ကိရိယာများရရှိမှုတွင် အနိမ့်ဆုံးအဆင့်၊ မီးထွန်းလင်းရန်နှင့် ချက်ပြုတ်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိမှုတွင် တတိယအနိမ့်ဆုံး အဆင့်တွင်ရှိနေသည်။ ပညာရေးနှင့် ကျန်းမာရေးညွှန်းကိန်းများအရကြည့်လျှင်လည်း အောက်ဆုံးအဆင့်တွင်သာရှိနေပြီး လက်ရှိအဆင့် သတ်မှတ်ချက်များအရ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံး ပြည်နယ်ဖြစ်သည်။

*ရွှေဂက်စ် စီမံကိန်း(သို့) ခိုးမြေများနှင့် အဆိပ်အတောက်စွန့်ပစ်ပစ္စည်း*

ဒေဝူးကုမ္ပဏီသည် လူမှုရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာခြင်းများ မပါဘဲ ရွှေဂက်စ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။[169] ဂက်စ်ပိုက်လိုင်းများနှင့်သိုလှောင်ရုံများဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်များကို ကြိုတင်အသိပေးခြင်းများ ပြုလုပ်ခြင်းမရှိဘဲ လယ်ယာစိုက်ပျိုးမြေသိမ်းခြင်းများကို ပြုလုပ်ခဲ့သည်။ အချို့လယ်သမားများမှာ သိမ်းဆည်းခံရသည့်မြေယာများအတွက် အကန့်အသတ်ဖြင့်ရသော လျော်ကြေးများကို ရရှိခဲ့သော်လည်း အချို့မှာပျက်စီးသွားသောမြေနှင့် သိမ်းဆည်းခံမြေများအတွက် လျော်ကြေးငွေမရခဲ့ကြချေ။ စီမံကိန်းစတင်သည့်၂၀၀၈ ခုနှစ်မှစတင်ပြီး လယ်သမားအများစု၏ ဘဝများမှာ လယ်ယာမြေများ သိမ်းဆည်းခံရခြင်းကြောင့်ပိုမိုဆိုးရွားသည့်အခြေအနေသို့ ရောက်ရှိသွားခဲ့ရသည်။

*"မြေသိမ်းမယ်ဆိုပြီး ကျွန်မတို့ကို အသိပေးတာမျိုးမရှိခဲ့ဘူး။ ကျွန်မရဲ့လယ်ကွက်ကို တိုင်းလည်း မတိုင်းဘဲနဲ့ တစ်ဧကရှိတယ်ဆိုပြီး ပြောတယ်။ သူတို့က သုံးနှစ်စာ စပါးနဲ့သီးနှံလျော်ကြေး ဆိုပြီး ကျပ် ၃၇ သိန်းကျော် (၂၈၉၀ အမေရိကန်ဒေါ်လာ) ပေးတယ်။ ဒါပေမယ့် မစိုက်ဘဲလုပ်ထား တဲ့ မြေနဲ့ရာသီသီးနှံစိုက်တဲ့မြေအတွက်တော့ ဘာလျော်ကြေးမှမရခဲ့ဘူး။ အဲဒါက ၂၀၁၀ တုန်းက ဖြစ်တာလေ၊ ဒါကြောင့် ၂၀၁၄-၁၅ အတွက် ဘာမှမရဘူး။ ဒီဒေသမှာ ဒီလိုပြဿနာမျိုးကြုံရတဲ့ လယ်သမားပေါင်း ၁၇၂ ရှိတယ်။ ဒေသခံတာဝန်ရှိသူတွေဆီကို စာရေးပြီး လျော်ကြေးပေးဖို့ တောင်းဆိုခဲ့ပေမယ့် ဘယ်သူမှ အရေးတယူမလုပ်ခဲ့ဘူး။ ကျွန်မတို့ရဲ့ မြေတွေကိုပဲ ပြန်လိုချင်ပါတယ်။ ဒီမြေတွေကို ဟိုးဘိုးဘေးဘီဘင်ခေတ်ကတည်းက ကျွန်မတို့ လုပ်စားလာခဲ့တာဖြစ်တယ်။ ဒီလိုစီမံကိန်းတွေမလာခင်အထိ မိဘတွေက သားသမီးတွေကို ကျောင်းထားပေးနိုင်ခဲ့တယ်။ အခုတော့ ကျွန်မတို့မှာ စိုက်စားစရာ လယ်ယာလည်းမရှိတော့ဘူး။ နေ့စဉ်စားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်။ မိဘအတော်များများလည်း သူတို့သားသမီးတွေကို ပညာရေးဆုံးခန်း မတိုင်ခင်မှာဘဲ ကျောင်းမထားနိုင်တော့ဘူး ဖြစ်သွားကြတယ်။"* (ဒေါ်ခင်နု၊ ဒေပူး ဂက်စ်စီမံကိန်း ကြောင့် လယ်ယာမြေများဆုံးရှုံးရသူ ဒေသခံလယ်သမား)

၂၀၁၄ ခုနှစ်တွင် မာလာကျွန်းကျေးရွာမှ ဒေသခံအမျိုးသမီးလေးဦးသည် ကလေးအသေ မွေးဖွားခဲ့သည်။ ၎င်းကျေးရွာသည် ကမ်းနီးဂက်စ်စက်ရုံနှင့် ကပ်လျက်တွင် တည်ရှိပြီး ရွာခံအများစုက စီမံကိန်းဧရိယာမှ ထုတ်လွှတ်သော အဆိပ်အတောက်ဖြစ်စေသည့် အမှိုက်များကြောင့် ယခုကဲ့သို့ ဖြစ်ရသည်ဟု ထင်ကြေးပေးကြသည်။

*"မနက်စောစော ငါးနာရီလောက်မှာ လယ်ထဲကို သွားရင်းနဲ့ တူးမြောင်းတွေထဲမှာ ညစ်ပတ်တဲ့ ရေတွေကို တွေ့ခဲ့တယ်။ အဲဒီရေတွေက အနံ့အရမ်းဆိုပြီး တူးမြောင်းရဲ့ အက်ကြောင်းတွေက နေတဆင့် အနီးအနားလယ်ကွက်တွေထဲကို စိမ့်ဝင်သွားတာပါ။ လယ်ထဲမှာ အလုပ်လုပ်နေသူတွေနဲ့ ဖြတ်သွားဖြတ်လာတွေကတော့ အဲဒီအမှိုက်ရည်ရဲ့ အနံ့ကို ရကြမှာပဲ။ အဲဒီလိုဖြစ်နေတာက ၂၀၁၃ စက်တင်ဘာကနေ ၂၀၁၄ နှစ်ဦးပိုင်းအထိ သူတို့မပြင်ခင်အထိဆိုပါတော့။ အဲဒီကိုယ်ဝန် ဆောင်အမျိုးသမီးလေးယောက်က အဲဒီအနီးအနားက လယ်ထဲမှာ အလုပ်လုပ်တယ်။ အဲဒီလယ် ကွက်ထဲက ရေကိုပဲ သောက်တယ်။ သုံးတယ်။ ကျွန်မအထင်တော့ အဲဒီညစ်ပတ်တဲ့ရေတွေသောက် လို့ သူတို့ကလေးအသေမွေးတာပဲ။ ဘာလို့လဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့ရွာမှာ ကလေး အသေမွေးတယ်ဆိုတာမျိုး မရှိခဲ့ဘူး။* (ဦးအောင်ဝေခင်၊ မာလာကျွန်းရွာသား)

*မဒေးကျွန်း ရေနက်ဆိပ်ကမ်း၊ ရေနံစက်ရုံနှင့် ပိုက်လိုင်းများ*

တရုတ်နိုင်ငံပိုင် China National Petroleum Corporation(CNPC) သည် အရှေ့ အလယ်ပိုင်းနှင့် အာဖရိကမှ ရေနံများကို တင်သွင်းပြီး မြန်မာနိုင်ငံကို ဖြတ်သန်းကာ ယူနန်တွင် သန့်စင် မှုပြုလုပ်နိုင်ရန်အတွက် ရခိုင်ပြည်နယ်ရှိ မဒေးကျွန်းတွင် ကြီးမားသော ရေနက်ဆိပ်ကမ်းနှင့် ရေနံသိုလှောင်ရုံကို တည်ဆောက်နေသည်။ တရုတ်နိုင်ငံသည် လက်ရှိတွင် အထက်ပါဒေသများမှ ရေနံ ၈၀ ရာခိုင်နှုန်းကို မလက္ကာရေလက်ကြားမှတဆင့် သင်္ဘောဖြင့် တင်သွင်းနေသည်။ မြန်မာ ပိုက်လိုင်းများသည် ပိုမိုစိတ်ချရပြီး ကုန်ကျစရိတ်သက်သာသော အခြားသယ်ယူပို့ဆောင်ရေး နည်းလမ်းတစ်ခုဖြစ်သည်။ နှိုင်းယှဉ်ကြည့်လျှင် ကိန်းဂဏန်းအလွန်ကြီးသော အကျိုးအမြတ်များကို တရုတ်နိုင်ငံမှရရှိခံစားပြီး ဒေသခံကျွန်းပေါ်တွင်နေထိုင်သူများမှာ လယ်ယာမြေနှင့် ငါးဖမ်းရာနေရာများ ကို CNPC သို့ ပေးလိုက်ရပြန်သည်။ ဆိုလိုသည်မှာ အဆိုပါ ကျွန်းသားများအတွက် ရှင်သန်စရာ နည်းလမ်း

များမရှိတော့သည့်သဘောဖြစ်သည်။ ဆိုးရွားလွန်းသည့် အခြေအနေနှင့် တစ်ဆက်တည်းမှာပင် ဒေသခံကျွန်းပေါ်နေထိုင်သူများသည် ပြည်သူ့ရဲတို့၏ အလွဲသုံးစား ချိုးဖောက်မှုများနှင့်လည်း ကြုံတွေ့ရပြန်သည်။


ငါးဖမ်းခြင်းလုပ်ငန်းသည် မဒေးကျွန်းနေပြည်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်။ တံငါသည်များ၏ အဆိုအရ CNPC သည် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် မြစ်ကမ်းနံဘေးရှိ ကျောက်တောင်များကို မိုင်းဖြင့် ခွဲပြီး အသုံးမလိုသည့် ကျောက်များကို ဒေသခံတို့၏ အဓိက တံငါလုပ်ငန်းများ လုပ်ကိုင်သည့် သံဆင့်မြစ်ထဲတွင် စွန့်ပစ်ကြသည်။ ကျောက်တုံးကျောက်ခဲများ၊ ရေကြောင်းဆိုင်ရာ တိုင်းတာသည့် ရေပေါ်ဖော့များ၏ အောက်ရှိ ကွန်ကရစ်တုံးများသည် တံငါသည်များ၏ ပိုက်များတွင် လာရောက်ကပ်ညိပြီးဒေသခံတို့၏ အဓိက ကုန်သွယ်မှုကို ဖျက်စီးစေပြီး ငါးအများကြီးဖမ်းမိရန် မဖြစ်နိုင်တော့သည့် အခြေအနေများဖြစ်လာသည်။ မဒေးကျွန်းမှ တံငါသည် ဦးခင်မောင်ဌေးမှ အောက်ပါအတိုင်း ပြောပြခဲ့သည်။

မဒေးကျွန်းတွင် အဓိက အသက်မွေးလမ်းကြောင်း နှစ်ခုစလုံး ဖျက်ဆီးခံလိုက်ရသော်လည်း စီမံကိန်းမှ အခြားသောနည်းလမ်းဖြင့် ဒေသခံများ ရှင်သန်နေထိုင်နိုင်ရန် ဖန်တီးပေးခြင်းမျိုးလည်း မရှိသည်ကို တွေ့ရသည်။ ယခုလောလောလတ်လတ်တွင် တရုတ်နိုင်ငံမှ လုပ်သား ၂၀၀ ကျော်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းမှ လုပ်သား ၁၀၀ ကျော်တို့သည် CNPC ၏ စီမံကိန်းဆိုက်ထဲတွင် ရောက်ရှိနေကြသည်။ ဒေသခံကိုထွန်းကြည်၏အဆိုအရ မြန်မာအလယ်ပိုင်းမှ လာသောအလုပ်သမားများမှာ ယခင်က စစ်မှုထမ်းဟောင်းများ (သို့) စစ်မှုထမ်းနေသူများနှင့် ချိတ်ဆက်မှုရှိသူများဖြစ်သည်ဟု ဆိုသည်။ မြို့နယ်ပေါင်းစုံမှ ရခိုင်အမျိုးသား ၆၀ ကျော်သာလျှင် CNPC ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် အလုပ်လုပ်နေကြသည်။ အလုပ်လုပ်ရင်း မတော်တဆ ထိခိုက်မှု ဆေးကုသပေးမှု (သို့) လျော်ကြေး ပေးခြင်းမရှိ။ ထိုသို့ဖြစ်သူ (သို့) သူမကို အလုပ်ထဲမှ ထုတ်လိုက်ကြသည်။

*"အစတော့ တရုတ်တွေက တစ်ရက်ကို ၈,၀၀၀ ကျပ် (၆.၅၀ ကန်ဒေါ်လာ) ပေးမယ်လို့ ကတိပေးထား တယ်။ ဒါပေမယ့် တကယ်တမ်းပေးတဲ့အခါကျတော့ ၄၀၀၀ ကျပ် (၃.၅၀ ကန်ဒေါ်လာ) ပဲပေးတယ်။*

ဓါတ်ပုံ - AOW






အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မေ ၂၀၁၅

*ရခိုင်ပြည်နယ်သည် ရွှေဂက်စ်၏ အရင်းအမြစ်ဒေသဖြစ်သော်လည်း ဒုတိယအဆင်းရဲဆုံးပြည်နယ်အဆင့်တွင်သာ သတ်မှတ်ခံရဆဲဖြစ်ပြီး လျှပ်စစ်မီးအသုံးပြုသည့်အိမ်ထောင်စု တတိယအနည်းဆုံးပြည်နယ်လည်းဖြစ်သည်။*

*သူတို့စဉ်းစားမှာပဲ ဒီက ဒေသခံရခိုင်တွေကို ကြိုက်သလိုလုပ်လို့ရတယ်ဆိုပြီးတော့လေ။ အလုပ်သမားတွေအပေါ်မှာလည်း ခေါင်းပုံဖြတ်တယ်။ တစ်နေ့အလုပ်ချိန်ကို ၁၅-၂၀ မိနစ်အထိ တစ်ခါတလေ ညမှောင်တဲ့အထိ ပိုလုပ်ရတယ်။ တစ်ခါတလေ ရေချိုးချိန်တောင်မရဘူး။ တကယ်လို့ အချိန်ပို မလုပ်ဘူးဆိုရင်လည်း အလုပ်ထုတ်လိုက်ရောပဲ။"* (စီမံကိန်းမှ ရခိုင်လူမျိုးအလုပ်သမားတစ်ဦး)

## (၄) နိဂုံး

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံဗဟိုအစိုးရသည် သဘာဝသယံဇာတ အရင်းအမြစ်အားလုံး၏ မူရင်းပိုင်ရှင်ဖြစ်သည်သာမက ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့ကိုလည်း လုပ်ဆောင်ပြီး "တူးဖော်ထုတ်လုပ်မှုများအတွက် မဖြစ်မနေလိုအပ်သော ဥပဒေ" များကိုလည်း ပြဌာန်းသည်။ ထိုကဲ့သို့သော ဗဟိုဦးစီးထိန်းချုပ်မှုများသည် မညီမျှမှုများကို ကျယ်ပြန့်စေသည့် ဒုက္ခမျိုးကို သက်ရောက်ဖြစ်ပေါ်စေပြီး ပဋိပက္ခနှင့် အကြမ်းဖက်မှုသံသရာကိုလည်း ဆီထိုးပေးနေသကဲ့သို့ ဖြစ်သည့်အပြင် အနာဂတ်မျိုးဆက်များ၏ စီးပွားရေးအတွက် အခြေခံကျသည့် ပြန်ပြည့်မြဲ အရင်းအမြစ်များမဟုတ်သည့် အရင်းအမြစ်များကိုလည်း လျော့ပါးပျက်စီးစေပါသည်။

ရခိုင်ကမ်းလွန်ဒေသရှိ ရွှေဂက်စ်စီမံကိန်းမှ နေ့စဉ် သဘာဝဓာတ်ငွေ့ သန်းပေါင်း ၅၀၀ ကုဗပေ ထုတ်လုပ်ပေးနိုင်သော်လည်း ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီးပေးရန် အသုံးမပြုဘဲ ၂၀ ရာခိုင်နှုန်းကိုသာ ပြည်တွင်းအတွက် အသုံးပြုသည်။ ထိခိုက်ခံရသည့် လူ့အဖွဲ့အစည်းများမှာ အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မြေယာသိမ်းဆည်းခံရမှုများနှင့် ကြုံတွေ့ခံစားရသော်လည်း အဆိုပါ သဘာဝ ဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ရောင်းချပြီး ကန်ဒေါ်လာ ၁ ဘီလီယံထက်ကျော်သောငွေကြေးများ နေပြည်တော်စာရင်းထဲသို့ စီးဝင်ရောက်ရှိသွားသည်။ ထိုနေရာ၌မှာပင် ဝင်ငွေစာရင်းဇယားများ ထဲတွင် မှုန်ဝါးဝါးရှိနေပြီး ရခိုင်ပြည်နယ်၏ အခြေခံအဆောက်အအုံ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အတွက် လက်တွေ့ကျကျ ပြန်လည်ရင်းနှီးမြှုပ်နှံမှုများ ယနေ့အချိန်ထိ မရှိသေးပါ။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယ အဆင်းရဲဆုံးပြည်နယ်အဖြစ် ရပ်တည်နေဆဲဖြစ်သည်။



*တနင်္သာရီဒေသရှိ ရတနာ သဘာဝဓာတ်ငွေ့လုပ်ကွက်များမှ ထွက်သော စွမ်းအင်ဖြင့် ဘန်ကောက်ရှိ ဈေးဝယ်စင်တာများကိုမီးပေးနေသည်။ ရခိုင်ပြည်နယ်မှ ရွှေဂက်စ်လုပ်ကွက်မှထွက်သော စွမ်းအင်ကို တရုတ်နိုင်ငံရှိ စက်မှုဇုံသို့ ပို့ပေးသည်။*

ဓါတ်ပုံ - bangkok.com

ယနေ့အချိန်ထိ စစ်တပ်၊ ဗဟိုအစိုးရနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဗဟိုဦးစီး ထိန်းချုပ်ထားသော အစိုးရအုပ်ချုပ်မှုဖွဲ့စည်းပုံများကို အခွင့်ကောင်းယူကာ သဘာဝအရင်းအမြစ်များ နှင့် ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်မှုအားလုံးတွင် ကာကွယ်စောင့်ရှောက်သည့် ယန္တရားမပါဘဲ ချမှတ်ခဲ့ပြီး အကျိုးအများအများစုကို ရိတ်သိမ်းရယူခဲ့ကြသည်။

နိုင်းယှဉ်ဖော်ပြရလျှင် ဖက်ဒရယ်အုပ်ချုပ်မှုစနစ်အတွင်း အရင်းအမြစ်များကို စီမံခန့်ခွဲရန် အခွင့်အာဏာများကို ဖော်ထုတ်ခွဲဝေပေးခြင်းသည် အောက်ခြေအစိုးရအဆင့်တွင် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် အခွန်ဘဏ္ဍာဆိုင်ရာဖွဲ့စည်းပုံများ ထူထောင်ခြင်းအားဖြင့် ဒေသအဆင့် သဘာဝ အရင်းအမြစ်များကို အသုံးပြုခြင်းနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ထိခိုက်ခံစား ရသည့် ပြည်သူလူထုများထံမှ အကြံအဉာဏ်များကို ထည့်သွင်းရယူနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ အာဏာခွဲဝေပေးခြင်းအားဖြင့် ဒေသခံလူ့အဖွဲ့အစည်း၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် သဘာဝ အရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍတွင် တာဝန်ခံမှုပို၍ များလာခြင်းနှင့် ပိုမို ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် စိတ်ချသေချာစေမည်ဖြစ်သည်။

# အပိုင်း (၂.၇) နိဂုံး

၁၉၉၀ ခုနှစ် နှစ်လည်ပိုင်းလောက်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သော ဖွံ့ဖြိုးရေးဖြစ်စဉ်များနည်းတူ လက်ရှိအပစ်ရပ်စာချုပ်များ ရေးထိုးချုပ်ဆိုပြီးကတည်းက လုပ်ဆောင်နေသည့် မြေယာသိမ်းခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ သဘာဝ အရင်းအမြစ်အခြေပြု ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအကောင်အထည်ဖော်ခြင်းအားဖြင့် ဗဟိုအစိုးရ နှင့် စစ်တပ်တို့သည် တိုင်းရင်းသားဒေသများသို့ ချဲ့ထွင်နယ်မြေစိုးမိုးလာနိုင်ခဲ့သည်။ အဆိုပါ စီမံကိန်း များသည် နိုင်ငံရေးဆွေးနွေးပွဲကို ဦးတည်သော ဗဟိုဦးစီးထိန်းချုပ်သည့် နိုင်ငံရေးစနစ်များအားဖြင့် အခြေတည်ကာ ဒီဇိုင်းဆွဲပြီး မြှင့်တင်လုပ်ဆောင်နေသည်။ သို့ဖြစ်စေကာမူ ၄င်းတို့သည် ထိလွယ်ရှ လွယ်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို ခြိမ်းခြောက်နေပြီးသား ဖြစ်နေပါသည်။

အောက်ခြေတွင် တပ်မတော်မှ ဒေသခံလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသား လူမျိုးတို့၏ မကျေနပ်ချက်စာရင်းထဲသို့ ထပ်မံဖြည့်စွက်ပေးနေပြန် သည်။ သေးငယ်သော ပြုပြင်ပြောင်းလဲရေးများ ဖြစ်ပေါ်ခဲ့သော်လည်း စစ်ဆင်ရေးများ ဆက်လက် ပြုလုပ်နေဆဲ ဖြစ်ပြီး အဓိကကျသော စီးပွားရေးဇုံများနှင့် ကုန်သွယ်မှုလမ်းကြောင်းများကို လုံခြုံစေ ရန်ရည်ရွယ်ချက်ဖြစ်သည်ဟု ဆိုသည်။ ထိုသို့ ပြုလုပ်နေခြင်းသည် ဒေသခံပြည်သူများအနေဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခံရခြင်း၊ အမြတ်ထုတ်ခံရခြင်းနှင့် အလွဲသုံးစားခံရခြင်း၏ သားကောင်များ အဖြစ် အထူးသီးသန့် သတ်မှတ်ခံထားရသော ပတ်ဝန်းကျင်ကို ပိုမိုတည်တံ့စေပါသည်။

ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုများနှင့် ကျောက်မျက်ရတနာကဲ့သို့သော တန်ဖိုးမြင့် သဘာဝ သယံဇာတများကို တူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ ထိုနည်းတူ အကြီးစား ရေအားလျှပ်စစ် စီမံကိန်းများသည် တိုင်းရင်းသားတို့၏ ရေစနစ်များ၊ စိုက်ပျိုးမြေများနှင့် အသက်မွေးဝမ်းကျောင်းမှုများ အပေါ်တွင် ပြင်၍မရသော ပျက်စီးဆုံးရှုံးမှုများစွာကို ဖြစ်စေသည်။ အဆိုပါ အရင်းအမြစ်များရောင်း ရငွေသည် ဗဟိုအစိုးရ၏ ငွေစာရင်းထဲသို့ တိုးလျှိုးဝင်ရောက်သွားပြီး တိုင်းရင်းသားဒေသများတွင်မူ အကျိုးဖြစ်ထွန်းမှု ရှားပါးစွာ တွေ့ရသည်။ ပဋိပက္ခဖြင့် ထိခိုက်ခံရသည့် ပြည်နယ်များတွင် အစိုးရခွင့်ပြု

သည့် သတ္တုတူးဖော်ခြင်းနှင့် ရေအားလျှပ်စစ်စီမံကိန်းကြောင့် မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကြား လက်နက်ကိုင်ထိတွေ့မှုများကို ဖြစ်စေခဲ့ပြီး ဖြစ်သည်။ သီးနှံတစ်မျိုးတည်းစိုက်ပျိုးရန် ဗဟိုအစိုးရမှ ခွင့်ပြုချထားပေးသည့် အကြီးစား မြေဌားရမ်းချထားပေးမှုများသည် တိုင်းရင်းဒေသများတွင် အပစ်အခတ်ရပ်စဲချုပ်များ လက်မှတ်ရေးထိုးပြီးကတည်းက တိုးတက်များပြားလာသည်။ မြေယာသည် ဖွဲ့စည်းပုံအရ နိုင်ငံတော်ပိုင်ဖြစ်ပြီး ဗဟိုအစိုးရမှ ထိန်းချုပ်စီမံသဖြင့် ဒေသခံလူ့အဖွဲ့အစည်းများအနေဖြင့် မိမိကိုယ်ကို ကာကွယ်ရန် ဥပဒေဆိုင်ရာ အခွင့်အရေးများ မရှိတော့ချေ။

အကြီးစား အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများသည် မြန်မာစစ်တပ်များ တိုင်းရင်းသားဒေသသို့ ဝင်ရောက်ကာ နယ်မြေစိုးမိုးနိုင်ရန်၊ သဘာဝအရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ခြင်းများနှင့် တင်ပို့ရောင်းချနိုင်ရန်နှင့် အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံသို့ လျှပ်စစ်မီးများ သွယ်တန်းဆက်သွယ်နိုင်ရန် ဦးဆောင်ပံ့ပိုးလျက်ရှိသည်။ ဗဟိုအစိုးရမှ ဒီဇိုင်းဆွဲပြီး အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကဲ့သို့သောဘဏ်များ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်အတူ အကောင်အထည်ဖော်လျက်ရှိသည့် အဆိုပါ စီမံကိန်းတွင် တိုင်းရင်းသားလူ့အဖွဲ့အစည်းများထံမှ သဘောထားအကြံဉာဏ် ရယူမှု အနည်းငယ်နှင့် သဘောထားတောင်းယူမှုမပါဘဲ ဆက်လက်ဆောင်ရွက်နေကြသည်။ ၎င်းအခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများသည် ထိခိုက်ခံစားရသည့် တိုင်းရင်းသားလူ့အဖွဲ့အစည်းအတွက် အဖိုးအခကြီးစွာ ပေးဆပ်ရသည့်အချိန်တွင် ဗဟိုအစိုးရနှင့် အိမ်နီးချင်းနိုင်ငံများမှာမူ ငွေရေးကြေးရေးအကျိုးအမြတ်များစွာကို ရရှိကြလေသည်။

အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီအဖွဲ့များသည် ဗဟိုအစိုးရနှင့် ပူးပေါင်းပြီး ဗဟိုမှ ထိန်းချုပ်သည့် ထိန်းသိမ်းစောင့်ရှောက်ရေးဇုံ (ကြိုးဝိုင်း၊ ကာကွယ်တော) များကို ပဋိပက္ခဖြစ်ပွားရာဒေသများတွင် မြေပုံထုတ်ခြင်းနှင့် ဒီဇိုင်းဆွဲခြင်းအားဖြင့် ပဋိပက္ခကို မောင်းနှင်သူများဖြစ်လာသည်။ အဆိုပါ ကြိုးဝိုင်း၊ ကာကွယ်တောဧရိယာများကို ဗဟိုအစိုးရက စီမံခန့်ခွဲပြီး ရိုးရာဓလေ့အရ စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်သုံးမှုများကို လေးစားမှုမရှိသည့်အပြင် သစ်တောများအတွင်း နေထိုင်ရှင်သန်ကြသော တိုင်းရင်းသား လူ့အဖွဲ့အစည်းများ နေရပ်စွန့်ခွာရခြင်းတို့ကို ဦးတည်ဖြစ်ပေါ်စေပါသည်။

ဗဟိုဦးစီးကိုင်တွယ်လုပ်ဆောင်မှုနှင့် တစ်ဖက်သားအပေါ်ချိုးဖောက်သည့် ကျင့်သုံးမှုများကို ဆက်လက်လုပ်ဆောင်နေခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အဓိကတန်ဖိုးထားသည့် အပြန်အလှန်ယုံကြည်မှုကို လျော့ပါးစေသည့်နည်းတူ ပဋိပက္ခကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည့်မျှော်လင့်ချက်အပေါ်တွင်လည်း ယုံကြည်မှုလျော့ပါးစေသည်သာမက တန်းတူရေးအတွက် ကတိကဝတ်ပေးနိုင်မှု အားနည်းကြောင်းကိုလည်း ဖော်ပြရာရောက်ပါသည်။ ဤကဲ့သို့သော အရွေ့အားများသည် ထိလွယ်ရှလွယ်မှုထက် ပိုမိုနက်ရှိုင်းကြောင်း ဖော်ပြနေပြီး အနုတ်လက္ခဏာဆောင်သော ငြိမ်းချမ်းရေးပုံသဏ္ဍာန် ပေါ်ထွက်လာသည်။ လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံရေးဆိုင်ရာဖွဲ့စည်းပုံများအားဖြင့် မကျေနပ်မှုများ၏ အဓိကအကြောင်းရင်းများကို ပြောင်းလဲဖြေရှင်းခြင်းမရှိဘဲ  မကျေနပ်ချက်များ ပိုမို စုပုံလာသည့်အခြေအနေမျိုးသာ ဆက်လက်ဖြစ်ပေါ်နေသည်ကို မြင်တွေ့နိုင်ပါသည်။ လက်ရှိ ဗဟိုအစိုးရသည်လည်း သဘာဝအရင်းအမြစ်များဆိုင်ရာ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲမှုနှင့် ဝင်ငွေလည်ပတ်မှုများအပေါ် ဗဟိုဦးစီးထိန်းချုပ်လျက်ရှိသော ကျင့်သုံးမှုများကို အဆိုပြုပြင်ဆင်ခြင်းမရှိဘဲ ငြိမ်းချမ်းရေးရရှိလာလိမ့်မည်ဟု ယုံကြည်လျက် ဆက်လက်ပြီးမြောက်အောင် လုပ်ဆောင်နေပြန်သည်။



ဓါတ်ပုံ - AOW

# အပိုင်း (၃) ရှေ့သို့ အရွေ့

## ၃.၁ ဖွံ့ဖြိုးရေးကို အနက်ဖွင့်ခြင်း - ဆုံးဖြတ်ပိုင်ခွင့်ကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၏ အဓိကသော့ချက်ဖြစ်သည်

လက်ရှိတွင် ဖွံ့ဖြိုးရေးနှင့် သဘာဝအရင်းအမြစ်အသုံးပြုမှုများကို ဗဟိုအစိုးရနှင့် လက်နက်ကိုင်စစ်တပ်များက သီးသန့် သတ်မှတ်ကြပြီး ၄င်းတို့နှစ်အုပ်စုထဲတွင် တိုင်းရင်းသားကိုယ်စားပြုမှု မရှိသလောက် နည်းပါးသည်။ ဆယ်စုနှစ်များစွာ ကြာခဲ့သော ပဋိပက္ခများအရ ပြသနေသည်မှာ ဒေသခံရပ်ရွာလူ့အဖွဲ့အစည်းအနေဖြင့် မိမိတို့ကိုယ်ပိုင်အနာဂတ်အတွက် ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာမရှိသေးသရွေ့ ဖွံ့ဖြိုးမှုများ ရေရှည်တည်တံ့မည်၊ တရားမျှတမှုရှိမည်၊ (သို့) ငြိမ်းချမ်းစွာ ရှိနေမည်မဟုတ်ပါ။ ပဋိပက္ခများ၏ ဇစ်မြစ်အကြောင်းရင်းသည် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုအာဏာတို့ပါဝင်သော ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဆုံးရှုံးရခြင်းဖြစ်သည်။ ၄င်းအရာများကို ပိုမိုဆိုးရွားစေသည့်အရာမှာ ဗဟိုဦးစီးထိန်းချုပ်သည့် ဖွံ့ဖြိုးတိုးတက်မှု သဘောတရားများဖြစ်သည်။ လုပ်ပိုင်ခွင့်နှင့် အာဏာကို လွှဲပြောင်းပေးထားသည့် ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံများနှင့် မူဝါဒများမပါဘဲ ကမ်းလှမ်းနေသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် အဆုံးမရှိသော သံသရာစက်ဝိုင်းတွင် အသစ်သော ပဋိပက္ခများကို ဖန်တီးပေးမည့် ဖွံ့ဖြိုးမှုများကိုသာ မောင်းနှင်ပါလိမ့်မည်။ ဗဟိုမှ အာဏာဖြင့် နှုတ်တိုက်ချသော ဖွံ့ဖြိုးရေးဖြစ်စဉ်အောက်တွင် ငြိမ်းချမ်းရေးသည်လည်း အဖန်တလဲလဲ ကျရှုံးနေဦးမည်ဖြစ်သည်။

တိုင်းရင်းသားအခြေပြုပြည်နယ်များတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို အောင်မြင်စွာ ရရှိနိုင်ရန် တိုင်းရင်းသားပါဝင်ပတ်သက်သူများကို မိမိတို့၏ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသတို့တွင် ဖြစ်နိုင်ချေရှိသော အကြီးစား ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအခွင့်အရေး ပေးရန် အထူးအရေးကြီးသည့်အချက်တစ်ချက်ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ စစ်အာဏာရှင်များအောက်တွင် အသက်ရှင်ရခြင်းကြောင့် ရရှိသော ကြောက်စိတ်များကို ကုသဖြေဖျောက်ခြင်းမရှိဘဲ၊ အခြေခံလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို တိုးတက်ပွားများလာအောင် မလုပ်ဘဲ၊ သင့်တော်ဆီလျော်သော အခွင့်အာဏာများကို ဖက်ဒရယ်စနစ်အားဖြင့် ပြည်နယ်နှင့် ဒေသအစိုးရများ

သို့ လွှဲပြောင်းဝေမျှမှုမရှိဘဲ မည်သူက တာဝန်ခံပေးမည်နည်း။ တိုင်းပြည်ကို သွေးစွန်းစေခဲ့သည့်ဖြစ်ရပ်မျိုးကို ဖြစ်စေသည့် ဗဟိုဦးစီးထိန်းချုပ်စနစ်သည် မည်ကဲ့သို့ အောင်မြင်နိုင်မည်နည်း။

လက်တွေ့ကျကျပြောရလျှင် ရပ်ရွာဒေသအဆင့်တွင် ထိခိုက်ခံစားရသူများအနေဖြင့် မိမိတို့၏ လယ်ယာမြေ၊ သစ်တောများနှင့် ပတ်သက်လာသည့်အခါ ဆုံးဖြတ်ချက်ချခြင်းနှင့် ပိုင်ဆိုင်ခြင်း အခွင့်အရေးများကို ရရှိခံစားသင့်သည်။ ဒေသခံခေါင်းဆောင်၊ ရပ်ရွာ ခေါင်းဆောင်များသည်လည်း ရင်းနှီးမြှုပ်နှံမှု (သို့) ဝင်ရောက်လာသော ကုမ္ပဏီများနှင့် ပတ်သက်လျှင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အခွင့်အရေးရှိရမည်။ လွတ်လပ်စွာဖြင့် ကြိုတင်အသိပေးခံရသော သတင်းအချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့်ပတ်သက်သော သဘောထားများကို ပေးနိုင်သည့်အခွင့်အာဏာ၊ ဆုံးဖြတ်နိုင်သည့်အာဏာ ဒေသခံခေါင်းဆောင်များ၏ လက်ထဲတွင် ရှိသင့်သည်။ မြို့နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်တွင် ရွေးကောက်ခံထားရသော ကိုယ်စားလှယ်များအနေဖြင့် ကုမ္ပဏီများအတွက် စည်းမျဉ်းစည်းကမ်းများထုတ်ပြန်နိုင်သည့်အာဏာနှင့် ကုမ္ပဏီများကြောင့် ဆိုးကျိုးများဖြစ်ပေါ်လာသည့်အခါ လျင်မြန်စွာ အပြောင်းအလဲများ ပြုလုပ် နိုင်သည့်အခွင့်အာဏာများ ရှိသင့်သည်။ ထို့ပြင် တရားစီရင်ပိုင်ခွင့်နှင့် စီမံကိန်းနှင့်ပတ်သက်သော ပြည်သူ့ဆန္ဒခံယူပွဲများကို ကိုင်တွယ် နိုင်သည့် အာဏာများရှိသင့်သည်။

ပြည်နယ်အစိုးရများအနေဖြင့် သဘာဝအရင်းအမြစ်များနှင့်ပတ်သက်သော ပိုင်ဆိုင်ခွင့်၊ ဥပဒေပြဌာန်းခွင့်နှင့် ဝင်ငွေများကို စီမံကွပ်ကဲခွင့် အာဏာများရှိသင့်သည်။ အခွန်အခများကောက်ခံပြီး ရပ်ရွာလူ့အဖွဲ့အစည်းထံသို့ အဆိုပါ အခွန်ငွေများပြန်လည် ရောက်ရှိစေရန် မျှဝေပေးရမည်ဖြစ်ပြီး ကုမ္ပဏီလုပ်ငန်းများလည်ပတ်နေသည့် အနီးအနားရှိ ကျေးရွာလူ့အဖွဲ့အစည်းများမှ အခြေခံလူထုများ အမှန်တကယ် အကျိုးအမြတ်ခံစားရရှိမှုရှိစေရန် သေချာစွာ အာမခံပေးရမည်။ ပြည်နယ်အစိုးရသည် ပြည်နယ်၏ စီးပွားရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့် သဘာဝအရင်းအမြစ်များ အသုံးပြုရေးနှင့်သက်ဆိုင်သော မူဝါဒများကို ချမှတ်ရေးဆွဲနိုင်သည့် နိုင်ငံရေးဆိုင်ရာ အာဏာလည်း ရှိရမည်။ ပြည်နယ်မှ ပြည်သူလူထုသည် ဗဟိုအစိုးရမှ နိုင်ငံဝန်ထမ်းများအဖြင့် ခန့်အပ်ခြင်းမျိုးမဟုတ်ဘဲ မိမိတို့၏ ကိုယ်စားလှယ် (ဝန်ကြီးချုပ်) များကို ကိုယ်တိုင်ရွေးချယ်နိုင်ရမည်။

ပြည်နယ်များ၏ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များအတွင်း ဝန်ထမ်းများသည် ဒေသခံပြည်သူလူထု၏ သဘောထားများကို တုံ့ပြန်ပေးခြင်းနှင့် ကိုယ်စားပြုပေးခြင်းတို့ကို လုပ်ဆောင်ပေးရမည်။ ယခုအခြေအနေတွင် စစ်တပ်၏အခန်းကဏ္ဍများမှာ အလွန့်အလွန် ကျယ်ပြန့်လွန်းနေသည်။ ဗဟိုအစိုးရအဆင့်တွင် လွှတ်တော်နေရာများကို ရရှိထားသည့် ကိုယ်စားလှယ်များသည် မိမိတို့၏ မဲဆန္ဒနယ်များကို ကိုယ်စားပြုပေးရမည်။ ဒေသခံပြည်သူများနှင့် ခေါင်းဆောင်များသည် မိမိတို့၏ ကိုယ်ပိုင်ပြဿနာများကို စီမံခန့်ခွဲရန် အခွင့်အရေးနှင့် စနစ်ကျသော နည်းလမ်းများဖြင့် မိမိတို့၏ စွမ်းဆောင်ရည်များကို တည်ဆောက်နိုင်ခွင့်ရှိရမည်။

စစ်မှန်သော ဗဟိုဦးစီးထိန်းချုပ်မှုမရှိသည့်စနစ်ကို ရောက်ရှိအောင်မြင်နိုင်ရန် အသိအမြင်ပွင့်ခြင်းနှင့် ငြင်းခုံခြင်းများလည်း မရှိမဖြစ်လိုအပ်လေရာ ထိုလိုအပ်မှုအတွက် လွတ်လပ်သော သတင်းမီဒီယာများလည်း လိုအပ်သည်။ ရပ်ရွာလူ့အဖွဲ့အစည်း၏ အစည်းအဝေးများ၊ ပွဲတော်များနှင့် ဆွေးနွေးပွဲများအားဖြင့် မိမိတို့ကိုယ်တိုင် ရပ်ရွာအခြေပြုအဖွဲ့များကို ဖွဲ့စည်းပြီး လက်တွေ့အကောင် အထည်ဖော်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်းတို့ကို လေ့ကျင့်ရန် လူ့အဖွဲ့အစည်းများမှ လုပ်ဆောင်သင့်သည်။ ယနေ့ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်သော

ရိုးရာကျင့်သုံးမှုနှင့် ဥပဒေများကို ဒေသခံလူ့အဖွဲ့အစည်းများမှ ပြန်လည် တောင်းဆိုသင့်သည်။ ရပ်ရွာအနေဖြင့် စောင့်ကြည့်လေ့လာရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့များဖွဲ့စည်းပြီး ရွေးကောက်ထားသော ခေါင်းဆောင်များ၏ တာဝန်ခံမှုကို စောင့်ကြည့်ခြင်းနှင့် အကျင့်ပျက်ချစားမှုများကို လျှော့ချခြင်းလုပ်ငန်းများကို လုပ်ဆောင်သင့်သည်။ နောက်ဆုံးတွင် တာဝန်ရှိသူခေါင်းဆောင်များသည် ရပ်ရွာအဆင့်တွင် တွေ့ဆုံဆွေးနွေးခြင်းနှင့် ဒိုင်ယာလော့များပြုလုပ်နိုင်ရန်အတွက် နေရာများကို ဖန်တီးပေးရမည်။ ပြည်သူလူထု၏ အကြံပြုချက်များကို မှတ်တမ်းပြုပြီး ပိုမိုကောင်းမွန်သော ဖွဲ့စည်းပုံများပေါ်ထွက်လာစေရန် အသိပေးလှုံ့ဆော်ရမည်။


တိုင်းရင်းသားပါဝင်ပတ်သက်သူများမှ အတွေ့အကြုံ၊ ရှိနှင့်ပြီးသား အရင်းအမြစ်များနှင့် တိုင်းရင်းသားများကိုယ်တိုင်အတွက် လိုအပ်ချက်များအပေါ်အခြေခံ၍ ဖော်ထုတ်လျက်ရှိသော စီးပွားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များနှင့် မူဝါဒများတင်ပြဆွေးနွေးနိုင်သည့် အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရန်နှင့် ထိလွယ်ရှလွယ်သော အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အစိုးရ၊ စစ်တပ်၊ နှင့် ရင်းနှီးမြှုပ်နှံသူများသည် လက်ရှိတိုးချဲ့ လုပ်ဆောင်နေခြင်းများနှင့် တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင်နေခြင်းများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်သည်။

ဆုံဖြတ်ပိုင်ခွင့်ကို အပြည့်အဝခွဲဝေလွှဲပြောင်းပေးခြင်းသည် တိုင်းရင်းသားအခြေပြုပြည်နယ်များအတွက်သာ အကျိုးရှိသည်မဟုတ်ပါ။ ဒေသတိုင်းနှင့် အစိုးရအဆင့်တိုင်းတွင် ပိုမိုခိုင်မာအားကောင်းသော တာဝန်ခံမှုနှင့် ကိုယ်စားပြုမှုများကိုလည်း ယူဆောင်လာနိုင်ပါသည်။ ဒေသခံများ၏ အကြံပြုထည့်ဝင်မှုနှင့် ထိန်းကွပ်မှုများ၊ ဒေသခံပြည်သူလူထုများအတွက် အကျိုးဖြစ်ထွန်းမှုများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုတို့ကိုလည်း ရရှိစေနိုင်မည့် အခွင့်အရေးများကို စီမံပေးနိုင်ပါသည်။ လူမှုရေးဆိုင်ရာ တင်းမာမှုဖြစ်နိုင်ချေများနှင့် အရင်းအမြစ်အသုံးပြုမှုကြောင့်ဖြစ်သော ပဋိပက္ခဖြစ်နိုင်ချေများကို လျှော့ချပေးနိုင်ပါသည်။

## ၃.၂ အမည်ခံ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ငြင်းပယ်ပါ။

လက်ရှိတွင် အစိုးရအနေဖြင့် အမည်ခံ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ဖွဲ့စည်းပုံအပြောင်းအလဲကို ဗဟိုအစိုးရ ဝန်ကြီးဌာနများ၏ ဌာနခွဲရုံးများကို ဖန်တီးဖွင့်လှစ်ခြင်းအားဖြင့် ရိုးရှင်းစွာ ပုံဖော်နေပါသည်။ အဆိုပါ ဌာနခွဲရုံးများသည် တိကျသော အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လုပ်

ဇယား (၁၂) ဗဟိုမှ လုပ်ပိုင်ခွင့်အာဏာကို အဆင့်ဆင့်ထိန်းချုပ်ခြင်းနှင့် ဗဟိုထိန်းချုပ်မှုအာဏာကို လျှော့ချခြင်း




ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း　　အာဏာနှင့် လုပ်ပိုင်ခွင့်များကိုလွှဲပြောင်းပေးခြင်း

ဆောင်ကြရပြီး အချို့သောအခွင့်အာဏာများနှင့် တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်အာဏာများကို ပေးထားသော်လည်း ဗဟိုအစိုးရသို့ တာဝန်ခံနေရဆဲဖြစ်သည်။ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မြို့နယ်ဦးစီးဌာနရုံးများမှာ ဤစနစ်ကို မြင်သာစေသည့် ဥပမာတစ်ခုဖြစ်သည်။ အကယ်၍ ဖွဲ့စည်းပုံများအရ အထက်-အောက်ပုံစံဖြစ်မြဲဖြစ်နေလျှင် ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသအဆင့်အစိုးရများအကြား စစ်မှန်သော အာဏာခွဲဝေမှုဆိုင်ရာ ပြဿနာများဆက်လက်ရှိနေဦးမည်ဖြစ်သည်။

ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း အစစ်အမှန် ထိရောက်ရန်အတွက် ဒေသတာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များကို မဆိုင်းမတွတုံ့ပြန်ပြီး ဒေသခံလူထုများအနေဖြင့်လည်း မိမိတို့၏ ဒေသခေါင်းဆောင်များကို ကန့်သတ်ခြင်း (သို့) အတည်ပြုခြင်းများကို ရွေးကောက်ပွဲစနစ်ကဲ့သို့သော တာဝန်ခံမှုပြည့်ဝသည့် တိုင်းတာမှုများဖြင့် လုပ်ဆောင်နိုင်ရမည်။ ဆုံးဖြတ်ချက်များကို နိုင်ငံရေးဆိုင်ရာ အုပ်ချုပ်မှု၏ အနိမ့်ဆုံးအဆင့်တွင် ချမှတ်နိုင်လျှင် အကောင်းဆုံးပြီးမြောက်နိုင်သည်။ တစ်နည်းအားဖြင့် အစိုးရ၏ အမြင့်ဆုံးအဆင့်တွင်သာ ပြီးစီးအောင် လုပ်ဆောင်နိုင်သည်မဟုတ်ဘဲ အလားတူ လုပ်ဆောင်ချက်များကို (သို့) ပိုမိုကောင်းမွန်အောင် အောက်ခြေအဆင့်တွင်လည်း လုပ်ဆောင်နိုင်သည့်သဘောတရားမျိုးဖြစ်သည်။[170]

သို့သော်လည်း ဒေသတောင်းဆိုချက်များကို တုံ့ပြန်ပေးရန်နှင့် ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် ပြည်နယ်အစိုးရများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွင့်အာဏာရှိရန်လည်း လိုအပ်သည်။[171] ထိုအခွင့်အာဏာတွင် နိုင်ငံရေး၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးအာဏာများ ပါဝင်ရမည်ဖြစ်ပြီး ပြည်နယ်ခွဲအစိုးရများအတွက် အပြည့်အဝ ဗဟိုဦးစီးထိန်းချုပ်မှုလျှော့ချထားသည့် အခွင့်အာဏာမျိုးဖြစ်ရမည်။ (ဇယားတွင် ကြည့်ရန်)။ အဆိုပါ အခွင့်အာဏာအားဖြင့် ဖွဲ့စည်းပုံများနှင့် ယန္တရားလုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းတည်ဆောက်ပြီး သဘာဝ အရင်းအမြစ်များ အသုံးပြုမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ဒေသအဆင့်တွင် ဆုံးဖြတ်နိုင်ပြီးလျှင် ထိခိုက်ခံရသည့် ရပ်ရွာလူ့အဖွဲ့အစည်းကိုလည်း ထည့်သွင်း စဉ်းစားပေးနိုင်မည်ဖြစ်သည်။ အရင်းအမြစ်အသုံးပြုမှုများကို စီမံခန့်ခွဲနိုင်သည့် တရားဝင်ရွေးကောက်ထားသော အစုအဖွဲ့ကိုလည်း ခွင့်ပြုပေးနိုင်မည်ဖြစ်သည်။

အာဏာနှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးသည့် ဗဟိုဦးစီးထိန်းချုပ်မှုလျှော့ချသည့် သွင်ပြင်လက္ခဏာရပ် (၃) ခုရှိသည်။

၁) **နိုင်ငံရေး** - ပြည်နယ်များ၏ နိုင်ငံရေးဆိုင်ရာ ကိုယ်စားလှယ်များတွင် ပြီးပြည့်စုံမှုရှိသည့် ဒေသဆိုင်ရာ ဥပဒေများနှင့် မူဝါဒများကို ရေးဆွဲပုံဖော်ရန်နှင့် အကောင်အထည်ဖော်ရန် အခွင့်အာဏာရှိသည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ အခွင့်အာဏာနှင့် တာဝန်ယူမှုတာဝန်ခံမှုများကို ဒေသအဆင့်များအထိ လွှဲပြောင်းခန့်အပ်ပေးထားသည်။

၂) **ဘဏ္ဍာရေး** - ပြည်နယ်အစိုးရသည် ဘတ်ဂျက်များကို စီမံခြင်း၊ ရေးဆွဲခြင်းတို့ကို ပြုလုပ်နိုင်ပြီး သိသာထင်ရှားသော အခွန်အခများနှင့် ဝင်ငွေခွန်များကို ကောက်ခံခြင်းအားဖြင့် ရရှိလာသော အခွန်ဘဏ္ဍာများကို ဒေသလိုအပ်ချက်များနှင့် ကိုက်ညီစွာ ငွေကြေးများကို စီမံခန့်ခွဲခြင်း

၃) **အုပ်ချုပ်ရေး** - ပြည်နယ်အစိုးရနှင့် ဝန်ကြီးဌာနများသည် ဒေသတွင်း လိုအပ်သော ဝန်ဆောင်မှုများကို ပို့ဆောင်ပေးရန် စီမံခန့်ခွဲနိုင်သည့် အရေးကြီးသည့် အခွင့်အာဏာများကို ထိန်းသိမ်းထားနိုင်ခြင်း

## ၃.၃ ကာကွယ်ရေးယန္တရားများ အရေးကြီးမှု

သဘာဝအရင်းအမြစ်အခြေပြု စီမံကိန်းများသည် မရေမတွက်နိုင်သော နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများကို နေရပ်ရွှေ့ပြောင်းစေခြင်း၊ မြေမျက်နှာပြင်အနေအထားများ ပျက်စီးခြင်း၊ ရေစီးရေလာစနစ်များ ပျက်စီးခြင်းနှင့် ညစ်ညမ်းခြင်းတို့ကို ဖြစ်စေသည်။ လက်ရှိ ဗဟိုအစိုးရ၏ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့် ကာကွယ်လုံခြုံရေးအစီအမံများသည် လုံလောက်မှုမရှိသည့်အပြင် အသက်သွင်းသည့်အပိုင်းတွင်လည်း အားနည်းသည်။ ရှိနှင့်ပြီးသော စီမံကိန်းများအားလုံးကို ပြန်လည်သုံးသပ်ခြင်းပြုလုပ်ရန် လိုအပ်ပြီး ပြန်လည်အပ်နှံခံရရေး၊ လျော်ကြေးပေးရေးနှင့် ပြန်လည်ထူထောင်ရေးဖြစ်စဉ်များကို စတင်လုပ်ဆောင်ရမည်။ နိုင်ငံတော်နှင့် ပြည်နယ် များ၏ ကာကွယ်လုံခြုံရေးစနစ်များကို ပြည့်စုံစွာ စနစ်တကျဖော်ထုတ်ပြီး အနာဂတ်ဖက်ဒရယ်ဖွဲ့စည်းပုံထဲတွင် ထည့်သွင်းပေါင်းစပ် သင့်သည်။

လက်ရှိ ဗဟိုအစိုးရ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်မှုများကို စီမံပေးရန်ရည်ရွယ်သော ဥပဒေများတွင် စိုးရိမ်ရသည့် အားနည်းချက်များရှိသည်။ ထို့ကြောင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအနေဖြင့် ကာကွယ်လုံခြုံခြင်းကိစ္စကို အရင်းတည်လျက်တရားမျှတမှုကို သေချာစေသည့် ဥပဒေများနှင့် ကျင့်သုံးမှုများဖြစ်လာစေရန် အထူးအရေးကြီးသည်။ ရှိနှင့်ပြီးသည့် တိုင်းရင်းသားတို့၏ ဥပဒေပြုခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းပုံများမှာ စွမ်းဆောင်နိုင်သည့် အစိုးရအဖွဲ့အစည်းများကို တည်ဆောက်သည့် အုတ်မြစ်များဖြစ်သည်။ ထို့အပြင် ခိုင်မာအားကောင်းသော အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပွင့်လင်းလွတ်လပ်သည့် မီဒီယာများသည် အဆင့်တိုင်းရှိ အစိုးရလုပ်ဆောင်မှုများကို စောင့်ကြည့်လေ့လာခြင်းများပြုလုပ်နိုင်ရန်၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများပြည့်မီမှုရှိစေရေး တွန်းအားပေးခြင်းအားဖြင့် တာဝန်ရှိသူများ၏ တာဝန်ခံမှုများကို ကိုင်တွယ်ထိန်းသိမ်းထားနိုင်ရန် မရှိမဖြစ် လိုအပ်သည်။

၂၀၁၂ တွင် ရေးဆွဲပြဋ္ဌာန်းသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ၂၀၁၄ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများသည် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (ယခု သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန) ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာခြင်းများ ပြုလုပ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များရေးဆွဲနိုင်ရန် လုပ်ပိုင်ခွင့်အာဏာများ ပေးထားခဲ့သည်။ သို့သော် အထက်ပါလုပ်ဆောင်ခြင်းများကို လုပ်ဆောင်နိုင်ရန် ရင်းနှီးမြှုပ်နှံသူများနှင့် တာဝန်ရှိသည့် ဗဟိုအစိုးရ အေဂျင်စီတို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းမှသာလျှင် အကောင်အထည် ဖော်နိုင်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေသည် မြန်မာနိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ခြင်းများအတွက် ဥပဒေမူဘောင်ကို စီမံပေးထားသည်။ သို့သော်လည်း သတင်းအချက်အလက်များရရှိရန်၊ အများပြည်သူတို့၏ ပါဝင်မှုနှင့် ပြန်လည်သုံးသပ်ခွင့် (သို့) အယူခံဝင်ခြင်းဆိုင်ရာ အခွင့်အရေးစသည်တို့ကို စီမံပေးထားခြင်းမရှိသည်ကို တွေ့ရသည်။[172] သိသာထင်ရှားစွာဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၏ အပိုဒ် (၃၆) အရ ဝန်ကြီးဌာနအနေဖြင့် အစိုးရဦးစီးဌာန၊ အဖွဲ့အစည်း (သို့) ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကို ဥပဒေတွင် ပါရှိသည့်အတိုင်းလိုက်နာ၍ ပြည်ထောင်စုနှင့် ၎င်း၏ နိုင်ငံသားများအတွက် ရည်ရွယ်လျက် ထောက်ပံ့ပေးမှုများ ပြုလုပ်နိုင်သည့်အခွင့်အရေးကို ပေးထားသည်။[173]

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း လုပ်ထုံးလုပ်နည်းများကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုပြဌာန်းခဲ့သော်လည်း ဆိုးရွားသော အကျိုးဆက်များအတွက် နည်းလမ်းကျစွာ တာဝန်ခံသော စီမံကိန်းအကောင်အထည်ဖော်မှုများကို ထိန်းချုပ်နိုင်သည့် ဖြစ်နိုင်ချေများရှိစေကာမူ လက်တွေ့တွင် လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရသည်။ ယင်းဥပဒေအပိုဒ် (၁၃) အရ စီမံကိန်းအကောင်အထည်ဖော်သူများအနေဖြင့် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းတွင် "အများပြည်သူနှင့် သင့်လျော်သော တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်" နှင့် EIA ဖြစ်စဉ်တွင် "အများပြည်သူနှင့်သက်ဆိုင်သော စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်" လိုအပ်သည်။[174] လက်တွေ့တွင်မူ စီမံကိန်းအကောင်အထည်ဖော်သူများသည် EIA ဖြစ်စဉ်အတွင်း ဒေသခံလူ့အဖွဲ့အစည်းများနှင့် အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြသည်။ စင်စစ်အားဖြင့် EIA လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လွှမ်းမိုးမှုမှ ကင်းလွတ်ပြီး ပတ်သက်ဆက်နွယ်မှုများမရှိရ။ ထို့ကြောင့် စီမံကိန်းအကောင်အထည်ဖော်သူများသည် EIA စုံစမ်းဖော်ထုတ်သူများကို ငှားရမ်းလေ့ရှိခြင်းဖြစ်သည်။ EIA လုပ်ငန်းစဉ်များ၏ ရလဒ်များမှာ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအကျိုးဆက်များနှင့် ပတ်သက်သည့် ဘက်မျှသည့် စုံစမ်းစစ်ဆေးမှုရလဒ်များကို စီမံပေးသည်ထက် စီမံကိန်းကို ထောက်ခံလေ့ရှိသည့် ရလဒ်များသာ ထွက်ရှိတတ်သည်။

လုပ်ထုံးလုပ်နည်း အပိုဒ် (၇) တွင် ပြဌာန်းဖော်ပြထားသည်မှာ "အိမ်ရာပြောင်းရွှေ့ရမှု (သို့) တိုင်းရင်းသားမျိုးနွယ်စုများအပေါ် ဆိုးကျိုးသက်ရောက်မှုများ"ရှိလျှင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ယခုထိ အာရှဖွံ့ဖြိုးရေးဘဏ် (သို့) ကမ္ဘာ့ဘဏ်တို့သည် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်မှ ၄င်းတို့၏ မူဝါဒများထဲသို့ တရားဝင်ထည့်သွင်းထားသော ဌာနေတိုင်းရင်းသားများအတွက် အမှန်တကယ်လိုအပ်သည့် FPIC အခြေခံသဘောတရားများကို မွေးစားယူကာ လက်တွေ့အသုံးပြုခြင်းမရှိသေးသည်ကို တွေ့ရသည်။[175] ၄င်းအစားအထက်ပါ ဘဏ်များသည် FPIC နေရာတွင် မရေမရာဖြစ်သော "လူ့အဖွဲ့အစည်းထောက်ပံ့မှု" (Broad Community Support) အခြေခံသဘောတရားကို အစားထိုးနေရာပေးလိုက်ကြသည်။ ကုလသမဂ္ဂ၏ အမှုဆောင်တစ်ဦး၏ အဆိုအရ အချို့မှာ "အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်တွင် အခြေခံတရားဝင်မှုသဘောတရား မရှိသကဲ့သို့ ရှင်းလင်းသော နားလည်မှု (သို့) အဓိပ္ပါယ်ဖွင့်ဆိုမှုမျိုး မရှိတတ်ဘူး" ဟု ဆိုပါသည်။[176]

လုပ်ထုံးလုပ်နည်းများအရ လူမှုရေးဆိုင်ရာ ဆိုးကျိုးများကို လျှော့ချရန် လိုအပ်သည်ဟု ယူဆရင်း လူမှုရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်လေ့လာခြင်းကိုလည်း အသက်မွေးဝမ်းကျောင်းမှုများအပေါ်တွင် ဦးတည်ကာ ရေတွက်တိုင်းတာပြီး လူအခွင့်အရေးရှုထောင့်မှ ဆွေးနွေးခြင်းများကို လစ်လျူရှုထားကြသည်။ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်လေ့လာမှုများကို ပြုလုပ်မှုရှားပါးပြီး စီမံကိန်းမှ အမျိုးသမီးများအပေါ် အမျိုးသားများနှင့်မတူဘဲ မည်သို့ သက်ရောက်နိုင်မည်ကို ခွဲခြမ်းစိပ်ဖြာခြင်း (သို့) ပဋိပက္ခများကို ပိုမိုဆိုးရွားနိုင်မှု အခြေအနေများကို ခွဲခြမ်းစိပ်ဖြာများသာ ပြုလုပ်တတ်ကြသည်။

အနာဂတ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအနေဖြင့် ပြည့်ဝသော မဟာဗျူဟာ ထိခိုက်မှုဆန်းစစ်လေ့လာခြင်း (သဘာဝပတ်ဝန်းကျင်ဆိုးကျိုးတစ်ခုတည်းမဟုတ်ဘဲ လူမှုရေး၊ ကျားမရေးရာ (ဂျန်ဒါ) နှင့် ကျန်းမာရေးဆိုင်ရာ ထည့်သွင်းစဉ်းစားပေးမှုများပါဝင်သော) များကို စီမံကိန်းဆိုင်ရာ သဘောတူညီမှု (သို့) လုပ်ပိုင်ခွင့်များချပေးခြင်းများအတွက် လက်မှတ်ရေးထိုးခြင်းများ မပြုလုပ်မီကြိုတင်လုပ်ဆောင်ပေးရန် ရင်းနှီးမြှုပ်နှံလိုသူများကို တောင်းဆိုသင့်သည်။ ထိခိုက်ခံရမည့် ပြည်သူ

လူထုအနေဖြင့် အဆိုပြုထားသော စီမံကိန်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုအပြည့်အဝရရှိပြီး စီမံဆောင်ရွက်ခြင်းဖြစ်စဉ်များတွင်လည်း အကြံဉာဏ်များ၊ အမြင်များကို ထည့်သွင်းနိုင်သည့် အခွင့်အရေးရရှိသင့်သည်သာမက အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာ၊ ကြိုတင်၊ အသိပေးကာ သဘောထားရယူခြင်းဆိုင်ရာ မူဘောင်များအတိုင်း ကန့်ကွက်ရန် (သို့) အတည်ပြုပေးရန် ရှင်းလင်းသည့် ယန္တရားဖွဲ့စည်းမှုများကို ရရှိသင့်သည်။

## ၃.၄ အပြည့်အဝ ကိုယ်စားပြုခြင်း - ဆုံးဖြတ်ချက်ချမှတ်သည့် စားပွဲဝိုင်းတွင် အမျိုးသမီးများ ဘာ့ကြောင့် ရှိသင့်သနည်း။

သဘာဝအရင်းအမြစ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ချမှတ်ရာတွင် အဆိုပါ အရင်းအမြစ်များတည်ရှိရာဒေသတွင်နေထိုင်သူ အမျိုးသားနှင့်အမျိုးသမီးများပါဝင်ကာ ချမှတ်သင့်သည်။ များသောအားဖြင့် တိုင်းရင်းသားပြည်နယ် (သို့) ဒေသခံများသည် ၎င်းတို့၏ ကိုယ်ပိုင်ပြဿနာများကိုပင် ဖြေရှင်းနိုင်စွမ်းမရှိခြင်း - အတွေ့အကြုံ (သို့) စွမ်းဆောင်ရည်မရှိ - ထို့ကြောင့် အမျိုးသမီးအများကို အစိုးရ၏ ရာထူးရာခံများတွင် မတွေ့ရခြင်းဖြစ်သည်ဟု ဆင်ခြင်များပေးကာ စောဒကတက်တတ်ကြခြင်းဖြစ်သည်။

သဘာဝအရင်းအမြစ်များကို အသုံးပြုမှုနှင့် မှီခိုမှုကိစ္စကို စဉ်းစားရာတွင် ခြားနားသော လုပ်ဆောင်ပုံနှင့် မိသားစုနှင့် ရပ်ရွာအတွင်း ခြားနားသော ကဏ္ဍများအပေါ်မူတည်၍ အမျိုးသားနှင့် အမျိုးသမီးများ၏ သဘာဝအရင်းအမြစ်များနှင့် ဆက်စပ်မှီခိုပုံများ ကွဲပြားခြားနားသည်။ ယခုအစီရင်ခံစာတွင် ဖတ်ရှုတွေ့ရှိခဲ့သည့်အတိုင်းပင် သဘာဝအရင်းအမြစ်များအပေါ် စီမံခန့်ခွဲမှုများသည် ကျိုးကြောင်းဆက်စပ်စွာဖြင့် အမျိုးသားနှင့်အမျိုးသမီးများအပေါ်တွင် ခြားနားစွာ သက်ရောက်ပြီး အမျိုးသမီးများမှာမူ ၎င်းတို့၏ ရပ်ခန္ဓာသဘောသဘာဝအရ ပြည့်စုံလှသော အကျိုးသက်ရောက်မှုများကို ရိုးရှင်းစွာ ကြုံတွေ့ခံစားရသည်။ ဥပမာအားဖြင့် ကိုယ်ဝန်ဆောင်နေသည့်အချိန်တွင် လေထု၊ ရေထု ညစ်ညမ်းမှု တစ်မျိုးမျိုးကြောင့် အမျိုးသမီးများမှာ ပိုမို အားနည်း (အကူအညီလိုအပ်) သည်။

ရေနံပိုက်လိုင်းများတည်ဆောက်ခြင်း၊ သစ်ထုတ်လုပ်ခြင်း (သို့) သတ္တုတူးဖော်ရေးလုပ်ငန်းများ အပါအဝင် အကြီးစား စီမံကိန်းများသည် ယာယီအလုပ်သမားများဖြင့် ပရမ်းပတာနေထိုင်သော အခြေအနေများကိုလည်း ဖန်တီးပေးသည်။ အမျိုးသမီးများသည် စီမံကိန်းလုပ်ငန်းခွင်သဘောတရားအရ လိုအပ်သည့် ရုပ်ခန္ဓာသဘောတရားနှင့် လူမှုရေးအမြင်များအရ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများ အကန့်အသတ်ဖြင့်သာ ရှိပြီး အနိမ့်ဆုံး လုပ်အားခကိုသာ ရရှိတတ်ကြသည်။ အဆိုပါ လုပ်ငန်းခွင်များတွင် အမျိုးသမီးများအနေဖြင့် အမျိုးသားအလုပ်သမားများ၏ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများနှင့်လည်း ကြုံတွေ့ရလေ့ရှိသည်။[177] စီမံကိန်းလုပ်ငန်းခွင်များနှင့် နီးသော ပြည့်တန်ဆာလုပ်ငန်းခွင်ရှိ အမျိုးသမီးများသည်လည်း အကြမ်းဖက်ခြင်းနှင့် လူ့အဖွဲ့အစည်း၏အပြစ်တင်ခံရခြင်းဆိုင်ရာ စိတ်ဒဏ်ရာများ၊ ထိုနည်းတူ ရောဂါဆိုးများ၏ အန္တရာယ်နှင့်လည်း ကြုံတွေ့ရတတ်သည်။

သဘာဝအရင်းအမြစ်အခြေပြု စီမံကိန်းများကို များသောအားဖြင့် စစ်တပ် (သို့) အမျိုးသားအခြေပြု လုံခြုံရေးတပ်ဖွဲ့များအားဖြင့် "လုံခြုံရေး" ပေးတတ်ကြသည်။ တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများအပေါ် မြန်မာစစ်တပ်၊ စစ်ကြောင်းများမှ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သော ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသည့် အစီရင်ခံစာများစွာ ရှိသည်။ ၎င်းတို့ကျူးလွန်သော မုဒိန်းမှုအများ

စုမှာ စုံစမ်းစစ်ဆေးခြင်းမရှိသကဲ့သို့ ကျူးလွန်သူများကိုလည်း အပြစ်ပေးအရေးယူခြင်းများလည်း မရှိသည်ကိုတွေ့ရသည်။ ကျူးလွန်သူအား ပြစ်ဒဏ်ခတ်ခြင်းမှ ကင်းလွတ်နေသော ပတ်ဝန်းကျင်ရှိနေခြင်းနှင့် ရေကာတာများနှင့် အခြားသောစီမံကိန်းဧရိယာများတွင် စစ်သားများကို တပ်ဖြန့်ထားမှုတိုးပွားလာခြင်းသည် ဒေသခံအမျိုးသမီးများ၏ လုံခြုံရေးအတွက် စိုးရိမ်ဖွယ်ရာပင် ဖြစ်ပါသည်။

ရေကာတာများနှင့် အခြားသော အကြီးစား သဘာဝအရင်းမြစ်အခြေပြု စီမံကိန်းများကြောင့် ဖြစ်ပေါ်သော နေရပ်ရွှေ့ပြောင်းရမှုများနှင့် ပြန်လည်နေရာချထားခံရမှုများသည်လည်း အမျိုးသားများထက် အမျိုးသမီးများကို ခြားနားစွာ ထိခိုက်သက်ရောက်စေသည်။ နိုင်ငံတော်ဘဏ္ဍာအဖြစ် မြေယာသိမ်းယူခြင်းများကို အကောင်အထည်ဖော်သသည့် ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူ အများစုမှာ အမျိုးသားများဖြစ်လေ့ရှိပြီး ဖြစ်စဉ်များအတွင်း အမျိုးသားကြီးစိုးရေးမူကို အတင်းအကျပ်သွတ်သွင်းခြင်းဖြစ်သည်။ ဥပမာအားဖြင့် ထားဝယ်မှ အမျိုးသမီးတစ်ဦး၏အဆိုအရ အထူးစီးပွားရေးဇုံစီမံချက်အတွက် မိမိတို့၏ မြေယာများကို ဆုံးရှုံးခံရမည်ဟူ၍ အမျိုးသား (ယောကျာ်း) အုပ်ချုပ်ရေးတာဝန်ရှိသူများ၏ လူလည်ကျအနိုင်ကျင့်ခြင်းကို ခံခဲ့ရသည်ဟု ဆိုပါသည်။[178] နေရပ်ရွှေ့ပြောင်းရမှုများအတွက် နစ်နာမှုများကို ငွေကြေး၊ မြေယာ (သို့) အရာဝတ္ထုများအဖြစ် ပြင်ဆင်ပေးသည့်အခါတွင်လည်း အမျိုးသားအိမ်ထောင်ဦးစီးများကိုသာ ပေးအပ်ကြသည်။

နေရပ်ပြောင်းခံရသော ရွှေ့ပြောင်းအလုပ်သမားများအတွက် နေရာသစ်တွင် အလုပ်အကိုင်ရှာဖွေရန် လိုအပ်သည်ဖြစ်ရာ ခရီးသွားလာရေးတွင် တင်းကျပ်မှုများနှင့် ခရီးစဉ်ဆိုင်ရာ အချက်အလက်ရရှိမှု မလုံလောက်သည့်အတွက် ရွှေ့ပြောင်းရသည့် အမျိုးသမီးမျာအတွက် လူကုန်ကူးခံရရန် လွယ်ကူသည့်အခြေအနေများကို ဖန်တီးထားခဲ့သည်။ တရားဝင်အလုပ်အကိုင်များကို ရရှိစေမည်ဟု လိမ်လည်သော လူကုန်ကူးသူများနောက်သို့ လိုက်ပါရင်း ပြည့်တန်ဆာလုပ်ငန်း (သို့) နယ်စပ်ဖြတ်ကျော်၍ တရုတ်ယောကျာ်းသားများ၏ ဇနီးများအဖြစ် ရောင်းချခံရခြင်းကိစ္စရပ်မျိုးတွင် စိတ်မပါဘဲ မိမိကိုယ်ကို ထောင်ချောက်မိမှန်းမသိ ဖြစ်သွားရသည့် အမျိုးသမီးများ၏ ကြမ်းတမ်းလှသော ဘဝဖြတ်သန်းမှုများကို ထိုင်းနိုင်ငံအခြေစိုက် ကချင်အမျိုးသမီးအဖွဲ့မှ သုသေသနပြုကာ မှတ်တမ်းတင်ထားမှုများ ရှိခဲ့သည်။

အကယ်၍ ဗဟိုအစိုးရမှ ဒေသခံပြည်သူလူထုအတွက် တာဝန်ခံမှုမရှိဘဲ စီမံကိန်းများကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လျှင် အမျိုးသမီးများအပေါ်တွင် ကျရောက်မည့် အထက်ပါဆိုးကျိုးအင်္ဂါရပ်များ ပိုမိုဆိုးရွားစေပါလိမ့်မည်။ သဘာဝအရင်းအမြစ်များကို လွဲမှားစွာ စီမံခန့်ခွဲလျှင် အမျိုးသမီးများအဖို့ သီးသန့်ကြုံတွေ့ရင်ဆိုင်ရမည့် စိန်ခေါ်ချက်များစွာ ရှိခြင်းကြောင့် အဆိုပါ စီမံခန့်ခွဲမှုဖြစ်စဉ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှုများတွင် အမျိုးသမီးများပါဝင်ရန် လိုအပ်ခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့တွင် အမျိုးသမီးများ၏ ပါဝင်မှုကို သေချာစေခြင်းနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးသည့် ယန္တရားများတွင်လည်း အမျိုးသမီးထုကို နေရာများများပေးခြင်းသည် အရေးတကြီးလုပ်ဆောင်ရမည့် အဆင့်များဖြစ်သည်။ ဒေသအဆင့်တွင် အထက်ပါအတိုင်း နေရာပေးမှုများလေလေ သဘာဝ အရင်းအမြစ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီးများ၏ အမှန်တကယ်ဖြစ်သော အတွေ့အကြုံများကို ထည့်သွင်း စဉ်းစားလာ လေလေ ဖြစ်လာမည်။ အမျိုးသမီးများ၏ ထူးခြားသော အမြင်များ၊ အခန်းကဏ္ဍများနှင့် စွမ်းဆောင်ရည်များသည်လည်း ပြည့်ဝသော ကိုယ်စားပြုမှုနှင့် ထိရောက်သောအရင်းအမြစ်ဆိုင်ရာ အုပ်ချုပ်စီမံမှုအတွက် အကျိုးဖြစ်သော ထည့်ဝင်မှုများကို ပေးစွမ်းနိုင်ပါလိမ့်မည်။

## ၃.၅ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံအုပ်ချုပ်မှုအတွက် အစီအစဉ်ကျသော မူဘောင်ရေးဆွဲခြင်း

ကမ္ဘာတစ်လွှား ငြိမ်းချမ်းရေးဖြစ်စဉ်များမှ မျက်မြင်ဖြစ်သော အထောက်အထားများအရ ရေရှည်တည်တံ့ပြီး အဓိပ္ပါယ်ပြည့်ဝသော ငြိမ်းချမ်းရေးဖြစ်ရန် လုပ်ဆောင်ခဲ့သော ဖြစ်ရပ် (ပွဲတော်) များနှင့် အကောင်အထည်ဖော်မှုများကို အစီအစဉ်တကျ စီရီသတ်မှတ်ထားရန် အရေးကြီးသည်ဟု ဆိုသည်။ အထက်ပါအချက်ကို သက်သေပြသည့် ဥပမာ (၃) ခုမှာ သီရိလင်္ကာ၊ ပါပူအာနယူဂီးနီနှင့် အင်ဒိုနီးရှားမှ ဥပမာများဖြစ်သည်။

ပါပူအာနယူးဂီနီနိုင်ငံ၌ ၁၉၆၀ ခုနှစ်တွင် ဗဟိုအစိုးရမှ နိုင်ငံတကာ အကြီးစားသတ္တုတွင်း ကုမ္ပဏီများအား တန်ဖိုးကြီးမားသော သတ္တုတွင်းထွက်များရှိသည့် ဌာနေတိုင်းရင်းသားဒေသတွင် လုပ်ကိုင်ခွင့်များချထားပေးခဲ့သည်။ ၁၉၈၀ ခုနှစ်နှောင်းပိုင်းတွင် အထက်ပါ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့်ပင် လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုပေါ်ပေါက်လာကာ အပျက်အစီးများသော သတ္တုတူးဖော်ရေးလုပ်ငန်းများကို ယာယီတားမြစ်ချက်များဖြင့် ပိတ်သိမ်းလိုက်ရသည်။ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ၂၀၀၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး နောက်ပိုင်းတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် Bougainville Organic ဥပဒေကို ၂၀၀၂ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြသည်။ ဒေသအစိုးရသစ်ဖွဲ့စည်းပုံများကို ၂၀၁၄ ခုနှစ် Bougainville ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ပုံဖော်ရေးဆွဲနိုင်ခဲ့ကြသည်။ ငြိမ်းချမ်းရေးစာချုပ်အရ ဗဟိုဦးစီးမှုလျှော့ချပြီး အာဏာလွှဲအပ်ခွဲဝေမှုများကို အကောင်အထည်ဖော်ခြင်းများသည် သက်ဆိုင်ရာကဏ္ဍများအလိုက် Bougainville ဥပဒေများကို အတည်ပြု လက်မှတ်ရေးထိုးပြီးသည့် အချိန်မှစ၍ အတည်အသက်ဝင်စေရမည်ဟု ရေးသားထားသည်။ သတ္တုတူးဖော်ခြင်းနှင့်ပတ်သက်သော ယာယီတားမြစ်ထားချက်များသည်လည်း အရေးကြီးသည့် အကူးအပြောင်းကာလတွင် တားမြစ်ထားမြဲအတိုင်းအားကောင်းခိုင်မာသည့် ဥပဒေမူဘောင်များ မပြဋ္ဌာန်းနိုင်ခင်အထိ ဆက်လက်ထိန်းသိမ်းထားခြင်းအားဖြင့် အချိန်မရွေး ပြန်လည်တောက်လောင်လာနိုင်သည့် ဒေသတွင်းပဋိပက္ခကို ကာကွယ်ခဲ့ကြသည်။ သတ္တုတူးဖော်ခြင်းနှင့်ပတ်သက်သည့် ဥပဒေပြုခြင်းကို Bougainville Mining Act (သတ္တုတွင်းအက်ဥပဒေ) အားဖြင့် ပုံဖော်ရေးဆွဲနိုင်ခဲ့ပြီး ၂၀၁၅ မတ်လတွင် အတည်ပြုကာ (၂၆) နှစ်တာကြာသော သတ္တုတူးဖော်ခြင်းဆိုင်ရာ ယာယီတားမြစ်ချက်ကို အဆုံးသတ်နိုင်ခဲ့ကြသည်။

**သီရိလင်္ကာနိုင်ငံတွင်** အပစ်အခတ်ရပ်စဲရေးသဘောတူပြီးနောက် ဖွံ့ဖြိုးရေးအထောက်အပံ့များနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးဘက် နှစ်ဖက်စလုံးအတွက် ယူဆောင်လာပြီး ညှိနှိုင်းဆောင်

*ရခိုင်အမျိုးသားပါတီ၏ ဒုတိယဥက္ကဌ (အမျိုးသမီး) ဖြစ်သူမှ ကျောက်ဖြူမြို့တွင် စည်းရုံးရေးဆင်းသည့်အခါပြည်နယ်ရှိအရင်းအမြစ်များကို စီမံခန့်ခွဲခွင့်အတွက် တောင်းဆိုမှု ပြုလုပ်ခဲ့သည်။ ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်စဉ်ရှိ အဆင့်တိုင်းတွင် အမျိုးသမီးများ၏ ပါဝင်မှုလိုအပ်သည်။ သဘာဝအရင်းအမြစ်စီမံကိန်းများကြောင့် ၎င်းတို့သည်လည်း အမျိုးသားများနည်းတူ ကြုံတွေ့ခံစားရပါသည်။*

ဓါတ်ပုံ - AOW



ရွက်မှုများအားဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းလုပ်ငန်းစဉ်ကို နိုင်ငံရေးဆိုင်ရာ အခြေကျကျ တည်ဆောက်မှုများ အပြီးသတ် အကောင်အထည်ဖော်ခြင်းမရှိသေးခင်အထိ ညှိနှိုင်းလုပ်ဆောင်သွားရမည်ဟု ဆုံးဖြတ် (နော်ဝေးနိုင်ငံမှ ကြားဝင်စေ့စပ်ညှိနှိုင်းသူများ၏ အဆိုပြုလွှာများအတိုင်း) ခဲ့ကြသည်။ မည်သို့ဆိုစေကာမူ အခြားတစ်ဖက်တွင် အာဏာနှင့် ထိန်းချုပ်မှုများကို အစိုးရ၏ မတူညီကွဲပြားသော အလွှာများနှင့် မတူညီသော ကဏ္ဍများသို့ သတ်မှတ်ခွဲဝေခြင်းဆိုင်ရာ အခြေခံကျသော သဘောတူညီချက်များ ချမှတ်နိုင်ခြင်းမရှိခဲ့သော သီရိလင်္ကာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းပုံများအရ အထောက်အပံ့များနှင့် ရင်းနှီးမြှုပ်နှံမှုများက တိုက်ခိုက်နေခဲ့ကြသော ဘက်နှစ်ဘက်အတွင်း ရရှိလာသော အဆိုပါ အထောက်အပံ့များနှင့် ရင်းနှီးမြှုပ်နှံမှုများကို အသုံးချခြင်းနှင့် ပတ်သက်သော ပဋိပက္ခများကို ဖန်တီးပေးခဲ့သည်။ ယင်းအခြေခံကျသော သဘောထားမတိုက်ဆိုင်မှုများသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပျက်စီးသွားစေသည့်တိုင်အောင် ဦးဆောင်ပေးခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခ အသစ်တဖန် ဖြစ်ပေါ်လာကာ ၂၀၀၉ ခုနှစ်၊ မေလတွင် သီရိလင်္ကာတပ်မတော်မှ တမီးကျားလက်နက်ကိုင်လှုပ်ရှားမှုကို ဖိအားပေးချေမှုန်းများဖြင့် အဆုံးသတ်သွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဗဟိုဦးစီးထိန်းချုပ်မှုကင်းသော အာဏာတစ်ခုတည်းသည်လည်း လုံလောက်သည့်အဖြေမဟုတ်ချေ။ အကျင့်ပျက်ချစားခြင်းနှင့် လွဲမှားသော စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်သုံးမှုများသည် ဗဟိုအစိုးရမှတဆင့် ပြည်နယ်အစိုးရအဖွဲ့များသို့ နေရာပြောင်းသွားနိုင်သည်။ (သို့) ကူးချယူသွားနိုင်သည်။ အချို့သော ဖြစ်ရပ်များတွင် ဖွဲ့စည်းပုံအရ အောက်-အထက် (သို့) ဖက်ဒရယ်စနစ်ဖြစ်သည်ဆိုသော်လည်း အုပ်ချုပ်မှုအာဏာသည် ပြည်နယ်နှင့်ဒေသအဆင့်အုပ်ချုပ်သူများ၏လက်ထဲတွင် အမှန်တကယ်မရှိပါက ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုပြည့်ဝသော အုပ်ချုပ်စီမံမှုအလေ့အကျင့်ကောင်းများကို လေ့ကျင့်တည်ဆောက်နိုင်မည်မဟုတ်ချေ။

**အင်ဒိုနီးရှားတွင်** ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို သမ္မတဆူဟာတို၏ သက်ဦးဆံပိုင်အုပ်ချုပ်မှုကာလကျဆုံးပြီးနောက် ၁၉၉၈ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် တစ်ပုံစံတည်းဖြစ်အောင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ဒေသအဆင့်အစိုးရ၏ အခွင့်အာဏာများ တိုးပွားလာပြီး တိုက်ရိုက်ရွေးချယ်တင်မြှောက်ထားသော ဝန်ထမ်းများအားဖြင့် မူဝါဒများကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ နိုင်ငံဝန်ထမ်းများအနေဖြင့် ဆူဟာတို၏ဗဟိုဦးစီးအုပ်ချုပ်သည့်ကာလထက် ဒေသလိုအပ်ချက်များကို လက်ခံရန် အသင့်ရှိခြင်းနှင့် တုံ့ပြန်ဖြည့်ဆည်းပေးခြင်းတို့ကို ပိုမိုလုပ်ဆောင်နိုင်ခဲ့သည်။ မည်သို့ဆိုစေကာမူ ဗဟိုမှ အရေးပါသော အခွင့်အာဏာများကို ထိန်းသိမ်းထားလျှင် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စနစ်သည်လည်း အချို့ကိစ္စများတွင် အကျင့်ပျက်ချစားခြင်းနှင့် လွဲမှားသော စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်သုံးမှုများကို ဂျကာတာမှ အခြားဒေသအဆင့်များသို့ တစ်နည်း



ဓါတ်ပုံ - Shan State Farmers Network

*ကျောက်မီးသွေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှုကို ဆန့်ကျင်ဆန္ဒပြနေပုံ။ နိုင်ငံရေးအရတည်ငြိမ်မှုမရှိသည့်အချိန်တွင် လွှမ်းမိုးခြယ်လှယ်မှုပါသော အထောက်အပံ့များနှင့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပျက်ပြယ်သွားစေနိုင်ပါသည်။ အသွင်ကူးပြောင်းမှုကာလအတွင်း သဘာဝအရင်းအမြစ်များနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကို ယာယီတားမြစ်ထားခြင်းသည် ကျစ်လစ်ခိုင်မာသော မူဘောင်များအတိုင်း လုပ်ဆောင်လာစေနိုင်အောင်အခြေအနေ ပေးခြင်းဖြစ်သည်။*

အားဖြင့် နေရာပြောင်းပေးခြင်းမျိုးဖြစ်နိုင်သည်။ ထင်သာမြင်သာရှိသည့် ပူးပေါင်းပါဝင်မှုနှင့် လုံလောက်ပြည့်စုံသော စဉ်းစားဆင်ခြင်ခြင်းမရှိသည့်အခါတွင်သော်လည်းကောင်း၊ ဒေသအစိုးရမှ ယန္တရားအသစ်လည်ပတ်နိုင်ရန် လိုအပ်သောစွမ်းရည်များအတွက် ပြင်ဆင်မှုမရှိသည့်အခါတွင်သော်လည်းကောင်း၊ မျှတပြီး ကောင်းမွန်သင့်တော်သော အရင်းအမြစ်စီမံခန့်ခွဲမှုများကို ထိန်းသိမ်းပြီး အကျင့်ပျက်ချစားမှုများကို ကာကွယ်ရန် ကာကွယ်လုံခြုံရေးစနစ်များ နေရာတကျ မချထားနိုင်သည့်အခါတွင်သော်လည်းကောင်း အကြီးအကျယ် ကျရှုံးမှုများ ဖြစ်စေတတ်ပါသည်။

ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းပါဝင်ခွင့်ပေးမှုနှင့် တာဝန်ခံမှုစသည်များနှင့် ဆက်စပ်သော ကာကွယ်လုံခြုံမှုစနစ်မရှိခြင်းသည် ဒေသတွင်း လူကုံထံများမှ လိုင်စင်လျှောက်ထားခြင်းဖြစ်စဉ်များကို အပိုင်သိမ်းသွားနိုင်ပြီး အင်ဒိုနီးရှားရှိ အရင်းအမြစ်များတူးဖော်ခြင်းမှရရှိသည့် အကျိုးအမြတ်များကို ခေါင်းပုံဖြတ်သွားနိုင်ပါသည်။ အချို့သော သုံးသပ်တင်ပြသူများ၏ တင်ပြမှုများရှိသည့်အတိုင်း အာချေးပြည်နယ်၏ ပဋိပက္ခအလွန် အခင်းအကျင်းသည် ပူးပေါင်းပါဝင်ခြင်း၊ ဒေသခံတို့၏ မကျေနပ်ချက်များကို ဦးတည်ဖြေရှင်းခြင်း၊ ဝန်ဆောင်မှုများ ဖြန့်ဝေဝန်ဆောင်ပေးခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာများကို ရရှိစေခြင်း၊ (သို့) အကျင့်ပျက်ချစားမှုများကို ထိန်းချုပ်ခြင်းစသည်တို့ကို စွမ်းဆောင်ပြီး သေချာစေသည့် အစိုးရအုပ်ချုပ်မှုဆိုင်ရာ (အာဏာတည်ရာ) အင်စတီကျူးရှင်းများကို တည်ဆောက်ပေးနိုင်ခြင်းမရှိကြောင်း ထောက်ပြထားခဲ့သည်။ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်အနေဖြင့် လက်ရှိတွင် ဗဟိုအစိုးရနှင့် ဒေသအစိုးရအကြားရှိ မညီမျှမှု (နှင့် မကျေနပ်ချက်များ) များအထဲသို့ နောက်ထပ် မညီမျှမှု (နှင့် မကျေနပ်ချက်များ) များကို အုပ်ချုပ်သည့်ပြည်နယ်၊ မြို့နယ်များအတွင်း ထပ်မံဖြည့်စွက်သူအဖြစ် သတ်မှတ်ခံထားခဲ့ရသည်။[179]

အထက်ပါ ဥပမာဖြစ်ရပ် သုံးခုသည် မြန်မာနိုင်ငံအား သတိပေးနေသော ပုံပြင်များအဖြစ် ကမ်းလှမ်းထားပြီး သဘာဝ အရင်းအမြစ် အခြေပြု ရင်းနှီးမြှုပ်နှံလုပ်ငန်းများကို အဓိပ္ပါယ်ပြည့်ဝသော ငြိမ်းချမ်းရေးသဘောတူညီချက် (ပဋိညာဉ်) များဆီသို့ မရောက်သေးသရွေ့၊ ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံများ နေရာမကျသေးသရွေ့ ယာယီတားမြစ်ချက်များ ထုတ်ပြန်၍ ရပ်ဆိုင်းထားရန် မီးမောင်းထိုးလျက်ရှိပါသည်။

အောက်ပါ မူဘောင်တွင် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဆိုင်ရာ ဗဟိုဦးစီးထိန်းချုပ်မှုကင်းသော ချဉ်းကပ်ပုံများကို မြန်မာနိုင်ငံ၏ ရေခံမြေခံနှင့်အညီ အစီအစဉ်အလိုက် ဖော်ထုတ်ပြသထားပါသည်။ ဗဟိုအစိုးရနှင့် စစ်တပ်တို့၏ အမှားများ အတိုင်း ထပ်တလဲလဲ ထပ်မံကျူးလွန်မိခြင်းကို ရှောင်ရှားရန် ယခုမူဘောင်က အချိန်ကာလပိုင်းဆိုင်ရာ ထိလွယ်ရှလွယ်ဖြစ်မှုကိုပါ ချပြ ထားပြီး လက်တွေ့ကျင့်သုံးရာတွင် ရှိနှင့်ပြီးသား တိုင်းရင်းသားလူမျိုးစုများ၏ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများ (အင်စတီကျူးရှင်း) နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းအနေဖြင့် စွမ်းဆောင်ရည်များ တည်ဆောက်မြှင့်တင်နိုင်ရန်အတွက် လုပ်ဆောင်နိုင်သည့် လုပ်ငန်းစဉ်များကိုလည်း ချိတ်ဆက်မိစွာ တင်ပြထားပါသည်။ ယခုမူဘောင်သည် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် ရပ်ရွာလူ့အဖွဲ့အစည်းများ၏ အခွင့်အရေးများနှင့် မြေယာဆိုင်ရာအခွင့်အရေးများကို ကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှ ကာကွယ်ရန်၊ ရှေ့ဆက်ဖြစ်နိုင်သည့် ပဋိပက္ခများကို လျှော့ချရန် နည်းလမ်းရှာခြင်းလည်းဖြစ်ပါသည်။ အဆိုပါ အဆင့်များသည် မိမိတို့ဒေသ၊ ပြည်သူလူထုနှင့် သင့်တော်လျော်ညီသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးတည်ဆောက်ပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် ဒေသခံများ၊ အစိုးရကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်မြှင့်တင်ပေးရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဤမူဘောင်အားဖြင့် မျှော်လင့်သည်မှာ တည်တံ့ခိုင်မာသော ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းကောင်းများကို အားပေးမြှင့်တင်ရန်တစ်ခုတည်းမဟုတ်ဘဲ ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် လမ်းခင်းပေးရန်လည်း ဖြစ်ပါသည်။

## ၃.၆ အကြံပြုချက်များနှင့် အဆိုပြုထားသော အာဏာနှင့်လုပ်ပိုင်ခွင့်ကို အပြည့်အဝ ခွဲဝေလွှဲပြောင်းပေးသည့် ဖက်ဒရယ်စနစ်အခြေပြု သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု

## ကြားကာလဆိုင်ရာ အကြံပြုချက်များ

(၁) အနာဂတ်တွင် ပေါ်ပေါက်လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်ပါအချက်များ အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းနှင့်ဆက်စပ်သော တရားဥပဒေများကို မပြဋ္ဌာန်းနိုင်သေးခင် အချိန်အထိ ပါဝင်ပတ်သက်သူအားလုံးမှ အကြီးစားသဘာဝအရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသစ်များနှင့် မပြီးပြတ်သေးသော စီမံကိန်းများအတွက် ယာယီရပ်ဆိုင်းထားခြင်းကို ထားရှိရမည်။

(၂) လည်ပတ်လျက်ရှိသော အကြီးစား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် သက်ဆိုင်သော သဘောတူစာချုပ်များအားလုံးကို အသိပေးထုတ်ဖော်ပြရန်နှင့် ပြန်လည်သုံးသပ်ရန် လိုအပ်သည်။ အဆိုပါသဘော တူညီချက်များကို ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း (သို့) ဖျက်သိမ်းခြင်းတို့ကို အသစ်ဖွဲ့စည်းလိုက်သော ဖက်ဒရယ်ပြည်ထောင်စု၊ ပြည်နယ်၊ ပြည်နယ်ခွဲတို့၏ အုပ်ချုပ်ပုံစနစ်များဖြင့် ဆုံးဖြတ်ချက်ချနိုင်သည့် အခွင့်အာဏာဖြင့် လုပ်ဆောင်နိုင်ရမည်။ ထိုအုပ်ချုပ်ပုံစနစ်များသည် သဘာဝပတ်ဝန်းကျင်ဆိုင် ရာနှင့် လူမှုရေးဆိုင်ရာ အကာအကွယ်အာမခံစနစ်များနှင့် တန်းတူညီမျှသော ဝင်ငွေဘဏ္ဍာများ ခွဲဝေမှုအပေါ် မူတည်ပြီး ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုရှိရမည်။ ရှိနှင့်ခဲ့ပြီးသော စီမံကိန်းများကြောင့် ဖြစ်ပေါ်သော မြေယာဆိုင်ရာ ထိခိုက်ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် အပ်နှံခံရရေးယန္တရားများကိုလည်း တစ်ပါတည်း တည်ထောင်ထားသင့်သည်။

(၃) သဘာဝအရင်းအမြစ်များဆိုင်ရာ အသုံးပြုမှု၊တူးဖော်ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှုများနှင့်ဆက်စပ်ပြီး ရေရှည် စီးပွားရေးဖွံ့ဖြိုးမှု ရည်မှန်းချက်၊ မူဝါဒများနှင့် အစီအစဉ်များကို တိုင်းရင်းသားနိုင်ငံရေးအ ဖွဲ့အစည်းများမှ ပါဝင်ပတ်သက်သူများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများအပါအဝင် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ပြည်နယ်နှင့် ပြည်နယ်ခွဲများမှ အမှန်တကယ်ထိခိုက်ခံစားရသူများပါဝင်ကာ ပူးပေါင်း လုပ်ဆောင်ရန်လိုအပ်သည်။

ဦးစားပေးသတ်မှတ်ထားသော ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ပတ်သက်ပြီး ပြည်နယ်နှင့် ဒေသဆိုင် ရာမူဝါဒများ ဖော်ထုတ်အတည်ပြုရန် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲဖြင့် စတင်သင့်သည်။ အကြီးစား စီမံကိန်းများကို စတင်စိတ်ကူးပုံဖော်သည့်အဆင့်ကတည်းကပင် ဒေသခံတို့အနေဖြင့် ပါဝင်ပတ်သက်ခွင့် ရှိသင့်ပြီး စီမံကိန်းများကို စောင့်ကြည့်လေ့လာခြင်း၊စီမံခန့်ခွဲခြင်းနှင့် ဒေသခံတို့၏ တိုင်တန်းချက်များ ကိုဖြေရှင်းသည့် စီမံခန့်ခွဲမှုများရှိရမည်။

(၄) သဘာဝအရင်းအမြစ်များနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာငွေ ကောက်ခံမှုအာဏာများကို ဗဟို၊ ပြည်နယ်နှင့် ပြည်နယ်ခွဲ အစိုးရများအကြား ရှင်းလင်းစွာ သတ်မှတ်ထားသင့်သည်။ နိုင်ငံရေးဆွေးနွေးပွဲတွင် ဆွေးနွေးရန်နှင့် တိုင်းရင်းသားအခြေပြု နိုင်ငံရေးဆိုင်ရာ ပါဝင်ပတ်သက်သူများ နှင့် ဗဟိုအစိုးရအကြား ချုပ်ဆိုသော ဖက်ဒရယ် ငြိမ်းချမ်းရေး သဘောတူစာချုပ်ထဲတွင်လည်း အထက်ပါ ကိစ္စများကို ထည့်သွင်းချုပ်ဆိုသင့်သည်။

(၅) ဖက်ဒရယ်ဖွဲ့စည်းတည်ဆောက်ပုံများ ဖော်ထုတ်ရေးဆွဲမှု မပြီးခင်အထိ ဗဟိုအစိုးရအနေဖြင့် ရှိနှင့် ပြီးသော ဒေသခံတို့၏ မြေယာနှင့် သဘာဝ အရင်းအမြစ်များဆိုင်ရာ စီမံအုပ်ချုပ်မှု ယန္တရားများနှင့် မူဝါဒများကို စွက်ဖက်ခြင်းမပြုသင့်ပါ။

(၆) ရိုးရာဓလေ့မြေယာလုပ်ပိုင်ခွင့်စီမံမှုစနစ်များကို ကူညီပံ့ပိုးရန် သက်ဆိုင်သော ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံအဆောက်အအုံများ ဖော်ထုတ်ရေးဆွဲမှု မပြီးစီးခင်အထိ ဗဟိုအစိုးရအနေဖြင့် ရိုးရာဓလေ့အရ မြေယာ စီမံခန့်ခွဲမှုစနစ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ပါ။

## အသွင်ကူးပြောင်းကာလဆိုင်ရာ အကြံပြုချက်များ

(၁) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်နှင့်အာဏာကိုခွဲဝေလွှဲပြောင်း ပေးသည့် ဖက်ဒရယ်ဖွဲ့စည်းပုံအသစ်ဖြင့် အစားထားရမည်။

(၂) လုပ်ပိုင်ခွင့်နှင့်အာဏာကို ခွဲဝေလွှဲပြောင်းပေးသည့် ဗဟိုနှင့် ပြည်နယ်ဖွဲ့စည်းပုံ အသစ်များ၊ ၎င်းနှင့် သက်ဆိုင်သော ဥပဒေပြုခြင်းများနှင့် မူဝါဒများ သည် ဒီမိုကရေစီ၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ လူ့အခွင့် အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု စသည့် အခြေခံ စည်းမျဉ်းများပေါ်တွင် အခြေခံပြီး ကိုယ်စားပြုမှုဖြစ်စဉ်များအတိုင်း အသက်သွင်းကာ ရေးဆွဲပြဌာန်းရမည်။

(၃) ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်ခွဲအစိုးရများအနေဖြင့် သဘာဝအရင်းအမြစ်များနှင့် ဝင်ငွေဘဏ္ဍာများကို စီမံခန့်ခွဲရန် ကိုယ်စားပြုမှုနှင့် တာဝန်ခံမှုရှိသော အဆောက်အအုံများနှင့် ဌာနများကို ဖော်ထုတ် ဖွဲ့စည်းရမည်။

(၄) နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်း များအနေဖြင့် အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့် အကာအကွယ်အာမခံစနစ်များကို ဖော်ထုတ် လုပ်ဆောင်ရမည်။ အကာကွယ်အာခံစနစ်များသည် ပြည်နယ်များကြားဆက်စပ်တည်ရှိသောအ ကြောင်းအရာဏ္ဍာတိုင်းတွင် လူ့အခွင့်အရေးကိစ္စ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကိစ္စ၊ ထိုနည်းတူ တိုင်တန်းချက်များကို ကိုင်တွယ်ဖြေရှင်းသော ယန္တရားများနှင့် လုပ်ထုံးလုပ်နည်းကိစ္စရပ်များအတွက် စည်းမျဉ်းများနှင့် အနိမ့်ဆုံးစံနှုန်းသတ်မှတ်ထားမှုများ ရှိရမည်။ အထက်ပါ အကြောင်းအရာများ အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲခြင်းနှင့် ဥပဒေပြုရေးဖြစ်စဉ်များအတွက် အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရမည်။

(၅) ဗဟိုအဆင့်၊ ပြည်နယ်အဆင့်နှင့် ပြည်နယ်ခွဲအဆင့် မူဝါဒများ၊ ဖွဲ့စည်းပုံများနှင့် ဥပဒေပြုရေးကိစ္စ များတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ပက်သတ်မှုများ ခိုင်မာစေရန် အရေးပေါ် တိုင်းတာမှု အ ဆောက်အအုံများကိုဖွဲ့စည်းတည်ထောင်ရမည်

## အကောင်အထည်ဖော်သည့်ကာလ - အဆိုပြုထားသော ဖက်ဒရယ်ဖွဲ့စည်း တည်ဆောက်ပုံများ

*ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် အောက်ပါတို့ကို စီမံပေးနိုင်ရမည်။*

(၁) သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်မှု - မြေအောက်တွင်ရှိသော အရာများအပါအဝင် သဘာဝ အရင်းအမြစ်များဆိုင်ရာ ပိုင်ဆိုင်ခွင့်သည် သက်ဆိုင်သော ပြည်နယ်နှင့် ပြည်နယ်ခွဲတို့၏ ပြည်သူများ လက်ထဲတွင်သာ ရှိရမည်။

(၂) သဘာဝအရင်းအမြစ်များဆိုင်ရာ ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှု - ဗဟိုချုပ်ကိုင်မှုအပြည့်အဝလျှော့ချ ထားသော နိုင်ငံရေး၊ ဘဏ္ဍာငွေ နှင့် အုပ်ချုပ်စီမံမှုဆိုင်ရာ အခွင့်အာဏာများအပါအဝင် သဘာဝ အရင်းအမြစ်များကို ထိန်းချုပ်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် ထိန်းသိမ်းစောင့်ရှောက်ခွင့် အာဏာများသည် ပြည်နယ်နှင့် ပြည်နယ်ခွဲအစိုးရ၏ လက်ထဲတွင်သာ ရှိရမည်။

(၃) သဘာဝအရင်းအမြစ်ဆိုင်ရာ အခွန်ဘဏ္ဍာများ စီမံခန့်ခွဲမှု - သဘာဝအရင်းအမြစ်များကို အသုံးပြုခြင်းနှင့် ရောင်းချခြင်းတို့မှ ရရှိသော ဘဏ္ဍာငွေများကို ကောက်ခံထိန်းသိမ်းရန်နှင့် ၎င်းတို့၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော ဘတ်ဂျက်များရေးဆွဲခြင်းနှင့် မိမိတို့နှင့် သက်ဆိုင်သော ပြည်သူလူထုအတွက် ဝန်ဆောင်မှုများ ပေးနိုင်သည့် အခွင့်အာဏာသည် ပြည်နယ်နှင့် ပြည်နယ်ခွဲ အစိုးရ၏ လက်ထဲတွင်ရှိရမည်။

*ဖက်ဒရယ်ပြည်ထောင်စု၊ ပြည်နယ်နှင့် ပြည်နယ်ခွဲများ၏ ဥပဒေများ၊ ဒီမိုကရေစီဆန်သော အဆောက် အအုံများ*

- အနာဂတ်မျိုးဆက်များ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် ရေရှည်တည်တံ့သော သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအပေါ်တွင် အခြေခံသော ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်နှင့် လူမှု-စီးပွားဆိုင်ရာ လုပ်ငန်းစဉ်များကို ဖန်တီးဖော်ထုတ်ပါ။
- တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာနှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု စနစ်များကို အသိအမှတ်ပြုပြီး လူမှုရေးအရ တရားဝင်အသိအမှတ်ပြုထားသော ကျေးရွာနယ် နိမိတ်များပေါ်တွင် အခြေခံသော ဓလေ့ထုံးတမ်း/ရပ်ရွာ မြေယာသတ်မှတ်မှု စနစ်များကို တရားဝင် အသိအမှတ်ပြုပေးပါ။
- လူ့အခွင့်အရေးများ၊ လူ့အခွင့်အရေးအကာအကွယ်ပေးသူများကို ကာကွယ်ပေးသည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကာအကွယ်အာမခံစနစ်များကို အားကောင်းစေပြီး ထိခိုက်ခံ ရသည့် ရပ်ရွာဒေသခံများမှ သဘာဝအရင်းအမြစ်အခြေပြု စီမံကိန်းများကို ဆန့်ကျင်နိုင်သည့် ယန္တရားများကိုလည်း ထည့်သွင်းပါ။ အကာအကွယ်စနစ်အာမခံစနစ်များကိုသော်လည်းကောင်း၊ လွတ်လပ်စွာကြိုတင် အသိပေးကာ သဘောထားရယူပြီး လုပ်ဆောင်မှုအဆင့်တိုင်းတွင် အမျိုးသမီး များ၏ ပါဝင်မှုကို ထည့်သွင်းစဉ်းစားပြီး သဘာဝ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ရီယိုကြေညာ စာတမ်းနှင့် ကိုက်ညီသည့် ကျားမရေးရာ ထိခိုက်သက်ရောက်မှု ဆန်းစစ်ချက်များ ပါဝင်သော လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုကို အခြေခံသည့် စေ့စေ့စပ်စပ်စောင့်ကြည့်လေ့လာမှုနှင့် ဆန်းစစ်မှု ဖြစ်စဉ်များကို သော် လည်းကောင်း လေးစားလိုက်နာသည့် စီမံကိန်းများကိုသာ လုပ်ဆောင်ခွင့်ပြုရန်
- မြေယာနှင့် သဘာဝအရင်းအမြစ်များတွင် လုပ်ဆောင်နေသော ကုမ္ပဏီများကို စောင့်ကြည့် လေ့လာပြီး စည်းကမ်းချက်များအတိုင်း လိုက်နာစေပါ။
- မြေယာနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ လုပ်ငန်းများတွင် လူ့အခွင့်အရေး၏ အခြေခံမှုများအရ ပေါ်ပေါက်သော မကျေနပ်ချက်များကို လက်ခံပြီး တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပါ။
- ဥပဒေပြုရေး၊ နိုင်ငံရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် အမျိုးသမီးပါဝင်မှု ၃၀% ရှိစေရေး အပါအဝင် ခွဲခြားဆက်ဆံခံရမှုများ ကင်းလွတ်ခြင်း၊ နိုင်ငံရေးနှင့် လူမှုရေးရာ အသက်ရှင်မှု များတွင် ပါဝင်နိုင်သည့် ကန့်သတ်မှုမဲ့ စွမ်းရည်ရရှိရေး၊ စီဒေါအရ အမျိုးသမီးများ၏ အခွင့်အရေး များကို ခိုင်မာသေချာစေသော အရေးပေါ် တိုင်းတာသတ်မှတ်မှုစံနှုန်းများကို သတ်မှတ်ဖော်ထုတ်ပါ။
- ဖက်ဒရယ်စနစ်အရ ပြည်နယ်များအကြားရှိ စေ့စပ်ညှိနှိုင်းထားသော တာဝန်ရှိအဖွဲ့သည် ပြည် နယ်နှင့်တိုင်းများနယ်နမိတ်တလျှောက်ဆက်စပ်တည်ရှိသော သဘာဝအရင်းအမြစ်များ နှင့် အသုံးပြုခြင်းသက်ရောက်မှုများကို စုပေါင်းစီမံခန့်ခွဲရမည်။ အဆိုပါ တာဝန်ရှိအဖွဲ့ကို ဒေသခံ များဦးဆောင်သော သုသေသနလုပ်ငန်းများနှင့် ဒေသခံတို့၏ကျင့်သုံးမှုများကို တရားဝင် စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းကာသေချာခြင်းတို့ဖြင့် အသိပေး လုပ်ဆောင်ရမည်။

- ဖက်ဒရယ်အစိုးရသည် ပြည်နယ်နှင့် ပြည်နယ်ခွဲအားလုံးကို တစ်ခုတည်းသော စံနှုန်းသတ်မှတ်ချက်ဖြင့် ရပ်/ကျေးလူ့အဖွဲ့ အစည်း၏ အခွင့်အရေးများကို အမျိုးသားအဆင့် ဥပဒေအားဖြင့် ထိန်းကျောင်းထားပေးရမည်။
  - o မြေယာနှင့် သဘာဝအရင်းအမြစ်များ စီမံကိန်းများ လုပ်ဆောင်ရာတွင် လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်နှင့် သဘောထားဖော်ထုတ်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် ရပ်ရွာအဆင့် ပြည်သူ့ဆန္ဒခံယူပွဲများ ကျင်းပပြုလုပ်ရန်
  - o စီမံကိန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ ဆန်းစစ်လေ့လာမှုများနှင့် စောင့်ကြည့်လေ့လာမှုများ အားလုံးကို ချပြရန် လိုအပ်သည်။
- ပြည်နယ်နှင့် ပြည်နယ်ခွဲ အစိုးရများအနေဖြင့် အောက်ပါကဏ္ဍတို့တွင် အခွင့်အာဏာရှိရမည်။
- ပြည်နယ်ဒေသတွင်းနေထိုင်သူ ပြည်သူများမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဥပဒေပြု ကိုယ်စားလှယ်များကို ရွေးချယ် တင်မြှောက်ခြင်း လုပ်ငန်းစဉ်များကို ဦးဆောင်ပံ့ပိုးခြင်း၊ မိမိတို့၏ အစိုးရအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပြီး အစိုးရအဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ခြင်း၊ ဥပဒေပြုလွှတ်တော်အားဖြင့် တရားသူကြီးချုပ်ကို ရွေးချယ် တင်မြှောက်ခြင်းနှင့် ဥပဒေပြုရေးကဏ္ဍများကို ခိုင်မာအောင် ထိန်းကျောင်းစီမံခြင်း

*ပြည်နယ်နှင့် ပြည်နယ်ခွဲတို့၏ ငွေကြေးဆိုင်ရာ ဌာနအဖွဲ့အစည်းများအနေဖြင့် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိရမည်။*

- သဘာဝအရင်းအမြစ်များ ရောင်းချမှုနှင့် အသုံးပြုမှုများမှ ရရှိသော ဘဏ္ဍာငွေများ၊အခွန်အခများနှင့်ဒိုင်ကြေးများကို ကောက်ခံခြင်းနှင့်စီမံခန့်ခွဲခြင်း အာဏာများကို ရှင်းလင်းစွာသတ်မှတ်ထားရမည်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းထားပြီးငွေကြေးပမာဏကို ဖက်ဒရယ်အစိုးရသို့ လွှဲပြောင်းပေးရမည်။
